www.burmeseclassic.com

# လမင်းဝိုဝို

တွဲလက်မြဲမြဲ



BURMESE CLASSIC .com

www.burmeseclassic.com

Lလင်း

www.burmeseclassic.com

# လမင်းမိုမို

## တွဲလက်မြဲမြဲ

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၁၃၀၄၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၂၅၀၅၁၀
၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ
ပထမကြိမ်
တန်ဖိုး - ၁၀၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဦးကျော်လှိုင်(၀၃၈၈၇)၊ စေတနာစာပေ
အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃)၊ စေတနာ-OFFSET
အမှတ်(၅၉)၊ ၁၉-လမ်း၊ ရန်ကုန်။

BURMESE CLASSIC .com

၈၉၅.၈၃
လမင်းမိုမို
တွဲလက်မြဲမြဲ/လမင်းမိုမို-ရန်ကုန်။
စေတနာစာပေ၊ ၂၀၁၀။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) တွဲလက်မြဲမြဲ

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# လမင်းဝိုဝို



## တွဲလက်မြဲမြဲ

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







# ၁

အိမ့်ဦးသည် ကွန်ပျူတာထဲမှာ သဲကြီးမဲကြီးစိတ်ဝင်စားစွာ ခေါင်းပါဖောက်ဝင်တော့မတတ် နှီးကပ်အာရုံစိုက်နေရာမှ အနီးကြည့် စာကြည့်မျက်မှန်လေးကိုချွတ်ပြီး ရင်ဘတ်ရှေ့တွဲလောင်းကြိုးနှင့်ချထားလိုက်ကာ မျက်ရိုးမျက်ကြောလေးတွေ နှိပ်နေမိပါသည်။

နာတဲ့ရင်း ထိပ်ဖျားကို နှိပ်နေရတဲ့ အိမ့်ဦးကို မမမွန် မြင်လျှင် ...

"ကောင်မလေး တစ်မနက်လုံး လက်ပ်တော့ပ်ရှေ့က မထတမ်းပဲယော့၊ နည်းနည်းပါးပါး နားပါဦးဟယ်၊ မျက်ရိုးကိုက်နေပြီ မဟုတ်လား"

"မကိုက်ပါဘူး မမမွန်၊ ညောင်းရုံလေးပါ"

"နားနားနေနေ လုပ်လေဟယ်"

"ဒီဇိုင်းတွေက အမြန်အပ်ရမှာမို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“အခုက ဘာလုပ်နေတာလဲ”

“နို့ချဉ်ဘူး တံဆိပ်အသစ်အတွက် ဘူးပတ်ဖို့ စက္ကူအတွက် ဒီဇိုင်းလုပ်နေတာ မမမွန်”

အိမ့်ဦးက သူ့ရဲ့ဒီဇိုင်းလေးတွေကို တစ်ခုပြီးတစ်ခု တဖတ်ဖတ်ပြန်ကာ ကြည့်နေရင်း ...

“မမမွန် Melon ဆိုတော့ စိမ်းနုဖျော့ဖျော့လေး နေမှာပေါ့နော်”

“ဟင် ... ငါလည်း မသိဘူးဟဲ့၊ လိမ္မော်ဖျော့ဖျော့နုနုလေး မဟုတ်ဘူးလား”

“ဟုတ်လား၊ ဦးလည်း မှတ်တော့ မှတ်ခဲ့တယ်၊ အဲဒီစာရွက် ပြန်ရှာမှပဲ၊ အခုက ကိုယ့်ဟာကိုယ် လက်တန်းထိုင်လုပ်နေတာ၊ စထရော်ဗယ်ရီနို့ချဉ်ဆိုရင် အရည်ကမန်းဖျော့ပေါ့၊ လိမ္မော်နို့ချဉ်ဆိုရင် လိမ္မော်အဖျော့၊ စပျစ်ဆိုရင် ခရမ်းဖျော့၊ နာနတ်က အဝါဖျော့”

“ဒါတွေကတော့ ဟုတ်တယ်လေ၊ Melon ဆိုတာတော့ နင့် Client ကို သေချာမေးပြီးမှလုပ်ဦး၊ ဟိုနေ့က အိမ်မှာ သန့်သန့်ဝယ်လာတဲ့ မာလကာဖျော်ရည်က ပန်းနုရောင်ဟဲ့၊ ငါက ပန်းနုလေးကြည့်ပြီး စာမဖတ်မိဘဲ လိုက်ချိုးထင်နေတာ၊ သောက်မှ မာလကာသီးအရသာ ဖြစ်နေတယ်၊ မာလကာသီးဆိုရင် တခြားတံဆိပ်တွေက စိမ်းဖျော့ဖျော့လေးတွေ မြင်နေကျလေ၊ လူတွေရဲ့အိုက်ဒီယာတွေကတူတာ မဟုတ်ဘူး၊ သေချာမေးပြီးမှလုပ်”





“ဟုတ် မမမွန်”

စာရွက်ပြန်ရှာနေတာထက်စာရင် သူ့ကိုအလုပ်အပ်လိုက်တဲ့ အန်တီအပျိုကြီးကိုပဲ ဖုန်းလှမ်းဆက်မေးလိုက်တာက ပိုမြန်ပါမည်။ အန်တီအပျိုကြီးက အဲဒီစားသောက်ကုန်ကုမ္ပဏီရဲ့ General manager ပါ။

အိမ့်ဦးက စားပွဲမှထ,လာကာ တယ်လီဖုန်းဆီ လျှောက်လာခဲ့ပါသည်။

“ကောင်မလေး ... ထ,လက်စနဲ့ တစ်ခါတည်း ထမင်းစားတော့၊ ဖုန်းဆက်ပြီးရင် ထမင်းလေး ဘာလေးစားပြီးမှ အလုပ်ပြန်လုပ်”

“ဟုတ် ... မမမွန်”

“သန့်ရေ ... စားလို့ရပြီလား၊ ရယ်ဒီပဲလား”

“ရယ်ဒီပဲ မမမွန်ရေ”

မီးဖိုထဲက အိုးသူကြီး မမသန့်ရဲ့အသံက ပြန်ထွက်လာပါသည်။ မမသန့်ဟာ ဟင်းချက်ဝါသနာပါလှသူ။ ရုံးဖွင့်ရက်တွေဆိုရင်တော့ ညနေပိုင်း ညဦးပိုင်းတွေမှာ နောက်နေ့စာအတွက် မီးဖိုထဲ ဟင်းကျိုလုံးနေတတ်ပြီး ခုလို ရုံးပိတ်ရက်ဆိုရင်တော့ တစ်မနက်ခင်းလုံး မီးဖိုထဲကမထွက်တမ်း အေးအေးလူလူ ချက်ပြုတ်နေလိုက်တာ ဟင်းသုံး,လေးမျိုး။

သုံးယောက်ရှယ်ပြီး စုထားတဲ့ ဈေးဖိုးဟင်းစရိတ်ဘောင်ထဲလည်းဝင်အောင် ဖွယ်ဖွယ်ရာရာလည်းဖြစ်အောင် မမ



www.burmeseclassic.com

www.burmeseclassic.com



သန့်ပဲ စိမ်ခန့်ခွဲချက်ပြုတ်တာပါ။ မမမွှန်ကတော့ အိမ်ရှင်းလင်း လှည်းကျင်းဝါသနာပါတဲ့ အပျိုကြီး။ တစ်အိမ်လုံးဟာ မမမွှန် ကြောင့် သန့်ပြန့်ကြော့မော့နေပါသည်။

အဝတ်လျှော်မီးပူတိုက်ကျတော့ တစ်ရက်ခြားလာတဲ့ ကုလားမကို ငှားထားတာဖြစ်၍ အိမ်ဦးမှာ ဘာမှလုပ်စရာ မယ် မယ်ရရမရှိ။ ထမင်းစားအပြီး ပန်းကန်ဆေးရရုံလောက်သာ။ ဒီ ကွန်ဒိုတိုက်ခန်းကို အတူငှားနေဖြစ်ကြတဲ့ အိမ်ဦးတို့သုံးယောက် ဟာ တကယ်တော့ ဆွေမတော်မျိုးမစပ်ပါ။ သို့ပေမယ့် ညီအစ်မ ရင်းများတွေအလား ရင်းနှီးချစ်ခင်ကြသူတွေပင်။

အိမ်ဦးက ဖုန်းရှေ့ရယ်မိလျှင် ဖုန်းလိုင်းပူးမနေပါ စေနှင့်လို့ ကြိုတင်ဆုတောင်းလိုက်ပါသေးသည်။ ပြီးမှ ဖုန်းကို ကောက်ကိုင် နားမှာကပ်လိုက်သည်။

"အဟား ဟား ဟား ... ဟား ဟား"

"ရယ်မနေပါနဲ့၊ ပြောလေလို့"

"ဘာပြောရမှာလဲ စုပြည့်ရဲ့၊ ရောက်ပါပဲ"

"ဝါဝါမောင်နဲ့ စုပြည့်ကို ဘယ်သူ့ကို ပိုအရေးစိုက်တာလဲ လို့"

"အာ ... ဝါဝါမောင်က ကျွန်တော်နဲ့ အဲဒီနေ့က အဲဒီပွဲ ကျမှ စ,တွေ့ဖူးတာပါဆို"

"ဇေ့လည်ချောင်ပတ် မပြောနဲ့၊ အဲဒီနေ့က ဝါဝါမောင်နဲ့ပဲ တစ်ချိန်လုံး တွဲထိုင်ပြီး စကားပြောနေတာ မဟုတ်လား"





"သူကပြောလို့ ကျွန်တော်က နားထောင်ပေးနေတာပါ"

"အင်းလေ၊ ဒါဖြင့် စုပြည့်နဲ့ ဘယ်သူ့ကိုပိုလဲ ... ပြော"

"ပြောနေစရာ လိုလို့လား"

"ဟင့် ... မရဘူး ... လိုတယ် ... လိုတယ်"

"စုပြည့်ကိုပေါ့"

"ဟင် ... တကယ်နော်"

"နစ်ကယ်"

အိမ်ဦးသည် မျက်နှာစုပုပ်သွားပြီး ဖုန်းခွက်ကိုပုခက် ပေါ် ခွပ်ခနဲ ပြန်ဆောင့်တင်ပစ်လိုက်ပါသည်။ ကျက်သရေကိုမရှိ ဘူး။ တောက် ...။ ဘယ်လိုပြင်ပြင် ဒီရှေ့တိုက်နဲ့ ဖုန်းလိုင်းပူး နေတဲ့ကိစ္စကို ဘယ်လိုများ ဖြေရှင်းရပါ့။ စိတ်ဆင်းရဲလိုက်တာ။

ဒီဝင်းထဲမှာ ကွန်ဒို A, B, C, D ဆိုပြီး လေးတိုက် ရှိကာ တစ်တိုက်မှာ နှစ်ဆယ့်လေးခန်း စုစုပေါင်း၊ အခန်းတစ်ရာ နီးပါးရှိပါလျက် အဲဒီတိုက် အဲဒီတစ်ခန်းတည်းနှင့်မှ ဖုန်းလိုင်း ပူးနေတာဟာ ဘယ်လိုရေစက်ပါလိမ့်။

အဲဒီအကောင်ဟာလည်း အီ,အိနိုင်လွန်း၊ ကြူ,ကြူ နိုင်လွန်းတော်။ အဲဒီအခန်းဟာ အိမ်ဦးတို့လိုပဲ ယောက်ျားပျိုလေး, ငါးယောက် ငှားနေတဲ့အခန်း ဆိုတာ အဝတ်လျှော်တဲ့ အမိနာထံ က သိထားရပါသည်။ အဲဒီထဲက တစ်ယောက်သောသူဟာ မိုး လင်းက မိုးချုပ် ကောင်မလေးတစ်ယောက်မဟုတ် တစ်ယောက် နှင့် ပေါင်းစုံ အီစကလီ ညုနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းကောက်ကိုင်လိုက်ရင် အဲဒီအကောင် ဖုန်းပြောနေတာနှင့် လိုင်းပူးမနေတဲ့အချိန်ရယ်လို့ ခပ်ရှားရှား။ သူနှင့်လိုင်းပူးနေတဲ့အတွက် ဒီဘက်ကဖုန်းဆက်လို့ ဖုန်းသုံးလို့မရတော့ပါ။ သူ့ဖုန်းကျသွားမှ ကိုယ်က တခြားကို ခေါ်လို့ရသည်။ ဘယ်လိုစနစ်နှင့် သွယ်တန်းတပ်ဆင်ထားတယ် မသိသော လိုင်းခွဲစနစ်ဖုန်းမို့ လိုင်းပူးနေတာကို အိမ်ရာကော်မတီသို့ တိုင်ကြားပါသော်ငြားလည်း အကြောင်းမထူးခဲ့။

"ပြင်ပေးထားပါပြီ ခင်ဗျ၊ လိုင်းမပူးတော့ဘူး"

တိုင်ကြားအပြီး သူတို့ပြုပြင်ပေးအပြီးမှာ တစ်ရက်နှစ်ရက်သာ ခံပါသည်။ အရင်အတိုင်း ဒုံရင်း ဒုံရင်းသာလိုင်းပြန်ပူးသွားပြန်ပါရော။ ထပ်ခါ ထပ်ခါ တိုင်ကြားရတဲ့အခါ တိုင်ရတဲ့သူဘက်ကလည်း အားနာလာတဲ့အပြင် ပြုပြင်ပေးရသူဘက်ကလည်း သိပ်အလေးမထားတော့ဘဲ လျော့ရဲလာသည်။

ကိုယ့်အိမ်ပိုင်လည်းမဟုတ် ငှားရမ်းနေတာသာဖြစ်၍ အောင့်အည်းသည်းခံနေလိုက်ရပါသည်။ မမမွန်ရော၊ မမသန့်မှာပါ ဟဲန်းဒ်ဖုန်းကိုယ်စီ ရှိကြတာကြောင့်လည်း မဖြစ်မနေအရေးမကြီးသလို ဖြစ်နေရတာပါ။

အိမ်ဦးကတော့ ဘယ်လိုရေစက်ရယ် မသိဘဲ "ရုပ်မမြင်သံကြား" အဲဒီ ငကြူကောင်ကို အလွန်ပင် မြင်ပြင်းကတ်အောင့်နှလုံးနာနေမိတော့တာပါ။

"ဟဲ့ ... အိမ့်ဦး၊ ရုပ်ကြီးက"

"........."





"ဘာလဲ၊ လိုင်းပူးနေလို့ပေါ့ ... ဟုတ်လား"

"........."

အိမ့်ဦးက ဖြေလိုစိတ်တောင် မရှိဘဲ ရှုပုပ်နေသည်။

"နင်ကလည်းနင်ပဲ ကိုယ့်ဒုက္ခကိုယ်ရှာ၊ ငါတို့ဖုန်းတွေ ယူဆက်လိုက်ချည်ပါဆိုတာလည်း မဟုတ်ဘူး၊ ဒီလိုင်းဖုန်းကိုပဲ မ,မ,ပြီး ဆက်ဖို့ကြိုးစားတယ်"

"မမမွန်ကလည်း၊ မမမွန်တို့ ဖုန်းတွေချည်းပဲလည်း အမြဲယူသုံးနေဖို့ ဘယ်သင့်တော်ပါ့မလဲ"

"ဘာလို့ မသင့်တော်ရမှာလဲ၊ နင်က ရည်းစားနဲ့ နာရီဝက်တစ်နာရီ ပြောတာမှ မဟုတ်တာ၊ အလုပ်ကိစ္စပြောတာလေးငါးမိနစ်ပေါ့၊ ဒီလောက်တောင် ကြာတာမဟုတ်ဘူး၊ ဒါလေးကို ဘာဖြစ်နေတာလဲ"

မမသန့်က ဟင်းပန်းကန်သယ်ကာ မီးဖိုထဲကထွက်လာပြီး စားပွဲပေါ် လာချရင်းက ...

"မဟုတ်ဘူး မမမွန်ရေ၊ မမမွန် ကလေးမလေးက အမြင်ကတ်တယ်၊ ရွံတယ်နဲ့ သူ့မှာ ဒီအသံ တစ်နေ့မကြားရရင် စားမဝင် အိပ်မပျော်နိုင်အောင် စွဲနေပြီဖြစ်မှာ၊ ဒီနေ့ရော ဒီကောင် ဘယ်ကောင်မလေးနဲ့ စကားပြောနေ အီနေ ကြူနေပြန်ပြီလဲလို့ သူ့မှာ စာရင်းတောင် ပြုစုထားတာ၊ စိတ္တဇကိုဖြစ်လို့"

"မမသန့်"



www.burmeseclassic.com

www.burmeseclassic.com



အိမ့်ဦးက ချွဲနွဲ့နေကျပီပီ နှာသံပါကြီးနှင့် ခပ်နွဲ့နွဲ့ အော်လိုက်ပါသည်။

"ဘာလဲ ... မဟုတ်လို့လား၊ ဟိုနေ့က နင်ပဲပြနေတာ၊ နင်မှတ်ထားတဲ့ နာမည်တင် စနစ်ခုလား ရှစ်ခုလားရှိပြီဆို၊ ကဲ ... မအတွာ ... ဒီနေ့ရော ကိုကိုဖွဲ့က ဘယ်သူနဲ့ဖုန်း ပြောနေပြန်တာလဲ"

"စုပြည့်နဲ့"

"ဟား ... ဟား"

မမမွန်က ရယ်ပါသည်။ မမသန့်ကလည်းရယ်ကာ ...

"နင့်စာရင်းထဲပါလား၊ အသစ်လား"

"စာရင်းထဲပါတယ်၊ အဲဒီ စုပြည့်ဆိုတဲ့ မိန်းကလေးလည်း ချွဲနွဲ့အီပျစ်ထစ်ပြီး ပြောနေလိုက်တာ၊ သူ့အသံကညစ်ချ ရင် နို့ဆီတွေ မလိုင်တွေ ကျလာမလား ထင်ရတယ်၊ အန် တောင် အန်ချင်တယ် တကယ်ပဲ"

"နင်အန်ချင်ရင် ဘာဖြစ်လို့ ကောက်ကောက်နားထောင်နေ သေးလဲ"

"အားမလားလို့ပေါ့ မမသန့်ရဲ့"

"လုပ်မနေနဲ့၊ ကြားချင်ရင် ကြားချင်တယ်ပေါ့ဟယ်"

"မမသန့်"

"အော်မနေနဲ့၊ လာ ... ထမင်းလာစားတော့၊ ပြီးမှအလုပ် ဆက်လုပ်"





အိမ့်ဦးတို့သုံးယောက် ထမင်းစားကြအပြီး အိမ့်ဦး ပန်းကန်တွေ ဆေးနေချိန်မှာ အဝတ်လျှော်တဲ့ အမိနာ ရောက်လာ ပါသည်။ တကယ်တော့ ကုလားမရဲ့နာမည်က မြန်မာနာမည် "စုဝင်းလှိုင်"တဲ့။ အိမ့်ဦးတို့က တမင်တကာ ချစ်စနိုးနှင့် "အမိနာ" ရယ်လို့ ကုလားနာမည် မှည့်ထားတာပါ။

"အစ်မတို့ စားပြီးပြီလား"

"စားပြီးပြီ အမိနာရေ၊ နင်လည်း ဒီနေ့ နောက်ကျပါလား"

"ရှေ့အိမ်က ဒီနေ့ အဝတ်များလို့ အစ်မရေ၊ ညီမလေး ပန်းကန်တွေထားလိုက်လေ၊ ကျွန်မ မပြန်ခင် ဆေးပေးခဲ့ မယ်"

"နေပါစေ မအမိနာရယ်၊ ပန်းကန်လေးက နည်းနည်းလေး ရယ်၊ အစ်မသာ အဝတ်တွေလည်လျှော်လာတာ လက်မောင်း တွေတောင့်နေမှာ"

"အဲဒါကြောင့် တစ်ရက်ကို နှစ်အိမ်ပဲ မနက်ပိုင်း ပတ် လျှော်တာပေါ့၊ အစ်မတို့ဆီ တစ်ရက်ခြား မလာတဲ့ရက် တခြားနှစ်အိမ်၊ ညနေဆိုရင် တိုက်ဘီက အဘိုးကြီးအဘွား ကြီးအိမ်ကိုကျတော့ ရက်အပြည့် သွားပေးတယ်၊ သူ့တို့ဆီ မှာကူတဲ့ ကောင်မလေးက ဆယ့်လေးနှစ်ပဲ ရှိသေးတာ၊ ကျွန်မက အဝတ်လျှော်မီးပူတိုက်၊ ဟင်းလေးဘာလေးပါ လုံးချက်ပေးခဲ့ရတယ်၊ ကောင်မလေးက မနက်ကျ ဈေးပေး ရုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအိမ် ဒီအိမ် လျှော်ဖွပ်မီးပူတိုက် ချက်ပြုတ်နဲ့ ကိုယ့်အိမ်အလုပ်ကော ကိုယ်လုပ်နိုင်သေးရဲ့လား အမိနာရဲ့"

"ဘယ်လုပ်နိုင်ပါ့မလဲ အစ်မရဲ့၊ အမေရှိလို့ပေါ့၊ အိမ်မှာတော့ အမေပဲ ချက်ပြုတ်ပြီး ကလေးပါ ကြည့်ပေးထားတာ၊ လျှော်ဖွပ်တာတော့ ကျွန်မပဲ လုပ်ပါတယ်"

"အမိနာ့ကိုမေးမလို့၊ တိုက် D က အမိနာ အဝတ်လျှော်တဲ့ အိမ်က ယောကျ်ားလေးတွေ စုငှားနေတဲ့ အခန်းမဟုတ်လား"

"ဟုတ်တယ်လေ အစ်မ၊ ခုပဲ ပြန်ခဲ့တာ၊ ယောကျ်ားလေးချည်း ငါးယောက်ရှိတာ၊ လူပျိုချောချောတွေချည်းပဲ"

"သူတို့က ဘာတွေတုန်း၊ ကျောင်းသားတွေလား၊ ရုံးသမားတွေလား"

"တစ်ယောက်က ဆရာဝန်၊ တစ်ယောက်က ကျူရှင်ဆရာ၊ တစ်ယောက်ကတော့ ကွန်ပျူတာနဲ့ ဘာလုပ်လဲ မသိဘူး၊ နောက်တစ်ယောက်က ကားပွဲစားဆိုလား၊ ဝယ်ရောင်းဆိုလား၊ အိမ်ကနေပဲ ဖုန်းတစ်လုံးနဲ့ အရောင်းအဝယ်လုပ်နေသကြားတယ်၊ တစ်ယောက်ကတော့ သီချင်းလည်းရေးတယ်၊ စားသောက်ဆိုင်လည်း ဂစ်တာတီးတယ်ပြောတယ် အစ်မရဲ့"

အိမ်ဦးက ရေချိုးခန်းထဲက အော်ပြောနေတဲ့ အမိနာ မကြားအောင် မမမွန် နားကပ်၍ ...



"ဟို ... Womanizer ကတော့ အိမ်မှာအားအားလျားလျားနေတဲ့ ဖုန်းတစ်လုံးနဲ့ ဝယ်ရောင်းနေတယ်ဆိုတဲ့ ပွဲစားပဲဖြစ်မှာပဲ မမမွန်"

"တစ်နေကုန် အိမ်မှာရှိပြီး ညကျမှ စားသောက်ဆိုင်သွားတဲ့ တေးရေးဂီတသမားလည်း ဖြစ်နိုင်တာပဲလေ"

"အားလုံး သဘောကောင်းကြတယ် အစ်မရဲ့၊ သူတို့အလုပ်တွေ ဘာတွေ အဆင်ပြေရင် ကျွန်မကို မုန့်ဖိုးတွေဘာတွေ ကြုံရင် ကြုံသလို ပိုပေးတယ်၊ တစ်ခါတလေကျ င်ပြာရည်ချက်လေး စားချင်တယ်၊ ဘာလချောင်ကြော်လေး စားချင်တယ်ဆိုပြီး ပိုက်ဆံပေးလိုက်ပြီး အိမ်ကနေ ကြော်ခဲ့နိုင်းတာလည်းရှိတယ်"

"သူတို့ အိမ်မှာချက်မစားကြဘူးပေါ့"

"တစ်ခါတလေတော့ ချက်စားတယ်၊ တစ်ခါတလေလည်း ကိုယ့်ဟာကိုယ် အပြင်ထွက်စားကြတယ်၊ လူစုံတဲ့နေ့ ရုံးပိတ်ရက် အလုပ်အားရက်လိုမျိုးတွေကျရင် ချက်စားတတ်ကြတယ်၊ အောင်မယ် ... ယောကျ်ားလေးတွေပေမယ့် ချက်တတ်ကြတယ်၊ ဟိုးတစ်နေ့ကဆိုရင် ကျွန်မကိုတောင် သူတို့ချက်တဲ့ ရဲယိုခွက်ငါးပေါင်းထုပ်ဟင်း ကျွေးလိုက်သေးတယ် ... ဟင်း ဟင်း"

"သူတို့တွေက သူငယ်ချင်းတွေပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် ထင်တာပဲ အစ်မ"

"ဘယ်နယ်ကနေလာပြီး ဒီမှာစုဝှားနေကြတာလဲ"

"ဒါတော့ ကျွန်မ မသိဘူး အစ်မရဲ့၊ ကျွန်မလည်း မမေးမိဘူး"

"ရှုပ်ရှုပ်ယှက်ယှက်တွေ မပါဘူးလား၊ လူကောင်းတွေလား လူရှုပ်တွေလားလို့"

"လူကောင်းတွေပုံပါပဲ အစ်မရဲ့၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ ဒီလိုပဲ မေးကြည့်တာပါ"

"လူရည်သန့်တွေပါ၊ မိကောင်းဖခင်သားတွေပါ အစ်မရဲ့"

အမိနာကတော့ သူ့ရဲ့အဝတ်လျှော်ဖောက်သည်အိမ်အပေါ် ခင်ခင်မင်မင် ကာကာကွယ်ကွယ် ပြောရှာပါသည်။ အိမ့်ဦး အိမ်ရှေ့ထွက်သွားလျှင် မမမွန်က ...

"အိမ့်ဦး ... ဖုန်းဆက်စရာရှိ သွားယူဆက်"

"ဟုတ်"

အိမ့်ဦးက ပါးစပ်ကတော့ အော်ဖြေလိုက်ပြီး ခြေကို အသံမကြားအောင် ဖွနင်းလျှောက်ကာ ဖုန်းကိုလည်း အသံမမြည်အောင် ကောက်ကိုင်နားထောင်လိုက်ပါသည်။ အာများနေမလားလို့။

"တကယ်ပါ သိဂီရယ်၊ မနေ့ညနေက ကိုယ် တကယ်မရှိတာပါ၊ အဟုတ်ပါ"





တောက် ...။

အိမ့်ဦးက စိတ်ထဲကပဲ ကျိတ်ကာ တောက်ခေါက်မိပြီး ဖုန်းကိုပြန်ချထားလိုက်ပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၂

"သံလွင် ... သံလွင် သွားပြီလားဟေ့"

"မသွားသေးဘူး၊ ရေချိုးနေတယ် အစ်ကိုကြီး"

"အားပါးပါး ... ငါ့ဆီ လွှတ်ကြပါဦးကွာ၊ ခေါင်းတွေ ကိုက်လိုက်တာ၊ သွေးတွေတိုးလို့ သေတော့မလား မသိဘူး"

သူတို့အားလုံးထဲမှာ ကျူရှင်ဆရာ"ကိုကိုကြီး"တစ်ယောက်သာ အသက်အရွယ်မတူဘဲ ပြတ်ထွက်ပြီး ကြီးနေတာမို့ သူ့ကိုတော့ အားလုံးက "အစ်ကိုကြီး"လို့ ခေါ်ကြပါသည်။ ကျန်လေးယောက်က ရွယ်တူမတိမ်းမယိမ်း သူငယ်ချင်းတွေသာ။ ကိုကိုကြီးကတော့ သံလွင်ရဲ့အစ်ကိုဝမ်းကွဲဖြစ်ကာ သူတို့တွေနှင့် သူငယ်ချင်းပေါင်းသာ ပေါင်းသူပါ။

"အစ်ကိုကြီးခေါင်းက ဘာမှသွေးမတိုးဘူး၊ ညကများသွားလို့ ကိုက်တာ"

"ဟေ့ကောင်"





"ဟုတ်တယ်လေ၊ ညက အစ်ကိုကြီး ပြန်ရောက်လာတော့ ၁၂ နာရီကျော်ပြီဗျ၊ ဟိုနှစ်ကောင်က အိပ်နေပြီ၊ မိုးထက်က သီချင်းရေးနေပြီး ကျွန်တော်က ကွန်ပျူတာကိုင်နေသေးလို့ မအိပ်သေးတာ၊ ကျွန်တော်တို့နှစ်ယောက် အစ်ကိုကြီးကို ဓာတ်လှေကားထဲက ဆွဲထုတ်ရတာ၊ ဓာတ်လှေကားဝမှာ ထိုင်ပြီး အပြင်တစ်ဝက် အထဲတစ်ဝက်နဲ့ ဓာတ်လှေကား တံခါးလည်း ပြန်ပိတ်မရဘဲ တစ်ပြီး အသံတွေမြည်လို့"

"ဟုတ်ကော ဟုတ်လို့လား ရေချမ်းရာ"

"ခြော် ... ကျွန်တော်က ဘာလုပ်ဖို့ ညာပြောရမှာလဲ"

"မင်းတို့ကောင်တွေ ငါ့ကို အမြဲနိုပ်ကွပ်ဖို့ ချောင်းနေတာပဲ ဟာ"

"ကျွန်တော်တို့က မနှိပ်ကွပ်ရတဲ့အပြင် ညက အစ်ကိုကြီး ကို ကျွန်တော်နဲ့ မိုးထက် အိမ်ထဲသယ်၊ အိမ်ထဲကျတော့ အစ်ကိုကြီး အန်ချ၊ တစ်ယောက်က အန်ဖတ်ကျုံး၊ တစ်ယောက်က အစ်ကိုကြီးကို ရေဆေးပေး အဝတ်လဲပေးနဲ့"

"ဟာင် ... ဟုတ်လား"

"ခြော်"

"အန်ဖတ်တောင် ကျုံးရတယ်၊ ဟုတ်လား"

"ဟုတ်ဝဗျ"

မိုးထက်က ဝရန်တာထွက်ကာ ဆေးလိပ်ဖွာနေရာမှ လှမ်းထောက်ခံပါသည်။

www.burmeseclassic.com



"ကျွန်တော်ကျူးတာ ... ကျွန်တော်"

"ဟာ"

"ရေချမ်းက အစ်ကိုကြီးကို ဆေးကြောလဲလှယ်ရတာ၊ ဒါတွေ အစ်ကိုကြီး လုံးဝမသိဘူး ဟုတ်လား ... အံ့ပါ့ဗျာ"

"အေးကွာ ... ငါ လုံးဝတောင် မမှတ်မိဘူး၊ ညက ဟို ကဗျာဆရာအုပ်စုနဲ့ တွေ့တာကွ၊ သင်းတို့နဲ့တွေ့ရင် မလွယ်ဘူး၊ သူတို့တင် အသေသောက်တာ မကဘူး၊ သူများကိုပါ မရမက ဆွဲထားတာ၊ ဟုတ်တယ်၊ တစ်ယောက်ပြီး တစ်ယောက် ငါ့ကို ဝိုင်းထည့်ကြတာ၊ တော်ပါပြီဆိုလည်း မရဘူး ... ကျွတ် ... ကျွတ်"

ကိုကိုကြီးက အိပ်ရာပေါ်မှ ထ,ဖို့ပြင်ပြီးမှ ခေါင်းမထူနိုင်ဘဲ ပြန်လှဲချလိုက်သည်။ အိပ်ခန်းသုံးခန်းပါတဲ့ ဒီကွန်ဒိုမှာ နှစ်ခန်းမှာ မွေ့ရာတုံးကြီးတွေ ကြမ်းပေါ် ဒီတိုင်းချပြီးအလျဉ်းသင့်သလို ပူးပေါင်းအိပ်ကြသည်။ တစ်ခန်းမှာနှစ်ယောက်၊ နောက်တစ်ခန်းမှာ သုံးယောက် ကြုံသလိုပင်။

"ဟိုနှစ်ကောင်က ဟိုဘက်ခန်းမှာအိပ်နေပြီ၊ ဒါနဲ့ အစ်ကိုကြီးကို ဒီဘက်ခန်း ဆွဲခေါ်လာရတာပေါ့၊ အစ်ကိုကြီးကို သန့်ရှင်းရေး လုပ်ပေးပြီးပေမယ့် ချဉ်နံ့တွေက မပျောက်တော့၊ ကျွန်တော်နဲ့ မိုးထက် ညက ဧည့်ခန်းက ဆိုဖာတွေပေါ် ထွက်အိပ်ရတယ်"

"ဟုတ်လား"





"ဟုတ်တာပေါ့၊ အနားကို မကပ်နိုင်ဘူး"

"ဟေ့ကောင် ... ရေချမ်း၊ လာစမ်းပါကွာ၊ ခုတော့ အနားလာကပ်စမ်းပါ၊ မင်းကွန်ပျူတာက ခဏထားခဲ့ဦး"

ရေချမ်းက ထမင်းစား စားပွဲမှာ လက်ပ်တော့ပ်တင်ပြီး လုပ်နေတာမို့ ဖွင့်ထားတဲ့ အိပ်ခန်းတံခါးမှ ကိုကိုကြီးနှင့် လှမ်းမြင်နေကြရကာ လှမ်းအော်ပြောနေကြတာပါ။

"ဘာလုပ်ဖို့လဲ အစ်ကိုကြီးရ"

"ဟိုကောင် သံလွင် ရေချိုးတာက မပြီးနိုင်တော့ဘူး၊ လာစမ်းပါ၊ သူ့ပရက်ရှာကာ့ဖ်ယူပြီး ငါ့ကို ပရက်ရှာလာတိုင်းပေးစမ်းပါကွာ၊ မင်းပဲ တိုင်းတတ်တာ၊ လာပါ၊ ငါသွေးတွေ တအားတိုးနေတာ သတိမပြုမိဘဲနေရင် ဦးနှောက်သွေးကြောတွေ ဘာတွေ ပြတ်နေမှာစိုးလို့ပါ"

"သောက်တုန်းကတော့ သောက်ပြီးတော့ဗျာ"

"လာပါကွ၊ လာတိုင်းစမ်းပါ၊ မင်းက စကားများလိုက်တာ၊ ဟေ့ကောင် ... ရေချမ်း၊ မင်းကို ငါ မနေ့တစ်နေ့ကပဲ အလုပ်အများကြီး ရှာပေးထားတာ၊ ငါ့သူငယ်ချင်း ကျူရှင်ဆရာတွေရဲ့စာအုပ်တွေ မျက်နှာဖုံးဒီဇိုင်း မင်းကိုချည်း ငါ အပ်ပေးတာ မဟုတ်လား ... ဟင်"

"ဟား ... အစ်ကိုကြီးက အလုပ်ရှာပေးတာ တစ်ခါဆိုရင် ပြန်ဖော်ပြီး ဂုဏ်လုပ်တာ အခါတစ်ရာ"

"ဟေ့ကောင် ... အခါတစ်ရာ ငါမပြောနိုင်ဘူး၊ မင်းမပို့နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းက ထိုင်ရာမှထကာ သံလွင့်ပရက်ရှာကာ့ပ် ထားသည့်နေရာမှ သွားယူလာပြီး ကိုကိုကြီးအနား လာခဲ့ပါသည်။ ကိုယ်တိုင်ကတော့ ဆရာဝန်တစ်ယောက် မဟုတ်ပေမယ့် ရေချမ်းရဲ့အဖေက ဆရာဝန်မို့ ငယ်ငယ်ကတည်းက နားကျပ်တွေ ပရက်ရှာကာ့ပ်တွေနှင့် ယဉ်ပါးနီးစပ်ခဲ့ပါသည်။ ဖေဖေ သင်ပေးထား၍ ငယ်ငယ်ကတည်းက အဘွားကို ပရက်ရှာတိုင်းတိုင်းပေးရကာ တိုင်းတတ်နေပါသည်။ တော်ရုံတန်ရုံ ဆေးဝါးနှင့် ဆေးပညာဗဟုသုတတွေကို ကြားဖူးနားဝရှိကာ နားလည်တတ်ကျွမ်းနေပါသည်။

ခုလည်း ကိုကိုကြီးကို လက်မောင်းမှာ အဝတ်စ ပတ်ပြီး ကျကျနန ပရက်ရှာချိန်ကြည့်ပေးပြီးလယင် ...

"တစ်ရာ့လေးဆယ် ရှစ်ဆယ်"

"ဟာ ... တိုးတာပေါ့"

"အပေါ်သွေးတော့ နည်းနည်းများနေတာပေါ့၊ မသိဘူး သံလွင့်ကိုမေးကြည့်"

အဲဒီတုန်း သံလွင်က ရေချိုးခန်းထဲက ထွက်လာကာ သူ့အဝတ်ဗီရိုရှိရာ ဒီအိပ်ခန်းထဲ ဝင်လာပါသည်။

"ဟော့ကောင် ... သံလွင် ငါ ..."

"ကြားတယ်၊ ဘာမှမဖြစ်ဘူး၊ ဘာဆေးမှ မသောက်နဲ့ ဒီတိုင်းနေ၊ ညကများထားတာ ဂလောက်တော့ ရှိမှာပေါ့ အစ်ကိုကြီးနော်၊ ကျွန်တော်တို့ထဲမှာ အစ်ကိုကြီးက အသက် အကြီးဆုံးနဲ့ အချိန်မစီးဆုံး"





"ဟော့ကောင်"

"အစ်ကိုကြီးက ကျွန်တော်တို့ကို ထိန်းမယ်လို့ မျှော်လင့်ပြီး လူကြီးတွေက စိတ်ချနေကြတယ်၊ တကယ့်အဖြစ်မှန်ကို မသိကြဘူး၊ အမှန်က အစ်ကိုကြီးကို ကျွန်တော်တို့ညီတွေက ဝိုင်းထိန်းနေရတာ"

"ဟော့ကောင် ... ငါ နေ့တိုင်း မူးနေတာ မဟုတ်ဘူး"

"နေ့တိုင်း မမူးပေမယ့် အားလုံးထဲမှာ အစ်ကိုကြီးပဲ မူးမူးလာတာပဲလေ၊ ကျွန်တော်တို့တွေ ဘယ်တုန်းက ဒီလိုမူးဖူးလဲ"

"ဒါတော့ မင်းတို့မှာ ငါ့လိုဖွတ်တိုက်မယ့် အပေါင်းအသင်းမျိုးတွေမှ မရှိတာ"

ရေချမ်းက ပရက်ရှာကာ့ဖ် ပြန်သိမ်းရင်း ရယ်မိကာ ...

"သံလွင်ရာ ... အစ်ကိုကြီးအပြစ် မဟုတ်ပါဘူးကွာ၊ သူ့ဘော်ဒါတွေ အပြစ်ပါ၊ မင်းကလည်း"

"ဟော့ကောင် ... ရေချမ်း၊ ငါ့ဘက်က ပါသလိုလိုနဲ့ မရှိနဲ့"

"တွေ့လား၊ ငါပြောတာကို အစ်ကိုကြီး သဘောပေါက်တယ်၊ အမူးပြေနေပါပြီကွ ... ဟား ဟား၊ ထ ... ထ ... အစ်ကိုကြီး၊ ရဲဝံ့က အီကြာကွေးနဲ့ လက်ဖက်ရည်တွေ ဝယ်ပေးသွားတယ်၊ မိုက်ဖြည့်လိုက်၊ ပြီးရင် ရေချိုးလိုက်ပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းက ကွန်ပျူတာလုပ်လက်စ ထမင်းစားပွဲကို ပြန်လာထိုင်လိုက်ပါသည်။

"ဟော့ကောင် ... ရေချမ်း"

"အေး"

မိုးထက်က ဝရန်တာမှ ဝင်လာကာ ...

"အခု အသစ်ထုတ်တဲ့ အချိုရည်တစ်ခုက သူ့ရဲ့ဘောလ်ဘုတ်ကြော်ငြာအတွက် ဒီဇိုင်းပြိုင်ပွဲခေါ်ထားတာ မင်း သိပြီးပြီလား"

"ဟင့်အင်း"

"ဟာ ... ဟိုးတစ်ပတ်က ဂျာနယ်တွေတချို့မှာ ပါသွားတယ် ပြောတယ်ကွ၊ ငါတောင် ငါ့ကိုပြောပြတဲ့ဆိုင်က ကောင်လေးကို အဲဒီဂျာနယ် ပြန်ရှာပေးစမ်းပါလို့ ပြောထားသေးတယ်၊ မင်း သိမှာပဲ ထင်နေတာ"

"မသိဘူးကွ၊ ငါလည်း မဖတ်မိဘူး၊ အချိုရည်ကြော်ငြာဘုတ်လား၊ ဟုတ်လား"

"အေး ... တစ်ခုပဲ ရွေးမှာ၊ ဆုကြေးက ဆယ်သိန်းတဲ့"

"ဟား ... မိုက်တာပေါ့၊ မင်း စုံစမ်းပေးလေကွာ၊ မြန်မြန်လေး"

"အေး ... မင်းဘာသာမင်းလည်း နီးစပ်ရာကို မေးမြန်းစုံစမ်းကြည့်ဦးလေ၊ ငါလည်း ထပ်မေးကြည့်ဦးမယ်လေ"





"အေး ... သေချာမေးပေး"

"ကလင် ... ကလင် ... ကလင်"

"ဟော ... ဖုန်းလာတယ် ရေချမ်းရေ"

သံလွင်က လှမ်းအော်လိုက်ပါသည်။

"ဟော့ကောင် သံလွင်၊ မနေ့က မေမဒီ မဟုတ်လား၊ ဒီမနက် ရှစ်နာရီခွဲတိတိ ဆက်မယ် ပြောထားတာလေ"

"အေး ... သူပဲဖြစ်မှာ"

"ဒါဖြင့် မင်းကိုစွ မင်းကိုင်လေကွာ"

"အာ ... ငါက သွားရတော့မှာ၊ သူနဲ့က စကားကြောက ဖြတ်လို့မရတာ မင်းလည်းသိသားနဲ့၊ ဖုန်းအမြန်ဖြတ်ချရင်လည်း နောက်တစ်မျိုး ကွိုင်ဦးမယ်၊ ညမှပဲ ပြန်ဆက်လိုက်တော့လို့၊ ဆေးရုံသွားပြီလို့ ပြောလိုက်တော့"

"ကလင် ... ကလင် ... ကလင်"

"ဟော့ကောင်တွေ ... ကိုင်ကြကွာ၊ ကိုင်ကြကွာ၊ ခေါင်းကိုက်ပါတယ်ဆိုမှ"

ရေချမ်းသည် ဗျစ်တောက် ဗျစ်တောက်တွေ ရေရွတ်ကာ သံလွင့်ကို ကျိန်ဆဲရင်း ထိုင်ရာကနေ ဖုန်းသွားကိုင်ပါသည်။

"ဟော့ကောင် သံလွင်၊ ဒီကောင်နဲ့ ဖုန်းပြောပြီးရင် ကောင်မလေးတွေက သူ့ဘက်ပဲယိုင်ပြီး ပါသွားကြတာ မင်းသိသားနဲ့ကွာ၊ ဘာလဲ မင်းက မေမဒီ အပါခံနိုင်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုပါသွားတဲ့မိန်းမ ငါကလည်း ဘာလွမ်းနေရမှာလဲ မိုးထက်ရ၊ မပါစေချင်ပေမယ့် အခုကတော့ တကယ့်ကို အချိန်မရှိလို့ကွာ၊ ပြောလိုက်ပြီးမှ ဖြတ်ချဖို့က ပိုခက်တယ်၊ သူက စိတ်ကောက်ရင် ရစ်နေတာ မပြီးဘူး"

သံလွင် သူ့အိတ်ကလေးဆွဲ ဂျူတီကုတ်ဆွဲ၊ နားကြပ်ဆွဲနှင့် အခန်းထဲက ပြေးလွှားထွက်လာချိန်မှာတော့ ရေချမ်းက ဖုန်းကိုကောက်ကိုင်လိုက်ပါပြီ။

"ဟယ်လို"

သံလွင်က ရေချမ်းကို တောင်းပန်နှုတ်သိမ့်တဲ့သဘော နောက်ကနေ ဇက်ပိုးတစ်ချက် ညှစ်သွားတဲ့အတွက် ရေချမ်းက မီသလောက် တစ်ချက်လှမ်းပြန်ကန်လိုက်ရင်း ...

"ဟုတ်ကဲ့ ... ပြောပါ ခင်ဗျ"

"ကိုသံလွင် မရှိဘူးလား"

"ဩော် ... သံလွင်က ဆေးရုံသွားပြီခင်ဗျ"

"ကိုရေချမ်း မဟုတ်လား၊ ကျွန်မ မေမဒီပါ"

"ဩော် ... ဟုတ်ကဲ့၊ မေမဒီ ပြောပါ၊ မနေ့က မေမဒီ ပြောတာ ကျွန်တော် သံလွင့်ကို ပြောပါတယ်ခင်ဗျ၊ သူလည်း ဒီမနက် ဆေးရုံမှာ အရေးကြီးတဲ့ကေ့စ်တစ်ခုရှိတယ်ဆိုပြီး ကမန်းကတန်း ထွက်သွားလိုက်ရလို့ပါ၊ အရေးကြီးလား မသိဘူး၊ ကျွန်တော် ဘာများပြောထားပေးရမလဲ ခင်ဗျ၊ မမေမဒီရော ဒီနေ့ ဂျူတီမရှိဘူးလားဗျ"





ယဉ်ကျေးပျူငှာဖွယ်ရာလှတဲ့ ရေချမ်းရဲ့စကားတွေကို နားထောင်ရင်း ကိုကိုကြီးက မိုးထက်ကို မျက်စိတစ်ချက်ပစ်ပြလိုက်ပါသည်။

"တွေ့တယ် မဟုတ်လား၊ မင်းကောင်ကတော့ ရွှန်းရွှန်းကို ဝေနေတာပဲ၊ ကောင်မလေးတွေကလည်း အပြောကောင်းတဲ့လူဆိုရင် ကျသလား မမေးနဲ့"

"ဒီလိုမပြောပါနဲ့ အစ်ကိုကြီးကလည်း"

"ဟ ... ပြောတာ ဘာဖြစ်လဲ၊ မင်းက ဘာဝင်တားနေတာလဲ"

"ဒီကောင့်လို ယဉ်ယဉ်ကျေးကျေး ဖွယ်ဖွယ်ရာရာပြောတတ်တဲ့ကောင် တစ်ကောင် ရှိနေလို့သာပေါ့ အစ်ကိုကြီးရဲ့ရဲဝံ့အောင် ရုပ်သမျှလည်း နောက်ဆုံးကျ ရေချမ်းခေါင်းပေါ် သောင်တင်ပြီး ကျန်ခဲ့တာပဲ၊ ဟိုတလောက အစ်ကိုကြီးတောင် ဟိုအပျိုကြီး မမထားကို ဖြတ်ချင်တာ ရေချမ်းခေါင်းပေါ် ပစ်တင်လိုက်တာပဲလေ ...

အစ်ကိုကြီး ဖုန်းမကိုင်တော့ဘဲ ရေချမ်းချည်းလိမ်ညာပေးရတာ၊ မမထားကြီးက ရေချမ်းကို ရင်ဖွင့်လို့ရမှန်းသိတော့ ရေချမ်းကိုပဲ တစ်နေ့ တစ်နေ့ ဆက်ပြီးငိုပြနေတာ ဘယ်နှရက်ဆက်တိုက်တောင်လဲ၊ ဒီကောင်ပဲ ဒုက္ခခံပေးတာလေ၊ ဖုန်းတွေကို မကိုင်ပြန်လည်းမဖြစ်။ ဖွတ်ကျကျတွေနဲ့ဆိုရင် အိမ်ကိုပေါက်ချင်ပေါက်ချလာတာ၊ ကြားက ဒီကောင်ဝင်ပြီး တစ်ဆင့်ခံပေးနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... ဟဲ ဟဲ"

"ကျေးဇူးမမေ့ပါနဲ့ အစ်ကိုကြီးရ"

"အေးပါ ... အေးပါ ... ဟုတ်ပါတယ်"

"မှုံးရင် ဟိုလူ့အပြစ်ပြော ဒီလူ့အပြစ်ရှာတဲ့အကျင့်လည်း လျှော့ဗျာ"

"ဟိုတ်ကောင် ... မင်းကတော့၊ ငြိမ်နေရင် တစ်ဆင့် တစ်ဆင့် ရှေ့တိုးပြီး ပြောပြောလာရော၊ ငါကအခု ရေချမ်းကို ချစ်လို့စနေတာ"

"သြော် ... သြော်"

"နေပါဦး၊ မင်းက ရေချမ်းထိ မချိအောင် နာတတ်တာက ဘာကြောင့်လဲ၊ မင်းနဲ့ ရေချမ်းက လင်မယားလား"

"အစ်ကိုကြီး တွေ့လား၊ ဖောက်လာပြန်ပြီ၊ အမှုံးကိုမပြေသေးဘူး"

"ဟော့ကောင် ... ပြေနေပါပြီကွ"

"တော်ပြီ၊ ခုတလော အစ်ကိုကြီး ပြောပြောနေတဲ့ မဟာဆန်သူတို့ ချာတိတ်မလေးတို့ အကြောင်းတွေ နောက်ဆို နားမထောင်ပေးတော့ဘူး"

"ဟော့ကောင် ... မလုပ်ပါနဲ့ကွာ၊ နားထောင်ပေးပါ"

"တော်ပြီ၊ အစ်ကိုကြီးက ရစ်တယ်"

ရေချမ်းသည် နောက်က ကိုကိုကြီးနှင့် မိုးထက်တို့၏ အငြင်းအခုန်များကြောင့် လှည့်ကြည့်ကာ နှုတ်ခမ်းဝမှာ လက်ညှိုးကပ်၍ တိုးတိုးနေရန် အချက်ပြပြီး ရှုံ့မဲ့ပြပါသည်။



"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... မဒီ ပြောပါ၊ ရပါတယ်"

"အဲဒီတော့ အဲဒီ မွေးနေ့ကျရင် ကိုသံလွင် လာရင်လည်း လာ၊ မလာရင်လည်း နေပစေတော့၊ ဖိတ်ရတဲ့သူက စိတ်မရှည်ဘူး၊ ကိုရေချမ်း လာခဲ့နော်"

"ခင်ဗျာ ... ကျွန်တော်လား၊ အဲဒီနေ့က ..."

"အဲဒီနေ့က တနင်္ဂနွေ၊ ညနေဘက် ဘာမှမအားစရာ အကြောင်းမရှိပါဘူး ကိုရေချမ်းကလည်း၊ ကိုရေချမ်းကို မဒီက ကိုသံလွင့်သူငယ်ချင်းအဖြစ်နဲ့ ဖိတ်နေတာ မဟုတ်ဘူးနော်၊ မဒီ့ရဲ့သတ်သတ်မိတ်ဆွေတစ်ယောက်အဖြစ် ဖိတ်နေတာပါ၊ ကိုသံလွင် လာတာ မလာတာ သူ့ကိစ္စ၊ ကိုရေချမ်းလည်း လာခဲ့ပါနော်"

"အဟင်း ... ကျွန်တော်က ..."

"မရဘူး၊ မဒီ့ကိုခင်ရင် လာရမယ်၊ မသိဘူး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"တကယ်လာရမယ်နော်"

"ဟုတ်ကဲ့ပါ"

"ဒါဖြင့် ဒါပဲ၊ ဖုန်းချပြီ"

ရေချမ်းက ဖုန်းကိုချလိုက်ပြီး မျက်နှာကိုရှုံ့၍ ခေါင်းကိုစုံကုတ်ကာ ထမင်းစားပွဲဆီ လျှောက်လာခဲ့ပါသည်။

"ဟော့ကောင် ... ဖြည်းဖြည်းသက်သာ ကုတ်ပါကွာ၊ မင်းခေါင်းကြီးကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မေမဒီကလည်း မင်းကို အီလာပြန်ပြီလား"

"စိတ်တွေ ရှုပ်တယ်ကွာ၊ တစ်အိမ်လုံးက မပြောချင်တဲ့ ဖုန်းတွေ မပြောအားတဲ့ဖုန်းတွေ၊ လက်ရှောင်ချင်တဲ့ဖုန်းတွေ၊ ငါ့ချည်းပဲ လွှဲချနေကြတာပဲ"

"မင်းကလည်း မပြောနဲ့ပေါ့ကွ၊ မင်းလည်း ငြင်းပေါ့"

"ဟ ... ဖုန်းတွေက မကိုင်မချင်း အော်မြည်နေတာ၊ အိမ်မှာအမြဲရှိတာ ငါနဲ့မင်း၊ မင်းက နေနိုင်တယ်၊ ငါက ဒီလောက် ဆက်တိုက်ခေါ်နေတဲ့ ဖုန်းကိုမကိုင်ဘဲ မနေနိုင်ဘူးကွ၊ တော်ကြာ ဒီဖုန်းတွေ မဟုတ်ဘဲ အရေးတကြီးဖုန်းဖြစ်နေရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ဟိုကောင် ရဲဝင့်အောင် ဆိုရင် တစ်ယောက်ပြီးတစ်ယောက် အီလိုက်၊ ကန်ထုတ်လိုက်၊ ဟိုဘက်တွေကငို၊ ငါက အားနာတယ်ကွ၊ မင်းတို့ ဘလိုင်းကြီး ခပ်တည်တည်နေနိုင်ပေမယ့် ငါက မျက်နှာပူတယ် မနေတတ်ဘူး"

"မင်း အသည်းနုလုံးက နုတယ်ပေါ့"

"ဟုတ်တယ်"

"မင်းက အဲသလို အသည်းနုနုနဲ့ စကားနုနုလေးတွေပြောတော့ ဟိုဟာတွေက မင်းဆီ ပြောင်းကြွေကြတာပေါ့၊ မင်းအတတ်နဲ့ မင်းစူးတာ ခံပေါ့"

"ဟောကောင် ... ငါ ဘယ်တော့မှ ကောင်မလေးတစ်ယောက်ကို ဟေးလား ဝါးလား ရိသဲ့သဲ့ မလုပ်ဘူး၊ လေးလေး



စားစားပဲ ဆက်ဆံတယ်၊ သူတို့ဘာသာ ဘယ်လိုဖြစ်မှန်း မသိဘဲ ငါ့ကို မေတ္တာတွေ ပေးပေးလာကြတာ ... ကျွတ်"

"အေး ... မင်းရဲ့ အဲဒီ လေးလေးစားစား ဆက်ဆံတာလေးကြောင့်ပေါ့ကွ၊ အဲဒါလေးကို ကောင်မလေးတွေက Heart ထိ,ထိသွားတာ"

ရေချမ်းက သူ့ရဲ့ညိုချွေချွေ ဆံပင်တွေကို ရှုပ်ပွအောင် ကုတ်ဖွပစ်လိုက်ရင်း ကွန်ပျူတာရှေ့က မောက်စ်ကို ပြန်ကိုင်လိုက်ပါသည်။

* ○ *

www.burmeseclassic.com



## ၇

လက်ပ်တော့ပ်အိတ် မည်းမည်းပြားပြားလေးကို ကိုင်ဆွဲကာ လမ်းလျှောက်လာတဲ့ ရေချမ်းသည် ဗိုက်ထဲက တဗွိဗွိ အော်မြည်ဆာလောင်နေတာမို့ ပလက်ဖောင်းတစ်လျှောက်က တိုလီမိုလီဆိုင်လေးတွေကို ဟိုကြည့် ဒီကြည့် ရှာဖွေလာပါသည်။ စားစရာ ဘာများရနိုင်မလဲလို့ပင်။ ဒီနားတော့ အဆင်ပြေတာ ဘာမှ မရှိလှ။

ဟိုးရှေ့နားက ကွန်ပျူတာသင်တန်းကျောင်းနားမှာတော့ လမ်းဘေးမှာ လှည်းကလေးရပ်ပြီး ရောင်းချတဲ့ ဟော့ဒေါ့ ဘာဂါဆိုင်လေးရှိသည်။ အဲဒီဆိုင်လေးရှိရာအထိ ခပ်သုတ်သုတ် လျှောက်လာလိုက်ပါသည်။

ခုနက မိုးတစ်ပြိုက်လောက် ရွာထား၍ လမ်းတွေက စိုစွတ်ကာ မညီညာတဲ့ ချိုင့်ခွက်တွေ ပလက်ဖောင်းစပ်တွေမှာ ရေအိုင်နေပါသည်။ လမ်းပေါ်တင်နေတဲ့ ရေတွေက ဖြတ်မောင်း



သွားတဲ့ကားတွေရဲ့ ဘီးအောက်မှတစ်ဆင့် ဖြန်းခနဲ လှမ်းစဉ်တတ်တာမို့ သတိထား ရှောင်ရသေးသည်။

"ဘာဂါတစ်လုံး ဘယ်လောက်လဲ"

"ထောင့်နှစ်ရာ"

"တစ်လုံး လုပ်ပေးပါ မြန်မြန်လေး၊ စောင့်ရဦးမှာလား"

"မစောင့်ရဘူး အစ်ကို၊ အခုပဲ ရမယ်"

"အေး ... အေး"

ရေချမ်းက ဂျင်းဘောင်းဘီအိတ်ထဲ လက်ထိုးနှိုက်ကာ ပါလာသော ပိုက်ဆံတွေထဲမှ ထောင်တန်တစ်ရွက် နှစ်ရာတန်တစ်ရွက် ရွေးထုတ်ပြီး လှည်းပေါ် ကြိုတင်ပေးထားလိုက်ပါသည်။ ဆာမှာပေါ့၊ မနက်က ကော်ဖီတစ်ခွက်ပဲ ဗိုက်ထဲရှိတာကိုး။ ဘယ်သူမှ ဘာမုန့်မှ ဆင်းမဝယ်ဖြစ်၍ အိမ်မှာရှိတဲ့ ကော်ဖီထုပ်ပဲ ဖောက်ဖျော်သောက်ထားရတာလေ။

အခုက နေ့လယ် ဆယ့်နှစ်နာရီတောင် ရှိနေပြီ။ တစ်မနက်လုံးလည်း ဒီကိုထွက်မလာခင်အထိ သူ ဒီနေ့တင်မယ့် ဒီဇိုင်းကို သေချာစစ်ဆေး အချောသတ် စီဒီထဲထည့်။ စိတ်များနေကာ ဗိုက်ဖြည့်ဖို့ အာရုံမရှိ။

အပြင်ရောက်လာတော့လည်း စားဖို့ သတိမရ။ ခုတော့ သူ့ဒီဇိုင်းကို ကုမ္ပဏီမှာ သွားတင်ခဲ့ပြီးပြီ။ လုပ်စရာတစ်ခု လက်စသတ်သွားပြီဖြစ်၍ စိတ်ပေါ့သွားတော့မှ ဗိုက်ကဆာလာတာ။ ရှေ့ကဆိုင်ရှင်ကောင်လေး လုပ်နေတဲ့ ဘာဂါက အသားပြားနှံ

www.burmeseclassic.com

www.burmeseclassic.com



ထောပတ်နဲ့ ထွက်လာလျှင် ပါးစပ်ထဲတောင် တံတွေးစိုလာသလို ပင်။

စောင့်ရင်းက ဟိုဟိုဒီဒီ ကြည့်နေတဲ့ ရေချမ်းရဲ့မြင်ကွင်းထဲ ခပ်လှမ်းလှမ်းက တက်သုတ်ရိုက် လျှောက်လာနေတဲ့ ကောင်မလေးတစ်ယောက်ကို လှမ်းမြင်လိုက်ပါသည်။ ဈေးသည်တွေပြည့်နေတဲ့ ပလက်ဖောင်းပေါ်က မလျှောက်နိုင်ဘဲ ကားလမ်းမပေါ်အထိဆင်းပြီး နောက်က ကျားလိုက်သလို လျှောက်လာနေတာ။

ရေချမ်း ကိုယ်တိုင်လည်း လမ်းမပေါ်မှာပါပင်။ ပလက်ဖောင်းပေါ်မှာ အဆောက်အအုံရှေ့ နေရာချန်ပြီး ဘာဂါတွန်းလှည်းက လမ်းမအစပ် ကန့်လန့်ရပ်ထားတော့ ရေချမ်းလည်း ပလက်ဖောင်းမှာ ရပ်မရ။ ကားလမ်းမပေါ် ဆင်းရပ်နေရတာပါပဲ။ ဒါပေမဲ့ သောအစပ်မှာ။

ကောင်မလေးကတော့ ကားလမ်းပေါ် အတော်ရောက်နေသည်။ သူ့ကိုယ်သူ သတိထားမိပုံမရ။ အမြန်ရောက်ဖို့သာ ဇောကြီးနေပုံ။ သူ လျှောက်လာတဲ့ အနေအထားက သူ့နောက်က သူနှင့်ဦးတည်ရာတူတဲ့ ယာဉ်ကြောကို ကျောပေးပြီး လျှောက်နေတာမို့ ကားတွေကို ဂရုပြုမကြည့်နိုင်။

ဒီကောင်မလေးကို သိပါတယ်။

ရေချမ်းက အသာပဲ လှမ်းကြည့်နေမိပါသည်။ သူ သိပြီ။ သူတို့အိမ်ရာဝင်းထဲကပဲလေ။ ဝင်ထွက်သွားလာနေတာ



မြင်ဖူးသည်။ အစ်ကိုကြီးကတောင် သဘောကျတာတာ။ ရုပ်ကလေးက ချစ်ရာလေးမို့ ရေချမ်း မှတ်မိနေတာမှာ။

ခုလည်း ကောင်မလေးဟာ သူ့ရဲ့ဟိုမရောက် ဒီမရောက် ဆံပင်တိုနဲ့လေးကို ရှေ့မှာ အေးတစ်ဖက်ဆွဲ ကလစ်နဲ့ဖိ။ နောက်မှာ စုစည်းခြင်းအားဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိုးပမ်းအားထုတ်ထားပုံရကာမှ မမီမကမ်းဆံပင်တွေက တောင်တစ်စမြောက်တစ်စ ထွက်ကာ ပိုပြီးမသပ်မရပ် ဖြစ်နေသည်။

ရှင်းပြောင်ဝင်းမွတ်နေတဲ့ မျက်နှာလေးမှာ မျက်ခုံးစင်းစင်းတန်းတန်းလေးနှင့် စိုရွှဲရွှန်းတောက်နေတဲ့ မျက်နက်ဝန်းတို့က အတော်လေး ကြည့်ကောင်းနေတာ။ ဖြူဆွတ်နေတဲ့ ချည်သားအင်္ကျီလေးနှင့် ခြေသလုံးတစ်ဝက်ကျော်တဲ့ အောက်ကိုစုကျပ်သော Skirt ဂျင်းဘောင်းဘီနက်ကို ဝတ်ထားပြီး စီးထားတဲ့ဖိနပ်က ပန်းဆီရောင်တောက်တောက် ရှူးလိုလို ကွင်းထိုးလိုလို ဖိနပ်အဆန်း။

ဖိနပ်အမြင့်ကြောင့် လမ်းလျှောက်ပုံက တောက်တက်တောက်တက် ဖြစ်နေပုံဟာ ချစ်စရာ ရယ်ချင်စရာ ဖြစ်နေ၍ ရေချမ်းက ဗိုက်ဆာတာပင်မေ့ကာ ပြုံးစိစိဖြစ်ပြီး ဆက်ငေးကြည့်နေမိသည်။ စလွယ်သိုင်းထားတဲ့ အိတ်ကြီးကြီးတစ်လုံးနှင့် အလောတကြီး ဖြစ်နေသည့် ကောင်မလေးက သူ့ကို သတိမပြုမိ။

ထိုစဉ် ...

"အစ်ကို ... ဘာဂါရပြီ"

www.burmeseclassic.com



"အင်း ... အင်း"

ရေချမ်းက အပေါ်ကထုပ်ထားတဲ့ အဝါရောင်ဆီစိမ် စက္ကူနှင့်ပင် အုပ်ကိုင်ရင်း ဘာဂါကိုစားဖို့ အသင့်ပြင်လိုက်သည်။ အဲဒီတုန်းမှာ အဖြစ်အပျက်တွေက ရုတ်တရက် လျှပ်တစ်ပြက်။

ကောင်မလေးနောက်က ကားတစ်စီးက သူ့ကိုလမ်း မဖယ်ဘဲ လမ်းပေါ်ဆင်းလျှောက်နေတဲ့ ကောင်မလေးကို အနီးကပ် တော့မှ "ပွမ်"ခနဲ ဟွန်းသံတစ်ချက် ပေးလိုက်ရာ ကောင်မလေး ဟာ ပုံပျက်ပန်းပျက် လန့်ဖျပ် ခုန်ပေါက်သွားပြီး ကမန်းကတန်း ရှောင်ရင်းက ပလက်ဖောင်းစပ်ရေထဲ ခြေထောက်ကျ၊ ရွှံ့ရေတွေ က သူ့ကိုယ်သူလည်းစဉ်၊ ရေချမ်းထံကိုလည်းစဉ်။

ဒါနဲ့မပြီးသေးဘဲ ယိုင်ထိုးသွားတဲ့ သူမကယိမ်းကာ ယိုင်ကာ အနားမှာ ဖမ်းဆွဲစရာကို ရမ်းသမ်းရှာဖွေ ဆွဲလိုက်တဲ့ အခါ ရေချမ်းရဲ့ရှပ်အင်္ကျီလက်မောင်းစ ဖြစ်နေတာ၊ ရေချမ်း လက်ထဲက ဘာဂါသည် ကောင်မလေး ဆောင့်ဆွဲတဲ့အရှိန်နှင့် လွတ်ကျကာ ရွှံ့ရေထဲ ဘောလောလေး ဖြစ်နေပါသည်။

"ဟာ"

"ဟယ်"

ရေချမ်းသည် ဘာဂါအသစ်ကျပ်ချွတ်လေးကို နှမြော တသစွာတစ်လှည့်၊ ကောင်မလေးကိုတစ်လှည့်ကြည့်ကာ အတော် စိတ်ပျက်သွားပါသည်။ ဗိုက်ဆာပါတယ်ဆိုမှ။

"ဟယ် ... ကန်တော့နော်၊ ဆော ... ဆောရီးနော်"



အတော် စိတ်ပျက်သွားပေမယ့် အားနာတတ်တဲ့ သီကြောင့် ဘာမှတော့ မပြောဖြစ်ဘဲ ခါးကို လက်တစ်ဖက် ထောက်ပြီး ဘာဂါကိုပဲ ကြည့်နေမိပါတော့သည်။

"ဟို ... ဟို ... ဆောရီးနော်"

"........."

"အစ်ကို့ဘာဂါကြီး ပြုတ်ကျသွားပြီ"

ဆက်ထွက်မသွားဘဲ အားနာပါးနာ ဖြစ်နေ၍ ရေချမ်း က ခပ်တည်တည်ကြီး မနေသာတော့ဘဲ ...

"ရတယ် ... ထားလိုက်ပါ"

"အားနာစရာကြီး၊ အစ်ကိုက အခုပဲ ကိုက်စားမလို့ ပါးစပ်ဆီတောင်ရောက်ပြီ၊ ဦး လုပ်လိုက်လို့ ပါးစပ်နား ရောက်မှ ပြုတ်ကျသွားပြီ"

"ရပါတယ်"

"ဟို ... ပြန်လျော်ပေးမယ်လေ"

"ရပါတယ်၊ မလျော်ရပါဘူး"

အိမ့်ဦးသည် ကိုယ်လုပ်လို့ ဒီလူ ကိုက်စားခါနီး ဘာဂါကြီး ရွှံ့ရေထဲ ပြုတ်ကျရတာကို ရယ်ချင် သနားစိတ်နှင့် ဆက်ထွက်သွားဖို့ နောက်ကြောင်းမအေး ဖြစ်နေပါသည်။ ကိုယ့် ခြေဖမိုး ခြေသလုံးတွေမှာလည်း ရွှံ့ရေတွေ စဉ်နေတာမို့ လွယ် ထားတဲ့အိတ်ထဲက တစ်ရှူးထုပ် ထုတ်ကာ ကိုယ့်ခြေထောက်တွေ ကိုလည်း သုတ်ရင်း ...

www.burmeseclassic.com



"သုတ်ဦးမလား အစ်ကို"

"ရတယ်"

"အစ်ကို့ဂျင်းဘောင်းဘီကိုလည်း ရွှံ့ရေတွေစဉ်ကုန်ပြီ"

"ရပါတယ်၊ အိမ်ပြန်မှာပဲ၊ အိမ်ကျလျှော်လိုက်ရုံပဲဟာ"

"တောင်းပန်ပါတယ်နော်၊ ဦးက စိတ်လောနေလို့ပါ၊ ဟို ကားစုတ်ကလည်း လူကိုလန့်အောင် ဟွန်းကပ်တီးလိုက်လို့"

"အင်း … ခင်ဗျား အရေးကြီးကိစ္စ ရှိနေတယ် မဟုတ်လား၊ သွားပါ၊ ကျွန်တော့်ကို အားမနာပါနဲ့"

"အရေးကြီးကိစ္စ ရှိတယ်လို့ ဘာဖြစ်လို့ ပြောတာလဲ"

"အဝေးကတည်းက ခင်ဗျားလမ်းလျှောက်လာပုံက အလောတကြီး ဖြစ်နေတာ၊ လူက ရှေ့ကိုပဲ အာရုံအရမ်းရောက်နေတာ၊ အဲဒါကြောင့် နောက်ကကားတွေလည်း သတိမပြုမိတော့တာလေ"

"အဟုတ်၊ ဟုတ်တယ်၊ ဦး မြန်မြန်လေး သွားစရာရှိတယ်"

အားနာပြီး စကားရောဖွဲ့ရော လုပ်နေတာ ဖြစ်ပုံရတဲ့ ကောင်မလေးက နှာခေါင်းလေးရှုံ့ကာ ပြောလေလျှင် …

"သွားပါ … ရတယ်၊ အားမနာနဲ့၊ မတော်တဆ ဖြစ်တာပဲဟာ"

"အဟင်း … ဒါဖြင့် သွားမယ်နော်"

"ဟုတ်ကဲ့"





အိမ့်ဦးက အားနာနာ အီလည်လည်နှင့်ပင် ကိုယ့်ကိစ္စကလည်း မသွားမဖြစ်တော့တာမို့ လက်လေးမသိမသာပြရင်း ပြုံးစိစိ ရှုံ့မဲ့မဲ့လေးနှင့်ပင် လှည့်ထွက်လာခဲ့ပါတော့သည်။ သနားပါတယ်။ ဤလူရည်သန့်လေးကို အားနာလိုက်တာ။ သူ့ခမျာစားခါနီးမှ။

အချိန်များရရင် အေးအေးဆေးဆေး ဆိုရင်တော့ သူ့ကို မရမက ဘာဂါတစ်ခု ပြန်ဝယ်ပေးခဲ့ချင်သား။ သူကလည်း အလျော်ယူဖို့ခက်ကာငြင်း၊ အိမ့်ဦးကလည်း မြန်မြန်သွားဖို့က လိုအပ်နေတော့ သူ့ဘာဂါကို အစားပြန်ဝယ်မပေးရတော့ဘူးပေါ့။ ရုပ်ကလေးက ခင်မင်စရာ သန့်ပြန့်ဖြူစင်နေတာပဲ။

အိမ့်ဦးသည် ရှေ့ကို ဆက်လျှောက်လာရင်း ခုနလူရဲ့ သူ့ဘာဂါပြုတ်ကျသွားလို့ စိတ်ပျက်လက်ပျက် ဖြစ်နေတဲ့ရုပ်ကို မြင်ယောင်လာပါသည်။ သူ့မျက်နှာလေးပါ ပြုံးစိစိဖြစ်နေအောင် အဖြစ်အပျက်ကို စမြုံ့ပြန်တွေးနေမိတာပါ။

အိမ့်ဦးလာတဲ့ ကုမ္ပဏီအဆောက်အအုံရဲ့ ရုံးခန်းထဲကို ဝင်လာခဲ့လျှင် …

"ဟဲ့ … အိမ့်ဦး"

"မမကြည်"

"နောက်ကျလိုက်တာဟယ်၊ ဒီကောင်မလေး"

"အဟီး … လမ်းမှာ နည်းနည်းမျှော်လင့်ဘဲ ကြာသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မမက ခုပဲ အမွန့်ကိုတောင် ဖုန်းဆက်နေတာ၊ ဒီကောင် မလေးလာမှာလား မလာဘူးလားလို့"

မမကြည်သည် မမမွန်ရဲ့အစ်ကိုမိန်းမ။ ယောက်မ တော်စပ်ပါသည်။ မမသန့်တို့ အိမ့်ဦးတို့နှင့်ပါ ရင်းနှီးနေတာပါ။ သူတို့ကုမ္ပဏီက ကြော်ငြာဘုတ်အတွက် ဒီဇိုင်းပြိုင်ပွဲခေါ်တာကို အိမ့်ဦးကို မမကြည်ကပဲပြောပြ၊ ပြိုင်ပွဲဝင်ဖို့ အချက်အလက်တွေ စုစည်းပေး၊ လိုတဲ့ဖောင်ဖြည့်ပေးတွေ အားလုံးလုပ်ပေးထားတာပါ။

"နေ့လယ်နှစ်နာရီမှ ပိတ်မှာ မဟုတ်လား မမကြည်ရဲ့"

"အမယ်လေးဟယ်၊ နေ့လယ်နှစ်နာရီမှ ပိတ်မှာမို့ နှစ်နာရီ နားကျမှ ကပ်တင်မလို့လား။ စောစောစီးစီးတင်တော့ ဘာဖြစ်သွားမှာလဲ၊ မနေ့က တစ်နေ့ကလောက်ကတည်း က အတော်များများ လာတင်ပြီးသွားကြပြီ"

"အဟီး ... ဦးတစ်ယောက်ပဲ နောက်ဆုံးနေ့ နောက်ဆုံး အချိန်နားကပ်မှ လာတင်တာပေါ့နော် မမကြည်"

"ဒီနေ့ လာတင်တာ ဆယ့်သုံးလေးယောက်တော့ ရှိပါတယ်၊ ခုနတောင် တစ်ယောက်လာတင်သွားတာ ညည်းတို့အိမ်ရာကပဲ လိပ်စာက"

"ဟုတ်လား မမကြည်"

"အေး ... မမကြည် တပည့်လေး စာရင်းသွင်းယူထားလိုက်လို့ ဖတ်ကြည့်လိုက်မိတာ၊ တကောင်းရာဇာအိမ်ရာတဲ့၊ တိုက် D ဆိုလားပဲ၊ ယောက်ျားလေး တစ်ယောက်ဟဲ့"





"ဩော် ... ဦးတို့နဲ့ ကပ်နေတာပေါ့၊ အိမ်နားနီးနီးမှာ ဦးလိုပဲ ဒီဇိုင်းသမားတစ်ယောက် ရှိနေတယ်ဆိုတာ သိတောင်မသိဘူး၊ မမကြည် ရွေးချယ်တာက ဘယ်တော့သိရမှာလဲဟင်"

"တစ်လကြာမယ်"

"ရွေးခံရရင် ကောင်းမှာပဲ"

"ရွေးခံရရင်တော့ ကျုပ်တို့ကို ရှယ်ကျွေးဦး"

"ကျွေးမှာပေါ့ မမကြည်ရဲ့"

အိမ့်ဦးက သူ့ရဲ့ပြိုင်ပွဲဝင်ဒီဇိုင်းပါတဲ့ စီဒီကို စာရင်းဖြည့်သွင်း အပ်နှံပြီးတဲ့နောက် မမကြည်ကို နှုတ်ဆက်ကာ ပြန်ထွက်လာခဲ့ပါသည်။ ဘတ်စ်ကားကို နှစ်ဆင့်လိုင်းမပြောင်းဘဲ တစ်ဆင့်တည်း စီးနိုင်ဖို့ဆိုရင် အိမ့်ဦး အလာကဆင်းခဲ့တဲ့ မှတ်တိုင်ဆီပဲ လမ်းပြန်လျှောက်ရမည်။ အိမ့်ဦးက အနည်းငယ်ဝေးလှမ်းတဲ့ မှတ်တိုင်ဆီ လမ်းပြန်လျှောက်လာခဲ့ရင်း လမ်းမှာ ဘာဂါတွန်းလှည်းဆိုင်လေးကို ပြန်ဖြတ်ရတော့ တစ်စေ့တစ်စောင်း ကြည့်မိပါသေးသည်။

အင်း ... ဘယ်ရှိပါတော့မလဲလေ။ သွားရောပေါ့။

ရေထဲပြုတ်ကျခဲ့တဲ့ သူ့ရဲ့ဘာဂါကတော့ ခုထိရွှံ့ရေစပ်မှာ ပွပြဲပျော့အိပြီး နစ်နေတုန်းပင်။ ဒါကို ငဲ့ကြည့်ရင်း ဖြတ်ကျော်ခဲ့တဲ့ အိမ့်ဦးသည် သူ့ ကားစီးရမည့်မှတ်တိုင်ဆီ အရောက်တွင်တော့ အံ့အားသင့်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူ ...။

အိမ့်ဦးကလည်း မမကြည်ရုံးမှာ ဆယ်မိနစ်လောက် မကြာတာ။ သူကလည်း ဘာဂါတစ်လုံး ထပ်မှာစားနေတာကြောင့် ခုထိ ဒီနားပဲ တလည်လည် ရှိနေတာကိုး။ စားပွဲတိုင်အမိုးခုံးအောက်က ဖိုင်ဘာခုံဝါဝါကလေးတွေမှာထိုင်ပြီး ဘာဂါတစ်လုံးကို စားနေတဲ့ ဒီလူရဲ့ပုံဟာ ဘာဂါအပေါ် အတော်ကို တမက်တမောနှင့် ကလေးကျနေတာပင်။

"အဟိ"

အိမ့်ဦးက မအောင့်နိုင်ဘဲ တစ်ချက်လောက် ရီးရယ်မိသည်။

ဘတ်စ်ကားတွေက တစ်စင်းပြီးတစ်စင်း ထိုးဆိုက်လိုက် ထွက်ခွာလိုက်။ ဒီမှတ်တိုင်မှာ ကားလိုင်း နှစ်လိုင်းရပ်သည်။ သူက ဘယ်လိုင်းကားပေါ်ကိုမှ မတက်ဘဲ မုန့်ပဲအေးအေးဆေးဆေး စားနေတာ။

အိမ့်ဦးက ကားမှတ်တိုင် အမိုးလေးအောက် ခိုဝင်လိုက်သော်လည်း ထိုင်စရာနေတာလွတ်မရှိ၍ မတ်တတ်လေးပဲရပ်ကာ သူ့ကို မသိမသာ လှမ်းကြည့်နေမိသည်။ သူကတော့ အိမ့်ဦးကို မမြင်သေး။ သူ့အစားအစာထဲမှာပဲ လုံးဝအာရုံအပြည့်အဝ ရှိနေသည်။ ကြည့်ရတာ ဒီနောက်တစ်ခုဘာဂါက ပိုထူသည်။

ပုံမှန်ဘာဂါထဲမှာ ကြက်ဥပိုထည့်ထားတာတို့ အသီးအရွက် ပိုထည့်ထားတာတို့ ဖြည့်စွက်ပြီး စပါယ်ရှယ်ထပ်မှာတာ





ဖြစ်ပုံရသည်။ အတွေးနှင့် အိမ့်ဦးဟာ ထိုလူ့ကို ချစ်စနိုး ငေးကြည့်နေလိုက်မိသည်မှာ သူစားလို့ကုန်ပြီး လက်ဝါးနှစ်ဖက်ပုတ်ခါလိုက်တဲ့အထိပင်။

လက်ဝါးရိုက်ခါကာ ပါးစပ်ထဲက နောက်ဆုံးအလုတ်ကိုဝါးရင်း လောကကြီးကို မေ့နေသူက ဟိုဟိုဒီဒီ ခုမှငဲ့ကြည့်လိုက်သည်နှင့် ...

"ဟာင်"

အိမ့်ဦးကို သူ တွေ့သွားပါသည်။ အိမ့်ဦးကလည်း သူ့ကို ပြုံးစိုက်ပြီး ပြုံးကြည့်နေတာကိုး။ သူ ရုတ်တရက်အံ့သြသွားကာ ဝါးလက်စ ပလုပ်ပလောင်းပါးစပ်ကို ခေတ္တမျှ ရပ်တန့်ငြိမ်သက်လိုက်ပါသည်။ အိမ့်ဦးကို ကယောင်ကတမ်း ရှက်အမ်းအမ်း လက်ညှိုးညွှန်ရင်း ...

"ခြော်"

"အဟင်း"

အိမ့်ဦးက ပြုံးပြလိုက်ရင်း ...

"ဗိုက်တော်တော်ဆာနေတယ် ထင်တယ်"

ရှေ့ချမ်းက ဘာဂါတွေ ဝါးလက်စကို ခပ်မြန်မြန်မျိုချရင်း ...

"ဟုတ်တယ်ဗျ"

"ဆောရီးပါနော်၊ ကျွန်မ ထပ်တောင်းပန်ပါတယ်၊ ဗိုက်ဆာနေတဲ့သူ စားလုလု အစားအစာကို တိုက်ချမိတယ်

www.burmeseclassic.com



"တမင်လုပ်တာမှ မဟုတ်ဘဲဗျာ"

"ဒါပေမဲ့ အားတော့နာတာပေါ့ရှင်"

"ရပါတယ်ဗျာ၊ ခေါင်းထဲက ထုတ်လိုက်ပါ"

အိမ့်ဦးသည် တစ်မျိုးလေး ဘယ်လိုလေးမှန်းမသိ၊ နှာတံထိပ်ဖျားလေးကိုကုတ်ကာ ပြုံးပြုံးကလေးပြောနေတဲ့ ရေချမ်းကို စိတ်ထဲက နှစ်လို ခင်မင်စိတ်ပေါက်မိသည်။ အိမ့်ဦးသည် ကျောင်းတုန်းကရော ကျောင်းပြီးတော့ရော အပြင်လောကမှာရော ဆွေမျိုးတွေထဲမှာရော ယောကျ်ားလေးတွေနှင့် မျက်နှာကြောတည့်ခဲလှပါသည်။

ဒီလူကိုကျမှ သွားရင်းလာရင်း အမှတ်တမဲ့ မြင်မြင်ဖူးချင်းပင် ဘယ်လိုရေစက်ကြောင့် နှစ်လိုစိတ်ပေါက်မိရတယ် မသိ။

"ဟော"

အိမ့်ဦးက လာနေသော သူစီးရမည့် ဘတ်စ်ကားဆီ မျှော်ကြည့်ရင်း ...

"ကားလာပြီ၊ ဦး သွားရတော့မယ်"

"ဟုတ်ကဲ့"

ဘတ်စ်ကားက နေ့လယ်ပိုင်းလည်းဖြစ် မြို့ထဲကနေ မြို့ပတ်မြို့နယ်ဆီ ဦးတည်တာမို့ ချောင်ချောင်ချိချိပင်။ ဂိတ်ကို ကားထိုးဝင်လာလျှင် ...

"သွားမယ်နော်"





အိမ့်ဦးက လှည့်နှုတ်ဆက်လိုက်လျှင် ရေချမ်းက ပြုံးရင်း ...

"ကျွန်တော်လည်းတူတူပဲ၊ ဒီကားပဲစီးမှာ"

"ဟုတ်လား"

အံ့သြခြင်းနှင့်အတူ ဝင်းလက်သွားတဲ့ အိမ့်ဦး မျက်နှာလေးကို ရေချမ်းက အပြုံးနှင့်ကြည့်ရင်း ပခုံးတွန့်လိုက်ပါသည်။ ကားက ချောင်ပေမယ့် ထိုင်စရာနေရာတော့မရ။ သူတို့နှစ်ယောက် ကားပေါ်မှာ မတ်တတ်ယှဉ်ရပ်ရင်း ပြောစရာစကားလည်း မယ်မယ်ရရ မရှိ၍ တစ်ယောက်ကိုတစ်ယောက် ပြုံးပြနေမိတာကလွဲပြီး တိတ်နေကြပါသည်။

အဲဒီတုန်း စပယ်ယာ အနားရောက်လာလျှင် အိမ့်ဦးက ရေချမ်းကို တစ်ချက်လှည့်ကြည့်လိုက်ကာ ...

"ဟိုလေ ... ဦး ကားခပေးလိုက်မယ်နော်"

"ဗျာ"

"ဦးပဲ နှစ်ယောက်စာ ပေးလိုက်မယ်"

"အား ... ရပါတယ်ဗျာ"

"အားမနာပါနဲ့ ... အဟင်း"

အိမ့်ဦးက ငါးရာတန် ထုတ်ပေးလိုက်ရင်း စပယ်ယာကို ...

"နှစ်ယောက်"



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စာ ကားခပေးပြီးတဲ့နောက် အိမ့်ဦးသည် တစ်မျိုးလေး ရှက်နိုးယောင်ယောင် ဖြစ်နေမိကာ ကိုယ့်ကိုယ်ကိုယ်လည်း အံ့အားတွေ သင့်နေမိပါသည်။ တစ်လမ်းလုံး စကားသေချာ ထပ်မပြောမိပေမယ့် တစ်ယောက်နဲ့တစ်ယောက် မကြာမကြာမသိမသာ ခိုးကြည့် ခိုးကြည့်နေမိတာကို နှစ်ယောက်လုံးပဲ သိနေကာ ပြုံးတုံ့တုံ့လေးတွေ ဖြစ်နေမိကြပါသည်။

အိမ့်ဦးသည် သူ ဆင်းရတော့မည့် မှတ်တိုင်နား ရောက်လာလျှင် ရေချမ်းဘက် ပြုံးအိအိလေး လှည့်ကြည့်ရင်း ...

"ဦးက ရှေ့မှတ်တိုင် ဆင်းတော့မှာ၊ သိလား"

"ဟုတ်ကဲ့"

ရေချမ်းက ရယ်ချင်ချင်နှင့် ရှည်ရှည်ဝေးဝေး မပြောဘဲ ခေါင်းသာညိတ်ပါသည်။ ထိုမှတ်တိုင်မှာ ကားအရပ် အိမ့်ဦး ကားပေါ်ကဆင်းလျှင် ရေချမ်းက နောက်က ဆင်းလိုက်လာခဲ့ပြီး မသိမသာ ကားဘက်ပြန်ငဲ့ကြည့်လိုက်တဲ့ အိမ့်ဦးကို နောက်က နေ လှမ်းရယ်ပြလိုက်လျှင် ...

"ဟင် ... ရှင်က"

"ကျွန်တော်လည်း ဒီမှာ ဆင်းမှာ"

"ဪ"

အိမ့်ဦးက အူကြောင်ကြောင်နှင့် ငဲ့ကြည့် ငဲ့ကြည့် လေးလုပ်ရင်း ရှေ့ကလျှောက်နှင့်ပါသည်။ ရေချမ်းက တမင်တကာ ခပ်နွာနွာလေး ဖြည်းဖြည်းလျှောက်သည်။ ကွန်ဒိုအိမ်ရာဝင်းထဲ





ယှဉ်တွဲလျှောက်ဝင်သွားလျှင် ဂိတ်လုံခြုံရေးတွေ ခုတ်လှေကား ဝန်ထမ်းတွေကအစ အံ့အားတသင့် ရှုးစမ်းကြမှာကို အိမ့်ဦးအတွက် ငဲ့ကာ မလိုလား၍ပင်။

အိမ့်ဦးက ဂိတ်တံခါးကဝင်လာကာ နှစ်လှမ်းသုံးလှမ်းတစ်ကြိမ် နောက်ကို ငဲ့ငဲ့ကြည့်မိရာက ရေချမ်းပါ ဂိတ်တံခါးမှ လိုက်ဝင်လာတာမြင်လျှင်တော့ စိတ်ထဲတစ်မျိုးဖြစ်သွားပါသည်။ ဒီလူတမင်တကာများ လိုက်လာတာလား။ ရိုးသားတဲ့ အပြုံးလေး မျက်နှာမှာ တပ်ဆင်ပြီး မခုတ်တတ်တဲ့ကြောင်ပုံ ဖမ်းရင်းကပဲ ခုမှတွေ့ဖူးတဲ့ မိန်းကလေးတစ်ယောက်နောက် နောက်ယောင်ခံ လိုက်လာတာလား။

ရှူးခနဲ ဒိုင်းခနဲ စိတ်မြန်တတ်တဲ့ အိမ့်ဦးက ခြေလှမ်းစုံရပ်လိုက်ကာ ...

"ရှင် ဘယ်ကိုလာတာလဲ"

ရပ်စောင့်မေးလိုက်လျှင် သူ့ကို သွက်သွက်ကျော် ဖြတ်လျှောက်ရင်း ရေချမ်းက ...

"ကျွန်တော် တိုက် D မှာ နေတာဗျ"

✻ ○ ✻



www.burmeseclassic.com

www.burmeseclassic.com



## ၄

"ဟိုမှာ … ဟိုမှာ … သူလေ … သူပေါ့ … သူ …"

ရေချမ်းက ပြောလိုက်ရင်း သူကတော့ ဝရန်တာ လက်ရန်း စတီးတန်းမှာ လှန်းထားတဲ့ မျက်နှာသုတ်ပဝါကြီးရဲ့ နောက်မှာ ကွယ်လိုက်ပါသည်။ သူတို့ ဝရန်တာကို ထွက်ထိုင်နေကြတာမို့ အောက်ကနေ တကူးတက မော့ကြည့်လျှင် မြင်ရနိုင်ပါသည်။ သူတို့အထပ်က သုံးထပ်မှာ။ အောက်ကို အေးအေးဆေးဆေး ကြည့်နေနိုင်သလို အောက်ကလည်း အေးအေးဆေးဆေး လှမ်းမြင်ရသည်။

"ဩော် … ဟောကောင်၊ အဲဒါ … ငါ … ငါ … ငါ"

"ဟုတ်ပါတယ်၊ အဲဒါကြောင့် အစ်ကိုကြီးကို ကျွန်တော် ပြောသားပဲ၊ အစ်ကိုကြီး ရိုတ်ရိုတ်နေတဲ့ ကောင်မလေးပါလို့"

"ဟောကောင် … ငါ့ဟာလေးကို မင်း …"



"ကျွန်တော် ဘာလုပ်လို့လဲ၊ အစ်ကိုကြီးကတော့ ရောဂါပဲ၊ သူ့ဟာသူ ကျွန်တော့်ကို တိုက်မိလို့ ကျွန်တော့်မုန့် ပြုတ်ကျလို့ အားတွေနာပြီး စကားတွေလာပြောတာနော်၊ ကျွန်တော် ဘာမှ မမြှူဆွယ်ဘူး"

"ဒီမှာ ရေချမ်း၊ မင်း မြှူဆွယ်ရင်လည်း မင်း ဘာမှအပြစ်မရှိဘူး"

ရဲဝံ့က ပြောလိုက်လျှင် ကိုကိုကြီးက ရှုံ့မဲ့သွားပြီး …

"ရဲဝံ့ … မင်းတော့ …"

"ဟုတ်တယ်လေ၊ အစ်ကိုကြီးကလည်း တန်ရာတန်ရာချိန်ပေါ့၊ အစ်ကိုကြီး အသက်အရွယ်၊ အစ်ကိုကြီးရုပ်ရည်နဲ့ ဒါမျိုးလေးကို ချိန်သင့်လား တွေးဦး၊ အစ်ကိုကြီးနဲ့ ရေချမ်းဆိုရင် ဘယ်သူ ပိုလှုပ်ရှားသင့်သလဲ"

သူတို့အားလုံး ကိုကိုကြီးရဲ့မျက်နှာ မည်းနေတာ ကြည့်ရင်း တသောသော အူမြူးနေကြပါသည်။ ကိုကိုကြီးဟာ သူတို့ထဲမှာ အသက်ကြီးပြီး လူငယ်ကလည်း ဆန်ချင်ကာ ကိုးလိုးကန့်လန့် ဖြစ်နေတာကိုပဲ စ,လို့နောက်လို့ ဒေါက်ဖြုတ်လို့ မဆုံးကြပေ။ ဒီ ကိုကိုကြီးတစ်ယောက်ကိုပဲ အားလုံးဝိုင်းကာ ချစ်စနိုးနှင့် နှိပ်ကွပ်နေကြတာပါ။

ဒီကောင်မလေးကို နာမည်မသိပေမယ့် သူတို့အုပ်စု သတိပြုမိနေကြပြီးသားပါ။ ဝရန်တာမှာ ထွက်ရပ်နေရင် အောက်ကဖြတ်သန်းသွားလာမှုတွေကို တွေ့မြင်နေရတာမို့ အဲဒီကောင်မလေးကိုလည်း မြင်ဖူးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



စတင်သတိထားမိတာက ကိုကိုကြီး။

"ဟာ ... ချစ်စရာလေးကွာ၊ အဆင်လေးကွာ၊ မိုက်တယ်ကွာ"

ကိုကိုကြီးရဲ့ ရေရွတ်သံ မှတ်ချက်ချသံကြောင့် သူတို့တွေပါ ထွက်ကြည့်ရင်း မြင်ဖူးကြရတာပါ။ ကိုကိုကြီးဟာ ဒီကောင်မလေးကို မြင်ရတတ်တဲ့အချိန်တွေ သူလည်း အိမ်မှာရှိရင် ဝရန်တာထွက်ထွက်ပြီး ငေးမျှော်တတ်သည်။ ဟိုလိုဒီလို ဘာရယ်ညာရယ်တော့ မဟုတ်ပေမယ့် "ငါ့ချာတိတ်မလေး" ရယ်လို့ သူ့ဟာနှင့်သူ ကမ္ပည်းတတ်ထားတာ။

"မင်းနဲ့ ရင်းနှီးသွားပြီပေါ့လေ"

"အဲလောက်ကြီးလည်း မဟုတ်ပါဘူး"

"စကားတွေသည်းပြော၊ ဘတ်စ်ကားလည်း တစ်စီးတည်းစီးခဲ့တာဆို"

"ဒါတော့ ဟုတ်တယ်လေ"

"လမ်းတွေ့ရင် နှုတ်ဆက်နိုင်တဲ့ အနေအထားလား"

ရေချမ်းက မဖြေဘဲ ပြုံးနေမိသည်။

"ဟေ့ကောင် ... ပြောလေ၊ အဲလောက်တောင် ရင်းနှီးသွားလား"

"အင်းပေါ့ ... အစ်ကိုကြီးကလည်း၊ ကျွန်တော်က နှုတ်မဆက်ရင်တောင် ဒီကောင်မလေးက လိုက်နှုတ်ဆက်မှာပေါ့"

"အောင်မယ်၊ အပြောကတော့ တိုင်ထိပ်ကပဲ"





ရေချမ်းနှင့် သံလွင် ဝရန်တာမှာ အခင်းကြွေပြားတွေပေါ် ထိုင်နေကာ ရေချမ်းက မျက်နှာသုတ်ပဝါနှင့် ကွယ်ထားတာဖြစ်ပြီး ကျန်တဲ့သုံးယောက်ကတော့ ဝရန်တာမှာ တန်းစီရပ်ပြီး လက်ရန်းပေါ် လက်တင်ကာ ကောင်မလေးဆီ လှမ်းကြည့်နေကြတာဖြစ်သည်။ ရေချမ်းကလည်း မျက်နှာသုတ်ပဝါကြီးကို ဘေးနည်းနည်းတွန်းကာ အောက်ကို လှမ်းချောင်းကြည့်မိပါသည်။

ရှေ့တိုက်ရဲ့ အောက်ဆုံးခန်းမှာ ဗီဒီယိုအခွေငှားဆိုင်နှင့် မုန့်ဆိုင်ကလေး တွဲဖွင့်ထားပါသည်။ ဒါကြောင့် အဲဒီနားမှာ ကောင်မလေး ရောက်နေတာ။

"နာမည်လေးက 'ဦး' ဟုတ်လား"

"အင်း ... အဲဒီလို ထည့်ပြောတာပဲ"

"ဟာ ... ဟာ ... ကြည့်တယ် ... ကြည့်တယ်၊ ဒီဘက်မော့ကြည့်တယ်"

ကိုကိုကြီးက အူမြူးသံ ဝမ်းခေါင်းသံကြီးနှင့် ပြောလိုက်ပါသည်။

"ဟား ... ခင်ဗျားအသံကြီးနဲ့တော့ဗျာ"

သံလွင်က ဟန့်လိုက်ပါသည်။

"ဟာ ... ချစ်စရာလေးကွာ၊ မျက်လုံးလေး ကြည့်တာက တော်တော်ချစ်ဖို့ကောင်းတဲ့ ကောင်မလေး"

"အစ်ကိုကြီး ... အတန်းထဲမှာ စာသင်တဲ့ အသံကြီးနဲ့ မပြောနဲ့ဆို၊ သုံးထပ်နဲ့ အောက်နဲ့ ဘာမှကွာတာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ ကောင်မလေးက မော့ကြည့်ရင်း တွေးလိမ့်မယ်၊ ဝရန်တာမှာ သုံးယောက်ရပ်နေတာကြည့်ပြီး ... ဟင် ... ဟိုမှာ သားနှစ်ယောက်က အေးအေးဆေးဆေး ဖအေကြီးကအစွယ်နဲ့မလိုက် ကဲနေတယ်လို့"

သံလွင်က သူ့အစ်ကို,ကို ခပ်စပ်စပ်လေး နှိပ်ကွပ်လိုက်၍ ကိုကိုကြီးက စိတ်တိုပြီး သံလွင့် တင်ပါးကို လှမ်းကန်လိုက်ပါသည်။

သူတို့ရဲ့ရယ်သံတွေ ရှောင်ရင်းရှန်းရင်းဆန်ခတ်ဖြစ်တာတွေက ဝရန်းသုန်းကား ဖြစ်သွား၍ ကောင်မလေးက ထပ်မော့ကြည့်သည်။

"ဟော့ကောင်တွေ ဣန္ဒြေရရနေ"

"အစ်ကိုကြီး အဓိကနေရမှာ၊ ပါးစပ်ကို အဲလိုကြီး ဟဟကြီး လုပ်မနေနဲ့၊ ကောင်မလေးက သူ့ကို ပြီတီတီလုပ်ပြနေတယ် ထင်လိမ့်မယ်၊ ဘယ်လိုလူတွေလဲလို့ ဖြစ်မသွားစေနဲ့လေ"

ကိုကိုကြီးက ပြုံးနေတဲ့ ပါးစပ်ကို ကမန်းကတန်းစေ့လိုက်ပါသည်။ ကိုကိုကြီးပုံစံကြောင့် သူတို့တစ်တွေမှာ မျက်နှာပိုးမသတ်နိုင်အောင် ဖြစ်နေကြတာပါ။

"အရင်က သူ ဒီလိုမော့မော့မကြည့်တတ်ပါဘူးကွ"

"ရေချမ်းက သူက တိုက် D ကလို့ ပြောခဲ့လို့ ဘယ်အထပ်ကများလဲတွေးပြီး လှမ်းကြည့်နေလားမှ မသိတာ"





"ဟုတ်လား ရေချမ်း၊ မင်း တိုက် D ကလို့ ပြောခဲ့တာလား"

"ဟုတ်တယ် အစ်ကိုကြီး"

"ရေချမ်း ဆိုတဲ့ နာမည်ရော ပြောခဲ့သေးလား"

"ဟင့်အင်း"

"မင်းနာမည် သူ မသိဘူးပေါ့"

"သိစရာ အကြောင်းမရှိဘူး ထင်တာပဲ၊ ကျွန်တော်လည်း မပြောဘူးလေ"

"မင်း ငါတို့မသိအောင် သွားသွားရင်းနှီးအောင် လုပ်မနေနဲ့ဦး"

"ဟော ... ဒီလူကြီးတော့ ဖောင်းပြန်ပြီ၊ ဒီကောင့်ဘာသာ ရင်းနှီးအောင်လုပ်လည်း ဘာဖြစ်လဲ၊ သူ့အခွင့်အရေးပဲဟာ"

သံလွင်က ကိုကိုကြီးကို မျက်စောင်းရှယ်ရင်း ဆိုလေသည်။ ကိုကိုကြီးဟာလည်း ကလေးတွေနှင့်ရောကာ ပေါမည့်သာ ပေါနေတာပါ။ ပါးစပ်က ပြောနေသလောက်ဟာ ဘလွတ်ရှုထ်တောက်တွေဖြစ်ပြီး တကယ်တမ်း မယ်မယ်ရရတော့လည်း မဟုတ်ပါလေ။

"ဒီကောင်တော့ကွာ၊ အလိုလိုနေရင်းကမှ ကောင်မလေးတွေက သူ့ကို အလကားအခြောက်တိုက် ပစ်ပြီးကျချင်နေကြရတဲ့အထဲ၊ ချစ်မွေးက နေရင်းထိုင်ရင်း ပေါက်နေရတဲ့ကြားထဲ"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းက အောက်ကိုလှမ်းကြည့်မိပြန်သည်။ သူ့ကို ကောင်မလေး မမြင်သာပါ။ ဒါပေမဲ့ လှမ်းလှမ်းမော့ကြည့်နေတာတော့ အမှန်ပင်။ မျက်လုံးက ကွန်ဒိုရှစ်ထပ်စလုံးကို ဝေ့ဝေ့ပြီး လှမ်းကြည့်တာ ဖြစ်ပေမယ့် လူတွေထွက်ရပ်နေတဲ့ ဒီဝရန်တာကိုတော့ ပိုရောက်လာပါသည်။

သေားမှာ အမျိုးသမီးတစ်ယောက် ပါသေးပြီး သူက စာအုပ်ငှား၊ ဗီဒီယိုအခွေငှား လုပ်နေသဖြင့် ကောင်မလေးက ရပ်စောင့်နေရတာပါ။

"အစ်ကိုကြီး"

"ဗြော"

မိုးထက်က မေးငေါ့ညွှန်ပြရင်း ...

"အဲဒီကောင်မလေးသောက အစ်မကြီး တွေ့လား"

"အင်း ... တူတူ လာတာလေ"

"သူ့ကို မကြိုက်ဘူးလား"

"ဟော့ကောင်"

"အစ်ကိုကြီးနဲ့ ရွယ်တူလောက်ပဲ၊ လိုက်ဖက်တယ်"

"ဟော့ကောင်၊ ဒီကောင်မလေးကို သဘောကျပါတယ်ဆိုမှ သူ့အဒေါ်လောက်ရှိတဲ့ဟာကို လာကြိုက်ခိုင်းရလား"

"အဒေါ်လောက်တော့ မရှိပါဘူးဗျာ၊ ကျက်သရေရှိရှိလေးနဲ့ လှပါတယ်၊ အရာရှိရုပ်ပဲဗျ"

"အရာရှိရုပ် မကြိုက်ဘူးကွာ"





"ဒါဖြင့် ဘာကြိုက်တာလဲ"

"ကျောင်းသူရုပ်ပဲ ကြိုက်တယ်"

"ခွီး ခွီး"

အားလုံး ပွဲကျနေကြရပြန်ပါသည်။

"တန်ရာတူရာ ပြပေးပြန်တော့လည်း မဟုတ်ဘူး၊ မင်းအစ်ကိုတော့ မလွယ်ဘူး သံလွင်"

"နှာခေါင်းကျည်ပွေ့တွေ့မှာလေ"

အစ်ကိုကြီးကို ချစ်စနိုး ဝိုင်းစနေကြပြန်ပါသည်။ သူတို့ထံက စကားသံတွေ ရယ်သံတွေ လှုပ်ခိုရှစ် အပြုအမူတွေ တွေ့ရတာကြောင့် ထင်သည်။ အောက်က ကောင်မလေးက လှမ်းကြည့်ရင်း မသိမသာ မျက်စောင်းထိုးသွားပါသည်။ သူ့ကို ကြည့်နေ ဝေဖန်နေ ရယ်နေကြတယ်လို့ အထင်သိပုံနှင့် မျက်နှာကို ရှုပုပ်ပုပ် လုပ်ထားလိုက်ပုံလေးက တစ်မျိုးချစ်စရာ။

"ဟာ ... မျက်စောင်းထိုးတယ်ကွာ၊ ဟာ ... နှုတ်ခမ်းလေး စူထားတာလည်း ချစ်စရာလေးကွာ"

ကိုကိုကြီးဟာလည်း ကလေးတွေနှင့်ရောပြီး ဒီလို ဟေးလားဝါးလား လုပ်နေရတာကို ပျော်တဲ့သူမို့ ပိုပိုသာသာကို အူမြူးနေတာပါ။

"ငါကြည့်နေလို့ ရှက်ပြီး မျက်စောင်းထိုးတာကွ"

"ဘာမှ ရှက်လို့မဟုတ်ဘူး၊ သားနှစ်ယောက်အဖေကြီးက ဖြီးဖြီးဖြဲဖြဲ ကြည့်စရာလားလို့ ဒေါပွပြီး မျက်စောင်းထိုးတာ၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတောင် ကျွန်တော်တို့က အောက်မှာပဲ ထိုင်နေလို့၊ နို့မို့ ကလေး လေးယောက်အဖေကြီး ထင်မှာ”

“ဟား ဟား ...”

အောက်က အိမ့်ဦးသည် မသဲမကွဲသော်လည်း ကွိကျိကွကျိ ငြင်းခုန်နောက်ပြောင်သံများ ရယ်သံကျိတ်ကျိတ်များ ထွက်နေတဲ့ ဝရန်တာကို မျက်စောင်းလှည့်ထိုးရင်း မျက်နှာတင်းထားလိုက်ပါသည်။

ဗရုတ်တွေ။ ဟိုကလေးအဖေ အရွယ်ကြီးကလည်း အငယ်တွေနှင့်ပေါင်းကာ မျက်နှာပိုးမကျိုး။

ဒီအခန်းဟာ အိမ့်ဦးတို့နှင့် ဖုန်းလိုင်းပူးတဲ့အခန်းဆိုတာ အိမ့်ဦး သိထားသည်။ ဖုန်းလိုင်းပူးတဲ့ကိစ္စတုန်းက ကွန်ဒိုအုပ်ချုပ်ရေးရုံးခန်းမှာ အဲဒီအခန်းက လူတစ်ယောက်နှင့် ဆုံတော့ ဆုံဖူးလိုက်ပါသည်။ သူနဲ့စကားပြောဆို ဆွေးနွေးတာတော့ မရှိခဲ့ရပေမယ့် အုပ်ချုပ်ရေးမှူးက “ဒီကညီလေးတွေ အခန်းပဲလေ” လို့ ဆိုသဖြင့် သိလိုက်ရတာ။

စပို့ရှပ်နှင့် ဟဲန်းဒ်ချိန်းက ရွှေရောင်ဝင်းဝင်းနှင့် အဲဒီလူဟာ အခု မတ်တတ်ရပ်နေကြတဲ့အထဲလည်း ပါသည်။ သူ့ကို အုပ်ချုပ်ရေးမှူး စကားလှမ်းပြောတုန်း ခေါ်သံကတော့ “ကိုရဲဝင်း”ဆိုလား “ကိုရဲဝံ့”ဆိုလားပင်။ ခုလည်း ဝရန်တာကနေ ပြုံးစိ ပြုံးစိ လုပ်နေကြတာမို့ အိမ့်ဦးက ခပ်တည်တည်နေလိုက်တာ။



လိုင်းပူးသမျှ ဖုန်းစကားသံတွေမှာ ယောကျ်ားတစ်ယောက်နှင့် မိန်းကလေးတွေရဲ့ အိနွဲ့နွဲ့ကြူသံ ကလူသံတွေလိုချည်းကိုသာ ကြားကြားနေရတာမို့ ဒီအခန်းကို မေတ္တာမရှိတာပါ။ လူရှုပ်တွေ နေမှာပေါ့။ ဒါမှမဟုတ်လည်း သူတို့အထဲမှာ လူရှုပ်တစ်ယောက် နှစ်ယောက်တော့ ပါကိုပါမှာပဲ။

အိမ့်ဦးက ဟိုတစ်နေ့က ကြုံခဲ့တဲ့ “ကိုဘာဂါ”ဘယ်အထပ်ကလဲဆိုတာ စိတ်ဝင်စားနေတာပါ။ သူက တိုက် D ကလို့ ပြောသွားတယ်လေ။ တိုက် D ဘယ်အခန်းကပါလိမ့်။ ခုထိ ထပ်မတွေ့။ သူပဲ အိမ်မြဲလွန်းတာလား၊ အိမ့်ဦး ရှာဖွေစူးစမ်းမိချိန်နှင့် သူ အပြင်ထွက်ချိန် မကိုက်တာလားတော့ မသိပါ။

ဘာကြောင့်များ အိမ့်ဦး စိတ်ထဲမှာ “ကိုဘာဂါ”ကို သတိတရနှင့် တွေ့ချင်သလိုစိတ် ဖြစ်နေမိလည်း မပြောတတ်။ အဲဒီ ကိုဘာဂါ အကြောင်းကိုလည်း အိမ်မှာ အကြိမ်ကြိမ် အထပ်ထပ် ပြန်ပြောမိတာမို့ မမသန့်တို့ မမမွန်တို့ နားကြားပြင်းတောင်ကတ်နေပါပြီ။

သန့်ပြန့်ကြည်စင်နေတဲ့ သဘောကောင်းကောင်းရုပ်ကလေးကိုလည်း ရင်မှာ တစ်မျိုးလေး ခင်မင်နှစ်လိုနေမိတာပါ။ အခု ဟိုဝရန်တာမှာ ရပ်နေတဲ့ ဟိုအခန်းကလူတွေရဲ့ ပြောင်ချော်ချော် ပြိတီတီရုပ်တွေနဲ့များ တခြားစီ။ မိန်းကလေးမြင်လျှင် မျက်လုံးကြီး ကျွတ်ကျမလို မြေကြီးပေါ် ဂေါ်လီလိုလိမ့်နေတော့မလို ပြူးတူးပြဲတဲ သရဲမရဲ ငမ်းကြောထွတာမျိုးကို အမုန်းဆုံးပင်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဘာဂါဟာ အကြည့်လေးကလည်း ဣန္ဒြေရရ။ မလိုအပ်ဘဲ သေချာတောင်မကြည့်။ အပြောအဆိုကလည်း လိုတာထက်မပို၊ ရောနှောလွန်း အဖွဲ့ကျအောင်လုပ်လွန်းတာမျိုးမရှိ။ အလွန်ဣန္ဒြေရသည်။ ဣန္ဒြေကြီးနဲ့ဆိုလို့ ခပ်တုံးတုံးလည်းမဟုတ်။ ဘယ်လိုပြောရမှန်းမသိအောင် သူ့ပုံစံက အနေတော်ကလေးနဲ့ တည်ကြည်ရိုးဖြောင့် မွန်ရည်ရှင်းသန့်နေတာပင်။

လေးရက်ရှိပြီ။ ထပ်မတွေ့ဘူးဆိုတော့ အလုပ်များတဲ့သူများလား။ အမြဲရော ဒီမှာနေရဲ့လား။ ဒါမှမဟုတ် D ကို လာလည်တဲ့ ဧည့်သည့်ပဲဖြစ်ပြီး အိမ့်ဦးကို တမင်တကာ ကျီစယ်ကာ ဒီမှာနေသယောင် လှိမ့်သွားတာလား။

D တိုက်ဘက်ကိုလှည့်ပြီး တစ်ခန်းချင်း တစ်ထပ်ချင်း မော့ကြည့် အကဲခတ်ချင်ပေမယ့် သုံးထပ်ဝရန်တာက ဟိုအုပ်စုက အိမ့်ဦးကို ကြည့်နေတာ၊ အိမ့်ဦးအကြောင်းပြောဆို ကျီစယ်နေကြတာ အသိသာကြီးမို့ သူတို့ကို လှည့်လှည့်ကြည့်နေသလို မဖြစ်ချင်တာကြောင့် အိမ့်ဦးက လှည့်မကြည့်တော့ပါ။

ကိုယ်က သူ့အကြောင်းတွေ သတိရနေ ကျိတ်ရှာနေမိသလို သူရော ဖြစ်နေသလား၊ မဖြစ်နေဘူးလား ဆိုတာကိုတောင် အိမ့်ဦးက သိချင်နေမိလေသည်။

* ○ *



"ဟဲ့ကောင်မလေး ... ပုစွန်တုပ် စားမလား"

"အနိ ... ဈေးကြီးတယ် မမသန့်ကလည်း"

"နင်ကြိုက်တယ် မဟုတ်လား"

"ကြိုက်ပေမယ့် ဟင့်အင်း ... မစားဘူး"

အိမ့်ဦးက မမသန့်လက်ကို တဲတောင်ဆစ်မှချိတ်ကာ အတင်းဆွဲခေါ်လာခဲ့ပါသည်။ မမသန့်တို့ မမမွန်တို့ဟာ အိမ့်ဦးကို ညီမငယ်အရင်းလေး တစ်ယောက်လို ချစ်ခင်ညှာတာကြသည်။ အိမ့်ဦးကလည်း အစ်မရင်းတွေလိုပဲ ချစ်ပါသည်။ တကယ်တော့ ရပ်ဆွေရပ်မျိုးတွေမျှသာပါ။ တစ်ရပ်တစ်ရွာထဲက လာကြတာတွေမို့ ရန်ကုန်မှာတော့ အမျိုးတွေလိုပင်။ အနီးပတ်ဝန်းကျင်က ညီအစ်မတွေလို့ပဲ သိထားကြပါသည်။

တကယ်တော့ မမမွန် မမသန့်တို့က အရင်ရောက်ကာ အလုပ်အကိုင် အခြေတကျ တည်ငြိမ်နေကြပြီးမှ အိမ့်ဦးက ကွန်ပျူတာ ဂရပ်ဖစ်ဒီဇိုင်းပညာတွေတက်ဖို့ နောက်မှရောက်လာတာ။ နောက်မှရောက်ပေမယ့် ဖေဖေ စီစဉ်ပေးလိုက်တဲ့ နေစရာအခန်းက တစ်တွဲတည်း အသင့်ပါလာသည်။

ဖေဖေ့အချစ်ဆုံးသူငယ်ချင်း အန်ကယ်ကျော်ကြီးရဲ့ အခန်းပါ။ အန်ကယ်ကျော်ကြီးတို့ မိသားစုက ဩစတြေးလျမှာ။

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားတဲ့ ဒီအခန်းကို ဖေဖေက လှမ်းငှားရမ်းတော့ အင်မတန် တန်လှတဲ့ဈေးနှင့် လိုလိုချင်ချင် ငှားပေးလိုက်တာပါ။ သူတို့အဖို့လည်း အိမ်ပိတ်ထားရတော့ အိမ်ပျက်စီးသည်။ လူနေတော့ အိမ်သန့်သည်။

အဲဒီအချိန်မှာ ရိုးရိုးတိုက်ခန်းကျဉ်းလေး တစ်ခန်းကို နှစ်ယောက်အတူ စုငှားနေကြတဲ့ မမမွန်နဲ့ မမသန့်တို့ကို မေမေက ဒီမှာအတူစပ်ကာနေကြဖို့ ကမ်းလှမ်းလိုက်တာဖြစ်သည်။ မမမွန်တို့အဖို့လည်း နဂိုကုန်ကျသလောက်စရိတ်နှင့် ကျယ်ဝန်းတဲ့ သန့်ပြန့်တဲ့ ကွန်ဒိုခန်း ပြောင်းရွှေ့နေရမှာမို့ အိမ့်ဦးနှင့် သုံးယောက် စပ်တူ လာငှားနေလိုက်ကြတာပါ။

မမမွန် မမသန့်တို့က ဝင်ငွေကောင်းကြပါသည်။ ပုဂ္ဂလိကကုမ္ပဏီအသီးသီးမှာ ရာထူးလေးတွေနှင့် လခကောင်းကြသူတွေပါ။ အိမ့်ဦးကတော့ ခုချိန်မှာ ဝင်ငွေကမမှန်လှသေးဘဲ ရချင်လည်း အတော်ရ၊ မရရင်လည်း မရပြန်၊ သင်တန်းလာတက် နေစဉ်ကလို အိမ်ကငွေ တနင့်တပိုး မမှာရတော့သာရှိလျက် လိပ်ပတ်လည်အောင် မနည်းရှိုးခြွေတာ သုံးစွဲနေတာပါ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်နေပြီ ဆိုတာကိုသာ ဂုဏ်ယူသူဖြစ်၍ ပြည့်စုံတတ်နိုင်တဲ့ မိဘတွေထံက ငွေမတောင်းရ မမှာရတော့တာကို ကျေနပ်ပြီး မရ,ရအောင် မလောက်လောက်အောင် နေသူဖြစ်ပါသည်။

"မချက်တာ ကြာပြီပဲ၊ တစ်ခါတလေစားတာ ဘာဖြစ်လဲ"





"ဟင့်အင်း … ပုစွန်တုပ်ဝယ်ရင် အိမ့်ဦး တစ်ယောက်တည်းစားတာ၊ မမမွန်က မတည့်လို့၊ မမသန့်က မကြိုက်လို့ စားတာလည်း ဟုတ်ဘဲနဲ့"

"ဘာဖြစ်လဲ၊ ငါတို့က တခြားဟင်းစားမှာပေါ့"

"ဟင့်အင်း … မမသန့်တို့နဲ့ ဟင်းတူတူပဲ စားမယ်"

"သူ့သမီး ပုစွန်တုပ် မစားရလို့ နင့်အဖေအမေက စိတ်မကောင်းဖြစ်နေဦးမယ်၊ သူတို့သမီးလေး ကြိုက်မှန်းသိလို့ ဟိုကနေစောင် ရေခဲဘလောက်တုံးလုပ်ပြီး ကားနဲ့လှမ်းပို့နေတာ"

"မေမေတို့ အဲလိုလှမ်းပို့မှပဲ စားတော့မယ်"

"ဟဲ့ … လက်ကို အတင်းဆွဲမနေစမ်းပါနဲ့၊ ဟိုမှာငါးဖယ် ခြစ်အရိုးတွေ ဝယ်လိုက်ဦးမယ်၊ ဟင်းရည်ပြုတ်ရအောင်"

ဒီဈေးတန်းလေးဟာ မနက်တစ်ခါ ညနေစောင်းတစ်ခါ စည်သည်။ နေ့လယ်ကျ ဆိုင်တွေမရှိ။ အိမ့်ဦးတို့ ကွန်ဒိုအိမ်ရာနှင့် မနီးမဝေးကလေးဖြစ်၍ ဈေးဝယ်ရ အဆင်ပြေလှပါသည်။ ခါတိုင်းက မမသန့်သာ ဈေးသွားတာများပေမယ့် ဒီနေ့တော့ အိမ့်ဦးက အားလည်းအား၊ ပျင်းလည်းပျင်း အစောကြီးပဲ နိုးနေ၍ မျက်နှာသစ်ပြီး လိုက်လာခဲ့တာပါ။

"မမသန့်"

"အင်း"

"ဟိုသရက်သီးစိမ်းတွေပေါက်ပြီး ငါးပိနဲ့စားရအောင်"

www.burmeseclassic.com



"အမယ်လေး ... ကြားတာနဲ့တင် သွားကျိန်းလိုက်တာ အိမ့်ဦးရယ်"

အိမ့်ဦးက သရက်သီးသည်ဆီ လှမ်းငေးရင်း သရက်သီးသည်အားက ပြောင်းဖူးသည်ရှေ့မှာ ပြောင်းဖူးရွေးနေသူ နှစ်ယောက်ထံ မျက်လုံးရောက်သွားပါသည်။

"ဟင်"

ဟိုလူ ...။ ဟိုအစ်ကို ...။

အိမ့်ဦးက အံ့သြသွားတာနှင့် တစ်ဆက်တည်းမှာ ဝမ်းလည်းသာသွားပါသည်။ ဝမ်းက ဘာကြောင့် သာသွားရတာပါလိမ့်။ ဒါဖြင့် သူ ဒီကွန်ဒိုအိမ်ရာမှာ နေတယ်ဆိုတာ အမှန်ပေါ့။ တစ်ပတ်လောက် မတွေ့တာမို့ တကယ်မနေဘူးပဲ ထင်နေမိတော့တာ။

"မမသန့် ... မမသန့်"

"ဘာလဲ"

"အပြီး"

"ဟဲ့ ... ဘာလဲ၊ ဒီကောင်မလေး"

"ဟိုနေ့က ဦးပြောတဲ့လူလေ၊ ဦးလုပ်လို့ သူ့ဘာဂါ ..."

"အင်း ... သိပြီ၊ ဘာဖြစ်လဲ"

"ဟိုမှာ သိလား၊ ပြောင်းဖူးဝယ်နေတယ် ... ဟီး ဟိ"

မမသန့်က လှမ်းကြည့်လိုက်ရင်း ...

"အဲဒါ ဘာရယ်စရာရှိလဲ"





"ဟီး ဟီး ... သိပါဘူး၊ ဒီလိုပဲ ရယ်လိုက်မိတာ"

"ဟွန့် ... ဒီကောင်မလေးတော့ မလွယ်ဘူး"

ရေချမ်းနှင့် သံလွင်က ပြောင်းဖူးတွေ ထိုင်ရွေးနေကြပါသည်။ ဒီနေ့အဖို့ သူတို့ လူစုံတက်စုံ တိုက်တိုက်ဆိုင်ဆိုင် အားရက်မို့ ချက်ပြုတ်စားကြမယ်လို့ပင်။ အစိုးရရုံးပိတ်ရက်လည်း ဖြစ်၍ ကိုကိုကြီးတို့ ကျူရှင်ပါ ပိတ်သည်။ သံလွင်လည်းအော့ဖ်။ မိုးထက်သာ ညနေစောင်းကျမှ သွားရမှာ။

"ဟော့ကောင် ... ပြောင်းဖူးတွေက များလှချည်လား"

"ရဲဝံ့က ဆယ်ဖူးတဲ့ မှာလိုက်တာ၊ လှိုးပြီးကြော်မယ်တဲ့၊ များများစားချင်လို့တဲ့၊ ဆယ်ဖူးဆိုရင် တစ်ယောက်နှစ်ဖူးစာ"

"အဲဒါ မများဘူးလား၊ တခြားဟင်းတွေလည်း ချက်ဦးမှာပဲဟာ"

"သိဘူးလေ၊ များတာ ဘာအရေးလဲ၊ တော်ကြာနည်းနေရင် အော်နေဦးမယ်၊ နှစ်ဖူးဆိုတာ ခြွေလိုက်ရင် ဘာမှမရှိပါဘူး ကွာ"

ရေချမ်းက လက်ထဲက စာရင်းစာရွက်ကို ပြန်ကြည့်ရင်း ...

"ကြက်ကသုံးပေါင်တဲ့၊ တစ်ပေါင်ကို နှစ်ပိုင်းခုတ်ခဲ့ပါတဲ့၊ ပုဇွန်ချဉ်တဲ့၊ နံနံပင်၊ ငရုတ်သီးစိမ်း၊ ဘူးသီးတစ်စိတ်၊ ကြာဆံက ၂၀၀ တန်အစည်းလေး ၂ စည်းတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... တစ်ခါတည်း စွတ်ရွတ်မနေနဲ့၊ မေ့ကုန်မှာပဲဟာကို၊ တစ်မျိုးပဲ အရင်ပြော"

သံလွင်က ပြောင်းဖူးသည်ကို ပိုက်ဆံထောင့်ငါးရာ လှမ်းပေးရင်းပြောလျှင် ရေချမ်းက ...

"ကြက်သုံးပေါင်"

"အေး ... လာ၊ ကြက်ဆိုင် အရင်သွားမယ်"

သူတို့ ပြောင်းဖူးသည်ရှေ့ ဆောင့်ကြောင့်ထိုင်နေရာမှ ထ,လိုက်ကြလျှင် နှစ်ယောက်သား ကိုယ်မြင်ချင်တဲ့နေရာ မြင်ကာ ...

"ဟာ ..."

"ဟာ ..."

သံပြိုင်အာမေဍိတ်ရေရွတ်လိုက်မိကြပါသည်။ ရေချမ်းက အိမ့်ဦးကို လှမ်းမြင်လိုက်တာ၊ သံလွင်ကတော့ သူ့ကိုတွေ့တိုင်း အကြောဆေးထိုးပေးဖို့ တောင်းဆိုနေတဲ့ ဝက်သားသည်ကြီးကို လှမ်းမြင်လိုက်တာ။

ရေချမ်းသည် အကျႌဘောင်းဘီ အပြာနုစင်းကျားလေး ဝမ်းဆက်နှင့် ကလေးလေးသဖွယ် နုဖပ်ဝင်းစင်နေသော အိမ့်ဦး လက်တစ်ဖက်က ကြွပ်ကြွပ်အိတ်ဆွဲရင်း တစ်ဖက်က အစ်မကြီးတစ်ယောက်ကို လက်ချိတ်ရင်း အစ်မကြီး ဈေးဝယ်နေတဲ့ဘက် အာရုံမရှိပဲ ရေချမ်းဘက် ငဲ့ကြည့်ကာ ရေချမ်း သူ့ကိုမြင်လျှင် ပြုံးဖို့အသင့်ပြင်ထားနှင့်တာကိုမြင်ပြီး သူပါ ပြုံးတုံ့တုံ့ဖြစ်သွားပါသည်။





"အဟင်း"

အသံလေးပါ ထွက်လိုက်သလို အိမ့်ဦးက သူ့ကို လှမ်းပြုံးရယ်ပြလိုက်၍ ရေချမ်းကလည်း နဖူးလေးကုတ်ပြီး ပြုံးပြလိုက်ပါသည်။ ကောင်မလေးရဲ့အပြုံးလေးက ချစ်စရာလေးကွာ။ အစ်ကိုကြီး ရာရာစစ ကြိုက်ဖို့မတန်ပါဘူး။ မသကာ ကိုယ်က ကြိုက်ရင်သာ။

ကိုယ့်အတွေးနှင့်ကိုယ် ရေချမ်းက ပိုပြီးပြုံးစိစိ ဖြစ်မိသည်။ သူလေးပုံစံက ရေချမ်းကို စွဲမိစွဲရာ ခင်မင်နေပုံပင်။ တစ်ကြိမ်တည်း ဆုံတွေ့ခဲ့ဖူးပေမယ့် ဒုတိယအကြိမ်မှာ တရင်းတနှီးလေး ရှိနေသည်။

"ဟော့ကောင် ... ဒီဘက်လာ"

"ဘာလဲကွ"

သံလွင်က သူ့လက်ကို ဆွဲလိုက်၍ ကြက်သည်ဘက် လှမ်းမည့် ရေချမ်း ခြေထောက်များ ယိုင်စောင်းသွားပါသည်။

"ဟိုမှာ ဝက်သားသည်"

"ဝက်သားသည် ဘာဖြစ်လို့လဲ"

"ငါ့ကိုအမြဲ အကြောဆေး ထိုးခိုင်းနေတယ် ဆိုတာလေ"

"သြော် ... အေး၊ ဘာဖြစ်လဲကွ၊ အဲဒါ ဈေးထဲတော့ မထိုးခိုင်းလောက်ပါဘူးကွာ"

"ငါ့ကို သူက အိမ်ကို တစ်ရက်ခြား လာထိုးပေးဖို့ မှာထားတာကွ၊ လိုမှမလိုတာ၊ ငါက မသွားဘူးပေါ့၊ ငါ့ကို တွေ့ရင် အော်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"အော် ... အော်ပေါ့"

"ဟာ ... လာပါကွာ၊ ဒီဘက်က ကြက်သားသည်ဆီ ဝယ်ရအောင်"

"သူ့ဆိုင်ဘေးက ကြက်သားဆိုင်က လူပိုအုံဟယ်ကွ၊ အလေးပိုပြည့်လို့ ဖြစ်မှာပေါ့"

"ပြည့်ပြည့် မပြည့်ပြည့်ကွာ"

ရေချမ်းကလည်း အိမ့်ဦးတို့ ရပ်တန့်ဝယ်နေတဲ့အနား ရစ်သီရစ်သီ သွားချင်ကာမှ သံလွင်က ဒီဘက်ဆွဲနေတော့ တုံ့ရှန်းတုံ့ရှန်းနှင့် သူတို့နှစ်ယောက် ဈေးလမ်းလယ်ကောင် ကိုးရိုးကားရားဖြစ်နေတာကို ဝက်သားသည် မြင်သွားပါသည်။

"ဟယ် ... ဟိုမှာ ... ဟိုမှာ ... ဒေါက်တာလေး"

အိမ့်ဦးက နံ့သာမလှမ်းမကမ်းက ဝက်သားသည်ရဲ့ အသံအောင်အောင်ကြီးနှင့် လက်ညှိုးညွှန်ကာ သူ့ယောက်ျားမြင်အောင်ပါ ပြနေတာကို မြင်လျှင် ကြားလျှင် မျက်ခုံးလေးပင့်တက်သွားရပါသည်။ သူတို့ညွှန်နေတာ ဟိုအစ်ကို,ကိုပဲလေ။

ဝက်သားသည် မိန်းမကြီးသည် ရွှေလက်ကောက်တွေ ဆင့်,ဆင့်ဝတ်ထားတဲ့ သူ့လက်ဖဝါးနှစ်ဖက်ကို လက်ခုပ်တဖြောင်းဖြောင်း တီးခတ်လိုက်ပြီး ...

"ဒေါက်တာ ... ဒေါက်တာလေး"

ခေါ်ကာမှ ဟိုဘက်ချာခနဲ လှည့်သွားပုံရတဲ့ ရေချမ်းတို့ကို အိမ့်ဦးက လှမ်းငေးကြည့်နေမိသည်။





"ဟော့ကောင် ... ခေါ်နေတယ်ကွ"

"ဟား ... လာပါဆိုကွာ ရေချမ်းရာ၊ သူတို့အိမ် မလာတာကို ငါ ပလီစီချောက်ချက် လျှောက်အကြောင်းပြနေရဦးမယ်"

"ဒါဖြင့်လည်းလာမယ်ပြောပြီး၊ သွားလိုက်ပေါ့ကွ"

"ဟာ ... မလိုဘဲနဲ့ အကြောအားဆေးတွေ သွင်းခိုင်းနေတာ၊ ပိုက်ဆံရမှာပဲဆိုပြီး ငါက တစ်ရက်ခြားတစ်ခါ သူတို့အိမ်ပေါ် ကုပ်ကုပ် ကုပ်ကုပ်နဲ့ ဆေးအိတ်လေးဆွဲဆွဲ တက်သွားရမှာမျိုး မလုပ်ချင်ပါဘူးကွာ၊ ခုပင့်လို့ ခုလာတာက တစ်မျိုး၊ တစ်ရက်ခြားတစ်ခါ လာပါဆိုတော့ အဝတ်လျှော်ကုလားမလိုလို၊ အမှိုက်သိမ်းကုလားလိုလိုနဲ့ကွာ"

"ဟား ဟား"

"ဆရာဝန်ရေး ဒေါက်တာသံလွင်"

"တစ်ခုခုတော့ လှည့်ပြောလိုက်ပါဦးကွာ"

ထုံးစံအတိုင်း အားနာလိုက်လျောတတ်လှတဲ့ ရေချမ်းက ကျောဘက်က အော်ခေါ်နေသံတွေကို ကြားနေရတာ သွားမဖြောင့်။

"နေပါစေကွာ"

"ဒေါက်တာသံလွင်၊ ဟောဒီမှာ ... ဆရာရေ"

မိန်းမကြီးက လက်ခုပ်ကြီးတီးကာ ဆက်တိုက်ကို ခေါ်နေတော့၍ ရေချမ်းက ဖွတ်ပင်ခြေလှမ်းရပ်လိုက်ကာ ဝက်သားသည်ဘက် လှည့်ကြည့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှလာမယ် အဒေါ်ရေ"

ပြန်အော်ဖြေလိုက်ပါသည်။

"မဟုတ်ပါဘူး ဒေါက်တာရဲ့၊ ဟောဒီမှာ ဒေါက်တာတို့ အိမ်စားဖို့ သုံးထပ်သားလေး လက်ဆောင်ထည့်ပေးချင်လို့ပါ"

"နေပါစေ အဒေါ်၊ ဒီနေ့ချက်ဖို့ ဝယ်ပြီးပြီခင်ဗျ"

ရေချမ်းက လှမ်းအော်တာမို့ သံလွင်က ရှုံ့မဲ့ရင်း ...

"ဟား ... မင်းလည်း သူ့လိုပဲ မရှက်ဘူးလားကွာ၊ အသံကျယ်ကြီးတွေနဲ့ အဝေးကလှမ်းအော်နေကြတာ ... ကျွတ်"

"ဘာလို့ရှက်ရမှာလဲကွ၊ ရှက်စရာ ဘာပါလို့လဲ၊ သူ ဒီလောက် လှမ်းအော်နေတာကို မကြားချင်ယောင်ဆောင် ဖွတ်ထွက်သွားတာကို သူများတွေ သိကုန်ရင်သာ အားနာစရာ မျက်နှာပူစရာကြီးကွ"

အိမ့်ဦးသည် ဝေးလှမ်းသွားတဲ့ ရေချမ်းတို့ဘက် ပါးစပ်လေးဟဟနှင့် သဘောတကျ လှမ်းငေးမောနေမိရာ ...

"ဟဲ့ ... အိမ့်ဦး သွားစို့လေ၊ လာ"

"ဟို ... ဟို ... ဟိုလေ မမသန့်၊ ဦးပြောတဲ့ ဘာဂါပြုတ်ကျတဲ့လူလေ၊ အဲဒါ ..."

"အဲဒါ ဘာဖြစ်ပြန်ပြီလဲ"

"အဲဒီလူ ဟိုမှာလေ သွားပြီ၊ တွေ့လား၊ သူ ... သူကလေ ဆရာဝန်တော့ ... အဟီ"





"ဘယ်သူပြောတာလဲ၊ နင် ဘယ်လိုလုပ်သိလဲ"

"ဝက်သားသည်နဲ့ လှမ်းအော် နှုတ်ဆက်နေကြတာ၊ ဒေါက်တာသံလွင်တဲ့ ... အဟဲ"

မမသန့်က အိမ့်ဦးကို ချစ်စနိုး မျက်စောင်းရွယ်လိုက်ပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၅

ရေချိုးခန်းထဲက ထွက်လာတဲ့ အိမ့်ဦးသည် တယ်လီဖုန်းမြည်သံကြောင့် အပြေးကလေး လာကိုင်လိုက်ရင်း ...

"ဟယ်လို"

"ဟဲ့ ... အိမ့်ဦးလား"

"အေး ... မိသက် ... ပြော"

"နင်အခု အလုပ်တွေများနေလား"

"ဟင့်အင်း ... ငါ ခုပဲ ရေချိုးပြီး ထွက်လာတာ"

"မဟုတ်ဘူးဟဲ့၊ နင့်ဆီ အလုပ်အပ်ထားတာ များနေလား၊ လုပ်စရာအလုပ်တွေ များနေလား မေးတာ"

"အမယ်လေး ... မများပါဘူး မိခက်ရယ်၊ ငါ့များ နင်က လက်မလည်တဲ့ ဂရပ်ဖစ်ဒီဇိုင်နာကြီး ထင်နေလား၊ နပ်မှန်အောင် မနည်းရှာလုပ်နေရတာပါ၊ မမမွန်တို့ မမသန့်တို့ အလုပ်ရှာပေးနေလို့ပေါ့၊ ပြော ... နင် အလုပ်ပေးမလို့လား"





"အေး ... ငါ နင့်ကို အလုပ်တချို့ပေးစရာတွေရှိတယ်၊ စာအုပ်ဖုံးတွေလည်းပါတယ်၊ အနွေကာဒ်တွေလည်းပါတယ်၊ ငါ့သူငယ်ချင်းက အိုင်ဒီယာလေးတွေ အရှမ်းဆန်းသစ်တာဆိုပြီး အမွှန်းတွေတင်ပြီး အလုပ်ရှာပေးထားတာနော်၊ ဒါပေမဲ့ မြန်မြန်အပ်ရမယ်၊ ဖြစ်မလား"

"ဖြစ်တာပေါ့ဟ"

ခက်ခက်သည် အိမ့်ဦးရဲ့သူငယ်ချင်း အရင်းအချာ။ သူက အခုတော့ နိုင်ငံခြားသား တရုတ်ပိုင် စက်ပစ္စည်းသွင်းတဲ့ ကုမ္ပဏီတစ်ခုမှာ တရုတ်သူဌေးရဲ့ အတွင်းရေးမှူးမ ဖြစ်နေရာ အရေးပါ အရာရောက် ဝင်ငွေကောင်းနေပါသည်။ ထိုတရုတ်သူဌေးက အချိန်အခါရာသီအလိုက် အခွင့်အလမ်းပေါ်တဲ့ အလုပ်လေးတွေလည်း ကြားဖောက် ကောက်ကောက်လုပ်ထတ်သည်။

အနုပညာလည်း ဝါသနာထုံလှကာ ရှိုးကန့်ထရိုက်ဝင်လုပ်တာတို့၊ ဆီးရီးတွေထုတ်တာတို့၊ ရုပ်ရှင်ကားကြီး ပရိုဂျူဆာထံ ငွေတချို့တစ်ဝက်-ရှယ်ယာဝင် စိုက်တာတို့လိုဟာမျိုးတွေကိုလည်း လုပ်လေ့ရှိသူပါ။

ခက်ခက်ရဲ့ အဆက်အစပ်နှင့် အိမ့်ဦး အလုပ် လုပ်စရာ ရတတ်သည်။

"နင်နဲ့ငါ ဘယ်လိုတွေ့မလဲ"

"ငါ ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းတန်းလန်း ဖုန်းက "တူတူ"မြည်ကာ လိုင်းပြတ်ကျသွားပါသည်။ မျက်နှာသုတ်ပဝါကြီးနှင့် ဖြစ်နေတဲ့ အိမ့်ဦးက ဖုန်းကို ချက်ချင်းပြန်မခေါ်သေးပဲ အိပ်ခန်းထဲ ပြေးဝင်ကာ ကမန်းကတန်း အဝတ်အစား လဲဝတ်လိုက်ပါသည်။ လူလုံလုံခြုံခြုံ ဖြစ်သွားတာနှင့် ဆံပင်တောင် သုတ်မနေဘဲ ဖုန်းဆီအပြေးပြန်လာကာ ခက်ခက်ထံ ပြန်ဆက်ဖို့ ဖုန်းကိုမ,လိုက်လျှင် ...

"ကိုရေချိုးလည်း အရမ်းစိမ်းကားတာပဲနော်"

"အာ ... မဟုတ်ပါဘူးဗျာ"

"ဒါဖြင့် ခုတလော ဘာလို့ရှောင်နေလဲ"

"မရှောင်ပါဘူး၊ ကျွန်တော် ခုတလော တကယ်မအားလို့ပါ"

"အမယ် ... မဖြစ်နိုင်ပါဘူး၊ အမြဲအားနေပြီး ခုမှမအားဘူးဆိုတာ တမင်တကာ အကြောင်းပြတာပါ၊ ရှင်တို့ယောကျ်ားတွေ ဒီလိုပဲလား"

"ကျွတ်"

အိမ့်ဦးက ဖုန်းကို ဆောင့်ချလိုက်ပါသည်။

ဒီကောင်တော့ တော်တော်ကို လွန်နေပြီ။ ဖုန်းပြောချင်ပြန်တော့လည်း သူ့အပြင် နှစ်ယောက်မရှိ။ ဘယ်တော့မှ လိုင်းမအား။ မပြောချင်ပြန်တော့လည်း တစ်ဖက်က ကောင်မလေးကို မအားဘူး၊ ဘာဘူး လုပ်နေပြန်ပြီလေ။

တော့က် ...။



ဒီဖုန်းလိုင်းပူးတဲ့ကိစ္စက ဘယ်တော့မှ ပြီးမလဲ။ အိမ့်ဦးကိုလည်း မေမေတို့က ဟဲန်းဒ်ဖုန်းလေး တစ်လုံးလောက်ဝယ်ပေးရင်ပေး။ ဒါမှမဟုတ် ဒီကောင် တောပြန်ရင်ပြန်။ ဘယ်တောကတက်လာပြီး ဖုန်းကိုမပြောစဖူး အတိုးချပြောနေတယ် မသိတော့တာပါ။

အိမ့်ဦးက စိတ်တိုတိုနှင့် ဖုန်းအနားပဲထိုင်ကာ မျက်နှာသုတ်ပဝါတစ်ထည်နှင့် ဆံပင်ရေစိုတွေကို သုတ်နေလိုက်ပါသည်။ ခဏနေလျှင်တစ်ခါ ဖုန်းကိုကိုင်မ,ကြည့်သည်။

"ကျွန်တော် တောင်းပန်ပါတယ် မနွယ်ရယ်"

"အို ... တောင်းပန်မနေပါနဲ့၊ ရှင် တောင်းပန်နေလည်း အပိုပဲ၊ ရှင်တို့ယောကျ်ားတွေက ကောင်းတဲ့ဟာတွေကို မဟုတ်ဘူး"

ချွပ် ...။

အိမ့်ဦးက ဖုန်းပစ်ချလိုက်ပြန်သည်။ ဒီတစ်ခါအလွမ်းဇာတ်။ အစ်မကြီးက အသံတောင် တုန်နေပြီ။ ဒီလူတော်တော်ဆိုးတဲ့လူပဲ။ ဒေါပွပွနှင့် ကြားထဲက မဆီမဆိုင် မခံချင်တွေဖြစ်ကာ အိမ့်ဦးက ကိုယ့်ဆံပင်တွေကိုသာ ကိုယ် ခပ်ကြမ်းကြမ်းပွတ်တိုက် သုတ်နေမိတော့သည်။ ငါးမိနစ်နေရင် ပြန်ခေါ်မည်။

မမမွန်၊ မမသန့်တို့လည်း ရုံးသွားနေကြ၍ သူတို့ဖုန်းတွေ ယူဆက်မရ။ ဟိုဘက်က ခက်ခက် ပြန်ဆက်နေရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်ပြိုင်နက်မှာ လိုင်းအရေအတွက် အကန့်အသတ်နှင့်ပဲ ပြောလို့ရတဲ့ လိုင်းခွဲဖုန်းမို့ အိမ့်ဦးဘက်ကတောင် ခေါ်မရမှတော့ သူလည်း ခေါ်လို့ရမှာမဟုတ်။ အင်ဂေ့ဂျ်ဖြစ်နေမှာ။

ငါးမိနစ်ပြည့်အောင် နာရီကြည့်ပြီး အိမ့်ဦးက ဖုန်းကိုကောက်ကိုင်လိုက်ပါသည်။

"အြော် ... ဟား ဟား ဟား ... မမလား၊ မသိဘူးလေဗျ၊ မမအသံက ဖုန်းထဲမှာ အရမ်းနုနေတာပဲ၊ ဘယ်ကကောင်မလေးလဲလို့"

"အမယ်လေးနော် ... ရေချမ်းရယ်၊ အပြောက ကောင်းတယ်"

"ကျွန်တော်က ခုနက ကောင်မလေးတစ်ယောက်ထင်လို့ အသံဖျက်မလို့ ကြိုးစားနေတာ မမရဲ့"

ကြည့် ...။ ခုအသံက ချွဲတီချွဲဖတ်။

ခုနကတော့ စိတ်ပျက်လက်ပျက်သံ။ သူ မပြောချင်ရင်တော့ အသံတောင် ဖျက်မလို့တဲ့။ တော်တော် လွန်လွန်းအားကြီးတယ်၊ အခုအသံကတော့ ကြည်စင်ရွှင်မြူးပြီး ခပ်ချွဲချွဲ။ အိမ့်ဦးသည် စိတ်တိုလာတာကို မထိန်းနိုင်တော့ပါ။ သူ့ကိုစောင့်ရင်း စောင့်ရင်းကပဲ သူက နောက်ထပ် တစ်ယောက်တောင် ပြောင်းသွားပြီလေ။

"ဒီမှာ"





အိမ့်ဦးသည် ယဉ်ကျေးမှုတွေ လူမှုရေးတွေ ဘာမှထည့်စဉ်းစားမနေချင်တော့။ စိတ်တိုတိုနှင့် အော်လိုက်ပါသည်။ တစ်ဖက်က တိတ်သွားပြီးမှ ...

"ဟယ်လို ... ဟယ်လို"

"ကြားတယ်ရှင့် ... ကြားတယ်"

"ဟာ ... ဘယ်သူလဲ၊ ဖုန်းမှားနေတယ်ထင်တယ်"

"ဘာဖုန်းမှ မမှားဘူး၊ မိန်းကလေးသံကြားရင် ဖုန်းမှားနေတယ်ချည်း လုပ်ပစ်ဖို့ ကြံမနေနဲ့၊ ရှင်ပဲ ရှုပ်တုန်းက ရှုပ်ထားပြီး"

"ဟာ ... ဘာတွေ ပြောနေတာလဲ"

"ဒီမှာ၊ ရှင် ဖုန်းပြောတာ ဘယ်တော့ပြီးမှာလဲ"

"ဗျာ"

"ရှင် ဖုန်းပြောတာ ဘယ်တော့ပြီးမှာလဲ"

"ဘယ်တော့ပြီးပြီးပေါ့၊ ခင်ဗျားအပူ မပါဘူးထင်တယ်"

"ပါတယ်၊ ရှင် ဖုန်းပြောပြီး မပြီးက ကျွန်မအပူပဲ"

"ဗျာ"

"ရှင့်မှာ ထမင်းစားချိန် ရေချိုးချိန်ရော ရှိသေးရဲ့လား"

"ဗျာ"

"တစ်နေ့ တစ်နေ့ အားအားလျားလျား ဖုန်းချည်းပြောနေတာ ထမင်းရော စားရဲ့လားလို့ မေးနေတာ၊ ပြောလိုက်တိုင်းလည်း မိန်းမတွေနဲ့ချည်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... အဲဒါ ခင်ဗျားနဲ့ ဘာများဆိုင်လို့လဲ"

"ဆိုင်တယ်"

"ဘာမှမဆိုင်ဘူး၊ ခင်ဗျားက ဘယ်သူမို့လို့လဲ"

"ကျွန်မ ဘယ်သူဖြစ်ဖြစ် ရှင့်အပူမပါဘူး၊ မိုးလင်းကမိုးချုပ် ရှင်ချည်း ဖုန်းပြောနေတာ တခြားလူတွေက မပြောရတော့ဘူးလား၊ ငုတ်တုတ်ပဲ ထိုင်ကြည့်နေရတော့မှာလား"

"ဟင် ... ခင်ဗျားလည်း ပြောပေါ့၊ ခင်ဗျားကို ဘယ်သူက မပြောရဘူး တားပြီးတော့ ငုတ်တုတ်ထိုင်ကြည့်နိုင်းနေလို့လဲ"

"ပြောချင်တာပေါ့၊ ပြောချင်လွန်းလို့၊ အားမှမအားတာ"

"မအားရင် မပြောနဲ့ပေါ့၊ အားမှပြောပေါ့"

"ဖုန်းလိုင်းက မအားတာကို ပြောနေတာ"

"အဲဒါကိုလည်း ခဏစောင့်လိုက်ပေါ့"

"စောင့်နေတာ ခဏမကတော့ဘူး၊ တစ်ဘဝဖြစ်နေပြီ"

"ဗျာ"

"ဖုန်းလိုင်းက ပူးနေတယ်၊ ဖုန်းကောက်ကိုင်တိုင်း ရှင်နဲ့ မိန်းကလေးတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ ဖုန်းပြောနေတာနဲ့ချည်းပဲ တိုးနေတယ်၊ လိုင်းကပူးပြီး ငြိနေတော့ ရှင် ဖုန်းပြောနေသရွေ့ ကျွန်မ ဘယ်မှခေါ်လို့မရဘူး"

"ဒါတော့ဗျာ၊ ကျွန်တော်လည်း ကိစ္စရှိလို့"





"ဘာကိစ္စလဲ၊ ရှင့်ကိစ္စက လွန်လွန်းအားကြီးမနေဘူးလား၊ ပြောပြောနိုင်လွန်း၊ ပြောလိုက်မှဖြင့်လည်း မိန်းမတွေနဲ့ချည်းပဲ"

"ဟာ ... ဒါ ခင်ဗျား ဝေဖန်စရာ မလိုပါဘူး"

"ဟုတ်ပါတယ်၊ ကျွန်မနဲ့ ဘာမှပတ်သက်မလာရင် ဘာမှ ဝေဖန်စရာ မလိုပါဘူး၊ ဒါပေမဲ့ အခုဟာက ကျွန်မနဲ့လာ ပတ်သက်နေပြီ၊ ကျွန်မ ရှင့်ကြောင့် ဘာဖုန်းမှ ပြောလို့ မရတော့ဘူး၊ အလုပ်ကိစ္စတွေတောင် ပျက်ကုန်ပြီ"

"ခင်ဗျား ပြောနေသလောက်ကြီးလည်း ကျွန်တော်က ဖုန်းပြောမနေပါဘူး"

"ပြောနေလို့ ခုလိုတိုးနေတာပေါ့"

"အဲဒါတော့ ခင်ဗျားက ကျွန်တော် ဖုန်းပြောနေတဲ့အချိန်တွေမှာပဲ လိုက်လိုက်တိုက်ပြီး ဖုန်းခေါ်နေလို့ ဖြစ်ရမယ်"

"အောင်မယ် ... ရှင့်ကို လိုက်တိုက်နေရအောင်၊ ရှင်နဲ့ တိုက်ရင် ကျွန်မက ဘာအကျိုးရှိမှာမို့လဲ"

"ဒါတော့ မသိဘူးလေ၊ အကြောင်းရှိရင် ရှိမှာပေါ့"

"ဘာအကြောင်းရှိရမှာလဲ"

"ခင်ဗျား ဖုန်းကောက်ကောက်ကိုင်ပြီး ကျွန်တော် ဖုန်းပြောနေလား၊ ဘာပြောနေလဲ၊ တစ်ချိန်လုံး နားထောင်နေတာများလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"အားပါးပါး၊ ဖြည်းဖြည်းအော်ပါဗျ"

"ရှင့်ဖုန်းကို ကျွန်မက ဘာကြောင့် နားထောင်နေရမှာလဲ"

"ဒါတော့ ကျွန်တော် မသိဘူးလေ၊ ခင်ဗျား အသိဆုံးပေါ့၊ ခင်ဗျားပဲ အားလုံးသိနေပြီးတော့၊ ဘယ်တုန်းက အသံမကြားအောင် ဝင်ဝင်ကိုင်နေမှန်းမှ မသိတာ"

"ရှင်နော်၊ ရှင်တို့အသံတွေကြားရင် ကျွန်မ ချက်ချင်းချချပစ်တယ် သိရဲ့လား၊ ရှင်တို့ရဲ့ ကလူ၏သို့ မြူ၏သို့တွေလည်း ဘယ်သူကမှ အားအားယားယား နားမထောင်ချင်ဘူး"

"မထောင်ချင် မထောင်နဲ့ပေါ့ဗျ"

"သြော် ... ရှင်က လွှန်လွန်းတာကိုး၊ ကျွန်မလည်း ဖုန်းဆက်ချင်သေးတယ်လေ၊ နည်းနည်းပါးပါး နားလည်မှုရှိပါလား"

"လွတ်လွတ်ကင်းကင်းအချိန် ဆက်ပေါ့"

"ဘယ်အချိန်မှ မလွတ်ကင်းတာ"

"ဘယ်သူကတော့ ထမင်းမစား ဟင်းမစား ပြောမှာလဲဗျာ၊ ခင်ဗျားကလည်း၊ အားနေတဲ့အချိန် ရှိသေးတာပေါ့"

"ရှင်နဲ့လိုင်းမပူးရင်လည်း လိုင်းခွဲက မအားတာက ရှိသေးတယ်၊ ဒီဖုန်းလည်း သုံးရတယ်ကို မရှိဘူး"





"ကဲ ... ကဲ ... တော်ပြီဗျာ၊ အခု ကျုပ်ချပေးမယ်"

"ချပေး"

"ဟယ်လို ... မမ၊ ဟယ်လို ... ရှိသေးလား မမ"

ဘာသံမှ ထွက်မလာလျှင် အိမ့်ဦးက သဘောတွေကျပြီး ကုပ်လေးပုရွှ ဝမ်းသာအားရ ဖြစ်မိသည်။ ကောင်းတယ်။ ဟိုဘက်က အမျိုးသမီး ချသွားပြီ။

"ခင်ဗျားလုပ်တာနဲ့ ကျွန်တော်နဲ့ စကားပြောနေတဲ့ အစ်မတောင် မရှိတော့ဘူး၊ ဘယ်တုန်းက စိတ်မရှည်ပဲ ချသွားပြီလဲ မသိဘူး"

"ကောင်းတာပေါ့"

"ဘာကောင်းတာလဲဗျ"

"နို့မို့ရင် မပြီးသေးဘဲ ဆက်ပြောနေကြဦးမယ်လေ၊ နောက်တစ်ခါကျရင်လည်း ကျွန်မ ဆက်ချင်တဲ့အချိန် ကောက်ကိုင်လိုက်လို့ ရှင့်လိုင်းနဲ့ ပူးနေရင် ခုလိုပဲ ကွန့်ပလိန့်လုပ်ရမှာပဲ"

"ဟာ ... ခင်ဗျား ဒီလိုချည်းပဲတော့ လိုက်လုပ်မနေနဲ့လေ၊ ကျွတ်"

"ရှင်လည်း ဖုန်းအသုံးဆင်ခြင်ပေါ့"

"ကျုပ်က ခင်ဗျား ဘယ်အချိန်ပြောမယ် မသိဘဲနဲ့ ဘာမှမပြောဘဲ ဖုန်းမသုံးပဲ စောင့်နေရမှာလား၊ အမိပွာယ်မရှိတာ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး၊ ကျွန်မကတော့ ရှင်နဲ့တိုးနေရင် ခုလိုပဲ ချနိုင်းရမှာပဲ"

"အောင်မာ ... အခု ခင်ဗျား ချနိုင်းတာ မဟုတ်ဘူး၊ ကျုပ်ဟာကျုပ် ချပေးမယ် ပြောတာပါ"

"ဘယ်သူပြောပြော မပြောပြော၊ နောက်တစ်ခါလည်း ချနိုင်းမှာပဲ"

"မချရင်ကောဗျာ"

"ဘာရှင့်"

"ခင်ဗျားစိတ်နဲ့ ခင်ဗျားကိုယ် သူများကပါ လိုက်လုပ်ရမှာလား"

"ရှင်က တရားလွန်နေတာကိုး၊ မှားနေ လွန်နေတဲ့သူကဲ ပြင်ပေါ့"

"ကျုပ်က ကျုပ်မှားတယ် လွန်တယ်လို့ကို လုံးဝမယူဆဘူး"

"တောက်"

"တောက်"

တစ်ဖက်ကပါ တောက်ပြန်ခေါက်လိုက်၍ အိမ့်ဦးက ဒေါပွပြီး ဖုန်းကိုဆောင့်ချလိုက်ပါသည်။

*○*





"မေမေ့သားကို ဖုန်းလေးတစ်လုံးလောက် ဝယ်ပေးထားပါလား"

"ဘာလို့တုန်း သမီးကြီးရဲ့"

ဒေါ်တင်တင်က သမီးကြီး ခင်အေးချမ်းကို မေးမိလျှင် ...

"သူ့ဆီ ဖုန်းတစ်ခါတစ်ခါ ဆက်ဖို့အရေး ဘယ်လောက်ခက်တာ မေမေလည်း အသိပဲဟာ"

"ဒါတော့ သူတို့အိမ်ရာက လိုင်းခွဲဖုန်းကိုး သမီးရဲ့"

"ခေါ်ရခက်လွန်းလို့ မေမေက မခေါ်ချင် စိတ်မရှည်၊ သမီးပဲ ခေါ်ရတယ်၊ သမီးလည်း စိတ်မရှည်တော့ဘူး၊ ခေါ်လို့ရပြီး ဝင်သွားပြန်တော့လည်း ဟိုဘက်က ဖုန်းလိုင်းတစ်လိုင်းက လာပူးပြီး ရန်ဖြစ်ကြတာနဲ့ ဘာမှမပြောလိုက်ရဘူး"

"ဟင် ... ဘာတွေ ရန်ဖြစ်ကြတာလဲ"

"အမယ်လေး ... ဟိုဘက်က ကောင်မလေးကလည်းစွာလိုက်တာ၊ စွာဆို သူလည်း ဒီလိုင်းပူးတဲ့ဒဏ်ကို ဘယ်လောက်ခံထားရသလဲ မသိဘူးပေါ့"

"ဘာတွေပြောလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရေချမ်းကိုလည်း ပြောလိုက်တာ ဆိုတာ လူရုပ်ပေါ့၊ မိန်းကလေးတွေနဲ့ချည်း ဖုန်းပြောနေတာပဲတဲ့"

"အမယ်လေးတော် ... သူတစ်ပါးသားသမီးကို"

"သူတစ်ပါးသားသမီးကလည်း အဟုတ်ပဲဟာကို မေမေကလည်း၊ သမီးဖုန်းဆက်တာတောင် ကိုင်ကိုင်ချင်း အသံဖျက်ဖို့ ကြိုးစားသေးတာ၊ သမီးက ကိုယ့်မောင်အသံကိုယ်မမှတ်မိမှာကျလို့"

"ဘာဖြစ်လို့ အသံဖျက်တာလဲ"

"သူ့ဆီ မိန်းကလေးတွေက ဆက်လွန်းလို့တဲ့၊ သူ ဘာလုပ်ထားလဲမှ မသိတာ၊ သမီးအသံကို ရေချမ်းက ရုတ်တရက် မမှတ်မိဘူး၊ ကောင်မလေးတစ်ယောက်ထင်လို့ အသံကိုဖျက်ပြီး အူကြောင်ကြောင်လုပ်နေတာ၊ သမီးက ငါ့ဟဲ့ နှင့်အစ်မဟဲ့ လုပ်လိုက်မှ တဟားဟားနဲ့ နဂိုအသံမှန်ထွက်လာတယ်"

"ငါ့သားလေးက လူရုပ်မဟုတ်ရာပါဘူး သမီးကြီးရယ်"

"လူရုပ်မဟုတ်ဘူး၊ မလည်ရုပ်"

"ညည်းက ဘာတွေကြားလို့လဲ"

"သူတို့အုပ်စုထဲမှာ ဟို ... ကိုကိုကြီးကလည်း ကြီးပေါကြီး၊ ဘာမှအားကိုးလို့ မရဘူး၊ အသက်ကလည်း ဆယ်နှစ်လောက်ကြီးပြီး ကျူရှင်ဆရာလည်း ဖြစ်တယ်ဆိုတော့ သူက ထိန်းထိန်းကွပ်ကွပ်နဲ့ ဆိုဆုံးမ,မလား မှတ်ပါတယ်၊





သူက ရှေ့ဆုံးက အန်ဖတ်ဆို့နေတာ၊ ကလေးတွေက သိပ်မသောက်ကြဘူး သူက သောက်နေတာ မူးနေတာ၊ သူကိုယ်တိုင်က အလုပ်မဟုတ်တော့ မေးလိုက်ရင် သူ့အပြစ်တွေပါ မပေါ်အောင် သူက ကာကာကွယ်ကွယ်နဲ့ အမှန်မသိရဘူး"

"ဪ"

"သံလွင်ကတော့ လိမ္မာပါတယ်၊ သူကြိုက်တဲ့ ကောင်မလေးတစ်ယောက်ကိုတောင် အချိန်ရအောင် မပေးနိုင်လို့ သူကတော့ ရုပ်လည်းမရုပ်ပါဘူး၊ ဒါပေမဲ့ သူ့ကိုလည်း ဆရာဝန်ဆိုတော့ ကပ်ချင်တဲ့ ကောင်မလေးတွေက အများသား၊ အဲဒါတွေက သံလွင့်ဆီ ဖုန်းလှမ်းဆက်ကြ၊ ဖုန်းကလိကြရင် သံလွင်က မအားတော့ အားတဲ့ မေမေ့သား ရေချမ်းနဲ့ တိုးသွားရင် ရေချမ်း အပြောလေးကကောင်းတော့ ရေချမ်းဘက် ယိုင်ကုန်ကြရောတဲ့၊ နောက်ကျတော့ ရေချမ်းကိုပဲ ဆက်ကြရောတဲ့"

"ဖြစ်မှဖြစ်ရလေတော်"

"ရဲ့အောင်က အစကတည်းက လူရုပ်ပဲ၊ ရည်းစားကသက်စေ၊ တွဲလိုက် တစ်လ နှစ်လနေ ဖြတ်လိုက်၊ သူကတော့ ကားတစီစီဆိုတော့ သိတယ် မဟုတ်လား၊ ကောင်မလေးတွေက မှန်းကြပြန်ရော၊ သူက ရှေ့ကရုပ်၊ အရုပ်ထုပ်ကို မရှင်းနိုင်တော့ရင် ရေချမ်းလက်ထဲ ထိုးထည့်လွှဲချ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ရှိရှိသမျှချေး ပုစွန်ဆိတ်ခေါင်းပဲ လာစု နေပါလား"

"ရေချမ်းက အားနာတတ်တယ်၊ သဘောကောင်းတယ်၊ စိတ်ကလည်း ရှည်တယ်လေ၊ မေမေ ဘာလို့ စိတ်ကောင်း ရှိရှိလေး မွေးထားသေးလဲ"

ဒေါ်တင်တင်က သူ့သမီးသူ မျက်စောင်းရွယ်လိုက်ပါသည်။

"ဟိုကောင်ရဲဝံ့က ရေ့ကသစ်စိမ်းချိုး နုတ်ချပိုင်းချလိုက်ရင် ကောင်မလေးတွေက အသည်းတွေကွဲပြီး ငိုကြီးချက်မတွေ့ ဖုန်းဆက်ကြ တောင်းပန်ကြ ဖြေရှင်းကြ၊ ဒါတွေကို ရဲဝံ့ကရှောင်၊ မေမေ့သားက အအ,ကြီး မရှောင်နိုင် မပြုနိုင် အားနာပြီး ဒိုင်ခံဖြေရှင်းနေတာ"

"အမယ်လေး ... ငါ့ရင်တွေ ပူလိုက်တာ သမီးရယ်၊ အသည်းကွဲတဲ့လူနဲ့ အားပေးတဲ့လူနဲ့ ငါ့သားလေး သူများ ရည်းစားတွေ လက်ထဲကလွှတ်ချမရ ပိုက်မိနေရင်တော့ သေပါပြီ"

"အဲဒါကို ပြောနေတာပေါ့ မေမေရဲ့၊ သူက လေအေးလေး လေချိုလေးနဲ့ နူးနူးညံ့ညံ့ ကြင်ကြင်နာနာ အားပေးတော့ ခဏလည်းကြာရော အဲဒီအသည်းကွဲမက သူ့ကိုကြွေရော"

"အမယ်လေး ... ဘုရား ... ဘုရား"

"သူ့မှာ ရှောင်မရ ပြုမရ လက်ထဲ အဖတ်တင်ရော"





"ဟင် ... သူနဲ့ ဆက်ဖြစ်ကုန်တာလား"

"ဘာမှတော့ မဖြစ်ဘူး မေမေရယ်၊ ဒါပေမဲ့ ဒီမိန်းကလေးတွေက နောက်ဆုံး သူ့ပဲ ကျားပိန်တွယ် တွယ်နေကြရောတဲ့"

"ဒါတွေ ညည်း ဘယ်ကသိလဲ"

"သူတို့ထဲမှာ မေးလို့ရတာ မိုးထက် တစ်ယောက်ပဲရှိတယ်၊ မိုးထက်အစ်မ ဆွေဆွေကလည်း သမီးသူငယ်ချင်းဖြစ်နေတော့ မိုးထက်ကို အတင်းမေးမေးကြည့်တာပေါ့ မေမေရဲ့"

"မိုးထက်ကရော ကောင်မလေးတွေ မရှိဘူးလား"

"ခုခေတ် ကောင်မလေးတွေကတော့ မေမေရယ်၊ ဘာရယ် ညာရယ်မဟုတ်၊ မိတ်ဆက် အရောဝင်နေတာတွေ ရှိတာပေါ့၊ မိုးထက်လည်း စားသောက်ဆိုင်မှာ ဆိုနေတီးနေတာ ပဲဟာ၊ သီချင်းတွေ ဘာတွေလဲ ရေးနေတာ၊ သူ့ဆီလာတဲ့ ဖုန်းတွေ ဘာတွေ ရှိတာပဲပေါ့၊ ဒါပေမဲ့ မိုးထက်က ပြန်မရောဘူး၊ သူက စိတ်ကိုမပါတာ၊ အဲဒီလို ပြန်မရောပြန်တော့လည်း မေမေ့သားခေါင်းပေါ် ကျပြန်တာပဲ ...

မရှိဘူးတို့ မအားဘူးတို့ ဖုန်းမှားနေတယ်တို့ ဒိုင်ခံဖြေနေတာ မေမေ့သားပဲ၊ သူက ဖုန်းကိုင်နေရတော့ သူနဲ့ပဲပြောဖြစ်နေကြတာ၊ မေမေ့သားကလည်း အားနာနာ သဘောကောင်းကောင်းနဲ့ မလွှယ်ပါဘူး၊ ခုန ကောင်မလေးက စွာတော့လည်း စွာတာပဲ၊ သူလည်း ဘယ်လောက်တောင် စိတ်ပျက်နေလဲမှ မသိတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကိုင်လိုက်ရင် လိုင်းပူးနေပြီး ရေချမ်းအသံနဲ့ မိန်းကလေးတွေသာ ပြောင်းသွားတယ် စကားပြောနေကြတာပဲ ကြားနေရတော့ ရေချမ်းကို မျက်မုန်းကြိုးနေတယ် ထင်ပါတယ်၊ အဲဒါကြောင့် မေမေ့သားကို Hand phone လေး ဝယ်ပေးလိုက်ပါလို့”

“ဟဲ့ … Hand phone ဝယ်လည်း ဘာထူးလဲ၊ နံပါတ်သိသွားကြရင် ဒီဖုန်းတွေက လာနေဦးမှာပဲပေါ့”

“အနုကကျတော့ ဖုန်းလာရင် အရေးကြီးကိစ္စလား အလုပ်အပ်မှာလား စသဖြင့် ရွေးပြီးမကိုင်ဘဲ မထားနိုင်ဘဲ ဖြစ်နေတာကိုး၊ Hand phone ကျတော့ ပေါ်နေတဲ့နံပါတ်က ကိုယ့်အသိမဟုတ်ရင် ကိုယ်ပြောချင်တဲ့သူ မဟုတ်ရင် အလုပ်ကိစ္စမဟုတ်ရင် ပြန်မထူးဘဲပစ်ထားလိုက်လို့ရတာပေါ့”

“သူ ရန်ကုန် နေချင်တယ်ဆိုလို့ လွှတ်ထားရတာ၊ ဘယ်အချက် ဂြိုဟ်ဆိုးဝင်ပြီး မဟုတ်ကဟုတ်က မိန်းကလေးမျိုးနဲ့ တွေ့သွားမလဲ မသိပါဘူးနော်၊ စိတ်ကို မအေးရဘူး။ ရင်မောလိုက်တာ၊ အသက်လည်း နှစ်ဆယ့်ခုနစ်၊ ငယ်တော့တာ မဟုတ်ဘူး၊ မိန်းမလေး ဘာလေး ပေးစားပစ်လိုက်ရကောင်းမလားတောင် မသိဘူး”

“ဒီက တစ်ရပ်တစ်ရွာတည်းသားတွေ မေမေ့သားက ကြိုက်တာမဟုတ်ဘူး၊ စီစဉ်မနေပါနဲ့ မေမေရယ်၊ မေမေ စီစဉ်တာကို သူ ကြိုက်မယ် မထင်ပါဘူး”





“ဒီမြို့မှာတင် မိတ်ဆွေအပေါင်းအသင်း ရှိတာကျနေတာပဲ သမီးကြီးရယ်၊ မေမေရော ဖေဖေရော ရန်ကုန်သူ ရန်ကုန်သားပါ၊ ညည်းအဖေ ပို့စတင်ကြောင့်သာ ဒီရောက်လာတာလေ၊ ဒီမှာ အဆင်လည်းပြေ၊ တစ်မြို့နယ်လုံးကလည်း ညည်းတို့အဖေကို အားကိုးချစ်ခင်နေတော့ နေသားတကျလည်း ဖြစ်နေလို့သာ၊ တခြားလည်း ထပ်မထွက်ဘူး၊ ရန်ကုန်လည်း မဝင်ဘူးဆိုပြီး ဒီမြို့မှာပဲ အခြေချပြီး နေသလို ဖြစ်နေလို့သာ …

အသိုင်းအဝိုင်းက ဒီမြို့မှာပဲရှိတာမှ မဟုတ်တာ၊ အစိက ရင်းရင်းနှီးနှီးမိတ်ဆွေတွေက ရန်ကုန်မှာ များတာပါ သမီးရဲ့၊ အဘွားတစ်ယောက်လုံးကလည်း ရန်ကုန်မှာပဲဟာ”

ခင်အေးချမ်းတို့ ရေချမ်းတို့ရဲ့အဖေ ဒေါက်တာချမ်းသာ ပို့စ်တင်ကျတဲ့မြို့မှာ သူတို့ အခြေကျနေတာ ၁၀ နှစ်လောက်ရှိပါပြီ။ ဒီမြို့ခံတစ်ပိုင်းလောက်တောင် ဖြစ်နေကြပြီ။ ဒေါက်တာဦးချမ်းသာရဲ့ မိခင်ဖြစ်သူကတော့ ရန်ကုန်မှာပင် မွေးစားထားတဲ့ တူမဝမ်းကွဲနှင့်နေသည်။

ရေချမ်း ရန်ကုန်မှာ သွားနေမည်ဆိုတော့ ပထမတော့ အဘွားအိမ်မှာ သွားနေရင်နေဆိုပြီး ခွင့်ပြုလိုက်တာသာ။ ခဏတဖြုတ်လေးပဲ အနေပြပြီး ရေချမ်းက သူငယ်ချင်းတွေစုငှား



www.burmeseclassic.com

www.burmeseclassic.com



ကြတဲ့ ကွန်ဒိုအခန်းမှာ သူလည်း သွားပေါင်းနေချင်သည်ဆိုပြီး ပြောင်းသွားလိုက်တော့တာပါ။ လူကြီးတွေကလည်း သံလွင့်အစ်ကို (လူကြီးလို့ပြောရမယ့်) ကိုကိုကြီး တစ်ယောက်လုံးလည်း ပါတာပဲ ဆိုပြီး ခွင့်ပြုလိုက်တာပင်။

"မေမေက ရေချမ်းအတွက် ရည်ရွယ်ထားတာ ရှိလို့လား"

"မရှိပါဘူး၊ ဒါပေမဲ့ လိုအပ်လာရင် ရှာရမှာပေါ့"

"သူ့ဟာသူ ကြိုက်တာရှာယူပစေပေါ့ မေမေရာ"

"မယူခင်စပ်ကြား ကောင်းကောင်းနေရင်တော့ဟုတ်တာပေါ့။ တုံးသလိုလို အ,သလိုလို သဘောကောင်းသလိုလို အားနာသလိုလို လုပ်ရင်းက မဟုတ်တရုတ်နဲ့ အကြောင်းကြောင်းဖြစ်ပြီး ရသွားမှာစိုးလို့ဟော့"

"ရှေ့လကျ သမီး သီးစစ်စ်ပေပါတင်ရင်းနဲ့ ရန်ကုန်သွားရမှာပဲဟာ၊ အဲဒီကျရင် အခြေအနေ အကဲခတ်ကြည့်ပါဦးမယ် မေမေရယ်၊ အလျင်စလိုကြီးလည်း စိတ်ပူနေဖို့ မလိုသေးပါဘူး၊ ဖုန်းသာဝယ်ပေးလိုက်၊ ကိုင်ချင်တဲ့သူကိုကိုင်ပြီး မကိုင်ချင်တဲ့သူကို ရှောင်လို့ရအောင်"

"ညည်းသဘောပဲလေ၊ ကောင်းမယ်ထင်ရင် ဝယ်ပေးခဲ့လိုက်"

"နို့မို့ အဲဒီ လိုင်းပူးတယ်ဆိုတဲ့ အခန်းနဲ့လည်း ပြဿနာအကြီးအကျယ် ဖြစ်တော့မယ်၊ အားလုံးပြဿနာ မေမေ



သားက သူ့ခေါင်းပေါ် ယူတင်ထားတာ ဘယ်သူမှမသိဘူး၊ သူပဲ မိန်းမရှုပ်တဲ့သူ ဇာတ်လမ်းရှုပ်တဲ့သူဆိုပြီး အထင်ခံနေရမှာ"

ခင်အေးချမ်းက နောက်တစ်ကြိမ် ရေချမ်းဆီ ဖုန်းပြန်ခေါ်ကြည့်ဖို့အတွက် ဖုန်းကို ရင်တမမနှင့် ကျောက်ကိုင်လိုက်ရပါသည်။ ဖုန်းလိုင်းက မအားပြန်။ လိုင်းခွဲဖုန်းတွေဆိုတော့လည်း ဒီလောက်တော့ ရှိမည်ပင်။

* ○ *

www.burmeseclassic.com

www.burmeseclassic.com



## ၆

ရေချမ်းသည် ဖုန်းပြောရမှာကိုတောင် ကြောက်သလိုလို ဖြစ်နေပါပြီ။ ခုနောက်ပိုင်းတော့ သူ ဖုန်းပြောတိုင်း လိုင်းပူးနေတဲ့ အစွာမက ဝင်ပူးလာတတ်တော့သည်။ မပူးတဲ့ အကြိမ် ခပ်ရှားရှား။

တောက်ခေါက်သံ အကျယ်ကြီးနှင့် ဖုန်းကို ခွမ်းခနဲ ချသွားတာ။ "ဟာကွာ ... ကျက်သရေကို မရှိဘူး" စသဖြင့် ရေရွတ်သွားတာ။ ဒါတွေကို မရိုးနိုင်အောင် အလန့်တကြား ရင်ဆိုင်ရသည်။ ကိုယ်က ဒီဘက်မှာ ပြောချင်သော်ရှိ မပြောချင်သော်ရှိ ဖုန်းပြောတော့ ပြောနေရတဲ့အချိန်မှာ ထိုအစွာမရဲ့အသံ ဝင်လာလျှင် အတော်ကို စိတ်အနှောင့်အယှက် ဖြစ်ရသည်။

ခုတလောမှပဲ ဖုန်းတွေကလည်း အရင်ကထက်ပဲ ပိုများလာသလား ထင်မိသည်။ အိမ်မှာအမြဲရှိတာက သူနှင့် မိုးထက်။ မိုးထက်က ဖုန်းတွေခဏခဏလာလျှင် ...





"ဟော့ကောင် ... ကိုင်မနေနဲ့၊ အလကားဟာတွေပဲနေမှာ"

မိုးထက်က သွေးအေးသည်။

"ဟော့ကောင် ... မင်းကို သီချင်းအပ်ချင်တဲ့ကိစ္စမျိုးလည်း ဖြစ်ရင်ဖြစ်မှာ"

"ဖုန်းဆက်မရရင် တကယ်အပ်ချင်ရင် ညကျဆိုင်ကိုလိုက်လာလိမ့်မယ်"

သူပြောတော့လည်း ဟုတ်သလိုလို။ သို့သော် ရေချမ်းက သူတို့လို စိတ်အေးတတ်သူ မဟုတ်လို့ ထင်ပါရဲ့။

"မဖြစ်သေးပါဘူးကွာ"

ဤသို့ ညည်းညူရင်း မြည်နေတဲ့ဖုန်းကို ထ,ကိုင်ရသည်။ တစ်ခါတစ်ရံလည်း သူတို့အားလုံးရဲ့ အလုပ်ကိစ္စတွေနှင့် ပတ်သက်တဲ့ အရေးပါတဲ့ဖုန်း ဖြစ်နေတတ်ဘာ ပါပါသည်။ များသောအားဖြင့်ကတော့ အရေးမပါတဲ့ ဖုန်းတွေသာပါ။

"ဒီနံပါတ် ဒီလိုင်းခွဲမှာ လူပျိုယောက်ျားတွေချည်း ငါးယောက်နေတယ်ဆိုတာ သတင်းက ထွက်နေပြီကွ၊ ငါထင်တယ်၊ တချို့ကောင်မလေးတွေ ဟိုကပါ ဒီကပါနဲ့ လွှဲပြောနေကြပေမယ့် ဒီနားတစ်ဝိုက်က ဒီကွန်ဒိုတွေမှာပဲနေတဲ့ ကောင်မလေးတွေတောင် ဖြစ်နေနိုင်တယ်၊ အမြဲလက်ခံဖြေပေးတဲ့သူကလည်း ရှိနေတော့ အားအားယားယား အပျင်းပြေ ဆက်နေကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေ အလကားနေရင်း ဖုန်းဆက်နေကြရအောင်လည်း (ပြောရမယ်ဆိုရင်) သူတို့ငါးယောက်လုံးက တစ်ယောက်တစ်မျိုး ချောသန့်ကြည့်ကောင်းကြတာလို့ ဆိုရပါမည်။ သူတို့နှိပ်ကွပ်ပြီး နိမ့်ချပြောနေတဲ့ ကိုကိုကြီးရဲ့ "ဒီရုပ်ဒီရည်"ဆိုတာကပင်လျှင် သန့်သန့်ပြန့်ပြန့် ထက်ထက်မြက်မြက်နှင့် ခပ်ချောချောပါ။ အားလုံးထက် အသက်ကြီးနေလို့သာ သူတို့က နှိမ့်ပြီးပြောဆိုနေတာ။

"ဖုန်းလာနေလျက်နဲ့တော့ မကိုင်ဘဲ ပစ်မထားတတ်ပါဘူးကွာ၊ မတော်တဆ အရေးတကြီး သေရေးရှင်ရေးတွေ ဖြစ်နေရင် ဘယ်လိုလုပ်မလဲကွ"

ကိုင်လိုက်ပြီးရင်လည်း "မရှိဘူးခင်ဗျ၊ ဒါပဲ"ဆိုတာမျိုး စကားကို ယတိပြတ် မဖြတ်တတ်။ ဟိုဘက်က ပြောသလောက် မေးသလောက်ကို ယဉ်ကျေးပျူငှာ ဖွယ်ဖွယ်ရာရာ ပြန်ဖြေရင်း ရေချမ်းတစ်ယောက် ဖုန်းသံသရာက မလွတ်ကင်းတာပါ။

ဒီနေ့ကတော့ အိမ်ကိုဖုန်းလာတာမဟုတ်။ ရေချမ်းက ဆက်တာ။ မြို့ထဲမှာ ဂရပ်ဖစ်ဒီဇိုင်းလုပ်ငန်းနှင့် ဆိုင်ဖွင့်ထားတဲ့ ရေချမ်းရဲ့ဆရာတစ်ပိုင်းလည်းဖြစ်တဲ့ ကိုသန့်ဇင်က ရေချမ်းကို သူ့ဆီကအလုပ်တွေ အတော်များများကို ခွဲပေးတတ်တဲ့သူပါ။ နှစ်ပတ်တစ်ကြိမ်လောက်တော့ ကိုသန့်ဇင်ဆီက အလုပ်တွေရတတ်သည်။





တစ်ခါတစ်ရံ သိပ်အလုပ်များနေလျှင် တစ်ပတ်အတွင်း အလုပ်ပေါင်းများစွာ လာလွှဲပေးသွားတတ်ပါသည်။ သူက စာစီစာရိုက်ရော ဒီဇိုင်းလုပ်ငန်းတွေရော တစ်ဖက်က ပုံနှိပ်တိုက်ရော လုပ်ငန်းတွေများစွာ တွဲလုပ်တဲ့သူဖြစ်ပြီး နာမည်ရနေတဲ့ဆိုင်လည်းဖြစ်ရာ အလုပ်တွေ မနိုင်အောင် လက်ခံရတဲ့အထဲက သူ့ရက်ချိန်းနှင့် မနိုင်တော့တဲ့ အလုပ်တချို့ကို ရေချမ်းထံ ခွဲအပ်တာ။

ကိုသန့်ဇင်ထံ ဖုန်းဆက်ရမည့် ရက်ပိုင်းဖြစ်၍ ရေချမ်းကပဲ စ,ဆက်လိုက်သည်။ ကိုသန့်ဇင် မရှိဘဲ သူ့ဆိုင်က ဝန်ထမ်းကောင်မလေး "ပိုးလေး"နှင့်ပဲ တွေ့ပါသည်။ "ပိုးလေး" ဆိုတာ ရေချမ်း စသိကတည်းက "ပိုးလေး"လို့ပဲသိတာ။ အားလုံးက သူ့ကို ပိုးလေးပဲ ခေါ်ကြရာ ရေချမ်းကလည်း "ပိုးလေး"ပဲပေါ့။ ကိုယ့်ထက်လည်း နှစ်နှစ် သုံးနှစ် ငယ်မှာပဲလေ။

"ဆရာ မရှိဘူး အစ်ကို၊ ခရီးသွားတယ်၊ ဒီနေ့မနက်ပဲ"

"ဟုတ်လား၊ ဘယ်သွားတာလဲ ပိုးလေး"

"ဘိတ်ခဏပြန်တယ်၊ ဆရာက အစ်ကို့ဆီ ဆက်ခိုင်းသွားတယ်၊ အလုပ်တွေ ထားခဲ့တာ အများကြီးပဲ၊ ရက်ချိန်းတွေလည်း ကျပ်နေတာ၊ အလုပ်များလွန်းလို့ သေတောင်သေချင်တယ်၊ သမီးလည်း ခုပဲဆက်တော့မလို့ပဲ၊ ဒီနေ့ပဲဆက်မလို့ အလုပ်တွေ များနေတာနဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ဟိုဘက်ကဖုန်းကိုင်လိုက်ပြီလို့ ရေချမ်းသိလိုက်ပါသည်။ အကြိမ်ကြိမ် ကြုံပြီဆိုတော့ဘာမှသိပ်မသိသာတဲ့ အသံအပြောင်းအလဲလေးကိုပင် သတိထားမိနေပါပြီ။

“ကျွန်တော် လာခဲ့လိုက်မယ်လေ ပိုးလေး”

“အစ်ကို ဘယ်တော့လာမလဲ”

“ဘယ်တော့ လာရမလဲ၊ ဒီနေ့ပဲ လာခဲ့မယ်လေ”

“ဒီနေ့ ဆက်ဆက်လာနော် အစ်ကို၊ လာဖြစ်အောင်လာခဲ့၊ အစ်ကို ဒီနေ့မှ အရောက်မလာရင် သမီး ဒီမှာသေလိမ့်မယ်”

“တောက်”

ရုတ်တရက် ထွက်လာတဲ့ တောက်ခတ်သံကြောင့် ပိုးလေးက လန့်သွားပုံရကာ ...

“အစ်ကို ... ဘာဖြစ်တာလဲ၊ တောက်ခေါက်သံလား”

“ဟုတ်တယ် ပိုးလေး”

“အစ်ကိုခေါက်တာလား၊ ဘာဖြစ်လို့လဲ”

“ဘာမှမဖြစ်ဘူး၊ ကျွန်တော်ခေါက်တာလည်း မဟုတ်ဘူး ပိုးလေး၊ ကြားထဲက သရဲမဝင်ခေါက်နေတာ”

“ဘာ”

အိမ့်ဦးထံက ဒေါတပွပွ အသံကြီးက ခပ်အစ်အစ် ခပ်နင်နင် ထွက်လာပါသည်။

“ဟင် ... ဘယ်သူလဲ”





“ဘာသရဲမလဲ ... ဟင်၊ ရှင် မပြီးနိုင်တော့ဘူးလား စကားပြောနေတာ”

“ဘယ်လိုလုပ် ပြီးမှာလဲ၊ ခုမှပြောတာ”

“ညာမပြောနဲ့၊ ခုန တစ်ခါကောက်ကိုင်တော့လည်း ဖုန်းပြောနေလို့ ပြန်ချလိုက်ရတယ်”

“အဲဒါတခြားတစ်ယောက်၊ အခုက နောက်တစ်ယောက်”

“ဟင် ... ရှင် ရွဲ့ပြောနေတာလား ... ဟုတ်လား၊ ရှင် ဒီလို တစ်ယောက်ပြီးတစ်ယောက် လုပ်နေရင် ကျွန်မက ဘယ်တော့ ဖုန်းဆက်လို့ရမှာလဲ”

အိမ့်ဦးရဲ့ ဒေါသသံစွာစွာဟာ ရူးရူးရဲရဲ နိုင်လှပါသည်။ ပိုးလေးသည် အံ့အားတသင့်နှင့် ...

“ဟင် ... စွာလှချည်လား၊ ဘယ်ကမိန်းမ ဝင်လာတာလဲ အစ်ကို”

“အဲဒီတစ်ယောက်က တစ်ချိန်လုံး ကျွန်တော်တို့အိမ်က ဘာတွေပြောနေလဲဆိုတာ ဖုန်းကောက်ကောက်ကိုင်ပြီး နားထောင်နေတာ ပိုးလေး၊ ဒီအိမ်က ဘာတွေပြောနေလဲ၊ အရမ်းစိတ်ဝင်စားတာ၊ ဖုန်းလိုင်းပူးနေတာကို အခွင့်ကောင်းယူပြီး တစ်ချိန်လုံး ဖုန်းခိုးနားထောင်နေတာ”

ရေချမ်းသည် စိတ်ရှုပ်ရှုပ်နှင့် တမင်တကာပင် တစ်ဖက်က မခံချင်မည့်စကားမျိုးကို ရွေးပြောလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရှင့်၊ ရှင် ဘာပြောတယ်၊ ဒီမှာ လူရှုပ်၊ ရှင့်အသံများ ကြားချင်လွန်းလို့ ကျွန်မက ခိုး ထောင်နေရမှာလား"

"ဒါဖြင့် ဘာလို့ တစ်ချိန်လုံး ကောက်ကိုင်နေလဲ"

"ဩော် ... ကျွန်မကရော ဖုန်းပြောစရာ မရှိရတော့ဘူးလား"

"ကျွန်တော့်ကို ဖုန်းသိပ်ပြောတယ်လို့ ခင်ဗျား စွပ်စွဲရင် ခင်ဗျားလည်း သိပ်ပြောလို့သာ ဒါကို သိနေတာ"

"ကျွန်မက ပြောချင်တာတောင် ပြောခွင့်မရတာ"

"တော်ပြီဗျာ၊ ခင်ဗျားက တစ်ချိန်လုံး ပြဿနာကိုရှာလွန်းအားကြီးတယ်"

"ကျွန်မ အရေးတကြီးကိစ္စရှိတယ်၊ ရှင် အခုဖုန်းချပေး"

ပိုးလေးက ကြားကမခံမရပ်နိုင်ဖြစ်ကာ ...

"ဘာဖြစ်လို့ ချပေးရမှာလဲ၊ သူများတကာ စကားပြောနေတာကို၊ ကိုရေချမ်း လုံးဝဖုန်းမချနဲ့"

"ဒီမှာ မိန်းကလေးချင်း တို့ ပြဿနာမဖြစ်ချင်ဘူးနော်၊ အခုက ဒီလူက လွန်လွန်းအားကြီးလို့ ပြောနေရတာ၊ ဘာမှလဲ မသိဘဲနဲ့ ဝင်မပါပါနဲ့"

"ဘာမှမသိပေမယ့် ခုလောလောဆယ် သူနဲ့ ကျွန်မနဲ့က ဖုန်းပြောနေတာလေ၊ ဒါကို ကြားကကောက်ကိုင်ပြီး အခု ချဆိုတာက မရိုင်းလွန်းဘူးလား"





"အဲလိုရိုင်းလာအောင် အဲဒီလူက တစ်ဖက်သတ် လွန်နေတာ၊ အိမ်မှာ ဖုန်းသွယ်ထားပြီး ဖုန်းကိုမသုံးရတော့ဘူး၊ ဖုန်းဆက်ဖို့ ကိုင်လိုက်ရင် သူချည်းပဲ၊ မိန်းကလေးတစ်ယောက်မဟုတ် တစ်ယောက်နဲ့ ပြောနေတာပဲ၊ ကိုယ်ပြောရတဲ့ဆီကို မရောက်တော့ဘူး"

"ဒီမှာ မအတ္တာ၊ ဟိုတစ်ခါ နှစ်ခါလောက်က ခင်ဗျား ခုလိုပဲ ဝင်ဝင်ပြဿနာရှာတာကို လန့်ဖျပ်ပြီး ချသွားတာတွေရှိလို့ ဒီလိုဝင်အော်လိုက်ရင်တော့ ဒီဘက်က ဖုန်းချပေးမှာပဲလို့ ထင်နေတာလား၊ အကျင့်ပါတယ်၊ ချမပေးနိုင်တော့ဘူး၊ ပြောစရာရှိရင်တော့ ပြောမှာပေါ့ဗျ၊ အလကားပြောနေတာမှ မဟုတ်တာ၊ ဖုန်းခွန်ဆောင်ပြီး ပြောနေတာပဲလေ"

"ရှင် တော်တော် လူမဆန်တဲ့လူ"

"ဟောဗျာ၊ ဖုန်းများများပြောမိတာနဲ့ပဲ လူမဆန်ဘူးလား၊ နေပါဦး၊ ခင်ဗျား တစ်နေ့တစ်နေ့ အိမ်မှာ အားအားလျားလျားနဲ့ ပျင်းနေတာလား ဟုတ်လား"

"ဘာရှင့်"

"ပျင်းပြီး ဖုန်းကိုမ, ခိုးနားထောင်၊ လိုက်လိုက်ခိုးနားထောင်ရင်း သူ့မှာတော့ ဖုန်းပြောရမယ့် အဖော်တွေရှိတယ်၊ ငါ့မှာတော့ ဖုန်းပြောစရာလူလည်း မရှိဘူးဆိုပြီး မနာလိုတိုရှည် စိတ္တဇတွေဖြစ်၊ ပြဿနာထ,ရှာ၊ အဲသလိုလား"

"ဟင် ... ရှင် ... ရှင် ... တောက်"



www.burmeseclassic.com

www.burmeseclassic.com

တကယ်တမ်းတွင် အိမ့်ဦးသည် ပြောစရာ ရန်တွေ့စရာ စကားလုံး ရှာမတွေ့ဘဲ အ,ထစ်ဆွဲ့တုံ့နေပါသည်။ ဘေးက ပိုးလေးက ရေချမ်းဘက်က အားရပြီး တဟီးဟီး တခစ်ခစ်ရယ်မဆုံး ဖြစ်နေ၍ အိမ့်ဦးမှာ ပိုပြီးဒေါသတငြီးငြီး တောက်လောင်လာပါသည်။

"ရှင့်ကို အုပ်ချုပ်ရေးမှူးနဲ့ တိုင်မယ်၊ သိလား"

"တိုင်ရင်လည်း တိုင်ဗျာ၊ ခင်ဗျားသဘောပဲ"

"တိုင်မယ်"

အိမ့်ဦး ဖုန်းချသွားတဲ့အခါ ရေချမ်းလည်း သက်ပြင်းမောကြီးတစ်ချက် ချလိုက်မိပါသည်။

*○*

သူတို့ကွန်ဒိုတိုက်များရဲ့ အုပ်ချုပ်ရေးမှူးရုံးခန်းမှာ အုပ်ချုပ်ရေးမှူးဖြစ်သူ ဦးမျိုးအောင်က အိမ့်ဦးရဲ့စကားများကို စိတ်ရှည်လက်ရှည် နားထောင်ပေးနေရပါသည်။ ဦးမျိုးအောင်ဟာ အသက်ကြီးကြီး လူကြီးကြီးတော့ မဟုတ်သေး။ ခုမှ အသက်သုံးဆယ်ကျော်ပဲ ရှိဦးမည့်သူပါ။

"ဦးဆီ တွန်ပလိန့်လာတက်ရတာတော့ အားနာပါတယ်၊ ဟိုတစ်ခါ ပြီးကတည်းက ကျွန်မတို့လည်း လာပြောမနေတော့ပါဘူး၊ ဦးလည်း သိပါတယ်"





"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ဖုန်းက သူတို့ လုပ်ပေးလိုက်ရင် လိုင်းမပူးဘဲနေတာ နှစ်ရက် သုံးရက်တည်းပဲ၊ ပြီးရင် ပြန်ပူးသွားပြန်ရော၊ ခဏခဏလည်း ပြောမနေချင်တာနဲ့ လာမပြောတော့တာပါ၊ လိုင်း မပူးတော့လို့ လာမပြောတာ မဟုတ်ဘူး ဦးရဲ့"

"ဟုတ်ကဲ့ ... အခုလည်း ပူးနေတယ်ပေါ့"

"ရိုးရိုးသားသား လိုင်းလေးပူးနေရုံပဲဆိုရင် လာမပြောပါဘူး ဦးရဲ့၊ လိုင်းပူးတယ် ဆိုတာကလည်း သူရော ကိုယ်ရော ပြိုင်တူသုံးနေမိမှ ပူးတာကိုး။ အခုဟာက အဲဒီအခန်းက တစ်ချိန်း ဖုန်းပြောနေတာ"

"ဗြော်"

"ကိုယ်ဖုန်းဆက်ဖို့ ဖုန်းကောက်ကိုင်လိုက်ရင် ဟိုဘက်ကနေ သူတို့ပြောနေတဲ့စကားတွေ ကိုယ်က ကြားနေရတယ်၊ ချောင်းနားထောင်သလို ဖြစ်မှာစိုးလို့ ပြန်ချထားလိုက်၊ အားပြီလားလို့ ပြန်ကောက်ကိုင် နားထောင်လိုက်နဲ့ ဖုန်းတစ်ခါပြောဖို့အရေး သူတို့ဘက်က အအားကိုစောင့်ရတာ တစ်ဒုက္ခ"

"ဗြော်"

"သူတို့ဘက်က ဘယ်တော့မှမအားလို့ ဖုန်းကိုမပြောရတော့ဘူး၊ သူတို့ဖုန်းသုံးမနေရင်တောင်မှ ဒီလိုင်းခွဲဖုန်းတွေ


www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြိုင်တူသုံးနေကြရင် လိုင်းအအားစောင့်ရတာ မဟုတ်လား ဦးရဲ့၊ ခုတော့ အဲဒါကိုလည်းစောင့်ရ၊ သူတို့ ဘက်က လိုင်းနဲ့ပူးနေလို့ သူတို့ ဖုန်းမသုံးတဲ့အချိန်ကို စောင့်ရ"

"အင်း ... အဲဒါလည်း ကျွန်တော်တို့ ဟိုတစ်ခါကတည်း က ဖုန်းကုမ္ပဏီကို သေချာရှင်းပြတာပဲဗျ၊ ကုမ္ပဏီကလည်း သေချာစစ်ဆေး လုပ်ကိုင်ပေးသွားတာပဲ၊ ကျွန်တော်လည်း သိပ်တော့နားမလည်ဘူး၊ အခု ဒီကကွန်ပလိန့်လုပ်ရင် လည်း ကျွန်တော်က ဖုန်းကုမ္ပဏီကိုပဲ အကြောင်းကြားပေး ရမှာ"

"ဒီမှာ ဦး၊ အခုက ဖုန်းပြင်ဖို့က အဓိကမဟုတ်ဘူး"

"ဟုတ်ကဲ့"

"ဦးတို့ဖုန်းလိုင်းနဲ့ ဒီလူတွေဖုန်းလိုင်း ပူးနေတော့ ..."

"ဘယ်လို ... ကျွန်တော့်ဖုန်းလိုင်း ..."

"အို ... မဟုတ်ပါဘူး ဦးရယ်၊ ကျွန်မကလည်း 'ဦး' ထည့် ယောင်ပြီး ထည့်ပြောမိတာပါ၊ ဦးချင်းရှုပ်ကုန်ပြီ၊ ကျွန်မ တို့လိုင်း၊ ကျွန်မတို့လိုင်းနဲ့ သူတို့လိုင်း ပူးနေတာအတွက် ဒုက္ခရောက်ရတာ နစ်နာရတာက ကျွန်မတို့ပဲ ဖြစ်နေ တယ် ဦးရဲ့"

"အမှန်က နှစ်ဦးနှစ်ဖက်လုံး အနှောင့်အယှက် ဖြစ်ကြတာ မို့လား"





"ဒါပေမဲ့ ခုဟာက သူတို့က လုံးဝအနှောင့်အယှက် မဖြစ်ဘဲ အချိန်နဲ့အမျှ ဖုန်းပြောနေတာ၊ သူတို့သုံးနေတော့ မအား တော့ လိုင်းပူးနေတဲ့ ကျွန်မတို့လည်း သုံးမရတော့ဘူး၊ ပြီးတော့ သူတို့ရဲ့စကားသံတွေကို ကြားနေရတာကိုက အနှောင့်အယှက်ပဲ၊ ငရဲပဲ၊ စိတ်ဆင်းရဲတယ်"

"ဒါကိုတော့ ဒီကညီမက ဖုန်းကောက်မကိုင်ဘဲ နေခြင်း အားဖြင့် သူတို့အသံ မကြားရအောင် ..."

"အို ... ဦးကလည်း၊ ဒါဖြင့် ကျွန်မတို့က ဖုန်းမဆက်ရ တော့ဘူးလား၊ ကျွန်မက သူတို့ကိုပြောတော့ အဲဒီလူက သူကတောင် ကျွန်မကို တစ်ပြန်စီး ဖုန်းကိုကောက်နားမ ထောင်ဖို့ တားလိုက်သေးတယ်၊ ကျွန်မလည်း ဖုန်းပြောရ ဦးမှာပဲလေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ်"

"ကျွန်မ အခုပြောနေတာ ချက်ချင်းလက်ငင်း ဖုန်းပြင်ဖို့ မဟုတ်ဘူးနော်"

"ဒါဖြင့် ကျွန်တော့်ကို ဘာများလုပ်ပေးစေချင်တာလဲ မသိဘူး"

"အဲဒီ ဖုန်းချည်းပြောနေတဲ့လူကို ခေါ်ပြီးသတိပေးပေးပါ"

"ဗျာ ... ကျွန်တော်က ဘာသတိပေးရမှာလဲ"

"ဒီလောက်တောင် ဖုန်းမပြောဖို့ပေါ့"

ဦးမျိုးအောင်က ခေါင်းကို ခါယမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တရားနည်းလမ်း မကျပါဘူး ခင်ဗျ"

"ဘာလို့ မကျရတာလဲ"

"ကျွန်တော်က သူ့အိမ်ကဖုန်းနဲ့သူ မိုးလင်းကမိုးချုပ် တစ်ဆက်တည်းပြောပြော၊ မပြောပါနဲ့လို့ တားမြစ်ပိုင်ခွင့် မှ မရှိတာ"

"ဒီလောက် လွန်လွန်းအားကြီးနေတာ"

"သူ့ဟာသူ ဘယ်လိုလွန်လွန် လွန်ရုံမကလို့ ဘာပဲဖြစ်ဖြစ် ပါ၊ Phone bill ကို မှန်မှန်ဆောင်ပြီး သူ့ဖုန်းသူ ပြောနေ တာကို ကျွန်တော်က ဘယ်နည်းနဲ့မှ လျှော့ပြောဖို့ တား မြစ်လို့ မရပါဘူး"

"ဦးက အုပ်ချုပ်ရေးမှူးလေ"

"အုပ်ချုပ်ရေးမှူးလည်း အာဏာမရှိပါဘူး၊ သူ ပြောလို့ သလောက် ပြောလို့ရပါတယ်"

"ဒါပေမဲ့ ကျွန်မကို အနှောင့်အယှက် ဖြစ်တယ်လေ"

"ဒါက လူမှုရေးသဘောအရ အချင်းချင်း ညှိနှိုင်းရမှာ ဖြစ်ပါတယ်"

"သူက ကျွန်မတို့ ပြောလို့မှမရတာ"

"မရရင်လည်း ကျွန်တော့်အဖို့တော့ ဘယ်လိုမှ တားမြစ် လို့ မရပါဘူး"

"ဒါဖြင့် ကျွန်မက ဘယ်လိုဖုန်းပြောရမှာလဲ ဦးရဲ့"





"ဒါ ... ဖုန်းလိုင်းခွဲ တပ်ဆင်ပေးထားတဲ့ ကုမ္ပဏီနဲ့ ဟိုလူ နဲ့ ဒီကညီမနဲ့ ညှိနှိုင်းကြရမှာပါ"

"ကျွန်မ ဖြစ်ချင်တာကို ဦး နားမလည်ဘူးထင်တယ်ရှင့်"

"ဟုတ်ကဲ့၊ ရှင်းအောင်ပြောပါ"

"အဲဒီလူ နာမည်က ခုနသိလိုက်တယ်၊ ကိုရေချမ်းတဲ့"

"ဟုတ်ကဲ့"

"အဲဒီ ကိုရေချမ်းကို အခု ဒီကိုလာဖို့ခေါ်ပြီး ကျွန်မရှေ့ မှာ သတိပေးပေးပါ"

ဦးမျိုးအောင်က ပြုံးကာ ခေါင်းကိုယမ်းလိုက်ပါသည်။

"အိမ်ရှင်တစ်ယောက်ကို ကျွန်တော်က ထူးထူးခြားခြား ဆိုးဆိုးဝါးဝါး ပြစ်မှုကျူးလွန်ခြင်းလည်း မရှိဘဲနဲ့ ဆင့်ခေါ် ခွင့်လည်း မရှိပါဘူး"

"သူက အိမ်ရှင်မဟုတ်ပါဘူး၊ အိမ်ငှားပါ"

"အိမ်ရှင်ဖြစ်ဖြစ် အိမ်ငှားဖြစ်ဖြစ် အခန်းတစ်ခန်းမှာနေသူ တစ်ယောက်ကို ကိုယ်က ပြောစရာရှိရင်တောင် ဒီကကောင် လေးတစ်ယောက် လွှတ်ပြောတာမျိုး၊ ဖုန်းလှမ်းဆက်ပြော တာမျိုးပဲ လုပ်လို့ရပါတယ်၊ ဒီကိုလာပါလို့တော့ ကျွန် တော်တို့က ဆင့်ခေါ်လို့ မဖြစ်ပါဘူး"

"ဘာလို့ မဖြစ်ရတာလဲရှင့်၊ သူက ကျွန်မကို နှောင့်ယှက်မှု ပေးနေတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ညီမ၊ ညီမကို ဒီလူက ကိုယ်ထိလက်ရောက် နှောင့်ယှက်နေရင်တောင်မှ ကျွန်တော် ခေါ်သတိပေးခွင့် မရှိပါဘူး ခင်ဗျ၊ ညီမ မကျေနပ်ရင် မခံရပ်နိုင်ရင် ရဲကိုသာ တိုင်ရမှာပါ၊ ကျွန်တော့်တာဝန်က ဒီကွန်ဒိုခန်းတွေရဲ့ ရေကိစ္စ မီးကိစ္စ၊ ကျိုးတာပဲ့တာ ပေါက်တာပျက်တာတွေ၊ သန့်ရှင်းရေးကိစ္စ အခွန်ပေးဆောင်မှုကိစ္စ ဒါတွေကိုပဲ ဆောင်ရွက်ရမှာပါခင်ဗျ ...

လူဆိုးဆိုရင်တောင် ခေါ်ဆုံးမခွင့် မရှိပါဘူး ... ဟဲ ဟဲ"

အုပ်ချုပ်ရေးမှူးက အိမ့်ဦးကို တကယ်ပဲ ရယ်ချင်လာသလို တဟဲဟဲနှင့် သူ့ဟာသူ သဘောတကျ ရယ်မောနေလေသည်။

"ကျွန်တော့်အနေအထား၊ ကျွန်တော့်တာဝန်ရာထူးက ဒီမှာနေကြတဲ့သူတွေက ရေကိစ္စ မီးကိစ္စ သန့်ရှင်းရေးကိစ္စ အခွန်ကိစ္စတွေ ဆောင်ရွက်ပေးဖို့ စုပေါင်းပြီး လခပေးငှားရမ်းထားတဲ့သူပါ၊ ကွန်ဒိုနေသူတွေဟာ ကျွန်တော့်ရဲ့ တစ်ဆင့်ခံ အလုပ်ရှင်တွေပါပဲ၊ ကျွန်တော်က ခေါ်ဆူခွင့် မရှိပါဘူး ... ဟဲ ဟဲ"

"ဒါဖြင့် သူက ကျွန်မကို မထိမဲ့မြင် ပြောနေတာကို ဘယ်လိုလုပ်ရမှာလဲ"



"အချင်းချင်း ညှိနှိုင်းကြဖို့ပါ၊ မခံရပ်နိုင်တဲ့အဆုံး ထိပါး နှောင့်ယှက်ခံရတယ်လို့ ယူဆရင် ရယကတို့ ရဲစခန်းတို့ကိုပဲ တိုင်ပါ ခင်ဗျာ၊ ကျွန်တော် တတ်နိုင်တာကတော့ ဖုန်းလိုင်းမပူးအောင် ဖုန်းတပ်ဆင်ပေးထားတဲ့ ကုမ္ပဏီကို အကြောင်းကြား တာဝန်ပေးပြီး ကောင်းအောင်စီမံပေးဖို့ပဲ တတ်နိုင်တာပါ"

အိမ့်ဦးက စိတ်တွေတိုကာ ထိုင်ရာက ထရပ်ရင်း ...

"ဒါဖြင့်လည်း မြန်မြန်စီမံပေးပါရှင့်၊ သူတို့ဖုန်းလိုင်းနဲ့ မပူးချင်ဘူး၊ ဘယ်နည်းနဲ့မှ မပူးချင်ဘူး"

"ဟုတ်ကဲ့ပါ၊ ကုမ္ပဏီကို သေချာစစ်ဆေးခိုင်းပေးပါမယ်"

* ○ *

www.burmeseclassic.com

www.burmeseclassic.com



၇

"ဖုန်းလာနေတယ်ဟေ့"

"ဟေ့ကောင် မိုးထက်၊ မင်း ကိုင်လိုက်စမ်းပါကွာ"

"အာ ... ငါ မကိုင်ဘူးကွာ"

"ဟေ့ကောင် ... မင်းက အမြဲပဲ မကိုင်တဲ့သူပါကွာ၊ ဒီတစ်ခါလေး ကိုင်စမ်းပါ၊ ငါနဲ့တိုးရင် ရဲဝံ့ ကောင်မလေးက ရစ်နေမှာကွ၊ ဖုန်းကိုမချတော့ဘဲ ငိုပြနေတော့တာ"

"မင်းချပစ်ပေါ့ကွ"

"ဟေ့ကောင် ... မင်းက သိပ်နေနိုင်ထာပဲကွာ"

"မဟုတ်ပါဘူး ရေချမ်းရာ၊ နို့မို့ တစ်ခါတစ်ရံပဲဟာ၊ ကိုင်ပေးပါတယ်၊ ငါ့မှာလည်း အန္တရာယ်ရှိနေလို့ကွ၊ ဆိုင်ကိုလာစားနေကျ မမကြီးတစ်ယောက်က ဖုန်းနံပါတ်မေး၊ လိပ်စာမေး၊ ငါ့ကို ပန်းကုံးတွေစွပ်နဲ့၊ တစ်ယောက်တည်း ခြေချင်းတွေလိမ်နေတာ၊ ငါညကလည်း အိမ်ပြန်ရောက်



ပြီးမှ သူနဲ့ ဖုန်းပြောလိုက်ရသေးတာ၊ မိနစ်လေးဆယ်လောက်ကြာတယ်"

"မင်းလည်း ငါ့ကိုပြောသလိုပဲ ချပစ်ပေါ့"

"အာ ... သူနဲ့ကတော့ စီးပွားရေးသဘောလည်း ရှိသေးတယ်၊ မျက်နှာတော့လည်း မပျက်စေချင်ဘူးကွ၊ ဟဲ ဟဲ၊ ကဲ ... ဟေ့ကောင်၊ မင်းပဲ ကိုင်ပါကွာ၊ ငါ့သူငယ်ချင်းကချစ်ဖို့ကောင်းတယ်"

"ကျွတ် ... မင်းတို့ကောင်တွေကွာ၊ ငါ့ပဲ ခေါင်းထိုးခံနိုင်းနေကြတယ်၊ ငါကကျတော့ အလုပ်အပ်တဲ့ဖုန်း ဖြစ်နေမှာစိုးရိမ်ရတဲ့ကောင်ဆိုတော့ အေးပေါ့ကွာ၊ မင်းတို့ ငါ့ကိုပဲ ဗိုလ်ကျကြပေါ့"

ရေချမ်းက ပါးစပ်က ပွစိစိ ဗျစ်တောက်တောက် ရေရွတ်ကာ နောက်ဆုံးတော့လည်း ခါတိုင်းလိုပဲ သူပဲ ဒိုင်ခံတာဝန်ယူရတဲ့ ထုံးစံအတိုင်း ဖုန်းကိုလာကိုင်လိုက်ရပါသည်။

"ဟယ်လို"

အသံကို ခပ်အစ်အစ် လုံးလုံးကြီးလုပ်ကာထူးလျှင် ...

"ဟေ့ကောင် ... ရေချမ်း၊ အသံဖျက်မနေနဲ့"

"ဩော် ... ဟား ဟား ဟား ... ဘာလဲ ... ပြော သံလွင်"

"ရဲဝံ့ မြို့ထဲထွက်သွားပြီလား"

"သွားပြီ"

"ဟာကွာ၊ မမီတော့ဘူးပေါ့၊ ကျွတ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ငါ့နားကြပ် ကျန်ခဲ့လို့ကွ၊ သူ ဒီနေ့ မြို့ထဲလာမှာ ငါသိနေတော့ ဒီကောင့်ကို နားကြပ်ယူခဲ့ပြီး ဆေးရုံလာပို့ခိုင်းမလို့၊ မမီတော့ဘူး ပြဿနာပဲ၊ ငါကလည်း တခြားသူများ နားကြပ်နဲ့ကို မဖြစ်တဲ့ကောင်၊ ဟေ့ကောင် ရေချမ်း၊ မင်း ဒီနေ့ မြို့ထဲလာဖို့ မရှိဘူးလား"

"ရှိတယ်"

"ဟား ... အတော်ပဲ၊ အဆင်ပြေတယ်၊ နားကြပ်ပါယူလာခဲ့ပြီး ငါ့ကို ဆေးရုံဝင်ပေးစမ်းပါ သူငယ်ချင်းရာ ... နော"

"ဟာ ... ငါက လမ်းတစ်ဝက်မှာဖြတ်ပြီး မင်းဆီဝင်၊ တစ်ခါ ငါ့ကိစ္စဆီ ဘတ်စ်ကားပြန်တက်စီး၊ ဘတ်စ်ကားနဲ့ လာရမှာကွ၊ ရဲဝံ့လို ကားလေးဝူးခနဲမောင်းပြီး လာရမှာ မဟုတ်ဘူး"

"ဘတ်စ်ကားနဲ့ လာရမှာ သိသားပဲ၊ ဘာဖြစ်လဲကွာ၊ ခရီးတစ်ဝက်မှာဆင်း၊ နောက်တစ်ဝက် ပြန်တက်စီး၊ ဘာခက်လို့လဲ၊ ဆင်းပြီးရင် ပြန်တက်စီးလို့ မရတော့တာကျနေတာပဲ"

"မင်းပြောမှလားကွ၊ ခရီးထောက်တာပေါ့"

"ထောက်ပစေပေါ့ကွာ၊ ကိုယ့်သူငယ်ချင်းမှာ အကူအညီ လိုနေတာကို"





"သွားကတည်းက ပါအောင်ယူမသွားဘူး၊ မင်းက ကလေးတုန်းကတည်းက ကွန်ပါဘူးမေ့ကျန် ထမင်းဘူးမေ့ကျန်တဲ့ အကျင့် ပျောက်ကို မပျောက်ဘူး၊ ဒီလောက် သတိမေ့ရအောင် အဘိုးကြီးလား"

"အေး ... ဒီလောက်ပြောရရင် ကျေနပ်တော့၊ ငါ ဆေးရုံနားက ဝက်ခေါင်းသုပ် ဝယ်လာကျွေးပါ့မယ်ကွာ"

"ပြီးရော"

"ဟေ့ကောင်၊ မင်း စောထွက်ခဲ့လိုက်လေ၊ ငါက အခုလိုနေပြီ"

"အေးပါ၊ ငါလည်း စောထွက်မှာပါ၊ ရေမိုးတော့ ချိုးရဦးမယ် ဟေ့ကောင်၊ ဒီထက်တော့ မမြန်နိုင်ဘူး"

ထို့နောက်တော့ ရေချမ်းသည် ကမန်းကတန်း ရေမိုးချိုးရပါသည်။ ဒီနေ့က သူတို့ ပြိုင်ထားတဲ့ ဒီဇိုင်းတွေအတွက် ဆုကြေညာမှာ ဖြစ်ပါသည်။ အဲဒီကုမ္ပဏီရုံးခန်းမှာပဲ ကပ်ထားမည်ဖြစ်ကာ ဆုကလည်း ဒုတိယ တတိယ မရှိ။ ပထမဆု တစ်ဆုတည်းသာ တစ်ယောက်တည်းပဲ ရမှာမို့ ရေချမ်း သိချင်လှကာ စိတ်လှုပ်ရှားနေပါသည်။

စပို့ရှပ်အနက် ဂျီးရောင်ဆန်းဆန်း ဂျင်းဘောင်းဘီနှင့် ဆားတစောင်းလွယ်အိတ်လေးလွယ်ကာ နားကြပ်ကို ဂျာနယ်ထည့်တဲ့ ပလတ်စတစ်အိတ်ထဲ ကောက်ထည့်၊ လက်ကကိုင်ပြီး သူတို့ထိပ်က သူစီးရမယ့် ကားမှတ်တိုင်ဆီ အပြေးထွက်လာခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းသည် ကားမှတ်တိုင်အရောက်တွင် လက်လေးပိုက်ရပ်ကာ ဘတ်စ်ကားစောင့်နေတဲ့ အိမ့်ဦးကို ငေး့လိုက်ရပါသည်။

အိမ့်ဦးက သူ့ကိုမတွေ့သေး။ သူ့ဘက်ကိုလှည့်မနေဘဲ ကားလာမည့်ဘက်ကို မျှော်စောင့်နေသည်မှာ စိတ်ဘယ်လောက်စောနေတယ်မသိ၊ လည်ပင်းလေးရော ခေါင်းလေးပါ ရှေ့ထွက်နေသည်။

ရေချမ်းက မလှမ်းမကမ်း သူမရဲ့နောက်နားခပ်ကျကျရပ်ရင်း သူမကို လှမ်းကြည့်နေမိပါသည်။ ဒီနေ့တော့ စတိုင်လ်ဆောင်းဘီရှည်အနက် ရှပ်ဖြူလက်ရှည်ကိုယ်တိလေးနှင့် ...

ဒီကောင်မလေးပုံစံက သန့်ပြန့်ဝင်းမွတ်နေပြီး တော်တော်လေး ချစ်စရာကောင်းတာပင်။ သူလေးဟာ တိုက် A က ဆိုတာတော့ ရေချမ်း သိပါသည်။ ခုရက်ပိုင်းတောင် ရေချမ်း အပြင်ထွက်ရင် ကောင်မလေးကို မသိမသာ ဟိုဟိုဒီဒီ ဝေ့ဝဲရှာမိပြီး မတော်တဆများ တွေ့ရကြုံရမလားလို့ မျှော်လင့်တကြီးရှိမိတာ အမှန်ပင်။

စိတ်ထဲတော့ ရှိနေပေမယ့် ဘာရယ်တော့ မဟုတ်ဘူးလို့ပင်။ ဒါပေမဲ့ အခုလို မမျှော်လင့်ဘဲ လာဆုံတွေ့နေရချိန်မှာ ရေချမ်းရဲ့နှလုံးသားတွေ ဘာကြောင့်များ လှုပ်ရှားခုန်ပေါက်လာနိုင်မိပါလိမ့်။ ဘယ်ဘက်ရင်အုံ အောက်ဘက်ထဲက အလိုအလျောက် တဒုတ်ဒုတ် မြည်လာတဲ့ နှလုံးခုန်သံကို ကိုယ့်ဘာသာ အံ့အားသင့်နေမိဆဲ။





"ဟင်"

ရုတ်တရက် ဒီဘက်ကို အမှတ်မထင် လှည့်ကြည့်လိုက်တဲ့ အိမ့်ဦးဟာ သူ့ရဲ့နောက်နားကျကျနားလေးက ရေချမ်းကိုမြင်သွားကာ နှုတ်က "ဟင်"ခနဲ ထွက်သွားရုံမက လက်ညှိုးကလေးက ယောင်ယမ်းပြီး ရေချမ်းထံ ထိုးညွှန်မိသလို ဖြစ်သွားပါသည်။

ရေချမ်းက အိမ့်ဦး ပုံစံလေးကို ရယ်ချင်တာနှင့် ပေါင်းပြီး လှမ်းပြုံးပြလိုက်တာမို့ သူမကလည်း ပြုံးတုံ့တုံ့ကလေး မချိုမချဉ် လုပ်နေပါသည်။ အင်း။ ချစ်စရာလေးပဲ။ အစ်ကိုကြီးကိုတော့ လေးစားသွားပြီ။ သူ အရင်ဆုံး ဒီကောင်မလေးရဲ့ ဖမ်းစားနိုင်မှု ဆွဲဆောင်မှုတို့ကို သတိပြုမိခဲ့တာလေ။ အဲဒီတုန်းက ရေချမ်းစိတ်ထဲ ဘယ်လိုမှတောင်မနေ။ အပေါ်ကနေ လှမ်းမြင်နေဖူးပေမယ့် ရင်ခုန်လောက်တယ်မထင်။

အခု ဘယ့်နယ် ဖြစ်ပါလိမ့်။

ထိုစဉ်တုန်းမှာပဲ သူတို့စီးရမည့် ဘတ်စ်ကားက ဝင်လာပါသည်။ အိမ့်ဦးက ဒီကားကို ရေချမ်းတက်မှာလားသိချင်သလို မသိမသာ ငဲ့စိုးကြည့်သည်။ ရေချမ်းကလည်း တက်ရမှာပင်။ သူက မြို့ထဲမြန်မြန်ရောက်ချင်နေပြီ။ ပြိုင်ပွဲရဲ့ Result ကို သိချင်နေပြီ။ အရေးထဲ သံလွင့်ဆီကို ဝင်ရဦးမည်လေ။

ရေချမ်းလည်း တက်မည့်ဟန် ကားနားကပ်လာ၍ အိမ့်ဦးက ဝမ်းသာရွှင်မြူးစွာ ကားပေါ်တက်လိုက်သည်။ ရုံးသွားချိန် နည်းနည်းလွန်လာပြီဖြစ်၍ ကားကမကျပ်လှတော့ပါ။ အိမ့်ဦး



www.burmeseclassic.com

www.burmeseclassic.com



က အထဲထဲကို အလယ်နားအထိ တိုးဝင်ရင်း ရေချမ်းတက်လာတာကို လှမ်းကြည့်နေပါသည်။ ဒီနေ့ တ်ထားပုံက သူ့ကို လှငယ်ဆန်စေတယ်လေ။

လက်ထဲမှာ နားကြပ်ကို ပလတ်စတစ်အိတ်နှင့် ထုတ်ပြီး ကိုင်မထားလျှင် သူ့ကို ဘယ်သူကမှ ဆရာဝန်တစ်ယောက်လို့ ထင်မယ်မထင်။ သူ့မျက်လုံးတွေက စိတ်ရှည်ကြင်နာတတ်တဲ့သဘော ဆောင်ပေမယ့် ပုံစံက အရမ်းလွတ်လပ်ပေါ့ပါး လှငယ်ဆန်သလားလို့လေ။ လက်ထဲက နားကြပ်မြင်တာတောင် ကိစ္စရှိလို့ သူများနားကြပ်ကိုင်လာသလားလို့ ထင်ရအောင် သူနှင့် နားကြပ်က တစ်သားတည်း မဖြစ်ပဲ ရှိနေသည်။

အိမ့်ဦးတောင်မှ သူ့ကို ဈေးထဲမှာ "ဒေါက်တာ" ခေါ်ပြီး လှမ်းစကားပြောတာ သူက ပြန်ပြောတာတွေ မြင်မထားသိမထားမိလျှင် သူ့လက်ထဲ နားကြပ်တွေ့တဲ့အခါ ဆရာဝန်လို့ ထင်ချင်မှ ထင်မှာ။ နားကြပ်ကြီးပါလားလို့သာ တွေးရုံ တွေးမိမှာ။

"လက်မှတ်လေးတွေ ဝယ်ထားမယ်ခင်ဗျာ"

အိမ့်ဦးက လက်ထဲ အသင့်ဆုပ်ကိုင်ထားတဲ့ နှစ်ရာတန်ကို ပြန်ငုံ့ကြည့်မိကာ ရင်ကလေးဖိုဖိုနှင့် လွယ်ထားတဲ့အိတ်ရဲ့ ဘေးအိတ်ထဲက အကြွေခေါက်ထဲ နှစ်ရာတန်တစ်ရွက် ထပ်ရှာထုတ်ယူကာ ...

"နှစ်ယောက်"





"နှစ်ယောက်၊ နောက်တစ်ယောက်က ဘယ်သူလဲ၊ ဒီအစ်မလား"

"ဟုတ်အင်း"

အိမ့်ဦးက မျက်နှာလေး ရဲရဲနှင့် ရေချမ်းဘက် မေးလေးထိုးညွှန်လိုက်လျှင် ရေချမ်းက ပျာပျာသလဲနှင့် ...

"ဟာ ... မဟုတ်ဘူးလေ၊ ကျွန်တော် ပေးလိုက်ပါ့မယ်"

စပယ်ယာက ရေချမ်း လက်ထဲက ထောင်တန်ကို ကြည့်ရင်း ...

"မပေးနဲ့တော့ အစ်ကိုရေ၊ သိမ်းထားလိုက်တော့၊ ကျွန်တော်လည်း မအမ်းနိုင်ဘူး"

ရေချမ်းသည် သူ့ကို သေချာမကြည့်ဘဲ မျက်နှာလွှဲလွှဲမှာ မျက်တောင်ဝဲဝဲလေး စင်းချလျက် ရှက်ကိုးရှက်ကန်းလိုလိုရုပ်လေးနှင့် အိလည်လည် ရှိနေသည့် အိမ့်ဦးကိုကြည့်ကာ ရယ်လည်းရယ်ချင်၊ ချစ်စနိုးကလေးလည်းဖြစ်ကာ အိမ့်ဦးအနားနည်းနည်းပိုနီးအောင် တိုးကပ်လာရင်း ...

"နှစ်ခါရှိပြီ၊ နောက်တစ်ခါ ကျွန်တော် ပေးမယ်နော်"

"အမယ် ... မလိုပါဘူးနော်၊ နောက်တစ်ခါလည်း ဒီလို ကြုံချင်မှ ကြုံမှာပါ"

"ကြုံဦးမှာပေါ့ဗျ၊ ဒီနားမှာပဲ နေကြတာပဲဟာ"

အိမ့်ဦးသည် သူ စကားလာပြောတဲ့ အဖြစ်ကို ရင်ခုန်ကျေနပ်စွာ ရှက်သွေးလေး ခပ်ဖြာဖြာနှင့် မိုးမမြင် လေမမြင် ဘေးမမြင် ဘီမမြင် ဖြစ်နေစဉ် ...



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... အိမ့်ဦး"

ခေါ်သံနှင့်အတူ လက်ကိုလှမ်းဆွဲကိုင်လိုက်သူက အိမ့်ဦး ရပ်နေတဲ့အနားက ထိုင်ခုံမှာ ထိုင်နေတဲ့သူပင်။ အိမ့်ဦးက အံ့အားတသင့် ငုံ့ကြည့်မိကာ ...

"ဟင် ... ကျော့လေး"

"ဟယ် ... ဝမ်းသာလိုက်တာဟယ်၊ နင် ဘယ်ကတက်လာတာလဲ"

"အခု ဒီမှတ်တိုင်ကပဲ၊ နင်ကကော ဘယ်လိုလုပ် ရန်ကုန်ရောက်နေတာလဲ"

"အဟင်းဟင်း ... ငါရယ် ငါ့အမေရယ် မင်္ဂလာဆောင်တစ်ခုရှိလို့ ရန်ကုန်မှာ ဈေးလာဝယ်တာ၊ ရောက်နေတာလေးငါးရက်ရှိပြီ၊ နင့်လိပ်စာ မသိလို့ဟဲ့၊ သိရင်လာပါတယ် ငါ သုံး,လေးရက်နေရင် ပြန်တော့မှာဟဲ့၊ ပေး ... နင့်လိပ်စာ၊ နောက်နေ့ လာလည်မယ်၊ ဝမ်းသာလိုက်တာဟယ်"

အင်း ...။

နင် ဝမ်းသာပေမယ့် ငါ ဝမ်းမသာဘူးဟေ့။ ကိုယ်ရင်ခုန်တဲ့သူက အနားကပ်လာပါတယ် ဆိုနေမှ သူနဲ့စကားတွေပြောဖြစ်တော့မလို့ပါ ဆိုနေမှ၊ နင့်လောက် စကားများတဲ့ သူငယ်ချင်းပေါင်း ဘွားခနဲပေါ်လာတာ ငါ့အတွက်တော့ စားခါနီးကိတ်မုန့်ကြီး လမ်းတစ်ဝက်က လွတ်ကျရတဲ့အတိုင်းပါပဲ ကျော့လေးရယ်။





"နင် အခု ဘာလုပ်နေလဲ အိမ့်ဦး"

"ငါလား ... ဒီလိုပဲပေါ့ဟယ်"

"ဘာဒီလိုပဲလဲဟဲ့၊ ပြောစမ်းပါ"

"ဂရပ်ဖစ်ဒီဇိုင်းနဲ့ ပတ်သက်တာတွေပါဟာ၊ သိပ်မထူးခြားပါဘူး၊ နင်ရော"

ရေချမ်းက အိမ့်ဦးထံ ကြည့်တစ်ချက် မကြည့်တစ်ချက်နဲ့ စကားသံတွေကိုတော့ နားစွင့်နေပါသည်။ အိမ့်ဦးတဲ့ နာမည်လေးက။ ဟင် ... ဂရပ်ဖစ်ဒီဇိုင်းနဲ့ ပတ်သက်တာတွေ လုပ်တယ်ဆိုပါလား။ ဒါဖြင့် သူလည်း ကိုယ့်လို ကွန်ပျူတာဒီဇိုင်းပညာသည်ပဲပေါ့။ တိုက်တိုက်ဆိုင်ဆိုင်ပါလား။

"ဟဲ့ ... ငါ ဘာလုပ်နေလဲ မေးနေစရာလား၊ အရင်လိုပဲငါ့အမေဆိုင်ပဲ ကူထိုင်ပေးနေရတာပေါ့၊ တခြားဘာလုပ်ရမှာလဲ"

"မသိဘူးလေဟယ်၊ အပြောင်းအလဲများ ရှိသလားလို့ပေါ့"

"ဘာ့အပြောင်းအလဲမှ မရှိဘူး၊ ဟဲ့ ... နင် ရန်ကုန်မှာရည်းစားရနေပြီလား အိမ့်ဦး"

"ဟယ် ... နင် အော်ကြီးဟစ်ကျယ်နဲ့ လူကြားထဲ ဘာတွေလျှောက်မေးနေတာလဲ၊ ဒုက္ခပဲ"

"ဟစ် ... ဟစ် ... ဟစ်၊ ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူးပေါ့ဟဲ့၊ ဘာဖြစ်လဲ"

"ရှိစရာလား၊ ငါ့အလုပ်နဲ့ငါ အားတောင်မအားဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်၊ နင်တော့၊ ပိုဆိုးတာက နင် မအေးအေးမွန် တို့ မလွင်လွင်သန့်တို့နဲ့ နေနေတာဆို"

"အင်း ... ဟုတ်တယ်"

"ဒါဖြင့် သွားပြီပေါ့ဟ၊ နင်လည်း အပျိုကြီးလိုင်းထဲ ဝင်နေပြီပေါ့၊ ဟား ဟား ဟား"

"အောင်မာ ... ငါက သူတို့နဲ့ အသက်အရွယ်မှ မတူတာ၊ အပျိုကြီး ဖြစ်စရာလား"

"နောင်ကို ဖြစ်လာလတ္တံ့သော အလားအလာရှိတယ်လို့ ပြောတာ၊ ဟစ် ... ဟစ်"

ရေချမ်းက စကားသံတွေကြောင့် ပြုံးတုံ့တုံ့ ဖြစ်နေမိပါသည်။ ထိုင်နေတဲ့ ကောင်မလေးဆီက ကြားသိနေရသလောက် အင်ဖော်မေးရှင်းတွေကိုလည်း ခေါင်းထဲမှာ စပ်ဟပ်စဉ်းစားနေမိသည်။

နယ်ကလာတယ်။ သူ့ထက် အသက်အရွယ်ကြီးတဲ့ အပျိုကြီးနှစ်ယောက်နှင့် အတူနေတယ်။ ရေချမ်းတို့လိုပဲ အခန်းငှားနေကြတာ ဖြစ်လိမ့်မည်။ ဒီကွန်ဒိုမှာ လူအများ အခန်းစပ်တူငှားပြီး အဆောင်သဘောမျိုး နေကြတာတွေ အတော်များပါသည်။

"နင် ဘာဖြစ်နေတာလဲ၊ ဘာအရေးကြီးနေတာလဲဟင်"

ကျော့က စကားပြောရင်း အိမ့်ဦးပုံစံက လူနှင့်စိတ်နှင့် သိပ်မကပ်လှတာ သတိထားမိသွားပုံ ရပါသည်။ ဟိုကြည့် ဒီကြည့် အကဲခတ်ရင်း နဂိုကတည်းက လျှင်တဲ့သူပီပီ မလှမ်း





မကမ်းမှာ အပြုံးတစ်ဝက်နှင့် ရပ်နေသည့် ရေချမ်းကိုမြင်လျှင် အိမ့်ဦးနှင့် အဆက်အစပ် တစ်စုံတစ်ရာရှိမှာကိုလည်း ဒက်ခနဲ ရိပ်မိသွားလေသည်။

ခပ်တိုးတိုးလေသံနှင့် ...

"ဘယ်သူလဲ အဲဒါ"

"ဘယ်သူမှ မဟုတ်ပါဘူး"

"မညာနဲ့၊ နင့်ရုပ်ကို ငါသိတယ်နော်"

"အိမ်နီးနားချင်းပါဟာ"

အိမ့်ဦးကလည်း လေသံဖျဖျလေးနှင့်ပင် စကားနည်းရန်စဲ မြန်မြန်ဝန်ခံလိုက်ပါသည်။ ကျော့က ရေချမ်းလက်ထဲက နားကြပ်ကို မြင်သွားကာ ...

"ဟင် ... ဆရာဝန်လား၊ ဟုတ်လား"

"အင်း"

ဒီတစ်လုံးတည်း ဖြေရတာကိုပင် အိမ့်ဦးရင်မှာ အတော်ကျေနပ် ဂုဏ်ရှိသွားသလိုပင်။ သူတို့သူငယ်ချင်းတစ်စုက မြီးကောင်ပေါက် အရွယ်ကတည်းက သူတို့မြို့မှာ ရှားပါးတဲ့ ဆရာဝန်ဆိုတဲ့ လူတန်းစားအပေါ် အထင်တကြီး တခုတ်တရ ရှိလှတာမို့ပင်။

"နင်နဲ့ဘာလဲ ... မှန်မှန်ဖြေ"

"ဘာမှမဟုတ်ပါဘူးဆို"

"အိမ်နီးချင်းဆိုတာထက်တော့ နည်းနည်းကို ပိုရမယ်ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ ကျော့လေးရဲ့ ခပ်အုပ်အုပ် တိုးဖွဖွလေသံ မေးခွန်းလေးတွေက အိမ့်ဦး မျက်နှာကို တည်တည်ထားလို့ မရနိုင်အောင် ပြုံးတုံ့မိစေသည်။

"ပြောလေ"

"ယောတော် … ခက်ရချည်ရဲ့၊ ဘာမှမဟုတ်ပါဘူးဆိုနေမှ"

ငြင်းနေတဲ့ အိမ့်ဦး ရုပ်က ငြင်းသာငြင်း၍ သဘောကျနေတာမို့ ပြုံးစိစိ ဖြစ်နေပါသည်။ အဲဒီရုပ်က ကျော့ကိုပိုပြီး အယုံအကြည်မဲ့စေကာ …

"နင်နဲ့အီနေတဲ့ပုံပါဟာ၊ သူကလည်း ပြုံးတုံ့တုံ့ မချိုမချဉ်နဲ့"

အိမ့်ဦးကို ဆရာဝန်တစ်ယောက်နဲ့ တွဲယှဉ်မြင်ရတဲ့ အပေါ် ကျော့က စိတ်ဝင်တစား ဖြစ်နေပါသည်။ အိမ့်ဦးမျက်နှာကလည်း ဘယ်လိုမှ မပတ်သက်ပါဘူးလို့ ပြောလို့မယုံနိုင်အောင် ကြည်နူးရိပ်လေးက မသိမသာ ဝင်းပနေသည်လေ။ ကိုယ့်ဟာကိုယ်လည်း သိပါသည်။

"နင်တို့ ဘယ်သွားကြမလို့လဲ"

"မဟုတ်ပါဘူးဆိုဟာ၊ သူ့ဟာသူ ဘယ်သွားမလဲ၊ ငါဘယ်သိမလဲ၊ ငါက ငါ့ဟာငါ မြို့ထဲက ကုမ္ပဏီရုံးတစ်ခုကို သွားမလို့ပါ"

သူတို့ စကားပြောနေတုန်းပင်၊ ဘတ်စ်ကားက ဆေးရုံကြီး မှတ်တိုင်မှာ ရပ်တန့်လိုက်ရာ ရေချမ်းက အိမ့်ဦးဘက်





လှမ်း၍ နှုတ်ဆက်တဲ့ အပြုံးလေးတစ်ချက် ပြုံးပြလိုက်ပြီး ကားပေါ်က ဆင်းသွားပါသည်။

"ဟဲ့ … ဟဲ့ … ဆင်းသွားပြီဟဲ့"

ကျော့က ကားအပြင်ဘက်ကိုကြည့်ရင်း …

"သြော် … ဆေးရုံလာတာပဲဟဲ့၊ ဒါဆေးရုံမှတ်တိုင်ပဲဟာ၊ အေးပေါ့ဟဲ့၊ ဆရာဝန်ပဲ ဆေးရုံလာတာ ဖြစ်မှာပေါ့"

ကျော့က ရေချမ်းကို ခေါင်းလှည့်အောင် ကြည့်နေသလို အိမ့်ဦးကလည်း မတ်တတ်ရပ်နေသူမို့ ပြတင်းပေါက်ကနေ ခေါင်းငုံ့ပြီး လိုက်ငေးကြည့်နေမိပါသည်။ စပို့ရှပ်အနက်နှင့် ဂျင်းနှင့် စလွယ်သိုင်းထားတဲ့အိတ်နှင့် သူ့ပုံစံက ဆရာဝန်ဟန် ဂိုက်ဆိုက်တော့ မပေါက်ပေမယ့် သူ့ရုပ်သန့်သန့်လေးကတော့ ဆရာဝန်ရုပ်လို့ ပြောလို့ရပါသည်။

"အမယ်လေးဟယ် … ဒီလောက်ကြည့်ရ တော်လောက်ပါပြီ အိမ့်ဦးရယ်"

ကျော့က ပြောလိုက်မှပင် ငုံ့လိမ်ပြီး လိုက်ကြည့်နေမိတဲ့ လည်ပင်းနှင့် ဦးခေါင်းကို နေသားတကျလေး ပြန်နေလိုက်ရပါသည်။

"ကဲ … ပြောစမ်းပါဦး မိန်းမ၊ နာမည်က ဘယ်သူတဲ့လဲ"

* ○ *



www.burmeseclassic.com

www.burmeseclassic.com



မမကြည်က အိမ့်ဦးကို နှစ်သိမ့်ပြုံးပြရင်း ...

"အိုင်မ် ဆိုးဆောရီး အိမ့်ဦးရယ်၊ တစ်ယောက်တည်းရွေးတာဆိုတော့လည်း သိတယ်မဟုတ်လား၊ ချန့်စ်နည်းသွားတာပေါ့ဟယ်"

"အင်းပါ မမကြည်ရယ်၊ ဦး နားလည်ပါတယ်၊ ရသာရချင်တာ ပြိုင်ပွဲမှာ ကိုယ့်ထက်အများကြီး ဝါရင့်သမ္ဘာရင့်တဲ့ စီနီယာတွေ ပါမယ်ဆိုတာ သိပြီးသားပါ"

"ဒါပေမဲ့ဟဲ့ ဒီဇိုင်းဆိုတာမျိုးက ကြီးတာ ငယ်တာ စီနီယာ ဂျူနီယာတွေနဲ့ မဆိုင်ပါဘူး၊ အိုင်ဒီယာမှာ စကားပြောသွားတာပါ၊ အနုဆုရတဲ့ကောင်လေးက ဆိုင်တွေဘာတွေဖွင့် အောင်မြင်နေတဲ့ ဒီဇိုင်းသမားမျိုး မဟုတ်ပါဘူး၊ လူငယ်ပဲ၊ ဒီလိုပဲ စမ်းသပ်တိုးဝင်နေဆဲ လူငယ်တစ်ယောက်ပဲတဲ့ ...

ဟိုမှာ သူဆုရတဲ့ ဘစ်လ်ဘုတ်ဒီဇိုင်း ချိတ်ထားပေးတယ်လေ၊ သွားကြည့်လေ အိမ့်ဦး"

"ဟုတ်ကဲ့ ... မမကြည်"

အိမ့်ဦးက မမကြည် စားပွဲမှခွာကာ ဆုရဒီဇိုင်းကို ချိတ်ဆွဲပြသထားသည့် နံ့တစ်စ်ဘုတ်ကြီးရှိရာ လျှောက်လာခဲ့ပါသည်။ ရှေ့မှာရပ်ကာ ဆုရတဲ့ဒီဇိုင်းပုံကို လက်နဲ့ပင် နည်းနည်းပွတ်ကြည့်လိုက်မိသည်။





အင်း ...။ ဟုတ်တာပဲ။

ဆန်းသစ် ဖမ်းစားပေတာပဲ။ ဒါကြောင့်လည်း ဆုရတာပေါ့။ ပျိုးပြက်လင်းလက်ပြီး ကြော်ငြာကုန်ပစ္စည်းကို အသက်ဝင်နေစေသည်။ သက်မဲ့ဟာ သက်ရှိလို ခုန်ပျံမြူးကြွားနေသည်။ ဆုရထိုက်ပါတယ်လေ။

အိမ့်ဦးက ဘေးမှာ ချိတ်ဆွဲထားသော စာရွက်ပြတ်လေးပေါ်မှ ဆုရရှိသူရဲ့ ကိုယ်ရေးအကျဉ်းကို လှမ်းဖတ်လိုက်မိပါသည်။

| | | |
|---|---|---|
| အမည် | ။ | ရေချမ်း |
| နိုင်ငံသားအမှတ် | ။ | (............) |
| မွေးသက္ကရာဇ် | ။ | ၁–၁–၁၉၈၅ |
| ပညာအရည်အချင်း | ။ | B.A(Eng:) |
| | | Dip in graphic Design(......) |
| နေရပ်လိပ်စာ | ။ | အခန်း(...) တိုက် D<br>တကောင်းရာဇာကွန်ဒိုအိမ်ရာ၊<br>(.........)မြို့နယ်၊ ရန်ကုန်မြို့။ |

စာကိုဖတ်ပြီး အိမ့်ဦးက မျက်မှောင်ကြုတ်သွားရပါသည်။ တကောင်းရာဇာကွန်ဒိုအိမ်ရာ တိုက် D.က ရေချမ်း။ ကြည့်စမ်း။ ဒါ ဟိုဖုန်းမင်းသားပေါ့။ နောက်ဆုံး ရန်ဖြစ်တုန်းက သူနဲ့ ဖုန်းပြောနေတဲ့ ကောင်မလေးထံက "ကိုရေချမ်း" ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို ကြားလိုက်ရတယ်လေ။ နာမည်လေးက အေးချမ်းသလောက် လူက ငအီ။ လက်စသတ်တော့ သူက ဒီနိုင်းပြိုင်ပွဲရဲ့ ဆုကြီးကို ဆွတ်ခူးသွားတယ်တဲ့။

ဆုကြေးငွေက ဆယ်သိန်းကျပ်တောင်လေ။ ဒီလူ ရသွားတာကို မကျေနပ် မနာလိုလိုက်တာမှ ဒေါသတွေတောင် တချောင်းချောင်း ထွက်လာသည်။ မျက်နှာကြီး ရှုပ်လာကာ သူ့ရဲ့ဒီဇိုင်းကိုလည်း မှဒိတာမပွားနိုင်တော့။ မကောင်းဘူးလို့ မပြောနိုင်ပေမယ့် အရောင်တွေက စူးရဲတောက်ပလွန်းသလိုပါ။ ဖြစပ်စပ် တွဲစပ်မှုတွေနဲ့ လင်းလက်ဝင်းပြက်နေတဲ့ သူ့ရဲ့ကြော်ငြာဒီဇိုင်းကို ရွေးချယ်တဲ့လူကြီးတွေ အိပ်ငိုက်နေတုန်း အမှတ်ပိုပေးမိတာ ဖြစ်ရင်ဖြစ်မှာပေါ့။

အိမ့်ဦးက စိတ်တိုတိုနှင့် ခပ်မှန်းမှန်း လျှောက်တွေးပစ်ရင်း မမကြည် စားပွဲရှိရာဆီ ပြန်လျှောက်လာသည်။

"ဟဲ့ကောင်မလေး၊ မျက်နှာက ဘာဖြစ်လာတာလဲ၊ ဒီကောင်လေးရဲ့ဒီဇိုင်းက ပေါ်လွင်ဆွဲဆောင်မှုရှိပြီး ပစ်မှတ်ထားတဲ့ စားသုံးသူဆီ ကြော်ငြာရဲ့ဆိုလိုရင်း ထိထိရောက်ရောက် ရောက်တယ်ဆိုတဲ့ မှတ်ချက်နဲ့ အရွေးခံရတာဟဲ့"

"ဟွန်း ... အထင်မကြီးပါဘူး"

"ဟယ် ... ဘယ်လိုဖြစ်ရတာလဲ"

"အဲဒီ ရေချမ်း ဆိုတဲ့လူက အလကားလူ"





"ဟင် ... ဘာဖြစ်လို့လဲ အိမ့်ဦးရဲ့"

"ဦးတို့အိမ်နဲ့ သူတို့အိမ် အမြဲဖုန်းလိုင်းပူးနေတာ၊ ဖုန်းဆက်ချင်လို့ ကောက်ကိုင်လိုက်ရင် သူ ဖုန်းပြောနေသံကြားရတာနဲ့ပဲ တိုးနေတာ၊ အားအားရှိသရွေ့ ကောင်မလေးတွေနဲ့ပဲ ဖုန်းပြောနေတာ လိုင်းကိုမအားဘူး၊ မိန်းမလည်း ခပ်ရှုပ်ရှုပ်"

"ဩော် ... သူ့ဟာသူ မိန်းမရှုပ်ရှုပ် မရှုပ်ရှုပ် ကိုယ်နဲ့ဘာဆိုင်လဲ အိမ့်ဦးရယ်၊ သူ့လက်ရာ သူ့အိုက်ဒီယာကတော့ ကောင်းပါတယ်၊ သူ့ဟာသူ ဘယ်လိုလူစားဖြစ်ဖြစ် ကိုယ်နဲ့ပတ်သက်စရာ အကြောင်းမှမရှိတာ။ ကိုယ်နဲ့က ဒီဂရပ်ဖစ်ဒီဇိုင်းလုပ်ငန်းမှာပဲ လာတိုက်ဆိုင်နေတာ။ တခြားဟာကြည့်မနေနဲ့၊ သူ့လက်ရာပဲကြည့်"

"သူ့လက်ရာလည်း မကြိုက်ပါဘူး"

အိမ့်ဦးက နှုတ်ခမ်းတိုး၍ပင် စူပုပ်ပုပ် ပြောလိုက်ပါသည်။ မမကြည်ကတော့ ကလေးဆန်တဲ့ အိမ့်ဦးရဲ့ အပြောအဆို အမူအရာတို့အတွက် သဘောတွေကျပြီး ရယ်မောနေလေသည်။ အိမ့်ဦးကတော့ မရယ်နိုင် မှဒိတာမပွားနိုင်ဘဲ ရေချမ်း ဆိုတဲ့လူကို မနာလိုတိုရှည်ဖြစ်၍ မဆုံးပင်။

"ဦး ပြန်တော့မယ် မမကြည်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး၊ နောက်လည်း ပြိုင်ပွဲလေးတွေ ဘာတွေရှိရင် အကြောင်းကြားလိုက်မယ် သိလား"

အိမ့်ဦးက မမကြည်ကို နှုတ်ဆက်ပြီး ခပ်ငိုင်ငိုင် ပြန်လာခဲ့ပါသည်။

* ○ *





၈

"တူတူ ... တူတူ"

တယ်လီဖုန်း မြည်လာသံကြောင့် အိမ့်ဦးက မောက်စ်လေးချပြီး ကွန်ပျူတာစားပွဲရှေ့က ထ,လာခဲ့ပါသည်။

"ဟယ်လို"

"မအိမ့်ဦးအောင်နဲ့ စကားပြောချင်လို့ပါ၊ ဒီဖုန်း မှန်ပါတယ်နော်"

ယောကျ်ားသံတစ်သံကြောင့် အိမ့်ဦးက အံ့အံ့သြသြလေးနှင့် ...

"ဟုတ်ကဲ့ပါ၊ အခု အိမ့်ဦး ပြောနေပါတယ်"

"ဟဲ့ ... ဩော် ... အိမ်ဦးလား"

"ဟုတ်ကဲ့"

"အိမ့်ဦး ... ငါပါဟ၊ ဇော်လတ်ပါ၊ ကိုကိုဇော်လေ"

"ဇော်လတ် ! "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ကောင်မလေး၊ နင်ကဟာ တစ်ရပ်တည်းသားချင်းတွေ နာမည်တောင် မမှတ်မိတာ မကောင်းပါဘူးဟာ၊ နင့်စက်ဘီးနဲ့တိုက်လို့ ခြေသလုံးမှာ သေရာပါတဲ့ အနာရွတ် ရသွားတဲ့ အဖြစ်အပျက်တော့ မမေ့တန်ကောင်းပါဘူးနော်"

"ဟယ် ... ဟဲ့တော့၊ ကိုကိုဇော်လား"

"ဝေါ ... ကိုကိုဇော်ပါ ဆိုနေမှ"

"ဟာ ... သမီးက ဘယ်ထင်ပါ့မလဲ ကိုကိုဇော်ရဲ့၊ ကိုကိုဇော်က စင်ကာပူမှာကို၊ ဒီမှာမှ မရှိတာ"

"ဟဲ့ ... စင်ကာပူကနေရော ဖုန်းဆက်လို့ မရတာကျနေတာပဲ၊ ဒါပေမဲ့ ငါ အခု ရန်ကုန်မှာ"

"ဟင် ... ဟုတ်တယ် !"

အိမ့်ဦးကျွ ဝမ်းသာအားရ တာအံ့တသြ ဖြစ်နေရပါသည်။ မွေးရပ်မှာတုန်းက တစ်ရပ်ကွက်တည်း ခြံဝိုင်းချင်းကပ်လျက်နေခဲ့ကြတဲ့ မောင်နှမရင်းချာလို ရင်းနှီးသူတွေပါ။ အိမ့်ဦးရဲ့အစ်ကို ထူးထိုက်အောင်ရဲ့သူငယ်ချင်း ဇော်လတ်။ အိမ့်ဦးကတော့ ကိုကို့ကို ကိုကိုအောင်လို့ ခေါ်သလို သူ့ကို ကိုကိုဇော်လို့ခေါ်ခဲ့တာ။ ကိုယ့်ကိုယ်ကိုယ်လည်း ဖေဖေ မေမေ ကိုကိုအောင်တို့ကို ပြောသလိုပဲ သမီးလို့ ထည့်ပြောတဲ့အကျင့် စွဲခဲ့တာပါ။

ကိုယ့်ထက် ခုနစ်နှစ် ရှစ်နှစ်ကြီးမည့် အစ်ကိုကြီးအရွယ်မို့ သူကလည်း ညီမလေးလို ကိုယ်ကလည်း အစ်ကိုရင်းလို ရင်းနှီးချစ်ခင်ခဲ့ကြတာပါ။





"ကိုကိုဇော် ဘယ်တုန်းက ရန်ကုန်ပြန်လာတာလဲ"

"နှစ်ရက်ပဲ ရှိသေးတယ်ဟ"

"ကြီးကြီးတို့ဆီ တန်းမပြန်ဘူးလား"

"ဒီမှာ နှစ်ပတ်လောက်တော့ နေရဦးမယ်ဟ၊ ကိစ္စပိစ္စလေးတွေ ပါလာသေးတယ်၊ ငါ ဒီမှာ အခန်းလည်း ဝယ်ထားတယ်လေ၊ သူငယ်ချင်းတစ်ယောက်က လူတစ်ကိုယ်နေစာလေး အဆင်ပြေအောင် ဝယ်ဖြည့်ရှင်းလင်းပေးထားလို့ အဲဒီတိုက်ခန်းမှာ ခဏနေနေတယ်"

"ကိုကိုအောင်နဲ့ မတွေ့ဘူးလားဟင် ကိုကိုဇော်"

"တွေ့တာပေါ့ဟ၊ အမြဲတွေ့တာပေါ့"

"အဲဒီ ကိုကိုအောင်က ညီမဆီ ဖုန်းလေးဘာလေး မှန်မှန်မဆက်ပါဘူး၊ မေ့လောက်မှတစ်ခါ။ တစ်လတစ်ခါလောက်ဆက်ရင် တော်သေးတာပေါ့၊ သုံးလေးလတောင် တစ်ခါမဆက်ဘူး၊ တကယ်ပဲ"

"အိမ့်ဦးရယ်၊ ဟိုမှာလည်း ရှန်းရကန်ရနဲ့ မအားကြဘူးဟ၊ သူတို့ဆို မိန်းမနဲ့ ကလေးနဲ့၊ မိန်းမရော ယောကျ်ားရော အလုပ်လုပ်တော့ ကလေးပေါက်စလေးတောင် ကလေးပြုစုစောင့်ရှောက်ရေး ပို့ထားရတာ၊ အလုပ်ကပြန်လာရင် ချက်ကြပြုတ်ကြ လျှော်ကြ ဖွပ်ကြနဲ့၊ ကလေးကျန်းမာရေးကတစ်ဖက်၊ အားလပ်နေကြတာ မဟုတ်ဘူးဟ၊ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခွင်မှာ စလုံးသူဌေးတွေက ပရက်ရှာက ပေးသေးတာ၊ အလုပ်သမားတွေ ဝန်ထမ်းတွေကလည်း လျှော့နေကြတာ ဆိုတော့ လျှော့တဲ့ထဲ ကိုယ်မပါအောင် မနည်းကြည့်ကျက် နေရ ကြိုးစားရပ်တည်ရတာဟ၊ စထရက်စ်ကလည်း များ သေး၊ လူလည်းပင်ပန်းသေး၊ နိုင်ငံခြားမှာနေတဲ့လူတွေကို ကြော့ကြော့လေး အဆင်ပြေနေတယ်ချည်း နင့်မထင်နဲ့ အိမ့်ဦး၊ တကယ်အခြေတကျ အေးချမ်းသွားပြီ အစစပြည့်စုံ နေပြီဆိုတဲ့ သူက လက်ချိုးရေလို့ရတယ် ...

ရန်းကန်ကြိုးစားနေကြရတာတွေချည်းပဲ၊ ဟိုမှာ နိုင်ငံ ခြားသားဟ၊ သူတို့နိုင်ငံသား မျက်နှာတွေကို ကြည့်ပြီးနေ ရတာ၊ ဖုန်းလေးအကြိမ်စိမ်စိပ် မဆက်တာလေးလောက် ကို နင် စာဖွဲ့မနေနဲ့၊ နားလည်ပေးစမ်းပါဟာ၊ ခုလည်းပဲ ညည်းဖို့ ဝယ်ခြမ်းထည့်ပေးလိုက်တဲ့ လက်ဆောင်ပစ္စည်း တွေ မနည်းပါဘူး၊ တစ်ပုံကြီးပဲ၊ အန်တီတို့ဖို့တောင် နည်းနည်းပါးပါးရယ်"

"အမယ်လေး ... မှားပါတယ် ကိုကိုဇော်ရယ်၊ သူ့သူငယ် ချင်းဘက်ကပဲ ကာကွယ်လိုက်တာ မိုးကိုမွှန်နေတာပဲ တစ်ခါတည်း၊ ရုန်းကန်ရတဲ့ အစ်ကိုဆီက ဖုန်းမျှော်မိလို့ သမီး အပြစ်တွေချည်းပါပဲ"

"ဟား ဟား ဟား"





ကိုကိုဇော်ကတစ်ဖက်က အားရပါးရ ရယ်သည်။ အိမ့်ဦးကလည်း ကိုယ့်အစ်ကိုတစ်ယောက်နှယ်ပင်ဖြစ်တဲ့ ကိုကိုဇော် နှင့် ဖုန်းစကားပြောရတာကို ပျော်နေမိပါသည်။

အဲဒီအချိန် တစ်ဖက်သော တိုက် D မှာတော့ ကိုကိုကြီးက ဖုန်းကိုကောက်ကိုင်မ,လိုက်က ဆက်မည်ပြင်ပြီးမှ ...

"ဟာ ... ဖုန်းလိုင်း ပူးနေတယ်ကွ"

တီးတိုးလှည့်ပြောလိုက်ပါသည်။ ထို့နောက်ဖုန်းကို ပြန်ချလိုက်ရင်း ...

"ရေချမ်း ... မင်းရဲ့ပြဿနာမီးခဲမ,ပဲ ထင်တယ်ကွ၊ ဖုန်း ပြောနေတယ်"

"ဟုတ်လား"

"အေးကွ၊ ကောင်တစ်ကောင်နဲ့ ဖုန်းပြောနေတယ်၊ ရယ် မောရွှင်မြူးနေကြတာပဲ"

"ဖုန်းလိုင်းပူးတဲ့အတွက် ကျွန်တော်တို့ဘက်မှာလည်း ပြော ချင်တာ ပြောခွင့်မရဘဲ ဒီလိုပဲ စောင့်တဲ့အခါ စောင့်ရတယ် ဆိုတာ ဒီသကောင့်သမီးက နားမလည်ဘူး၊ သူချည်းပဲ စောင့်ရတယ် ထင်နေတာ"

"ဟုတ်ပါ့ကွာ၊ ငါလည်း ဟိုနေ့က ဖုန်းဆက်စရာရှိလို့ ဖုန်းကို မ,လိုက်တိုင်း ဟိုဘက်ကနေ လေဒီတစ်ယောက် စာရင်းတွေ ခေါ်နေတာနဲ့ချည်း ကြုံနေတာ၊ ငယ်ငယ်တော့ မဟုတ်ဘူးကွ၊ နည်းနည်းကြီးတယ်၊ ဟိုဘက်နဲ့ ဒီဘက်



www.burmeseclassic.com

www.burmeseclassic.com



စာရင်းဇယားတွေ ဖုန်းထဲတာနေ ခေါ်ပေးနေတာကွာ၊ မပြီးနိုင်တော့ဘူး၊ ရှုးတောင်ရှူးချင်တယ်၊ နာရီဝက်ကျော်တယ် စောင့်ရတာ"

ရဲဝံ့ကလည်း ဝင်ပြောလိုက်လျှင် ...

"အေးလေ ... ငါတို့လည်း ဒီလိုပဲ စောင့်နေရတာ၊ ဒီကောင်မလေး နည်းနည်းပါးပါး သိအောင် မင်းပြောထားပေါ့ကွ၊ ရေချမ်းရ"

"အစ်ကိုကြီး ကိုင်လက်စဟာကို အစ်ကိုကြီး ပြောလိုက်ပါလား"

"ငါ့အသံကို သူလည်းမသိဘူး၊ အစိမ်းဖြစ်နေမှာ၊ မင်းနဲ့က အသံချင်း ရင်းနှီးပြီးသား၊ အသံချင်း ရန်ဖက်ဖြစ်ပြီးသား၊ မင်းပြောမှ အသားပါတာ၊ ငါလည်း အခုစောင့်နေရပြီ တွေ့လား ဆိုတာ မင်းပြောမှထိမှာ ရေချမ်းရ"

"အေး ... ဟော့ကောင်၊ ဟုတ်တယ်၊ သွား ... သွား ... နည်းနည်းဖြလိုက်စမ်း ဟော့ကောင်၊ ကိုယ့်အလှည့်ကျတော့ ဒီတိုင်းသည်းခံမနေနဲ့"

အားလုံး ဝိုင်းမြှောက်ပေး တွန်းလွှတ်လိုက်ကြ၍ နဝိုကလည်း အောင့်သက်သက်အခံနှင့် ရေချမ်းက ဖုန်းဆီထလာခဲ့ပါသည်။ ဖုန်းကို ကောက်ကိုင်လိုက်လျှင် ...

"အား ... ဟား ဟား ဟား ... ကိုကိုဇော်က ရယ်ရတယ်ကွာ၊ သိပ်ပိုတယ်"



"ဟား ဟား ... တဲ့ ပြော၊ ညနေကျရင် ရှိမယ်နော် အိမ်မှာ"

"အင်း ... အင်း ... ရှိတယ်၊ မြန်မြန်သာလာခဲ့၊ ဘာလက်ဆောင်တွေ ပါလာလဲ မြင်ချင်လှပြီ"

ရေချမ်းက နှုတ်ခမ်းကိုတွန့်ရင်း ဖုန်းခွက်တင်တဲ့ ဘုကလေးကို တချောက်ချောက်နှင့် အသံမမြည် မြည်အောင်နှိပ်ရင်း ...

"ဟဲလို ... ဟယ်လို ... ကျွတ် ... လိုင်းကပူးနေပြန်ပြီ၊ ဖုန်းကောက်ကိုင်လိုက်ရင် သူနဲ့ ယောကျ်ားလေးတစ်ယောက်ယောက် ဖုန်းပြောနေတာချည်း ကြုံရတာပဲ၊ ဒီတိုင်းသာဆိုရင် ဘယ်အချိန် သွားစကားပြောရမှာလဲ၊ ပြီးမပြီးနိုင်တော့ဘူး"

ရေချမ်းသည် သူ့ကို အဲဒီအစွာမ ပြောနေကျစကားလုံးမျိုးတွေနှင့် တရစပ် အော်ဟာစ်ပစ်လိုက်ပါသည်။

"ဟ ... ဘာတွေလဲဟ"

တစ်ဖက်က ကိုကိုဇော် ရေရွတ်လိုက်လျှင် ...

"တစ်ချိန်လုံး လိုင်းပူးနေလို့ဗျို့၊ သူချည်းပဲ တစ်ယောက်ပြီးတစ်ယောက်နဲ့ ပြောနေတာ၊ မပြီးနိုင်တော့ဘူး၊ ဒီမှာ အရေးကြီးတဲ့ဖုန်းကောလ်တွေ ဆက်လို့ကိုမရတော့ဘူး၊ ဒီမှာ မအစ္စာ၊ ဖုန်းကို အခုမြန်မြန်ဖြတ်ပြီး ချပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



နောက်က ကိုကိုကြီးတို့ ရဲဝံ့တို့က "ဟေး"ခနဲ "ဟား"ခနဲ လက်ခုပ်တီးတဲ့သူကတီး အားပါးတရ အားပေးနေကြ ပါသည်။

"ဘာပြောတယ်၊ ဒီမှာ ရှင် ဘာဝင်ရှုပ်နေတာလဲ၊ ကျွန်မ ဖုန်းပြောတာ ဘာလို့ ချောင်းနားထောင်နေတာလဲ"

"ဘာမှ ချောင်းနားမထောင်ဘူး၊ ကိုယ်လုပ်တတ်တာတွေ ကိုယ်လာပြောမနေပါနဲ့၊ အခု အရေးတကြီးဖုန်းဆက်စရာ ရှိလို့ ကောက်ကိုင်လိုက်၊ မင်းကပြောနေလိုက် ဘယ်လောက် ကြာနေပြီလဲ"

"ဘယ်လောက်မှကို မကြာသေးဘူး၊ ခုလေးတင်မှပြောတာ"

"တော်စမ်းပါကွာ၊ ကြာကြာလှပြီဟာကို"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ၊ မဟုတ်ဘဲနဲ့မပြော ပါနဲ့"

"ဘာလို့ မဟုတ်ရမှာလဲ၊ ပြောင်ငြင်းနေပြန်ပြီ၊ ခုလောလော ဆယ်ကိုလည်း ပြောနေရက်နဲ့၊ ခင်ဗျားက ဘာလဲ၊ သူများ ဖုန်းပြောတာကျ မကြိုက်ဘူး၊ ခင်ဗျားပြောတော့ ကောင်း တယ်ပေါ့၊ စောင့်ကြပေါ့၊ ဟုတ်လား"

"ရှင် ပါးစပ်ပါတိုင်း ပေါက်ကရတွေ မပြောပါနဲ့၊ ရှင်ပြော ချင်တဲ့အချိန် ကျွန်မတို့က ပြောနေလို့ ရှင့်ဖုန်းမဆက်ရဘူး ဆိုတာ ဘယ်နခါများ ရှိသေးတာမို့လို့လဲ"

"အကြိမ်ကြိမ်ပဲ"





"ရှင် မညာနဲ့၊ ရှင် ဒီလိုရောချပြောတိုင်း ရမလား၊ တကယ် ဟုတ်တယ်ဆိုရင် အဲဒီအချိန်ကတည်းက ရှင် ခုလိုဝင်ရန် ထောင်မှာပေါ့"

"အလကားနေရင်း ရန်မလိုချင်လို့ပေါ့ဗျ၊ ခင်ဗျားတစ် ယောက်တည်းလို့လည်း မဆိုလိုဘူး၊ ဟိုကနေ့ညကဆို နည်းနည်းအသက်ကြီးတဲ့ မိန်းမတစ်ယောက် စာရင်းတွေ ကို ဖုန်းထဲကနေ ခေါ်ပေးနေလိုက်တာ မပြီးနိုင် မစီးနိုင်။ စိတ်တိုတိုနဲ့ပဲ ယဉ်ကျေးမှုအရ သည်းခံစောင့်ခဲ့ရတာပဲ"

အိမ့်ဦးက မျက်လုံးဝိုင်းသွားပါသည်။

ဟုတ်တယ်။ အဲဒါ မမမွန်လေ၊ ဟိုဘက်က သူ့ တပည့်မကို တွက်ဖို့ ချက်ဖို့ စာရင်းဇယားတွေ ဖုန်းထဲက ခေါ် နေတာ။ အိမ့်ဦးလည်း ကြားသည်။ အချိန်နည်းနည်း ကြာသည်။

"အခု ခင်ဗျားကိုတော့ တမင်အမြင်ကတ်လို့ ခုလိုဝင်ပြော တာ၊ ခင်ဗျားက ကျွန်တော့်ကို အမြဲဝင်ပြောနေကျကိုး၊ ကျွန်တော် မိန်းကလေးတွေနဲ့ ပြောတယ် ပြောတယ်နဲ့ ခင်ဗျားကျတော့ ယောကျ်ားလေးနဲ့ မပြောလို့လား၊ အခု ကြည့်လေ"

"ဘာရှင့်"

အိမ့်ဦးက ဒေါပွကာ ...

"ကျွန်မကို ရှင်နဲ့မနှိုင်းနဲ့"

"နှိုင်းစရာရှိ နှိုင်းရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က လူရှုပ်"

"ခင်ဗျားကရော"

"ကျွန်မက ဘယ်တုန်းကများ ယောကျ်ားလေးတွေနဲ့ ဖုန်း ပြောပြောနေလို့လဲ၊ အခုဟာက ကျွန်မရဲ့အစ်ကိုရင်း လိုနေတဲ့သူရှင့်"

"ဒါပေမဲ့ အစ်ကိုရင်းတော့ မဟုတ်ဘူးမို့လား ... ဟဲဟဲ"

"ဘာဟဲဟဲလဲ၊ ရှင်သာ လူရှုပ်လူပွေ"

"ကျုပ်ကို လူရှုပ်လူပွေ ပြောရအောင် ကျုပ် ဘယ်သူလဲ ခင်ဗျား သိလို့လား"

"သိတာပေါ့ရှင့် နာမည်ကျော် လူရှုပ်ကြီး ရေချမ်းလေ"

"ဘာဗျ"

ရေချမ်းက သူ့နာမည်ကို ဒီကောင်မလေး သိနေ အံ့အားလည်းသင့် ဒေါလည်းပွကာ ...

"ဘယ်လောက်တောင် ဖုန်းခိုးနားထောင်ထားတယ်ဆိုတာ ပေါ်လွင်နေတာပဲ တွေ့လား၊ သူများနာမည်တောင် လိုက် သိနေတယ်"

"ရှင်နော်"

"ကဲ ... ကဲ ... ကဲ ... ခဏလေးပါဗျာ၊ ခဏနေကြပါဦး ဟိုဘက်က နောင်ကြီးကို ကြားထဲကနေ ကျွန်တော် တောင်းပန်ပါတယ်ဗျာ"





"ဘာလို့ တောင်းပန်ရမှာလဲ ကိုကိုဇော်ကလည်း၊ ဘာမှ မတောင်းပန်နဲ့"

"နင်က နေစမ်းပါဟာ၊ ဒီမှာ နောင်ကြီး ... ကျွန်တော်က သူနဲ့ မောင်နှမရင်းလို ခင်မင်တဲ့သူပါဗျ၊ ခုလည်း သူ့အစ်ကို ဆီကပါတဲ့ လူကြုံထုပ် လာပေးဖို့ ဖုန်းဆက်ချိန်းနေတာပါ"

"ဟာ... ကိုကိုဇော်ကလည်း၊ သူ့ကိုများ ဘာကိစ္စနဲ့ ရာရာ စစ ရှင်းပြနေရတာလဲ"

"ရိုးရိုးသားသား စကားတွေ ပြောနေတာပါ၊ အချိန်လည်း မကြာသေးပါဘူး၊ ကျွန်တော့်ညီမကို အထင်မလွဲပါနဲ့၊ ကလေးလိုပါဗျာ၊ သူတစ်ပါးအပေါ် မကောင်းတဲ့စိတ် မရှိ ရှာပါဘူး၊ ခင်ဗျားတို့ဖုန်းပြောတာကိုလည်း ခိုးနားထောင် မယ့် မိန်းကလေးမျိုး မဟုတ်ရပါဘူးဗျာ၊ မထင်မှတ်ဘဲ အဖြစ်အပျက်တွေက ..."

"ကိုကိုဇော်"

ဇော်လတ်က အိမ့်ဦး အကျယ်ကြီးအော်ကာ ဟန့် လိုက်၍ စကားရပ်သွားရပါသည်။

"ဒီမှာခင်ဗျာ၊ တစ်ဖက်က မိတ်ဆွေကို ကျွန်တော်လည်း လေးစားပါတယ်၊ မိတ်ဆွေကိုလည်း ကျွန်တော်က ဘာမှ အပြစ်တင်လိုတာ ပြောဆိုလိုတာတွေ မရှိပါဘူး၊ သူ့ကိုပဲ ပြောချင်တာပါ၊ သူက ကျွန်တော် ဒီဘက်မှာ ဖုန်းပြောနေ ရင် အမြဲဝင်ဝင် နှောင့်ယှက်လို့ ဒီတစ်ခါ သူ့ကိုတစ်လှည့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်နှောင့်ယှက်ပြတာပါ၊ တခြားဘာသဘောမှ မပါဘူး ခင်ဗျ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်လည်း စကားတွေကြားတာနဲ့ သဘောပေါက်ပါတယ်"

"အဲဒီက နှောင်ကြိုး ကိုကိုဇော်ကိုလည်း ခုလို အနှောင့်အယှက်ပေးရတာ တောင်းပန်ပါတယ်"

"ရပါတယ်ဗျာ"

"ဒီမှာ ဦးရေချမ်း၊ ရှင် နေဦး"

"နေတယ်လေ၊ ဘာလဲ ပြော"

"ကိုကိုဇော် ဖုန်းခဏချလိုက်တော့"

"ဟေ"

"ပြီးမှ သမီး ပြန်ဆက်မယ်"

"ဟဲ့ကောင်မလေး ... နင် ..."

"ကိုကိုဇော် ဖုန်းခဏချပါဆို၊ သမီး သူနဲ့ ရန်ဖြစ်ဦးမယ်"

"ဟာ"

"ပြီးတာနဲ့ ပြန်ဆက်ပါမယ်ဆိုမှ"

"ပြီးရောဟာ"

ကိုကိုဇော် စိတ်ရှုပ်သွားသလို ဖုန်းကိုချပစ်လိုက်ပါတော့သည်။ ကိုကိုဇော် မရှိတော့မှ အိမ့်ဦးက အသံကိုပါမောင်းတင်ရင်း ...

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ပြော ... ဘာဖြစ်ချင်လဲပြော"





"ဘာမှမဖြစ်ချင်ဘူး၊ ခုလို ခင်ဗျား ဖုန်းဆက်မပြောဘဲ ဖုန်းချလိုက်ရင် ရပြီ၊ ပြီးပြီပေါ့"

"မပြီးဘူး၊ ဖုန်းကလည်း ခဏနေရင် ပြန်ခေါ်ပြီး ဆက်ပြောဦးမှာ၊ အခု ခဏပဲ ရှင်နဲ့စာရင်းရှင်းချင်လို့၊ ရှင်ဘာဖြစ်လို့ ကျွန်မအခစ်ကို,ကို ကျွန်မကပဲ ယောကျ်ားတွေအများကြီးနဲ့ ဖုန်းပြောသယောင်ယောင် ဘာဖြစ်လို့ ကုန်းတိုက်လိုက်တာလဲ"

"ကုန်းမတိုက်ပါဘူးဗျ၊ ခုလောလောဆယ် ပြောနေတာပဲလေ"

"ရှင် ဒီတစ်ခါပဲ ကြားတာမဟုတ်လား"

"မဟုတ်ဘူး"

"မဟုတ်ရအောင် ကျွန်မက တခြားယောကျ်ားလေးတွေနဲ့မှ ဖုန်းမပြောတာ"

"ဒါ ခင်ဗျားစကားပဲလေ၊ ညာရင်လည်း ညာနေမှာပေါ့"

"ရှင် ဝေ့လည်ကြောင်ပတ် လုပ်မနေနဲ့၊ ကျွန်မကို အငြိုးထားပြီး တမင်တကာ ဝင်နှောင့်ယှက်တာ မဟုတ်လား"

"ဘယ်ကလာဗျာ၊ အချိန်အားမရှိလိုက်တာ၊ ကိုယ့်အလုပ်ကိုယ်ရှုပ်လွန်းလို့ သူများကို နှောင့်ယှက်ဖို့ဆိုတာ အိပ်မက်ထဲတောင် မအားဘူး၊ ခင်ဗျားကို နှောင့်ယှက်တော့ ကျွန်တော်က ပိုက်ဆံဘယ်လောက်ရမှာမို့လဲ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ပိုက်ဆံစကားက ဘယ်ကဝင်လာတာလဲ၊ ရှင် ငွေတော်တော်မက်လား၊ ဟုတ်လား၊ ဆုကြေးငွေဆယ်သိန်း ရပြီးတာတောင် မတင်းတိမ်သေးဘူးလား"

"ဗျာ ... ဗျာ"

အိမ့်ဦးသည် စိတ်တိုတိုနှင့် မအောင့်နိုင် မအည်းနိုင် ပါးစပ်က သတိလက်လွှတ် ပြောထွက်လိုက်မိပြီးမှ "အိ"ခနဲ ကိုယ့်ပါးစပ်ကိုယ် လက်ဝါးနှင့်ပိတ်ကာ ကုပ်မှသွားမိပါသည်။ လွှတ်ခနဲ ထွက်မိပြီလေ။ တစ်ဖက်က ရေချမ်းကတော့ အင်မတန် ပင် အံ့အားသင့်သွားကာ ဇဝေဇဝါဖြင့် ...

"နေပါဦး၊ ခင်ဗျား ဘယ်သူလဲ"

"ဘယ်သူရမှာလဲ၊ သာမန်မိန်းကလေး တစ်ယောက်ပဲ ပေါ့"

"ဘယ်ကလဲ၊ (.........)ကုမ္ပဏီကလား"

"ဟင့်အင်း၊ မဟုတ်ဘူး"

"ခင်ဗျား ကျွန်တော့်ကို သိနေတယ် မဟုတ်လား"

"ရှင့်ကို မသိဘူး၊ ရှင့်နာမည်ကိုပဲ သိတာ"

"ကျွန်တော် ဆုကြေးဆယ်သိန်းရတယ်ဆိုတာက ဘာလဲ"

"မဟုတ်လို့လား၊ ရှင့်ရဲ့ဘစ်လ်ဘုတ်ဒီဇိုင်းပြိုင်ပွဲ ပထမဆု လေ"

"ဟာ ... ခင်ဗျား သိတယ်၊ ဒါဖြင့် အဲဒီရုံးကပေါ့"



BURMESE CLASSIC .com



"မဟုတ်ဘူး၊ တခြားနည်းနဲ့သိတာ၊ ကဲပါ ... အဲဒါက အရေးမကြီးပါဘူး၊ စကားရော ဖွဲ့ရောနဲ့ ရှင်လာရောမနေ နဲ့၊ ရှင်နဲ့ ကျွန်မက အာလာပသလ္လာပ လက်ဆုံကျစရာ အကြောင်းမရှိဘူး၊ ရှင် နောက်တစ်ခါ ကျွန်မဖုန်းပြောနေ တုန်း ခုလို ရိုင်းရိုင်းပျပျဝင်ပြီး အနှောင့်အယှက် မပေးပါ နဲ့"

"ဒါဖြင့် ခင်ဗျားလည်း ကျွန်တော် ဖုန်းပြောနေတုန်း ဒီလို ပဲပေါ့၊ ရိုင်းရိုင်းပျပျ ဝင်မနှောင့်ယှက်နဲ့ပေါ့"

"ရှင်က လွန်လွန်းအားကြီးတာ၊ ဝင်မပြောဘဲ ဘယ်သူက နေနိုင်တော့မလဲ"

"ဟင် ... ခင်ဗျားဘက်ကျတော့ ခင်ဗျား ဒီလိုကြက်မွေး လေးနဲ့ သပ်မချနဲ့လေ"

ရေချမ်းရဲ့နောက်မှာ ကိုကိုကြီး၊ ရဲဇံ၊ မိုးထက်၊ သံလွင်တို့က လှမ်းပြီး နောက်ပြောင်နေကြပါသည်။

"ဟော့ကောင် ... ဒီလောက်အကြာကြီး မင်း ထိန်းပြီးပြော ထားနိုင်တာ တော်တယ်ကွာ၊ ငါ့ညီလေး"

"ဟုတ်ကို ဟုတ်ပါတယ်ကွာ၊ ဒီကောင်မလေး ဒီကောင့် ဖုန်းတွေ ခိုးခိုးပြီး ချောင်းနားထောင်ရင်း ဒီကောင့်ကိုစွဲကို စွဲနေပြီ"

"သူနဲ့မှပဲ ပြောရမယ် ဆိုရင်လည်း ပြောပေးလိုက်ပါ ရေချမ်းရာ"



www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းသည် နောက်ကအသံတွေကြောင့် ရယ်ချင်ပက်ကျိ ဖြစ်လာသည်။ အမြင်ခပ်ကတ်ကတ်ရှိတဲ့ ဤကောင်မလေးနှင့် ဖုန်းပြောရတာပဲ ပျော်တောင် ပျော်လာသလိုလို။

"ခင်ဗျားကို တစ်ခုမေးရဦးမယ်"

"ဘာလဲ"

"ခင်ဗျား ကျွန်တော် သူများနဲ့ ဖုန်းပြောပြောနေတာကို မကြိုက်ပုံထောက်ရင် ခင်ဗျားနဲ့မှ ပြောစေချင်နေတာလား ဆိုတာပါ၊ ဒါကြောင့်များ အတင်းဝင်ဝင်ပြောနေလားလို့"

"ဘာ"

အိမ်ဦးက ဒေါသထွက်သွားကာ ...

"ရှင် နာတော့မယ် သိလား၊ ဟွန်း"

ဖုန်းဆောင့်ချသွားတဲ့ ကောင်မလေးကြောင့် ရေချမ်းက တဟက်ဟက် ရယ်နေမိပါသည်။

* ○ *



BURMESE CLASSIC .com



၉

"အိမ့်ဦး ... နင်လေ တဖြည်းဖြည်းနဲ့ အဲဒီ ဖုန်းမင်းသားကို ကြိုက်တောင် ကြိုက်နေပြီလို့ ငါ ထင်လာတယ် သိလား"

အိမ့်ဦး မျက်နှာသည် စိတ်လည်းဆိုး ရှက်လည်းရှက်ကွက်ခနဲ ပျက်ယွင်းနီရဲသွားရကာ ...

"မမသန့်နော်"

"နင်လေ တစ်ပတ်တစ်ကြိမ်လောက်တော့ အဲဒီလူနဲ့ ဖုန်းထဲကနေ ရန်လေးဖြစ်လိုက်ရမှဆိုတဲ့ အခြေအနေ ဖြစ်နေပြီ"

"ဟာ ... မမသန့်ကလည်း၊ သူနဲ့က ရန်မဖြစ်လို့ ရမလား၊ ဦး ဖုန်းပြောမယ်လုပ်တိုင်း သူနဲ့တိုးနေတာ"

"အဲဒါကိုပဲ ပြောနေတာ၊ ငါတို့မရှိချိန်တွေ ထားပါတော့၊ ငါတို့ရှိတဲ့နေ့တွေ အချိန်တွေလည်း နင်က ငါတို့ဖုန်းကို ပြောရမှာ အားနာတယ်ချည်း လုပ်နေတယ်၊ ငါတို့ဖုန်းတွေ ယူဆက်လိုက်ရင် နားအေးနေတဲ့ကိစ္စကို မဟုတ်ပြန်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



လိုင်းဖုန်းနဲ့ဆက်ရမှ ဖြစ်နေတာလေ၊ ငါတို့ဖုန်းတွေကို သိပ်အားနာနေရင် နင့်အမေဆီကို နဲ့လေးဆက်ပြီး မေမေရေ သမီးဖုန်းလေးတစ်လုံး ဝယ်ချင်လို့ပါဆိုရင်ကော နင့်အမေက ဝယ်မပေးနိုင်အောင် မွဲနေလို့လား၊ ဟုတ်လား၊ ကားတောင် ယူမလား မေးနေတာ၊ နင့်အမေက သူ့သမီးလေး ဘာလိုလဲ ကြည့်နေတာ"

"ဦးက ဖုန်းမှမလိုတာ၊ ဟန်းဒ်ဖုန်း ကိုင်ရလောက်အောင် ဦးက ဘာအလုပ်ကြီး အကိုင်ကြီးများ ကြီးကြီးမားမားလုပ်နေလို့လဲ မမသန့်ရယ်၊ ကုမ္ပဏီပိုင်ရှင်လည်းမဟုတ်၊ ဝန်ထမ်းလည်းမဟုတ်၊ ဟန်းဒ်ဖုန်းကြီး တကိုင်ကိုင်နဲ့ လူအမြင်ကတ်ချင်စရာ"

"အမယ်လေးဟယ်၊ ခုခေတ်မှာ အလယ်တန်းကျောင်းသူကျောင်းသားလေးတွေတောင် ဟန်းဒ်ဖုန်းတကိုင်ကိုင်နဲ့ပါဟယ်၊ ကိုယ့်မှာ အလုပ်ရှိရှိ မရှိရှိ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဟန်းဒ်ဖုန်းကိုင်တာ ဘာဖြစ်ရဦးမှာလဲ၊ ဘယ်သူ့ဂရုစိုက်နေရမှာလဲ အိမ့်ဦးရဲ့"

မမမွန်က တစ်ချောင်းထိုးနှင့် ခြုပဝါလေးတစ်ထည် ထိုးနေရာမှ မျက်မှန်ပင့်တင်ကာ အိမ့်ဦးထံ လှမ်းကြည့်ရင်း ...

"ပြီးတော့နော် ညည်း ခုတလော ဖုန်းဆက်စရာကိစ္စတွေလည်း ပိုများ များလာသလားလို့"

"အဲဒါကကော ဘာကိုပြောတာလဲ"

"အရေးပါတာရော မပါတာရော အားအားလျားလျားနဲ့ ဖုန်းဆက်လိုက်ဦးမယ်ဆိုပြီး ဖုန်းကို ကောက်ကောက်ကိုင်နေသလားလို့၊ ကျုပ်တို့ အိမ်ပြန်ရောက်ချိန် ညနေစောင်းတွေမှာတောင် ဒီလောက် တဖြုတ်ဖြုတ်နဲ့ ဖုန်းခေါ်ဖို့စဉ်းစားနေရင် နေ့လယ်နေ့ခင်း ငါတို့မရှိတုန်း ညည်း ဘယ်လောက်တောင် ဖုန်းမ,မ,ပြီး နားထောင်နေမလဲ စဉ်းစားစရာပဲ"

"မမွန်နော်၊ မမသန့်ရော ဦးကို ဝိုင်းပြောနေကြတာပဲ"

အိမ့်ဦးသည် မခံရပ်နိုင်ခြင်းတွေ သီးမွန်လာကာ ငိုမဲ့မဲ့ပင် ဖြစ်လာပါသည်။ မျက်နှာလေး နီရဲပြီး ပုပ်သိုးလာပါသည်။

"ဦးက ဘာလို့ အဲလိုလုပ်ရမှာလဲ"

"မသိဘူးလေ၊ မုန်းမုန်းနဲ့မဲ စွဲလမ်းနေလားလို့ပါ၊ လူတစ်ယောက်ကို အချစ်နဲ့ စွဲလမ်းနိုင်သလို အမုန်းနဲ့လည်း စွဲလမ်းနေတတ်တယ်လေ၊ မုန်းမုန်းနဲ့ ကိုယ့်ရင်ထဲရောက်နေပြီး မသိစိတ်က စွဲလမ်းနေတာမျိုးပေါ့"

"လုံးဝပဲ၊ ဦးမှာ ဦးစွဲလမ်းရတဲ့သူ ရှိပြီးသား"

"အလဲ"

"ပြောပါဦး ... ပြောပါဦး၊ ကဲ ... နင် စွဲလမ်းနေတာ ဘယ်သူလဲဆိုတာ"

"အဟဲ ..."

အိမ့်ဦးက ကလေးတစ်ယောက်နှယ် ရှက်တက်တက် ရယ်မောလိုက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မမမွန်ရေ၊ မမမွန်ကောင်မလေးတော့ ပုံစံက မလွယ်ပါလား"

"ဟုတ်ပ၊ ပြောစမ်း အိမ့်ဦး၊ နင်နော် ရည်းစားတွေ ဘာ တွေ့ရနေတာလား၊ မဟုတ်တရုတ်ဆိုရင်တော့ နင့်အမေက ငါတို့နှစ်ယောက်ကို အပြစ်တင်ဆုံးမှာ မဟုတ်ဘူး၊ တစ် ယောက်တည်း ကျိတ်ပြီးမလုပ်နဲ့နော် အိမ့်ဦး၊ ငါတို့ကို တိုင်ပင်ဦး"

"ရည်းစားမရပါဘူး မမမွန်ရာ"

"ဒါဖြင့် ဘာလဲ"

"ဦး ပြောပါပကော၊ ဦးက စွဲလမ်းတာပါလို့"

"ကြည့်စမ်း ... နင်က မိန်းကလေးဟဲ့၊ နင်က တစ်ဖက် သတ် စ,စွဲလမ်းနေစရာလား"

"ဒါတော့ မသိဘူးလေ၊ သူ့စိတ်ထဲမှာ သူ့ဟာသူ ဖြစ်နေတာ ပဲဟာ၊ ဦးက တမင်လုပ်နေတာမှ မဟုတ်တာ၊ ဘယ်တတ် နိုင်မှာလဲ၊ မမမွန်တို့ မေးလို့လည်း မညာဘဲ အမှန်အတိုင်း ပြောရသေးတယ်၊ ဒါဆို မပြောတော့ဘူး"

"အမယ် ... ကဲ ... ပြောစမ်းပါ အိမ့်ဦးရယ်၊ ဘယ်ကလဲ"

"ဒီနားက ... ဟီး"

"ဒီနားက !!"

"ဘယ်သူလဲ ... !!"





မမမွန်နှင့် မမသန့်ထံက အာမေဍိတ်သံစွက်တဲ့ မေးခွန်းနှစ်ခု တစ်ပြိုင်နက် ထွက်ကျလာပါသည်။

"တိုက် D ကပဲ"

"ဟင်"

"မမသန့် မြင်ဖူးတယ်လေ၊ ဟိုတစ်ခါ ဈေးထဲမှာ ဆုံဖူး တာ"

"ဘယ်တုန်းကလဲ ..."

"ဝက်သားသည် အဒေါ်ကြီးက သူ့ကို လှမ်းခေါ်ပြီးတော့ ဝက်သားလက်ဆောင်ပေးမလို့ လုပ်သေးတယ်၊ မမသန့်က တောင် ဦးကို ဘာငေးနေတာလဲဆိုပြီး"

"သြော် ... အဲဒါ ဘဲဥပြုတ်ကျတဲ့လူ ဆိုလား"

"အဟင်းဟင်း၊ ဟုတ်တယ်လေ၊ သူက ဒေါက်တာသံလွင် တဲ့"

"ဒေါက်တာသံလွင်တဲ့လား"

မမမွန်က 'ဒေါက်တာ'ဆို၍ အနည်းငယ် စိတ်အေး ဘဝင်ကျသွားသလိုလေသံနှင့် ...

"သြော် ... ဒေါက်တာလား၊ မိအိမ့်ဦးတို့ကတော့ ငယ်ငယ် လေးကတည်းက ဆရာဝန်ဆိုရင် အသည်းစွဲကြိုက်တတ် တာ၊ အခု ကြိုက်မယ့်ကြိုက်တော့လည်း ဆရာဝန်ကိုမှပါ လား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ဦး ... နင်က ဖွံလှမ်းတယ် ဆိုရအောင် ဘာဂါပြုတ်ကျတာတစ်ခါ၊ ဈေးထဲတစ်ခါ နှစ်ခါတည်း တွေ့ဖူးတာ မဟုတ်လား အိမ့်ဦးရဲ့"

"အမယ် ... ထပ်ထပ်တွေ့ပါသေးတယ်နော်"

အိမ့်ဦးက နည်းနည်းကလေးတော့ ပိုပြောလိုက်ပါသည်။ သုံးလေးခါပဲ ထပ်တွေ့သေးသယောင်။

"ဟိုတစ်နေ့ကလည်း ဘတ်စ်ကားတူတူစီးသွားသေးတယ်"

"ဟင် ... နင်တို့နှစ်ယောက်က အတူတူသွားလာနေကြပြီလား"

"အာ ... မမသန့်ကလဲ၊ သူကလည်း သူ့ဟာသူ ဆေးရုံသွားဖို့ ဘတ်စ်ကားပေါ်တက်တာ၊ ဦးကလည်း ဦးဘာသာဦး မမကြည်တို့ရုံးက ဒီဇိုင်း Resultသွားကြည့်တာလေ၊ ကားပေါ်မှာ တူတူဆုံနေတာကိုပြောတာပါ၊ သူက ဆေးရုံရောက်တော့ အရင်ဆင်းသွားတာပေါ့"

"နှုတ်ဆက်သေးလား"

"အင်းပေါ့၊ ဦးက သူ့အတွက် ဘတ်စ်ကားခတောင် ပေးလိုက်တယ်"

"ဟင် ... ဟိုးတစ်ခေါက်ကလည်း နင်ပဲ ပေးလိုက်တယ်၊ ခုလည်း နင်ပဲ၊ သူ ပေးပါစေဦးလား"

"အို ... မမမွန်ကလဲ၊ ဦးလုပ်လို့ သူ့ဘာဂါကြီး ပြုတ်ကျထားတာကို"





"ဒါက ကြာပါကြာပြီပဲ၊ ဘာဂါဖိုးကြေတဲ့ထိ နင်ပဲ ကားခပေးတော့မှာလား၊ သူကယောက်ျားလေးပဲ၊ သူပေးပစေပေါ့"

"သူ့လက်ထဲမှာ နားကြပ်အိတ်နဲ့ ကားခတကူးတက ထုတ်နေရဦးမှာစိုးလို့ ဦးက မြန်မြန်လေးထုတ်ပေးလိုက်တာပါ"

"မမမွန် ညီမတော့ မလွယ်ဘူး"

"အင်း ... ဆရာဝန်ဆိုတော့လည်း ယေဘုယျအားဖြင့် အပေအတေမဟုတ်ဘူးလို့ ယူဆလို့ရတာပေါ့လေ၊ စာတော်မယ်၊ ဉာဏ်ကောင်းမယ်ဆိုတာလောက်တော့ အကြမ်းဖျဉ်းသိနိုင်တာပေါ့"

"ပြီးတော့ သူ့မျက်နှာလေးက အေးအေးချမ်းချမ်းလေး မမမွန်ရဲ့၊ ရောဂါတစ်ဝက် သက်သာလောက်တဲ့ရုပ်လေး ... အဟဲဟဲ"

"မလွယ်ပါလား အိမ့်ဦးရယ်၊ နင့်ကြည့်ရတာ အတော်ဖွံလှမ်းနေပုံပဲ၊ ဘာပဲဖြစ်ဖြစ် ညီမလေး၊ မြန်မြန်တော့ မဆုံးဖြတ်နဲ့ဦးပေါ့ဟဲ့၊ စဉ်းစားဦးနော်"

"ဟား ဟား ... ဘာကိုစဉ်းစားရမှာလဲ၊ သူကလည်း ဘာမှ မပြောဘဲနဲ့"

"ပြောလာရင်ပေါ့ဟဲ့"

"သူ့ပုံစံလေးက မရဲမဝံ့လေး၊ ဦးကို စေ့စေ့ကြီးတောင် မကြည့်ဘူးသိလား၊ ပြုံးတုံ့တုံ့ လွဲဖယ်ဖယ်လေးနဲ့ အရမ်းကို ချစ်ဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"တဖြည်းဖြည်းနဲ့ နင်က အဆင့်တွေ တက်တက်လာပြီ၊ တော်လောက်ပြီ၊ ငါလည်း မြင်ဖူးအောင် ကြည့်ထားဦးမှ"

မမမွန်ကပြောလျှင် အိမ့်ဦးက ...

"မမသန့်တော့ မြင်ဖူးပြီနော်၊ ဈေးထဲတုန်းက"

"မမြင်ဖူးပါဘူး၊ နင်ပြောလို့ လှမ်းကြည့်တော့ ကျောကုန်းဘက်ပဲ မြင်ရတော့တာလေ၊ ခပ်လှမ်းလှမ်းရောက်နေပြီ၊ ရုပ်မှသေချာမမြင်လိုက်တာ၊ မျက်စိထဲမပေါ်ပါဘူး"

"အသားဖြူဖြူ အရိပ်မြင့်မြင့်နဲ့ ရှင်းရှင်းသန့်သန့်လေး"

"အမယ်လေး ... တော်ပါတော့ဟယ်၊ အမွှန်းကိုတင်လို့ မဆုံးတော့ဘူး"

အိမ့်ဦးက မချိုမချဉ် ပြုံးစပ်စပ်လေးလုပ်နေလိုက်ပါသည်။ သူ့ရုပ်သွင်လေးကိုမြင်ယောင်ကာ ရင်ထဲလည်း နွေးလျ နေမိပါသည်။

* ○ *

အေးအေးမွန်က ရုံးကားပေါ်ကဆင်းကာ ကားပေါ်က လူတွေကို 'သွားပြီ'ဆိုတာ နှုတ်ဆက်လိုက်ပါသည်။

"မမွန်ရေ ... အတွင်းထဲထိ လမ်းလျှောက်လို့ဖြစ်ရဲ့လား ခြင်းဆွဲပြီးလိုက်ပို့ရမလား"

"ရတယ် ... ရတယ် နီလာရေ၊ သက်သာနေပါပြီ"





"သေချာရဲ့လား မပေါ့နဲ့နော် မမွန်၊ ဆေးခန်းလေး ဘာလေးပြလိုက်ဦး"

"အင်း ... အင်း ... ပြလိုက်မယ်၊ သွားပြီနော်"

ဒီနေ့ ရုံးမှာ ဒေါက်မြင့်ဖိနပ်နှင့် ခြေခွင်ချော်လဲကာ အတော်နာသွားပါသည်။ ဖြစ်စကတော့ အိမ်ကစီးလာတဲ့ ဒေါက်ဖိနပ်နှင့်တောင် မနေနိုင်တော့၍ ရုံးနှင့်မနီးမဝေး စတိုးဆိုင်က ကတ္တီပါဖိနပ်လေးတစ်ရံကို လူကြုံမှာယူဝယ်ခိုင်းပြီး အဲဒီကတ္တီပါဖိနပ်ပါးနှင့်ပဲ ရုံးမှာ ထော့နဲ့နဲ့ လျှောက်နေရတာ။

ပြန်ခါနီးကျတော့ နည်းနည်းသက်သာပါသည်။ အနာသလောက်ပုံနှင့်တော့ အိမ်ကျ ဆေးပူပူလေးတစ်မျိုးလောက် လိမ်းထားလိုက်လျှင် ဆေးခန်းမသွားလည်းပဲ ကိစ္စမရှိလောက်ဘူး ထင်ပါရဲ့။ ဆေးသောက်ရမှာလည်း ဝန်လေးသူမို့ပင်။

ကိုယ့်အတွေးနှင့်ကိုယ် ခပ်ငေးငေးနှင့် ဖြည်းဖြည်း လျှောက်ဝင်လာတဲ့ အေးအေးမွန်က ပတ်ထားစရာပတ်တီးလေးတော့ ဝယ်ရင်ကောင်းမလားလို့ စဉ်းစားလာပါသည်။ သူတို့ ကွန်ဒိုအိမ်ရာတွေက ဟိုးအတွင်းဘက်ထဲရောက်ကာ ထိပ်ဝနားမှာတော့ တန်ဖိုးနည်းအိမ်ရာ တိုက်တန်းလေးတစ်ခုရှိပါသည်။

အဲဒီတိုက်တန်းလေးတွေမှာ အောက်ဆုံးထပ်တွေက ဆေးဆိုင်၊ အအေးဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ စာအုပ်ငှားဆိုင်၊ စတိုးဆိုင်၊ ဆေးခန်း စသဖြင့် ဆိုင်ခန်းလေးတွေ ဖွင့်ထားတာများသည်။ အဲဒီထဲမှာ ဆေးဆိုင်ကိုရှာဖွေရင်း လျှောက်လာတဲ့ အေးအေးမွန်



www.burmeseclassic.com

www.burmeseclassic.com



သည် ဆေးဆိုင်ကို မတွေ့ခင် အနီရောင်အပေါင်းလက္ခဏာနှင့် ဆေးခန်းလေးတစ်ခန်းကို အရင်တွေ့လိုက်ရ၍ ဆေးခန်းဘက်ချိုး လာခဲ့ပါသည်။

ဆရာဝန်တစ်ယောက်တည်းထိုင်တဲ့ ပုံလေးပေါက်ကာ ဆေးတို့ဘာတို့လည်း ဝယ်လို့ရမည့်ပုံမို့ ဆေးခန်းထဲ ချိုးဝင်လာခဲ့လျှင် အခန်းဝမှာ ဆိုင်းဘုတ်သေးသေးတစ်ခု ချိတ်ထားတာ တွေ့လိုက်ရပါသည်။

"ဒေါက်တာသံလွင်

M . B. B . S (Ygn)

(အထွေထွေရောဂါကု)"

"ဟင်"

အေးအေးမွန်က အံ့အားတသင့်လေး ဖြစ်သွားရပါသည်။ ဒေါက်တာသံလွင်တဲ့။ ဒီနာမည်ကိုမြင်ပြီး အံ့သြသွားရတာနှင့် တစ်ပြိုင်နက် စိတ်ကူးလည်း ပြောင်းသွားရပါသည်။ ပတ်တီးလောက်ဝယ်ရုံရည်ရွယ်လာခဲ့သော်လည်း ဒေါက်တာသံလွင်ဆိုမှတော့ ပြဖြစ်အောင် ဝင်ပြကြည့်လိုက်ဦးမည်။

အဝင်ဝက ဆေးဗီရိုလေးရှေ့မှာ လူရွယ်တစ်ယောက် ရပ်နေတာမို့ ...

"ဒေါက်တာရှိလား မသိဘူး"

မေးလိုက်သံကြောင့် ရဲဝံ့အောင်က လှည့်ကြည့်လိုက်ရင်း ...





"ရှိပါတယ်ခင်ဗျ"

သူတို့သူငယ်ချင်းတွေထဲက အားရင်အားသလို တစ်ယောက်မဟုတ်တစ်ယောက် သံလွင့်ဆေးခန်းလေးကို အဖော်လိုက်လာပေးကြပါသည်။ အမြင်မှာ ဆေးထုတ်ပေး ငွေယူတဲ့ကိစ္စမျိုးတွေ လုပ်ပေးကြပါသည်။ လူနာနည်းရင်ကိစ္စမရှိပေမယ့် တစ်ခါတစ်ရံ လူနာဆက်တိုက်ရှိနေရင် သံလွင်က အပြင်တစ်ခါထွက်ပြီး ဆေးထုတ်ပေးတာ ငွေသိမ်းတာတွေ လုပ်နေလို့ အဆင်တယ်မပြေပါ။

ဘယ်လောက်မှလဲ လူနာမများလှတာမို့ Nurse လည်း ငှားထားစရာမလို။ ဆေးပေးဖို့ ဝန်ထမ်းလည်း ခန့်ထားဖို့မကိုက်။ ဘယ်သူမှ ဘယ်လိုမှ မအားကြရင်လည်း သံလွင်က တစ်ယောက်တည်းမဲလာပြီး ဆေးလည်းကု ဆေးလည်းပေး ငွေလည်းသိမ်းလုပ်ရတာပင်။ တစ်ခါတလေတော့ တစ်ယောက်တည်းမက နှစ်ယောက်သုံးယောက် လိုက်ပါလာပြီး ဒီတိုက်တန်းကကောင်လေးတွေနှင့် ဆေးခန်းရှေ့ကွက်လပ်လေးမှာ ခြင်းခတ်တာ တို့ဘာတို့တောင် လုပ်လေ့ရှိကြပါသည်။

"အစ်မ လာပါ၊ တန်းဝင်လိုက်ပါ၊ လူနာမရှိဘူး"

"ဟုတ်ကဲ့"

အေးအေးမွန်က ခြင်းကို ခန်းဆီးကာထားတဲ့ အခန်းဝက ခုံတန်းလေးပေါ်တင်ခဲ့ပြီး ခန်းဆီးလေးမ,ကာ ဆေးခန်းလေးထဲ လှမ်းဝင်လိုက်ပါသည်။ ဆေးခန်းကြမ်းပြင်ကြွေပြားခင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ် ကိုယ်တိုင် တံမြက်စည်းလှည်းနေတဲ့ ဆရာဝန်လေးက လှည့်ကြည့်ရင်း ...

"လာပါခင်ဗျာ၊ ဘာဖြစ်လို့လဲ ခင်ဗျ"

အေးအေးမွန်က ဖြူဖြူသန့်သန့် ဆရာဝန်လေးကို အကဲခတ်မိသည်။ ဥာဏ်ထက်တဲ့ ရုပ်ကလေးနှင့် ချောချောလေးပဲ။ မိအိမ့်ဦး ကြိုက်ရင်လည်းကြိုက်စရာ။ ပုံစံလေးက ခင်မင်နှစ်လိုဖွယ် ရှိသည်။ ငယ်သေးတာပဲ။ ဆရာဝန်ဖြစ်ကာစပင် ရှိဦးမည်ထင်ရဲ့။

"အော် ... ဟိုလေ"

အေးအေးမွန်က ငေးမောအကဲခတ်နေမိပြီးမှ ကိုယ့်ကိုယ်ကိုယ် သတိရကာ ဏ္ဍန်ခြေလေးဆည်လိုက်ရင်း ...

"ကျွန်မ နေ့ခင်းက ရုံးမှာ ဒေါက်ဖိနပ်စီးထားတာ ခြေခွင်ပြီး ချော်လဲကျလို့ပါ ဒေါက်တာ"

"အော် ... ဟုတ်ကဲ့"

"နေ့လယ်ကတော့ တော်တော်နာနေတာနဲ့ ဖိနပ်တောင် အပါးဝယ်ပြီး ပြောင်းစီးထားပါတယ်၊ ခုတော့ အလျှင်း မပျောက်သေးပေမယ့် နည်းနည်းတော့ သက်သာပါတယ်၊ ဒါပေမဲ့ နာနေတာလေး ကျန်သေးတော့ ဘာများလုပ်ဖို့ လိုမလဲလို့"

"အော် ... ဟုတ်ကဲ့၊ အစ်မ ခုတင်ပေါ်တက်လိုက်ပါ၊ တစ်ယောက်တည်းလား၊ အဖော်ပါသေးလား"

"မပါပါဘူး၊ ရုံးကအပြန်ဝင်လာတာ"





"ရပါတယ်၊ အစ်မ ခြေထောက်လေးဆင်းထား၊ ထိုင်နေ အစ်မ ရတယ်၊ အိပ်စရာမလိုပါဘူး"

"ဟုတ်ကဲ့"

"ဘယ်လား ညာလား"

"ညာဘက်ပါ"

"အစ်မ လုံချည်နည်းနည်းပင့်ပေးပါ၊ နာတဲ့နေရာလေး လက်နဲ့ပြပါဦး"

"ဒီနေရာ"

"နည်းနည်းလေးတော့ ရောင်တယ်နော် အစ်မ၊ ကျွန်တော် စမ်းကြည့်မယ်နော်"

"ဟုတ်ကဲ့ စမ်းပါ ဒေါက်တာ"

သံလွင်က မိကာညှစ်ကာ ချိုးကာ ကော့ကာ ခြေကျင်းဝတ်နားကို စမ်းသပ်ကြည့်နေရင်း ...

"နာရင်ပြောနော် အစ်မ"

"နည်းနည်းတော့ နာတယ်၊ ထူးပြီးတော့ပိုမနာဘူး"

"ဒီလိုရော ... !"

"ဟင့်အင်း"

"ဒီလိုလည်းမနာဘူး"

"ဟုတ်ကဲ့ ပုံမှန်ပဲ"

"ဒီလို ဖိညှစ်ရင်ကော ... !"

"နည်းနည်းပိုနာတယ်"



www.burmeseclassic.com

www.burmeseclassic.com



သဲလွင် သေချာဂရုတစိုက် စမ်းသပ်နေတာကို အေးအေးမွန်က မသိမသာကြည့်ကာ စိတ်ထဲကနေ အမှတ်ပေးနေမိပါသည်။ မဆိုးပါဘူး။ ရှည်ရှည်မွန်မွန် ဖော်ဖော်ရွေရွေ ဆရာဝန်လေးပဲ။ ဘာတဲ့ ... အိမ့်ဦး ပြောတာ။ ရောဂါတစ်ဝက် သက်သာလောက်တဲ့ ရုပ်လေးတဲ့။ မွန်းလည်းမွန်းတတ်တဲ့ အိမ့်ဦး။

"အစ်မ ... ဘာမှ သိပ်မဖြစ်ပါဘူး၊ ခြေထောက်ခွင်ပြီး ခေါက်သွားတဲ့ဒဏ်ကြောင့် ဒီနေရာကအရွတ်တော့ နည်းနည်းရောင်တယ်၊ ဒါလည်းကြီးကြီးကျယ်ကျယ်ကြီး မဖြစ်ပါဘူး အစ်မ၊ သိပ်နာရင်တော့ အနာပျောက်ဆေး အကိုက်အခဲပျောက်ဆေး သောက်ဖို့ပေးမယ်၊ သိပ်မနာရင်တော့ အဲဒီ Pain Killerတွေ ကျွန်တော် သိပ်မတိုက်ချင်ဘူးခင်ဗျ"

အေးအေးမွန်က ကျေနပ်သွားကာ ...

"ဟုတ်ကဲ့ ကျွန်မလည်း အရမ်းတော့မနာပါဘူး ဒေါက်တာ၊ ဒဏ်ဖြစ်သွားမှာစိုးလို့သာ လိုလိုမယ်မယ် ဝင်ပြလိုက်တာပါ"

"ဒါဖြင့် ဆေးသောက်မနေပါနဲ့တော့၊ ရေခဲလေးနည်းနည်း ကပ်ပေးရင်ကောင်းပါတယ်၊ တခြားမလိုပါဘူး"

"ဆေးပူလေးလိမ်းရင်ကော ဒေါက်တာ"

"လိမ်းလေ့ရှိတယ်ဆိုရင်တော့ လိမ်းပါ၊ ပြီးရင်တော့ ပတ်တီးတွေဘာတွေ စည်းမထားပါနဲ့ အသားကို လောင်တတ်လို့ပါ"

"ဟုတ်ကဲ့"





"ဆင်းလို့ရပြီ အစ်မ"

သဲလွင်က စားပွဲပေါ်က ဆေးစာအုပ်ငယ်လေးမှာ ဝေဒနာအခြေအနေကို အကျဉ်းရေးပြီး စာအုပ်ကို အေးအေးမွန်ကို ကမ်းပေးလိုက်ပါသည်။

"ဟို ... တစ်ခုလောက်မေးချင်လို့ပါ ဒေါက်တာ"

"ဟုတ်ကဲ့"

"ဒေါက်တာ ဟို ... ကွန်ဒိုတွေမှာ နေတာလားလို့ပါ"

"ဟုတ်တယ် အစ်မ"

"ဪ ... ဘယ်တိုက် ဘယ်အခန်းကလဲဟင်"

"တိုက် D၊ အခန်း (......)ကပါ"

"ဒါဖြင့် သုံးထပ်ကပေါ့"

"ဟုတ်ကဲ့ပါ"

"အဲဒီသုံးထပ်မှာ အဆောင်လိုစုနေကြတဲ့ အခန်းတစ်ခန်း ရှိတယ်နော်"

"အဲဒီအခန်းပါပဲ အစ်မ၊ ကျွန်တော်တို့ သူငယ်ချင်းငါးယောက် စုနေကြတာပါ"

"ဪ ... ကျွန်မက တိုက် A ကပို့ မေးကြည့်တာပါ"

အေးအေးမွန်က သဲလွင့်ကို ခေါင်းညိတ်နှုတ်ဆက်ရင်း ...

"ကျွန်မ အပြင်မှာပဲ ..."

"ဟုတ်ကဲ့ အစ်မ၊ အပြင်မှာရှင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးမွန်ကို အပြင်က လူရွယ်လေးက ထောင့်ငါး ရာကျပ် ယူလိုက်ပါသည်။ အပြန်လမ်းမှာ အေးအေးမွန်က ပြုံး တုံ့တုံ့ ပြန်လာပါသည်။ မလိုလားအပ်ဘဲ ဆေးကို ထိုးကြိတ်ပြီး မဖြစ်မနေဝယ်ရအောင် မရောင်းလိုက်တာကို သဘောအကျဆုံးပင်။ တခြားဆရာဝန်တွေဆို အနည်းဆုံး အနာသက်သာဆေးတော့ နှစ်ရက်စာလောက် ရောင်းလိုက်မှာ။

တချို့ဆေးခန်းလေးတွေများ လိုလိုမလိုလို အားဆေးတွေ ထည့်ရောင်းတာမျိုး၊ ကယ်လ်ဆီယမ်တွေ၊ စီဗစ်တွေ မသောက်လည်း ဘာမှ မထူး၊ သောက်လည်း ဥပါဒ်မဖြစ်တဲ့ဆေး တွေထည့်ရောင်းတာမျိုး လိမ်းဆေးတွေရောင်းတာမျိုး လုပ်တတ် တာပင်။ တကယ်လိုတဲ့ ရေခဲကပ်ဖို့လေးပဲ ညွှန်ကြားပြီး စမ်းသပ်ခ သီးသန့်သာ ယူလိုက်တာ။

ဒါကို သဘောတွေကျလာတဲ့ အေးအေးမွန်က အိမ်ရောက်သည်နှင့် ခြင်းချကာ အဝတ်မလဲနိုင်သေးဘဲ အတွေ့ အကြုံကို ဖောက်သည်ချရတော့တာပင်။

"သဘောကျတယ်၊ ငါလည်း သဘောကျတယ်၊ လူတစ် ယောက်ကို အပွေးအမြင်ကြည့်ပြီး တော်ရုံ အကဲခတ်လို့ရ ပါတယ်၊ စိတ်ကောင်းသဘောကောင်း ရှိပုံလည်းရတယ်၊ ဆရာဝန်ပီသတဲ့ အပြုအမူလည်းရှိတယ်၊ မိအိမ့်ဦး ကျမယ် ဆိုလည်း ကျလောက်စရာပေါ့ဟဲ့ သန့်ရဲ့၊ ရုပ်လေးက ဖြူဖြူသန့်သန့်ချောချောလေးကိုး"





အိမ့်ဦးက ပါးစပ်မစေ့နိုင်အောင် ပြုံးပြုံးလေးဖြစ်နေ ရပါသည်။ မမမွန်ကပါ အိမ့်ဦး သဘောကျသူကို ချီးမွမ်းစကား ဆိုတယ်ဆိုတော့ အိမ့်ဦး ပျော်သည်။

"သန့်ပဲ မြင်ဖူးဖို့ကျန်တော့တယ်"

"နင်လည်း ဖြတ်သန်းသွားလာရင်း တွေ့မှာပါ၊ ဟိုဘက် လမ်းမကြီးထိပ်ကဝင်လာရင် ညာဘက်က တိုက်တန်းမှာ၊ ဒေါက်တာသံလွင်ဆိုတဲ့ ဆိုင်းဘုတ်လေးကတော့ သေးသေး ပဲ၊ အနီးကပ်မှမြင်ရတာ"

"နောက်နေ့ကျ ဆေးတစ်ခုခုသွားဝယ်ရင်း ကြည့်လိုက်ဦး မယ်"

မမသန့်ကတော့ နှုတ်ကထုတ်ပြောပေမယ့် အိမ့်ဦးက ကတော့ ထုတ်မပြောမိဘဲ ကိုယ့်ဟာကိုယ် ကျိတ်ပြီးစဉ်းစားထား လိုက်တာပါ။

"တစ်ခုတော့ပြောစရာရှိတယ် အိမ့်ဦး"

"ဘာလဲဟင် မမမွန်"

"သူ ဘယ်အခန်းကလဲ နင် သိလား"

"ဟင့်အင်း ... တိုက် D ဆိုတာပဲ သိတာ"

"အေး ... ငါမေးကြည့်လာတယ်၊ သူ ဘယ်အခန်းကလဲ သိလား"

"သိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"သုံးထပ်က အခန်း (......)ကဟော၊ ဟိုလှငါးယောက်ပူးနေတဲ့အခန်းလေ"

"ဟင် ..."

အိမ့်ဦး မျက်ခုံးလေးပင့် မျက်လုံးလေးပြူးသွားရပါသည်။

"မမမွန် ဒါဖြင့် ဦးတို့နဲ့ ဖုန်းလိုင်းပူးနေတဲ့"

"အစစ်ပေါ့ဟာ၊ အဲဒီအခန်းကလှငါးယောက်ထဲက တစ်ယောက်ပဲ၊ အမိနှာပြောပြတဲ့ အထဲမှာလည်း ဆရာဝန်တစ်ယောက်ဆိုပါတာ မှတ်မိတယ်မဟုတ်လား"

"ဒါဖြင့် ဟိုလှရုပ် လှဆိုး ရေချမ်းနဲ့ သူငယ်ချင်းတွေပေါ့"

"အေး"

အိမ့်ဦးက နှာခေါင်းလေးကိုရှုံ့ပြီး မကျေနပ်တဲ့ရုပ်ဖြစ်သွားပါသည်။

"သူငယ်ချင်းဖြစ်တော့လည်း ဘာဖြစ်လဲ၊ ဘာဆိုင်တာမှတ်လို့၊ နင်က ဘာဖြစ်တာလဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ အဲဒီဖုန်းလှုရုပ်ကို ချဉ်လွန်းလို့ပါ၊ သူ့သူငယ်ချင်းဆိုတော့ စိတ်တောင်ရှုပ်သွားပြီ"

"ဘာရှုပ်စရာရှိလို့လဲ"

"သူ့သူငယ်ချင်းနဲ့က ရန်ဖြစ်ဖြစ်နေရတာကိုး"





"ဖြစ်လည်းဘာဖြစ်လဲ၊ ဘာလဲ ... နင်က အဲဒီ ရေချမ်းကိုဒေါက်တာသံလွင့်သူငယ်ချင်းဆိုတာနဲ့ပဲ ရန်မဖြစ်တော့ဘဲ ကြည်စေအေးစေလုပ်တော့မယ်လား"

"အမယ် ... မလုပ်ပါဘူး၊ အမြင်ကတ်ဆဲ ကတ်မြဲ ကတ်လတ္တံ့ပဲ"

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

"နင် ဟိုဖုန်းကိုသုံးမနေနဲ့တော့၊ ကိုယ့်ဖုန်းပဲကိုယ် သီးသန့်သုံးတော့"

"အာ ... ဒီဖုန်းက Bill က ဈေးကြီးတဲ့ဟာ မမကလဲ"

"ဘာပဲဖြစ်ဖြစ်"

"တစ်လတစ်လ Bill အများကြီးဆောင်နေရမှာ"

"ဆောင်စရာရှိလည်း ဆောင်လိုက်ပေါ့၊ အလကားနေရင်း အားအားယားယားလည်းပြောမနေနဲ့ပေါ့ဟဲ့၊ ရဲဝံ့မှာလည်း ဟဲန်းဒ်ဖုန်းရှိတယ် မဟုတ်လား၊ သူ့အလုပ်ကိစ္စတွေ ဘာတွေ အကုန်ဆိုရင် ဟဲန်းဒ်ဖုန်းနံပါတ်ပဲပေးပြီး ဟဲန်းဒ်ဖုန်းပဲ သုံးတယ်မဟုတ်လား၊ အပိုဆာဒါးတွေ အရေးမပါတာတွေကျရင် နံပါတ်မပေးဘဲ လိုင်းဖုန်းပဲသုံးတာမဟုတ်လား၊ အဲဒီလိုပဲ လုပ်ပေါ့"





ခင်အေးချမ်းက လတ်တလော ရေချမ်းလက်မောင်းကို ချိတ်လာရင်း ဟိုဘက်လက်တစ်ဖက်က အဲဒီ ချိတ်ထားတဲ့ လက်မောင်းကို အဖတ်ဖတ်ရိုက်ကာပုတ်ကာ ပြောနေတာပင်။ သူတို့မောင်နှမနှစ်ယောက်က အသက်ခုနစ်နှစ်ခွဲ ရှစ်နှစ်ကွာပါသည်။ မေမေရော မမရောဟာ သူနှင့် လမ်းသွားလျှင် ဒီလိုပဲ လက်မောင်းကို ချိတ်ကာ ဖက်ကာ သွားတတ်မြဲ။

"အင်းပါ၊ ဒါပေမဲ့ ကျွန်တော်ပြောတာက ဟဲန်းဒ်ဖုန်းတစ်လုံး ဒီလောက်ကြီးလည်း မလိုပါဘူးလို့ပြောတာပါ၊ အိမ်ဖုန်း ရှိနေတာပဲကို"

"လိုတယ်"

"ဟွန်"

"နင့်ကို ဟိုတစ်ခါ ဖုန်းလိုင်းပူးတဲ့ ကောင်မလေးဖုန်းထဲမှာ ပြောသွားတာ အမယ်လေး ... အမယ်လေး ... ရင်တွေ တောင် ကတုန်ကယင်ဖြစ်လာလို့ ငါ ဆက်နားမထောင်ဘဲ ဖုန်းချလိုက်တာ၊ နင်တာလည်းနင်ပဲ၊ ဘယ်လောက်တောင် ဖုန်းပြောလဲမှ မသိတာ၊ ဟိုက မျက်မုန်းကျိုးတဲ့အထိကိုပဲ၊ လိုင်းပူးနေတဲ့ ဖုန်းကြီးသုံးနေရင်တော့ ကိုယ်ပြောသမျှကို ဟိုလူသိ ဒီလူသိ"

"ဘယ်သူမှမသိပါဘူး၊ ဒီကောင်မလေးပဲသိတာ၊ သိမှာပေါ့ ခိုးနားထောင်နေတာကို"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မလေးတွေကိုလည်း နင် လျှော့မတွက်နဲ့ဦး ရေချမ်း၊ နင်နဲ့ ရန်လာဖြစ်နေတာကိုက နင့်ကို ချဉ်းကပ်ချင်လို့ဖြစ်နေဦးမယ်"

"ဟား ဟား ... မမတောင် ခေတ်မီလာပြီ"

"ခေတ်မမီရအောင် ငါက ဘယ်အသက်အရွယ်များဖြစ်နေလို့လဲ၊ အောင်မယ် ... ငါ့အသက် သုံးဆယ့်သုံးတောင်မပြည့်သေးဘူး၊ အပျိုကြီးဆိုပြီးလည်း နင် အထင်သေးမယ်မကြံနဲ့၊ ငါ့မှာ ဆယ်ကျော်သက်နှစ်ဆယ်ကျော်သက် တပည့်ကျောင်းသူကျောင်းသားတွေ အများကြီးနဲ့ လူငယ်တွေအကြောင်း အကုန်သိတယ် ... ဟွန်း"

ရေချမ်းက ရယ်မောရင်း ...

"ဟုတ်ကဲ့ပါဗျာ ဟုတ်ကဲ့ပါ"

"ဟဲန်းဒ်ဖုန်းနဲ့ဆိုတော့ ငါတို့ခေါ်လည်း ဖုန်းလိုင်းမအားဘူးဆိုတာ နည်းသွားမှာပေါ့၊ ခုတော့ လိုင်းခွဲဖုန်းဆိုတော့ မျှသုံးနေကြတာ ခေါ်ရခက်တယ်လေ၊ နင်နဲ့ ဖုန်းပြောချင်ရင် မေမေ့မှာ စောင့်စောင့်ခေါ်ရတာ တမေ့တမော၊ ဒီဖုန်းပါ အမြဲတမ်း Busy ဖြစ်မနေနဲ့ဦး"

"ဟုတ်ကဲ့ပါ"

"ပြောတာတွေ အားလုံး မှတ်ကောမိလား"

"ဟား ... ဆရာမလို့မပြောရဘူး၊ မမက တကယ်ပဲ"





"ဘာလဲ ... အစ်မ တစ်ခါတလေလာတာ နင် နားငြီးတယ်၊ စိတ်ရှုပ်တယ်ပေါ့"

"မရှုပ်ပါဘူး မမရဲ့၊ နားလည်းမငြီးပါဘူး၊ နားထောင်နေတာပဲ"

"မေးလိုက်ရင်လည်း ဟိုကောင့်ကောင်မလေး၊ ဒီကောင့်ကောင်မလေးနဲ့ လွှဲပြောနေလားမသိဘူး၊ နင့်ရော ရည်းစားတွေဘာတွေ ရပြီလား"

"မရပါဘူး"

မောင်နှမနှစ်ယောက်သား လှမ်းထိပ်ကားဂိတ်နားဆီရောက်လာပါသည်။ မမကို တက်စီလိုက်ငှားပေးတာဖြစ်၍ ကားဂိတ်အနီးနားကနေပဲ ငှားရမှာပင်။

"ဒီမယ်"

"အင်း ..."

"နင် ရှုတ်ရှုတ် ရှုတ်ရှုတ်လုပ်ရင်တော့ မေမေက နင့်ကို မိန်းမပေးစားလိမ့်မယ်နော်"

"ဟား ... ဘာကြီးလဲ၊ ဘာလို့ ပေးစားရမှာလဲ"

"မဟုတ်တရုတ်တွေ လုပ်မှာစိုးလို့ပေါ့၊ မကောင်းတာတွေနဲ့ တွေ့မှာစိုးလို့ပေါ့"

"ဟား ..."

"ဟင်း ဟင်း ဟင်း ... ငါ ကူပြောပေးထားပါတယ်ဟယ်၊ အဲဒီတော့ ငါ့ကို မှန်မှန်ပြော၊ နင့်မှာ ရည်းစားရှိလား မရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

ရေချမ်းသည် ခင်အေးချမ်းရဲ့စကားကို မဖြေနိုင်ဘဲ 'ဟင်'ခနဲ ကိုယ့်ဟာနဲ့ကိုယ် အံ့သြခြေလှမ်းတုံ့သွားရပါသည်။ ဘတ်စ်ကားဂိတ်မှာ ဟိုကောင်မလေး။ 'ဦး'။ ရေချမ်း လှမ်းမြင်ချိန်မှာ သူကလည်း ဒီဘက်ကို လှည့်အကြည့် အံကိုက်တစ်ထပ်တည်းကျကာ တစ်ယောက်ကိုတစ်ယောက် ခပ်စိုက်စိုက်တွေကြည့်နေမိကြပါသည်။

အကွာအဝေးက ဆယ်ပေလောက်သာရှိမှာပင်။ ကောင်မလေးရဲ့ မျက်လုံးဝိုင်းကျယ်ကျယ်များသည် ရေချမ်းနှင့် ခင်အေးချမ်း လက်ချင်းပူးချိတ်ထားတဲ့ဆီ ခဏစိုက်သွားကာ မျက်နှာက သိသိသာသာ ပျက်သွားပါသည်။ အဲဒီ ပျက်သွားတဲ့ မျက်နှာကလေးက ရေချမ်းရဲ့ ရင်ထဲက အသည်းနှလုံးကို ဖမ်းဆွဲဆုပ်ညှစ်လိုက်တာပင်။

အံ့အားတသင့်၊ ဝမ်းနည်း၊ ပူဆွေး၊ မယုံနိုင်၊ လက်မှိုင်ချ စသဖြင့်သော အရိပ်အယောင်တွေအားလုံးစုကာ အရိပ်ထင်သွားပြီးမှ အဲလို ပျက်သွားရတဲ့ သူ့မျက်နှာကို သူ ပြန်သတိပြုမိသလို ရှက်လည်းရှက်ရွံ့သွားသေးတာနှင့် အဆုံးသတ်လိုက်တာပင်။

ရေချမ်းက သူ့ကိုယ်သူ ဘာလုပ်လို့လုပ်မိမှန်းပင် မသိခင် သူ့လက်မောင်းကို ချိတ်ထားတဲ့ မမရဲ့လက်တွေကို ဖြုတ်ထုတ်ဖြေချလိုက်ပါသည်။





"ဟဲ့ ... ဟဲ့"

အတင်းကြီး မဟားဒယား ဆွဲဖြုတ်ခံရ၍ မမလက်တွေက သူ့လက်မောင်းမှ ပြုတ်ထွက်ကွာကျကုန်ပြီးလျှင် အလန့်တကြား တအံ့တသြနှင့် ...

"ဟဲ့ ... ဘာဖြစ်တာလဲ ရေချမ်းရဲ့"

ရေချမ်းသည် အံ့သြဖို့ကောင်းအောင်ပင် အလိုအလျောက် ရဲတင်းသွေးကြွကာ အိမ့်ဦးအနား တိုးသွားလိုက်မိရင်း ...

"ဦး"

"......"

တစ်ဖက်ကို လှည့်နေလိုက်တဲ့ အိမ့်ဦးက နီးကပ်တဲ့ ခေါ်သံကြောင့် လန့်ပြီး လှည့်ကြည့်လိုက်ပါသည်။ သူ့ကို မိန်းမတစ်ယောက်က အတင်းကြီး လက်ချိတ်ထားလျက်သားပုံစံနှင့် ရုတ်တရက်တွေ့လိုက်ရတာအတွက် ရင်ထဲတွင် လစ်ခနဲ ဟာခနဲ တစ်စုံတရာ ဆုံးရှုံးထိခိုက်သွားသလို ဝမ်းနည်းပက်လက် ငိုချင်သွားသည်မှာ နှာသီးဖျားလေးတွေ မျက်ခွံလေးတွေပင် နီမြန်းလာခဲ့ပါသည်။

လှည့်ကြည့်လိုက်တော့ အနားမှာ နီးနီးကပ်ကပ်လေး ရောက်နေတဲ့ သူ့ကို မြင်လိုက်လျှင် မျက်နှာလေးကို တင်းလိုက်မိပါသည်။ သူကများ 'ဦး'တဲ့။ လူကို သူ ဘယ်တုန်းကသိလို့လဲ။ ရုပ်ပျက်ချင်ပျက် မပျက်ချင်နေ။ အိမ့်ဦးက အရင်အခေါက်တွေ့ဆုံတုန်းကလို သူ့ကို ပြုံးကိုမပြုံပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားမလို့လဲ"

"......"

ဘာမှ ပြန်မဖြေဘဲ ခပ်စိမ်းစိမ်း ခပ်တင်းတင်းကြည့်နေတော့ ...

"ကျွန်တော်က အစ်မကို ကားငှားဖို့ လိုက်ပို့တာ"

အိမ့်ဦးက ဆယ်မေကွာမှာ ကျန်ရစ်ခဲ့တဲ့ အစ်မကြီးကို လှမ်းကြည့်လိုက်မိပါသည်။ အဲဒီ အစ်မကြီးကလည်း ဒီဘက်ကို တအံ့တဩကြည့်နေသည်။

"ကျွန်တော့်အစ်မလေ"

"သြော် ..."

အိမ့်ဦးက အသံလေးတွေ ထွက်စပြုလာသည်။ အစ်မဆိုတာ ဘာလဲ။ နည်းနည်းကြီးရင် အစ်မလို့ ပြောလို့ရတာပဲ လို့လည်း ကျိတ်တွေးနေမိပါသည်။

"ခင်အေးချမ်းတဲ့၊ ကျွန်တော်တို့ မောင်နှမနှစ်ယောက်ပဲ ရှိတာလေ"

"သြော် ..."

"ပီအိတ်ချ်ဒီသီးစစ် ကိစ္စလာတာလေ၊ နေတာက မော်လမြိုင်မှာနေကြတာ"

"သြော် ..."

တစ်ခွန်းထက်တစ်ခွန်း အိမ့်ဦးရဲ့ မျက်နှာလေးက ကြည်လင်ဝင်းပလာပါသည်။ ခင်အေးချမ်းဘက် လှမ်းကြည့်နေသော မျက်လုံးလေးကလည်း ဖော်ရွေရွှန်းလက်လာသည်။





"မမ"

ရေချမ်းအသံကြောင့် ခင်အေးချမ်းက 'ဟော'ဟု ယောင်ထူးလိုက်မိပါသည်။ ချွေးကောင်လေး။ ဘာဇာတ်လမ်းများ ပါလိမ့်။

"ဒါလေ ကျွန်တော်တို့ ကွန်ဒိုအိမ်ရာကပဲ၊ ဟိုလေ နာမည်က ..."

ပြောပြီး ရေချမ်းက အိမ့်ဦးကိုကြည့်လိုက်၍ အိမ့်ဦးက အမုန်းမပါတဲ့ မျက်စောင်းတစ်ချက်ကာ ...

"အိမ့်ဦးအောင်ပါ မမ"

"သြော် ... အေး ... အေး"

အိမ့်ဦးအောင်။ ရေချမ်းက တီးတိုးလေး ရေရွတ်ပြုံးတုံ့နေမိပါသည်။ ခုမှပဲ နာမည်အပြည့်အစုံလေးကို သိရတာ။ နတစ်ထိုင်တည်းမှာပဲ ရေချမ်းသည် ဒီကောင်မလေးကို ဖွဲ့ဖွဲ့လမ်းလမ်း မြတ်နိုးစုံမက်ခြင်းနှင့် ချစ်သွားလိုက်မိသည်ထင်သည်။ သူ့ကို မိန်းမတစ်ယောက်နှင့် တွဲတွေ့လိုက်၍ အပျက်ကြီးပျက်သွားရှာတဲ့ တစ်မျက်နှာလေးကို ကြင်နာသနားသွားမိတာလေ။

ရတ်တရက် အဲဒီလိုပဲ ချစ်မိတတ်သလား၊ ထုံးစံတွေ သဘာဝတွေကို ရေချမ်း နားမလည်။ ရေချမ်းအတွက် အချစ်ဆိုတာ အစိမ်းသက်သက်ပဲလေ။ ခုချိန်ထိ ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ မချစ်ဖူးတာ။ သူ့မျက်နှာကလေး ညှိုးလျော်ပျက်ယွင်းသွားချိန်မှာ ရင်ထဲမှာ ဖြစ်လိုက်ရတဲ့ သနားကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



တရားက ထုထည်အရှိန်အဟုန် ကြီးမားပြင်းထန်လှဘိတော့သည်။ ရေချမ်းရဲ့ရင်ကို တဒိန်းဒိန်း တဒုတ်ဒုတ် ခုန်လှုပ်နေစေတာ ခုချိန်ထိကို မရပ်သေးဘူးလေ။

"တွေ့ရတာ ဝမ်းသာပါတယ် မမ၊ ဩော် ... ဟိုမှာ ဦး စီးရမယ့်ကားက လာနေပြီ၊ ဦး သွားလိုက်ပါဦးမယ် မမ"

အိမ့်ဦးက ရေချမ်းကို ခပ်ရွှန်းရွှန်းလေးကြည့်လိုက်ရင်း ...

"ကိုသံလွင့်ဆေးခန်းက ညနေဘယ်အချိန်လောက် ဖွင့်တာလဲဟင်"

ရေချမ်းက ရုတ်တရက် ကြောင်သွားရပြီးမှ ...

"ဩော် ... ငါးနာရီခွဲလောက်ဆိုရင် ဖွင့်ပါပြီ ဦး"

"ဟုတ်၊ ဘာမှ မဟုတ်ပါဘူး၊ ညနေကျ ဆေးလေးတချို့ ဝယ်ချင်တာရှိလို့ပါ၊ ဦး သွားတော့မယ်နော်"

"ဟုတ် ... ဟုတ်"

တစ်ဆက်တည်း ပြောဆိုနှုတ်ဆက်ကာ ခင်အေးချမ်းကို လက်လေးထောင်ပြလိုက်ပြီးမှ ထိုးရပ်လာတဲ့ ဘတ်စ်ကားပေါ် အပြေးအလွှားတက်သွားတဲ့ အိမ့်ဦးကို ရေချမ်းရော ခင်အေးချမ်းပါ တစ်ယောက်အတွေးတစ်မျိုးနှင့် ငေးကြည့်ကျန်ရစ်ခဲ့ကြပါသည်။ ခင်အေးချမ်းက အရင်ပြန်လည်သတိဝင်လာသူဖြစ်ကာ ...

"ဟဲ့ ... ရေချမ်း"

"ဗျာ ..."





"ဘာဗျာလဲ ... ဘယ်သူလဲ အဲဒါ"

"အိမ့်ဦးအောင်တဲ့၊ သူ ပြောသွားတယ်လေ မမ"

"ဒါက သူပြောတာပဲ၊ နင်ပြောတာကို ကြားချင်တာ"

"ဟဲ ဟဲ"

"ဟဲ မနေနဲ့၊ ငါ ခုပဲမေးနေတာ၊ ရည်းစားရပလားဆိုတော့ မရသေးပါဘူးဆို"

"ရမှမရတာ"

"ဒီဟာကဘာလဲ"

"ဒီဟာလား၊ ခုမှ ရတော့မလားလို့၊ ထားရင်ကောင်းမလားလို့ပါ ... အဟဲ"

"ဘာလဲပြော၊ နင်နဲ့ ဘာလဲ"

"ခုထိ ဘာမှမဟုတ်ရသေးပါဘူး မမရာ၊ တကယ်ပါ"

"ဒါပေမဲ့ သူက နင်နဲ့ ငါ လက်ချိတ်ထားတာမြင်တာနဲ့ မျက်နှာက အော်တိုမက်တစ် ပုပ်သိုးသွားပါလား"

"မပုပ်ပါဘူး၊ အံ့သြသွားတာပါ၊ ဟို ... စိတ်မကောင်းဖြစ်သွားလားမှမသိတာ"

"နင်တို့ ပတ်သက်ထားလို့ပေါ့ဟဲ့"

"မပတ်သက်ရသေးပါဘူးဆို၊ ပတ်သက်ရင်ကောင်းမလားဆိုတာလောက်ပဲ၊ အခုတော့ မမနဲ့ ကျွန်တော့်ကို တွဲတွေ့တာနဲ့ သူလည်း မျက်နှာပျက်၊ ကျွန်တော်ကလည်း သူ မျက်နှာပျက်တော့ နေမထိထိုင်မသာဖြစ်ပြီး ပတ်သက်လုနီးဆဲဆဲ ဖြစ်သွားတယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"နွေးကောင်လေး"

"ချောတယ်နော် မမ"

"မချောပါဘူး၊ ငါ့လောက်တောင်မချောဘူး"

ခင်အေးချမ်းက ရေချမ်း မခံချင်အောင်ပြောပါသည်။

"ချစ်စရာလေးပါ မမရာ"

"အမယ်လေးနော် ... လေသံက မုန်းစရာကောင်းလိုက်တဲ့ဖြစ်ခြင်း"

"မဆိုးဘူးမဟုတ်လားနော် မမ"

"ရုပ်သန့်သန့်လေးနဲ့ မိကောင်းဖခင်သားသမီးရုပ်လေးတော့ထွက်ပါတယ်၊ တည်တည်ကြည်ကြည်လေးလည်း ရှိပါတယ်၊ အသေချာဆုံးတစ်ချက်ကတော့ ဒီကောင်မလေးနင့်ကို သံယောဇဉ်နှယ်နေတယ်နော်၊ သူကြိုက်နေတာသေချာတယ်၊ ငါ မိန်းမချင်း အကဲခတ်လို့ရတယ်"

"ဟုတ်လား ... ဟဲ ဟဲ"

"အဲဒီတော့ နင် အပျော်အပျက်တွေတော့ သွားလုပ်မနေနဲ့နော်၊ ကောင်မလေးကြည့်ရတာ နင့်အပေါ် အလေးအနက်ခံစားချက်ရှိနေတယ်ဆိုတော့ မထိခလုတ်တော့ သွားမဆော့နဲ့၊ သနားပါတယ် သိလား"

"ဆော့ပါမလား မမကလဲ၊ ကျွန်တော်လည်း ကြွေပါတယ်ဆို"





ပြောရင်းက ရေချမ်းရဲ့ရင်ထဲမှာ တစ်စထက်တစ်စ ပိုပိုပူနွေးဖိုလိုက်လာပါသည်။ အံ့သြစရာကောင်းအောင် သူဟာ လျှပ်တစ်ပျက် အခိုက်အတန့်အတွင်းမှာ မိန်းကလေးတစ်ယောက်ကို ချစ်မိသွားခဲ့ပြီပဲ။ စွဲစွဲလမ်းလမ်းကို ချစ်မိသွားပြီပဲ။ အချစ်ဆိုတာဟာ တကယ့်ကို အံ့သြစရာပါ။ ဘယ်လိုလုပ်ပြီးတော့များ မနေ့ကအထိ ချစ်မိတယ်ရယ်လို့ သေချာမသိရသေးတဲ့ ကောင်မလေးတစ်ယောက်ကို ဒီကနေ့မှာ ဖျတ်ခနဲ ချစ်မိသွားရပါသနည်း။

ရင်ထဲမှာ ဖိုလှိုက်ခံစားရမှုက ဆန်းကြယ်သိမ်မွေ့လှ၍ ရေချမ်းအဖို့ အထူးတဆန်းဖြစ်နေရပါတော့သည်။

"သူက ရောဂါသည်လေးလား ..."

"မဟုတ်ပါဘူး၊ ဘာဖြစ်လို့လဲ မမရဲ့"

"သံလွင့်ဆေးခန်း ဘယ်အချိန်ဖွင့်လဲ မေးသွားလို့လေ"

"ဪ ... သူ ဆေးဝယ်မလို့ပါတဲ့ မမရဲ့"

ရေချမ်းသည် အစ်မဖြစ်သူကို ကားငှားပေးပြီးတဲ့အခါ အိမ်ကို ပြန်လျှောက်လာရင်း အလိုလိုပြုံးကာ ခြေလှမ်းများက လန်းဆန်းတက်ကြွလို့နေပါတော့သည်။

* ○ *

အမိန့်နာလာတာမို့ ရေချမ်းက အခန်းတွေထဲက အဝတ်ဟောင်းတွေ ဆွဲလွဲယူကာ လျှော်ဖို့ထုတ်ပေးရင်း ...

"အစ်မကလေး နေကောင်းသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မကောင်းသေးပါဘူး အစ်ကိုရယ်၊ အဲဒါ ပြောနေတာပေါ့"

အမီနာဟာ ရေချမ်းတို့ထက်တော့ အသက်ကြီးပါသည်။ ကိုကိုကြီးထက်တော့ ငယ်မည်။ ဒါပေမဲ့ လူကြီးပုံထောင်ထောင်မောင်းမောင်း။ သူကလည်း ရေချမ်းတို့အားလုံးကို 'အစ်ကို'။ ရေချမ်းတို့ကလည်း သူ့ကို အားလုံးက 'အစ်မ'။ 'အစ်ကို' 'အစ်မ'နှင့် ဟုတ်နေသည်။

"ဘာပြောနေတာလဲ"

"ကလေးအဖေပေါ့၊ သူက ဟိုဘက်ရပ်ကွက် ဆေးခန်းက ဆရာဝန်နဲ့ပဲ ပြမယ်လုပ်တာနဲ့ ပြနေရတာ ခုထက်ထိလည်း သေချာမကောင်းဘူး၊ ကျွန်မက ဒေါက်တာသံလွင်နဲ့ ပြမယ် ဆိုတာကို မဟုတ်ဘူး သူက၊ ကဲ ... အခုမပျောက်ဘူး၊ သူ့ဆရာဝန်က အညံ့၊ ရန်ဖြစ်နေရတယ်၊ တကယ်ပဲ"

"ဒီလိုလည်း မဟုတ်ပါဘူး အစ်မရယ်၊ အစ်မကလေးက လေထ,နေတာလည်းပါတယ်လေ၊ လေဆိုတာ ခပ်မြန်မြန် ချက်ချင်းကြီးတော့ မပျောက်ဘူး အစ်မရဲ့၊ ဟိုဆရာဝန်ကို ညံ့တယ်ပြောလို့မရဘူး အစ်မရဲ့"

ရေချမ်းက အမီနာ့ကို နှစ်သိမ့်ရပါသည်။

"အဲဒါ ညနေကျရင်တော့ ဒေါက်တာသံလွင်နဲ့ လာပြရမယ်"

"လာခဲ့လေ အစ်မ ..."

"ဆေးခန်းက ခြောက်နာရီလောက်ဖွင့်လား"





"ဖွင့်တယ် ... ဖွင့်တယ်"

အမီနာက ထုံးစံအတိုင်း သီချင်းတကြော်ကြော်နှင့် အဝတ်လျှော်နေပါသည်။ ရေချမ်းလည်း သီချင်းတညည်းညည်းနှင့်ပင် ဝတ္ထုစာအုပ်အဖုံးတစ်ခုကို ဒီဇိုင်းလုပ်နေသည်။

"ကလင် ... ကလင်"

"မိုးထက်ရေ ... မင်း ကိုင်ပါကွာ"

ရေချမ်းက ဖုန်းထမြည်သည်နှင့် အရင်ဦးအောင် ပြောထားနှင့်ပါသည်။

"အေးပေါ့ကွာ၊ မင်းက ဟဲန်းဒ်ဖုန်းကိုင်ပြီဆိုတော့ ပြောအားရှိပြီပေါ့ ဟုတ်လား"

"ဟား ဟား ... ဟဲန်းဒ်ဖုန်းရှိမှန်းတောင် မေ့နေတာပါကွာ၊ ဒီဖုန်းပဲ ဆက်သုံးနေဖြစ်တာပဲဟာ၊ ငါလက်မစွဲချင်လို့ပါ"

မိုးထက်က ဖုန်းထ,ကိုင်သည်။

"ဟယ်လို"

"ရေချမ်းလား ... မိုးထက်လား ..."

"ဟေ့ကောင် သံလွင်၊ ခုထိ အသံမခွဲနိုင်ဘူးလား မင်းက"

"သိဘူးလေကွာ၊ ရေချမ်းက တစ်ခါတလေ အသံမျိုးစုံလုပ်ပြောနေတာ၊ အခုဟာကလည်း မင်းအသံနဲ့ရော ရေချမ်းအသံနဲ့ရော မတူဘူး"

"ကဲ ... ပြော"

"ငါ ညနေကျ နောက်ကျမယ်ကွ၊ ဆေးခန်းဖွင့်ချိန်အမီ ပြန်မရောက်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"သူငယ်ချင်းတစ်ယောက်ကို သူ့ဂျူတီချိန် နည်းနည်းကူဝင်ပေးရမှာမို့ကွ၊ အဲဒါ ဆေးခန်းမှာက ငါ ဒီနေ့ဆက်ချိန်းထားတဲ့ လူနာတချို့ကရှိသေးတယ်၊ နှစ်ယောက်သုံးယောက်လောက်ကို ဆေးဆက်ပေးမှရမယ်"

"အဲဒီတော့ ..."

"ဆေးခန်းသွားဖွင့်ပြီး ငါ့မှတ်တမ်းစာအုပ်ကြီးကြည့်ပြီး ဆေးဆက်ပေးပေးဖို့ကွာ"

"အာ ... ဒါမျိုး ငါ့ကိုမှာလို့မဖြစ်ဘူး၊ ငါ လုံးဝ နားမလည်ဘူး၊ မင်း ရေချမ်းကိုမှာကွာ"

"ခေါ်လိုက်လေ ရေချမ်းကို"

"ဟော့ကောင် ရေချမ်း၊ မင်းလက်ကို လှူပ်မရလည်း လှုပ်လိုက်တော့၊ လာ ... လာ၊ သံလွင် ပြောတာ လာမှတ်ချည်"

"မင်း မှတ်ထားလိုက်လေကွာ"

"ငါ နားမလည်လို့ပေါ့ကွ၊ မင်းက နီးစပ်တယ်၊ လာပါကွ၊ သံလွင်က ညနေ ဆေးခန်းမဖွင့်နိုင်လို့တဲ့"

"ဟာ ... ဘာဖြစ်လို့လဲ"

"သူ့သူငယ်ချင်းတစ်ယောက် ဂျူတီ ..."

မိုးထက်စကားတောင်မဆုံးသေးခင် ရေချမ်းက မောက်စ်ကို လွှတ်ချခဲ့ရင်း ...

"ဆေးခန်းပိတ်လို့မဖြစ်ဘူး၊ ညနေကျ ဆေးခန်းကို ဟိုကောင်မလေးလာမယ်ကွ"





"ဘယ်ကောင်မလေးလဲ"

"ဟို ... 'ဦး'လေ၊ 'ဦး' "

"သူလာတော့ ..."

"ဆေးခန်းပိတ်ရင် သူ ဘယ်လိုလာမလဲ၊ မလာရင် ငါနဲ့ မတွေ့ရဘူးပေါ့ကွ"

"ကဲ ... မင်းပဲ လာပြောလိုက်"

မိုးထက်က ရေချမ်းကို ဖုန်းကမ်းပေးရင်း ရေချိုးခန်းဘက်လှည့်ကာ ...

"ဒေါ်အမိနာရေ ... သံလွင်က ညနေကျ ဆေးခန်းမထိုင်ဘူးတဲ့၊ ခင်ဗျားယောက်ျားသဘောကျတဲ့ ဆရာဝန်နဲ့သာ ဆက်ပြတော့ဗျို့"

ရေချမ်းက မိုးထက်လက်ထဲမှ ဖုန်းကို လှမ်းယူလိုက်ရင်း ...

"ဟော့ကောင် သံလွင်"

"အေး ... ညနေကျ ငါ ဆေးခန်းမထိုင်အားဘူး"

"ဟော့ကောင် ... မဖြစ်ဘူးကွ၊ ညနေကျ ဆေးခန်းကို ဟိုကောင်မလေး 'ဦး'လာမှာ"

"ဘာလာလုပ်မှာလဲ"

"ဆေးလာဝယ်မှာတဲ့"

"ဝယ်ရင် မင်းရောင်းလိုက်ပေါ့ကွ၊ ငါမလာလည်း ဆေးခန်းမှာ မင်းသွားစောင့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အေး ... ဟုတ်သားပဲ"

"ခုလည်း ငါက အဲဒါပဲပြောနေတာ၊ ငါ့လူနာတချို့က ဆေးပေးတာတောင် ငါးရက်တစ်ပတ်စာ ဝယ်နိုင်တဲ့သူတွေ မဟုတ်တော့ တစ်ရက်စာ နှစ်ရက်စာလီပြီး လာဝယ်ကြတာလေ၊ ဒီနေ့ ဆေးထပ်ရောင်းပေးရမယ့်သူတွေရှိတယ်၊ သူတို့ ဆေးထပ်မဝယ်ရရင် သောက်လက်စ အဲင်တီဘိုင်အိုးတစ်တွေ ဆေးပတ်ပျက်ကုန်မယ်၊ ငါ့ဆေးခန်းပိတ်ထားရင် တခြားဆေးဆိုင်လည်း သွားမဝယ်ဘဲ ပေါ့ပေါ့ဆဆထား လိုက်ကြလိမ့်မယ် ...

မင်း ဆေးခန်းသွားဖွင့်ပေးပါကွာ"

"အေး ပြော၊ ငါက ဘယ်သူ့ကို ဘာဆေးပေးရမှာလဲ"

"စားပွဲအံဆွဲထဲမှာ ငါ့ဆီထားတဲ့ မှတ်တမ်းစာအုပ်အရှည်လေ၊ အဲဒါရှိတယ်၊ အဲဒီမှာဖတ်ပြီး မင်းကြည့်ရောင်းပေးလိုက်၊ အဲဒါက မင်းတစ်ယောက်ပဲကျွမ်းတာကွ၊ မင်းဆေးတွေလည်း အားလုံးသိတယ်၊ ငါရေးထားတာဖတ်ပြီး ကြည့်လုပ်လိုက်၊ ငါနဲ့ပြဖို့လာတဲ့သူတွေတော့ နောက်နေ့ချိန်းလိုက်ပေါ့ကွာ"

ဒီတာဝန်မျိုးကို အရင်ကလည်း သံလွင် နိုက်ဂျူတီကျတဲ့ တချို့ညတွေမှာ ရေချမ်း တာဝန်ယူပေးဖူးပါသည်။ ငယ်ငယ်ကတည်းက ဖေဖေ့ရဲ့ကိုယ်ပိုင်ဆေးခန်းထဲ ထိတွေ့ကိုင်တွယ်ကာ ဆေးတွေ ဝါးတွေနှင့် ယဉ်ပါးကျွမ်းဝင်နေခဲ့တာမို့ပါ။





"နောက်ပြီးတော့ ဆိုက်ကားသမား ဦးလှမောင်ကြီး မင်းသိတယ်နော်၊ ဒီညနေလာကို လာလိမ့်မယ်၊ မင်း သူ့ကို နက်ဖြန်ဆက်ဆက် ပြန်လာပြဖို့ ချိန်းလိုက်၊ ငါ သူ့ကိုစစ်ခိုင်းထားတာတွေရှိတယ်၊ အဲဒီအဖြေတွေ လာပြရမှာ၊ ဒီနေ့မကြည့်နိုင်တော့ နက်ဖြန်ဆက်ဆက် လာမှဖြစ်မှာ"

"အေး ... အေး"

"ဟော့ကောင် ... စိတ်ချမယ်နော်"

"စိတ်ချ"

အဲဒီတုန်းမှာ "ကလောက်"ခနဲ ဖုန်းကောက်ကိုင်လိုက်သံ တစ်ချက်ထွက်လာကာ ...

"ကျွတ် ... တကယ်ပဲ"

တီးတိုးရေရွတ်ညည်းတွားပြီး ဖုန်းကို ခွပ်ခနဲဆောင့်ချလိုက်တဲ့အသံ ကြားလိုက်ရပါသည်။ ကဲ ... ကြည့်။ ကြမ္မာကို ငင်တာလား၊ ရေစက်ကိုပါတာလား။ ခုပဲချတော့မည့်ဆဲဆဲမှာ သူက ဝင်ကိုင်ပြန်သေးသည်။

"အေး ... ဒါဆို ဒါပဲကွာ"

"ဟော့ကောင် ... နေဦး၊ မင်း ဘယ်အချိန် ရောက်မှာလဲ၊ ဒီည မပြန်လာတော့ဘူးလား"

"လာမှာ ... လာမှာ၊ ရှစ်နာရီလောက်ထိပဲ ငါနေပေးရမှာပါ၊ ပြီးရင် ပြန်ခဲ့မယ်၊ မင်း ငါတို့ကို ကျွေးမလို့ဆို"

"အေးလေ ... အဲဒါ ဖျက်ရမှာလား၊ စားဖြစ်လားလို့ မေးတာ"



www.burmeseclassic.com

www.burmeseclassic.com

"တားဖြစ်တယ်၊ မင်းဘာသာ စိစဉ်ထားလိုက်၊ ငါရောက်အောင် ပြန်လာမယ်၊ ဝါးတီးပဲကွာ၊ ဘယ်အလွတ်ခံလို့ဖြစ်ပါ့မလဲ၊ မင်း ဆုရလို့ မိုက်ဆံထုတ်ရလို့ ကျွေးတာဆိုတော့ ဂုဏ်ပြုရမှာပေါ့ကွ"

"ပြီးရော ... ပြီးရော"

အဲဒီအချိန်တွင် ဖုန်းက ချက်ချင်းလိုပင် ကောက်ကိုင်သံ ပေါ်လာပြန်ပြီး ...

"ကဲ ... မပြီးသေးဘူးလားဟင်"

"ပြီးပြီလေ"

"ဘာပြီးတာလဲ၊ ပြီးရင် ရှင်က ဘာကြောင့် မချသေးပဲ ကိုင်ထားတာလဲ"

"ခင်ဗျားကကော၊ စက္ကန့်နှစ်ဆယ်လောက်မဲခြားပြီး ပြန်ကောက်ကိုင်တာက ဘာသဘောလဲ၊ လေးငါးမိနစ်လောက် မစောင့်နိုင်ဘဲ ချက်ချင်းပြန်ကောက်နားထောင်တာကတော့ တမင်လှမ်းနားထောင်တာ သိပ်သိသာတယ်ဗျာ"

"ဘာရှင့်၊ စိတ်တိုလို့ ချက်ချင်းပြန်ကောက်ကိုင်လိုက်တာ သိရဲ့လား"

"ဒီမှာ၊ ခင်ဗျားရဲ့ပြဿနာက ဘာလဲ"

"ဘာ"

"ခင်ဗျားရဲ့ **Problem** က ဘာလဲလို့၊ သိပ်အထီးကျန်နေလို့လား၊ ပျင်းနေလို့လား၊ အခုက ပြောတဲ့လူက ပြောလွန်း





တာထက် ကောက်ကောက်ကိုင်တဲ့သူက ပိုဆိုးနေပြီ။ ခင်ဗျား တစ်နေ့ တစ်နေ့ အိမ်မှာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေရင် ပူးနေတဲ့လိုင်းကို လှမ်းနားထောင်ပြီး အပျင်းဖြေဖို့ ရည်ရွယ်တာလား"

"ဟင် ... ရှင်၊ ရှင်ကဗျား၊ ရှင့် ငှက်ဆိုးထိုးသံကို ဘယ်သူက ကြားချင်လို့ ခဏ ခဏ ကိုင်ရမှာလဲ၊ ကျွန်မဖုန်းဆက်မလို့ပေါ့ရှင်"

"ခင်ဗျားက နေ့စဉ်နဲ့အမျှ ဘယ်တွေကို ဖုန်းဆက်နေရတာလဲ"

"အောင်မာ ... အောင်မာ ... ရှင်ကျတော့ရော"

"ကျွန်တော့်ကို ခင်ဗျားပြောတဲ့အတိုင်း ထားလိုက်ပါ၊ လူရှုပ် အလကားနေရင်း ကောင်မလေးတွေနဲ့ ကြူနေတဲ့ကောင်လေ၊ ခင်မောင်ကြူပေါ့ဗျာ၊ ခင်ဗျားကကော ဘာလဲ၊ ဒီအိမ်မှာ ယောကျ်ားတွေချည်းနေတာ သိပြီး တစ်ယောက်ယောက်နဲ့ ဓာတ်လမ်းလုပ်ဖို့ ရည်ရွယ်နေတာလား"

"ဘာ ... ရှင် ... ရှင် ... တော်တော်လူပါး၀ ..."

တစ်ဖက်က ဖုန်းကို အားရှိပါးရှိ ဒေါမာန်ပါပါ ဆောင့်ချသွားပါသည်။

*○*


www.burmeseclassic.com

www.burmeseclassic.com



## ၁၁

အိမ့်ဦးသည် ဆေးခန်းလေးရှေ့ ရပ်မိလျှင် ချိတ်ဆွဲထားတဲ့ "ဒေါက်တာသံလွင်"ဆိုတဲ့ ဆိုင်းဘုတ်ငယ်လေးကို ချစ်မြတ်နိုးစိတ်အပြည့်နှင့် ဖြူးစိုက်ကြည့်နေမိပါသည်။ တော်တော်လည်း စိတ်ချရတဲ့ ကျော့။ တစ်ဆက်တည်းတွေးကာ ရယ်ချင်သလိုလို ရှက်သလိုလို ဖြစ်နေမိပါသေးသည်။

ဟိုးတစ်ရက်က သူ ရန်ကုန်ရောက်နေတုန်း တစ်ရက်ကလေးပဲ ဘတ်စ်ကားပေါ်မှာ တွေ့လိုက်ပါသည်။ သူနဲ့ အိမ့်ဦး အစဉ်အမြဲ တွေ့နေကြတဲ့အလား အိမ့်ဦး အတွင်းရေးတွေ သူ အကုန်လုံးသိတဲ့အလား မေမေ့ထံသွားပြီး အာချောင်သည်။ မေမေက သူ ပြောသလောက် ကြားသိရပြီး အိမ့်ဦးထံ မနေ့က ဖုန်းဆက်လာပါသည်။

အိမ့်ဦး ဖုန်းကိုင်သည်နှင့် ...

"ဟဲ့ ... အိမ့်ဦး၊ ညည်း ရည်းစားထားနေပြီဆို"



"အား ... မေမေကလည်း၊ ဘာတွေပြောနေတာလဲ"

"ကျော့က သူ တွေ့တောင် တွေ့ခဲ့တယ်တဲ့"

"မိကျော့က ရှုးလို့ပြောနေတာ မေမေ"

"ကပျက်ကချော် ပြောမနေစမ်းပါနဲ့ အိမ့်ဦးရဲ့၊ ကျော့က သေသေချာချာ စုံစုံစေ့စေ့ ပြောပြနေတာ၊ ဆရာဝန်ဆို"

"သူထင်တာတွေ သူ လျှောက်ပြောနေတာပါ မေမေရယ်၊ အိမ့်ဦးနဲ့ သူနဲ့က ခင်ရုံခင်တာပါ၊ ဘာမှမဟုတ်သေးပါဘူး"

"ဟုတ်ရဲ့လား အိမ့်ဦးရယ်၊ မေမေ့ကို ဖုံးနေတာများလား၊ တကယ်ဟုတ်ရင်လည်း သမီးကို မဆူပါဘူး၊ ဆရာဝန်ဆိုတာကို ညည်းက ငယ်ငယ်လေးကတည်းက သဘောကျတာ မေမေ သိသားပဲ၊ ဖြူဖြူမြင့်မြင့် ခပ်ချောချောပဲတဲ့၊ ညည်းကိုယ်တိုင် နာမည်ပြောပြတာ ဒေါက်တာသံလွင်ဆို"

"အဟင်း ဟင်း"

အိမ့်ဦးက မေမေ့စကားတွေ ပြန်ကြားယောင်ကာ အသံလေးထွက်အောင် ရယ်လိုက်မိပါသည်။ မေမေက အိမ့်ဦးကို အရမ်းချစ်တာပါ။ တိုင်တိုင်ပင်ပင်နှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုလို့ရတဲ့ အမေမျိုးပါ။ အိမ့်ဦးမှာ တကယ်ပဲ ရည်းစားရှိလို့ မေမေ့ကိုဖွင့်ပြောလည်း မေမေက ဆူပူကြိမ်းမောင်းမည့်သူ မဟုတ်။ လာပြီးတော့သာ အကဲခတ်မှာ။

"သက်သာနေပါပြီ ဆရာလေးရယ်"

အတွင်းခန်းလေးထဲမှ အသံနှင့်အတူ သက်ကြီးပိုင်းဦးလေးကြီးတစ်ယောက် ခန်းဆီးဖယ်ကာ ထွက်လာပါသည်။

www.burmeseclassic.com



"သက်သာတာဟာလည်း အရှင်းပျောက်သွားတာ မဟုတ်ဘူး ဦးလှမောင်ကြီး၊ ခေါင်းမမာပါနဲ့ဗျာ၊ ကျွန်တော်ပြောတဲ့အတိုင်းလုပ်၊ နှုတ်ဖြန့်ဆက်ဆက်ပြန်လာခဲ့၊ မလာလို့မရဘူး၊ လာရမယ်နော်"

"ဆေးသောက်နေတာ အတော်ပျောက်နေပြီဗျ"

"ပျောက်တာလည်း ပျောက်တာပေါ့၊ ထပ်မဖြစ်အောင်အမြစ်ပြတ်ဖို့လိုတယ် မဟုတ်လား၊ ခင်ဗျားကို ဒီနေ့ပေးလိုက်ဖို့ ဆေးအဆင်သင့် ထုတ်ထားတယ်၊ ယူသွားဦး"

ရေချမ်းက ငွေကြေးကလည်းမချောင်လည်၊ ကျန်းမာရေး ဗဟုသုတကလည်းမရှိ၊ နည်းနည်းပါးပါး သက်သာလျှင်ထပ်မလာချင်တော့သော လူနာတွေ အချိုးအချိုတ်ကို နားလည်စွာ တတ်သမျှ မှတ်သမျှ နားဝင်အောင် ချော့မော့လှည့်ပတ်ပြောနေရရင်း သူပါခန်းဆီးမ,၍ အပြင်ကိုအထွက် အိမ့်ဦးကိုလှမ်းမြင်လိုက်ပါသည်။

တစ်ယောက်တည်း ခပ်ပြုံးပြုံးလေး ရပ်နေသောအိမ့်ဦးပုံစံလေးက ရေချမ်းရဲ့ရင်ကို တဖျပ်ဖျပ် တုန်ခါသောင်ဘင်ခတ်သွားစေသည်။

"ဗျော့ … ဦးလှမောင်ကြီး ဆေး၊ ဒီညတစ်ကြိမ်၊ နက်ဖြန်ကျ မိုးလင်းတစ်ကြိမ် နေ့လယ်တစ်ကြိမ် သောက်လာခဲ့နော်"





"ဟုတ်ကဲ့ … ဟုတ်ကဲ့၊ ဆရာလေး ခုနသွေးပေါင်ချိန်တာမတက်ပါဘူးနော်"

"ဘယ်က မတက်ရမှာလဲ၊ တစ်ရာငါးဆယ်ကိုးဆယ်၊ တက်တယ်ဗျ၊ အရက်မသောက်နဲ့ဦးနော်၊ ဒီနေ့အဖို့"

"ဟုတ်ကဲ့ပါဗျာ၊ အိမ်ကျ အဘွားကြီးမေးရင် ပြောပြနိုင်အောင်၊ အဘွားကြီးက ဘာမှသာ မသိတယ်၊ မေးသလားမြန်းသလားတော့ မမေးနဲ့၊ သူပဲ အကုန်သိတဲ့ ဆရာမကြီးကိုက်နဲ့"

"သူက ဆရာမကြီး လုပ်ချင်ရင် ဦးလှမောင်ကြီးကတပည့်ကြီးလို နေပေးလိုက်ပေါ့"

"နေပါတယ်ဗျာ၊ နေပါတယ်"

"ဘယ်လောက်ကျပါသလဲဆရာ"

"ဆေးဖိုးက ခြောက်ရာကျတယ်"

"သွေးပေါင်ချိန်တာကရော ဆရာ"

"ဘာမှမကျပါဘူး၊ ရပါတယ် မပေးရပါဘူး"

"ကျေးဇူးပါပဲ ဆရာလေးရယ်၊ မပေးရတော့လည်း သက်သာသွားတာပေါ့ဗျာ"

ဦးလေးကြီး တဟားဟား ရယ်မောကာ ဆေးထုပ်လေးယူပြီး ထွက်သွားတော့မှ ရေချမ်းက အိမ့်ဦးအနားတိုးကပ်လာရင်း …

"လာလေ ဦး၊ ဘာဆေးလိုချင်တာလဲ ပြောလေ"

www.burmeseclassic.com

www.burmeseclassic.com



အိမ့်ဦးက ရေချမ်းကို ချစ်စဖွယ်ပြုံးပြရင်း ...

"အိမ်မှာသုံးတဲ့ ဆေးလေးတွေပါ၊ ဘိုင်အိုဂျက်ဆစ်က တစ်ကတ်၊ ဖောလစ်အက်ဆစ်တစ်ပုလင်း၊ ဗိုက်တာမင် အီးရယ်၊ ဆန်းလိုက်ဖ်က ထုတ်တဲ့ စီဗစ်ရေဆူပြားရယ် လည်း လိုချင်တယ်၊ ဪ ... ပြီးတော့ အဲအိတ်စ်"

ရေချမ်းက လက်လေးချိုးကာ ရေရွတ်နေတဲ့ အိမ့်ဦး ကို ချစ်စနိုးကြည့်ရင်း ...

"ဆေးဆိုင်များ ပြန်ဖွင့်မလို့လား ဦးရဲ့ ... ဟား ဟား"

"မဟုတ်ပါဘူး၊ အိမ်မှာ မမမွန်ရယ်၊ မမသန့်ရယ်၊ ဦးရယ် သုံးဖြစ်နေကျ ဆေးလေးတွေပါ၊ တစ်လတစ်ကြိမ် နှစ်လတစ်ကြိမ် ဝယ်နေကျပဲ၊ ဦးက ဒီတစ်ခါတော့ ဒီဆိုင်မှာ အားပေးပြီး ဝယ်မယ်လို့"

"ဒီမှာ အားပေးမယ် ဟုတ်လား"

ရေချမ်းက အိမ့်ဦး ပြောပုံကို ချစ်စနိုးနှင့် မျက်လုံး လေးတွေ ရွှန်းရီအောင် ပြုံးနေမိပါသည်။ ချစ်စရာ ကောင်းလိုက် တာ။ ဒီညတောင် သူငယ်ချင်းတွေကို အပြင်မှာ လိုက်ကျွေးရင်း ဒီကိစ္စကို ဖွင့်ပြောကြေညာလိုက်မယ်လို့ ရေချမ်းက စိတ်ကူးထား ပါသည်။

အချိန်အကြာကြီး အိပ်မောကျ ပျင်းရိနေခဲ့တဲ့ သူ့ ရဲ့နှလုံးသားဟာ နိုးထသက်ဝင်လာပြီ ဆိုတော့လည်း အရှိန်အဟုန် က မြန်ဆန်ပြင်းထန်လှသည်။





"ဟုတ်တယ်လေ၊ အားပေးမှာပေါ့၊ ကိုယ့်မိတ်ဆွေပဲ ... အဟင်း"

ရေချမ်း ဆေးထုတ်နေဆဲ အိမ့်ဦးက ပလတ်စတစ်ခုံ လေးမှာ ဝင်ထိုင်လိုက်ရင်း ...

"ဦးက ဘာပဲလုပ်လုပ် ဘာပဲဝယ်ဝယ်၊ သူစိမ်းဆိုင်နဲ့ ကိုယ့်အသိဆိုင်ဆိုရင် ကိုယ့်အသိဆိုင်ကို အားပေးတယ်၊ ဝယ်ရမယ့်တူတူလေ၊ ဟုတ်ဖူးလား၊ ဆံပင်ဆိုင်ဆိုလည်း ဦးနဲ့အရင်ကတည်းကခင်တဲ့ အစ်မကြီးတစ်ယောက်ဆိုင်မှာ အမြဲလုပ်တယ်၊ ဟိုးဘက်ဈေးထိပ်မှာ ရှမ်းစာရောင်းတာ နှစ်ဆိုင်တောင်လေ၊ ဦးက မြီးရှည် တို့ဟူးနွေးစားမယ်ဆို ရင် ဦးနဲ့ခင်တဲ့ ဦးဗိုက်ပူကြီးဆိုင်မှာပဲ အမြဲစားတယ်"

"ဟင်း ... ဟင်း"

လက်ညှိုးလေးထောင် ခေါင်းလေးစောင်းငဲ့ကာ ပေါ့ ပေါ့ပါးပါး လွတ်လွတ်လပ်လပ် ပြောနေတဲ့ အိမ့်ဦး ပုံစံလေးကို ရေချမ်းက ငေးမောနေမိသည်။ ပုံစံလေးက ဟန်ဆောင် မာန်တွေ မပါပဲ တရင်းတနှီး နိုင်လှပါသည်။ တကယ်တော့ အိမ့်ဦးက လည်း သူ့ကိုယ်သူ ဒေါက်တာသံလွင်ရဲ့အစ်မရင်းနဲ့တောင် မိတ် ဆက်သိကျွမ်းပြီးပြီဆိုပြီး ရင်းနှီးမှု အလိုလိုပိုလာမိတာ။

သူ့အစ်မရဲ့ပုံစံကိုလည်း အိမ့်ဦး မြင်မြင်ချင်း နှစ်လို ခင်မင်မိသည်လေ။ အဆင့်အတန်းရှိရှိနှင့် စိတ်ထားလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



တဲ့ရုပ်။ မြင်မြင်ချင်း ချစ်မွေး ခင်မွေး ပေါက်စေတဲ့ရုပ်။ ပေါင်းသင်းဆက်ဆံလို့ရသည်ဆိုတဲ့ ကိုယ့်စိတ်ကို သေချာကျေနပ်စေတဲ့ရုပ်။

"အရင်တုန်းက ဦးက ဟိုဘက်လမ်းထိပ်က 'အောင်'ဆေးဆိုင်မှာ ဝယ်တယ်လေ အစ်ကိုရဲ့၊ ဒါပေမဲ့ အခုတော့ ဒီမှာပဲ ဝယ်တော့မယ်လေ၊ နောက်လတွေလည်း ဒီမှာပဲလာဝယ်မယ်၊ ဟိုနေ့က မမမွန်တောင် ချော်လဲတာ ဒီမှာဝင်ပြခဲ့သေးတယ်"

"မမမွန် ဆိုတာ ! "

"မမမွန်နဲ့ မမသန့်က ဦးနဲ့ အတူနေတာလေ အစ်မရင်းတွေလိုပါပဲ၊ အစ်ကိုတို့လိုပေါ့၊ အစ်ကိုတို့ကလည်း သူငယ်ချင်းငါးယောက် စုနေကြတာ မဟုတ်လား"

"ဟုတ်တယ်၊ ဦး ဘယ်လိုလုပ်သိလဲ"

"ဒီလိုပဲ သိတာ၊ အဲဒီ အစ်ကိုတို့အခန်းနဲ့ ပတ်သက်ပြီး အစ်ကိုနဲ့ ခုလို မသိခင်ကတည်းက ရေစက်ဆုံပြီးသား"

"ဟင်"

"ဟုတ်တယ်၊ အစ်ကိုကိုတော့ ဦး အရမ်းခင်ပါတယ်၊ ဒါပေမဲ့ ..."

နှာခေါင်းလေးရှုံ့ပြီး စူပုပ်ပုပ်နှင့် စကားတုံ့နေသော အိမ့်ဦးကို ရေချမ်းက ဖေဖေဝါကြည့်ရင်း ...



"ပြောလေ ဦး၊ ပြောလို့ရပါတယ်၊ ဘာဖြစ်လို့လဲ"

ရေချမ်း စိတ်ထဲ အစ်ကိုကြီးကို တန်းခနဲ မြင်ယောင်မိသည်။ သူ့ကိုတော့ ခင်တယ်ဆိုတော့ တခြားစိတ်သဘောမတွေ့တာတော့ တစ်ခုခုရှိနေပြီဆိုတဲ့အခါ ကိုကိုကြီးများ ချာတိတ်မလေးကို စကားပြောတာ အရောဝင်တာတွေ လုပ်ထားလား၊ ဒါကို မနှစ်မြို့စရာ ဖြစ်ထားလားလို့ပဲ တွေးလိုက်မိပါသည်။

"ပြောမယ်နော်"

"ပြောပါ ဦးရဲ့"

"အစ်ကိုက အစ်ကို့သူငယ်ချင်းဆိုတော့ နာနေဦးမယ်"

"သူငယ်ချင်းတော့ သူငယ်ချင်းပေါ့၊ ဒါပေမဲ့ ဦးစိတ်အနှောင့်အယှက်ဖြစ်စရာ ဘာဖြစ်ထားလဲ ကျွန်တော်သိချင်ပါသေးတယ်၊ ကိုယ့်သူငယ်ချင်းက သူသိလို့ဖြစ်စေ မသိဘဲ အမှတ်တမဲ့ဖြစ်စေ အိမ့်ဦး မနှစ်သက်စရာ လုပ်ထားမိတယ်ဆိုလည်း ဆင်ခြင်ရတာပေါ့"

"မနှစ်သက်တာ မဟုတ်ဘူး"

အိမ့်ဦးက ရေချမ်းကိုဝါ မျက်စောင်းရွယ်ရင်း ...

"ကာအားမုန်းတာ"

"ဗျာ"

"သိပ်မုန်းတာပဲ၊ အူထဲအသည်းထဲကကိုမုန်းတာ၊ အမြင်ကိုကတ်တာ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းက ထိတ်ထိတ်ပျာပျာတောင် ဖြစ်သွားမိပြီး အံ့အားတသင့်နှင့် တွေးမရနိုင်ဘဲ ရှိရပါသည်။ သူတို့ထဲမှာ အိမ့်ဦး ဒီလောက်ထိ မုန်းတီးအမြင်ကတ်ရလောက်အောင်တော့ ဟောဒ့ဟော့ရမ်းရမ်းသမား မပါပါ။

"ဘာများဖြစ်လို့လဲဗျာ၊ ဦး လူများမှားနေမလား"

"အို … ဘာလို့မှားရမှာလဲ"

အိမ့်ဦးက ပြောရမှာလည်း အားနာသေးဟန်ဖြင့် ရေချမ်းကို လိမ်ဖယ်ဖယ်လေး ကြည့်ရင်းက …

"အစ်ကို့သူငယ်ချင်းကိုပြောရင် အစ်ကိုက စိတ်ဆိုးမှာလား"

"စိတ်မဆိုးပါဘူး ဦးရဲ့၊ ဦး စိတ်ဆိုးအောင် မုန်းအောင် သူ့ကိုယ်သူ လုပ်မိမှန်းသိရင်လည်းသိမယ်၊ မသိရင်လည်း မသိဘူး၊ သူ လွန်နေရင် ကျွန်တော်တို့ဘက်က အမှားပဲဟာ၊ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ သူ မလွန်ရင်လည်း ဦးကို အဖြစ်မှန် ရှင်းပြမှာပေါ့"

"သူ လွန်ကိုလွန်တယ်"

ရေချမ်းက နှာခေါင်းလေးကုတ်ကာ …

"ဟုတ်လား … ဘာလုပ်လို့လဲ၊ ဘယ်သူလဲ ပြောပါဦး ဦးရဲ့"

"အစ်ကို့ကိုတောင် အဲဒီအခန်းက ငါးယောက်အုပ်စုထဲက ဆိုတာ ဟိုတစ်နေ့ကမှ မမမွန်ပြောပြလို့သိရတာ၊ မမမွန်က ဆေးခန်းလာပြရင်း အစ်ကို့ဆီက သိလာတာလေ"



"ကျွန်တော့်ဆီက … ဘာကို …"

ရေချမ်းက နဝေတိမ်တောင် ဖြစ်နေမိပါသည်။ မမမွန် ဆိုသူက ဆေးခန်းလာပြရင်း သူ့ဆီက ဘာကိုသိပါလိမ့်။ သူက တစ်ခုခု ပြောမိရအောင် မမမွန်ဆိုတာကိုလည်း သူ မသိ။

"မမမွန် ပြန်ပြောပြလို့ ဒေါက်တာသံလွင် ဆိုတာ တိုက် D သုံးထပ်က ဟိုငါးယောက်ထဲက တစ်ယောက်ဆိုတော့ အရမ်းအံ့ဩတာ၊ အစ်ကိုက ရိုးရိုးအေးအေး သန့်သန့်လေး နဲ့ ဟိုလိုလူတွေနဲ့ အပေါင်းအသင်းတွေဆိုတာ မယုံနိုင် လောက်အောင်ပဲ"

ရေချမ်းသည် အိမ့်ဦး စကားတွေကို နားမလည် ပါးမလည်နှင့် မနည်းလိုက်မိအောင် နားထောင်နေရရင်း အဆ အချာ စဉ်းစားနေရပါသည်။

"အထူးသဖြင့် အဲဒီတစ်ယောက်ကိုတော့ ဦးက သိပ်အမြင် ကတ်တာပဲ၊ မုန်းဖို့ကောင်းတယ်၊ အရမ်းစိတ်ပျက်တာပဲ၊ လူရှုပ်၊ ရေချမ်း ဆိုတဲ့လူလေ"

"ဗျာ"

ရေချမ်းသည် မျက်ခုံးပင့် မျက်လုံးကျယ်ကာ မျက်နှာ ပျက်သွားပါသည်။

"တွေ့လား၊ အစ်ကို့သူငယ်ချင်းကို ပြောတာဆိုတော့ အစ်ကို့စိတ်ထဲ နည်းနည်းတော့ မခံချင်ဘူး၊ မကျေလည် ဘူး မဟုတ်လား၊ သိပါတယ်နော်၊ မျက်နှာကိုပျက်သွား တာပဲ"

www.burmeseclassic.com


"ကျွန်တော့်သူငယ်ချင်း !! ဟို ..."

"ဦး ဖုန်းဆက်ဖို့ ကိုင်လိုက် ိင်း အဲဒီ ရေချမ်းဆိုတဲ့လူနဲ့ပဲ တိုးနေတာ၊ မိန်းကလေးတွေနဲ့ချည်းပဲ တစ်ယောက်ပြီးတစ်ယောက် မပြီးနိုင်အောင် တစ်နေကုန် ပြောနေတော့တာပဲ။ ဟီးဟီးဟားဟားနဲ့ အီလိုက် ချွဲလိုက် ညှုလိုက်နဲ့၊ မိန်းမတွေလည်း အံ့သြပါရဲ့ အစ်ကိုရယ်၊ ယောက်ျားတစ်ယောက်ကို အားအားလျားလျား ဖုန်းဆက်ပြီး အရည်မရအဖတ်မရတွေ ပြောနေတယ်၊ မိန်းမတွေကိုကလည်းပြောနေတော့ အဲဒီ ရေချမ်းဆိုတဲ့ လူကလည်း ဘယ်ဆင်ခြင်ပါ့မလဲ၊ သူက ယောက်ျားပဲဟာ"

"ဟို ... ဟို ... သူ ... သူကတော့ ... ဘာမှ"

"သူ စကားပြောတာတွေ ဦးကိုယ်တိုင် ကြားရတာနော်၊ ဟိုတလောကတောင် ဖုန်းလိုင်းပူးတာလည်း ပြင်ပေးပါ၊ အဲဒီလူကိုလည်း အရေးယူပေးပါလို့ တိုက်က အုပ်ချုပ်ရေးမှူးကို ပြောသေးတယ်၊ အဲဒီလူကြီးလည်း ခေါင်းရှောင်နေတာပါပဲ၊ အလကားပါပဲ၊ ခုတော့ ဦးလည်း ပြဿနာမဖြစ်အောင် ရှောင်နေပါတယ် အစ်ကိုရယ်၊ စိတ်ပျက်လွန်းလို့"

"ဟို ... သူ ... သူက ဦးထင်သလို လူရှုပ် မ ... မဟုတ်"

"အို ... အစ်ကိုကလည်း၊ စကားပြောစရာရှိလိုက်ရင် မိန်းကလေးတွေနဲ့ချည်းပဲ၊ မိန်းမဝါသနာပါတဲ့သူ ဖြစ်ရမယ်"

"အာ ... မဟုတ်ပါဘူး ဦးရယ်၊ ကျွန်တော်က ပြော့် ... သူက အဲဒီ ရေချမ်းက အိမ်မှာ ဖုန်းဒိုင်ခံကိုင်ရတဲ့သူမို့ပါ၊ သူက အိမ်မှာ အမြဲနီးပါးရှိတာကိုး၊ ပြီးတော့ ဟိုကောင်တွေကလည်း သူတို့မပြောချင် ရှောင်ချင်တဲ့ဖုန်းမှန်သမျှ ဒီကောင့်ခေါင်းပေါ်ပဲ ဝိုင်းတင်ထားကြတာ၊ သူက အားနာတတ်တော့ အားလုံးကို ပြေပြေလည်လည် ပြန်ပြောရင်း ဖြေရှင်းရင်း အခြေအတင် အတုံ့အလှည့် ပြောဖြစ်နေတာတွေပါ"

ရေချမ်းက စိတ်ညစ်ညစ်နှင့် အိမ့်ဦးကို ရှင်းပြမိလျှင်အိမ့်ဦးက သူ့မျက်နှာကို ပြုံးတုံ့တုံ့လေးကြည့်ရင်း ...

"အစ်ကိုက စိတ်ကောင်း သဘောကောင်း ရှိတယ်တွေ့လား၊ အကောင်းမြင်တတ်တယ်၊ သူငယ်ချင်းကိုလည်း အတော်ချစ်ပုံပဲ"

ရေချမ်းက ခေါင်းလေးကုတ်ရင်း အိမ့်ဦးကို သူဘာပြောရင်ကောင်းမည်ကို အမှတ်တပြင်း စဉ်းစားနေမိပါသည်။ ဒုက္ခပဲ။ ဒီအချိန်မှာ "ကျွန်တော်က ရေချမ်းပါ"လို့ ရေချမ်းဘယ်လိုမှ ပြောမထွက်ပါပေ၊ အိမ့်ဦး ဒီလောက် မုန်းတီးနေတဲ့သူဟာ ကိုယ်ပါလို့ ဝန်မခံရဲပါ။

သူက အိမ့်ဦးကို မြတ်မြတ်နိုးနိုး ချစ်နေပါပြီလို့ဆိုမှ အမုန်းခံရမယ့်နေရာကို ရတ်တရက် မဝင်ရဲပါ။ သူသာ ရေချမ်း ဆိုတာ အိမ့်ဦး သိသွားရင် သူ့အပေါ် တစ်ထိုင်တည်း အရမ်းကို ခါးသီးသွားမှာ သူ ကြောက်ပါသည်။ သတ္တိတွေ ဘယ်ကိုရောက်ကုန်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com

ဒီအဖြစ်မှန်ကို မပြောပဲ မြှိုထားလို့ရော ဒါမျိုးက ရကောင်းတဲ့ အရာလား။ ဖွင့်မပြော ို့ ဖြစ်ပါ့မလား ဆိုတဲ့ စိတ်ကလည်း ရေချမ်း ရင်ထဲမှာ ခုန်ပေါက်ခြောက်လှန့်နေပါသည်။

အဲဒီ အမည်မသိ ကောင်မလေးနှင့် ဖုန်းထဲမှာ ရန်ဖြစ်ငြင်းခုန်၊ မခံချင်အောင် ပြောဆိုကြစဉ်က ရဲဝံ့မှုတွေ သွေးအေးမှုတွေ ဘယ်ကိုများ ရောက်ကုန်ပါလိမ့်။ တစ်ချိန်လုံး ရန်လိုနေတဲ့ မိန်းကလေးဟာ အိမ့်ဦးကိုး။

"ဒါနဲ့ ..."

သူက စိတ်ရှုပ်ထွေးစွာ စကားစလိုက်လျှင် အိမ့်ဦးက အာရုံလေး စူးစိုက်ပြီး ပြုံးပြုံးလေးကြည့်ကာ ရေချမ်းရဲ့စကားကို နားစွင့်နေပါသည်။

"ကျွန်တော့်ကို ဒေါက်တာသံလွင် ... အဲ ... ဒေါက်တာသံလွင်လို့ ဘယ်လိုလုပ်ပြီး သိထားတာလဲ"

"ဩော် ... အဟင်းဟင်း၊ အစ်ကိုက ဒါကို အံ့ဩနေလို့လား၊ သူများပြောလို့ သိတာပေါ့ အစ်ကိုရဲ့"

"သူများပြောလို့ ! ဘယ်သူက ပြောတာလဲ"

"အဟင်း ... အစ်ကိုတို့ သူငယ်ချင်းနှစ်ယောက်နဲ့ ဦးတို့နဲ့ ဈေးထဲမှာ ဆုံဖူးတာ မမှတ်မိဘူးလား"

"ဩော် ... မှတ်မိတယ်လေ၊ မှတ်မိတယ်၊ ဦးကို အစ်မကြီးတစ်ယောက်နဲ့ အတူတူလှမ်းတွေ့တယ်လေ"





"အဲဒီနေ့က ဦးတို့ရပ်နေတဲ့နားက ဝက်သားဆိုင်က အဒေါ်ကြီးက အစ်ကို့ကို လှမ်းခေါ်တယ်လေ၊ အစ်ကိုတို့က အတော်နဲ့ မကြားဘူး၊ မိန်းမကြီးကလည်း ထပ်ခါထပ်ခါ အော်တာပဲ၊ ဒေါက်တာလေး ... ဒေါက်တာသံလွင်နဲ့၊ တော်တော်ခေါ်မှ အစ်ကိုကကြားပြီး လှည့်ကြည့်ပြီး ပြန်အော်ဖြေတယ်၊ နေပါစေတဲ့ ဒီနေ့ ဟင်းချက်ဖို့ ဝယ်ပြီးပြီတဲ့"

ရေချမ်းသည် အဲဒီအဖြစ်အပျက်တွေကို ကောင်းကောင်းကြီး မှတ်မိကာ မြင်ကွင်းထဲမှာ ဓာတ်ပုံရိုက်သလို အကွက်လိုက် အချပ်လိုက် အားလုံးကို ပြန်မြင်ယောင်လာခဲ့ပါသည်။ အကြောဆေးထိုးခိုင်းတဲ့ ဝက်သားသည်ကို သံလွင်က လှည့်မကြည့်၍ သူကပဲ အားတွေနာကာ လှည့်အော်ဖြေဖြစ်ခဲ့တဲ့ နေ့ကလေးလေ။

ကဲ ... ဘယ်လိုလုပ်ကြမလဲ။ ရေချမ်းသည် ငူငိုင်ငိုင်နှင့် စိတ်ပျက်လက်ပျက်ကြီး ဖြစ်နေမိပါသည်။

"အဲဒီတော့ ကျွန်တော် ဒေါက်တာသံလွင် ဖြစ်သွားရောပေါ့၊ ဟုတ်လား"

"ဟား ဟား ... အစ်ကိုက လာနောက်မနေပါနဲ့၊ အစ်ကို နားကြပ်လေးကိုင်ပြီး ဆေးရုံကြီးကို အလုပ်သွားတာလည်း ဘတ်စ်ကားပေါ်မှာဆုံပြီးပြီ၊ အခုလည်း ဆေးခန်းထိုင်နေတာ မြင်ပြီးပြီ၊ ဒီတော့ အစ်ကို ဒေါက်တာသံလွင်၊ ကဲ ... ဘာငြင်းဖို့ရှိလဲ"


www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကျွန်တော်က ဒေါက်တာသံလွင် မဟုတ်ရင်ကော"

"ဘာတွေလျှောက်ပြောနေတာလဲ အစ်ကို၊ ဟား ဟား ... ရယ်ရတယ်"

"တခြားတစ်ယောက် ဆိုရင်ကောလို့"

"တခြားတစ်ယောက်ဖြစ်ရင် ဘာဖြစ်လဲ၊ အစ်ကိုကတော့ အစ်ကိုပဲလေ"

အိမ့်ဦးက ရေချမ်းကို လက်ညှိုးလေး ညွှန်ကာ ညွှန်ကာ ပြောသည်။ အင်း ... ချစ်စရာလေး။ မင်းကိုချစ်တယ် အိမ့်ဦးအောင်ရေ။ ဒါပေမဲ့ ငါက မင်းမုန်းတဲ့သူ ဖြစ်နေပါရောလား။ ဘယ်လိုလုပ်ရပါ့မလဲ။

"ကျွန်တော်က ရေချမ်း ဆိုရင်ကော"

"အစ်ကိုနော်"

အိမ့်ဦးက ရုပ်ပုပ်ပုပ်လေးနှင့် ထိုင်ရာက ထ,လိုက်ပါသည်။ မကျေမချမ်း မျက်နှာကလေးနှင့် မျက်စောင်းရွယ်ကာ ...

"အိမ့်ဦး မုန်းတဲ့လူအကြောင်း စကားထဲ ထည့်မပြောနဲ့"

အိမ့်ဦးက စိတ်တိုသွားသလို ဆေးထည့်ထားတဲ့ မှန်ဗီရိုလေးရှေ့ တိုးကပ်လာရင်း ...

"ဟဲ ... အဲဒါတွေ ဘယ်လောက်ကျတာလဲ"

"ကျွန်တော် တွက်လိုက်ဦးမယ်"





ရေချမ်းက စာရင်းတွက်နေစဉ် အိမ့်ဦးက ခပ်ညှိုးညှိုး ဖြစ်သွားသလိုရှိတဲ့ ရေချမ်းရဲ့မျက်နှာရိပ် မျက်နှာကဲကို အကဲခတ်နေမိပါသည်။ သူ့သူငယ်ချင်းကို မကောင်းပြောလို့ မကြိုက်ဘူး ထင်တယ်လို့လည်း တွေးကြည့်မိပါသည်။

" ...... ကျတယ် ဦး"

အိမ့်ဦးက ပိုက်ဆံထုတ်သည်။ ရေချမ်းက ဆေးတွေကို ကြွပ်ကြွပ်အိတ်ငယ်ထဲ စုထည့်ပေးကာ ...

"ရေချမ်းကို နောက်ကို ဆင်ဆင်ခြင်ခြင်နေဖို့ ဖုန်းသိပ်မပြောဖို့ ကျွန်တော် ပြောလိုက်ပါ့မယ် ဦး၊ ဒါပေမဲ့ သူက လူကောင်းတစ်ယောက်ဆိုတာ ဦး ယုံပါ"

"သူ ဆင်ခြင်ရင် ပြီးတာပဲ၊ သူ ဖုန်းသိပ်မပြောတော့ရင် ဦး ပြောချင်တဲ့အချိန်တွေ သူနဲ့ တိုးမနေတော့ဘူးပေါ့၊ ဒါဆို ပြီးတာပဲ"

ရေချမ်းနဲ့ အိမ့်ဦးတို့ရဲ့ အပြုံးချင်း အကြည့်မျက်ဝန်းချင်း အတန်ကြာမျှ ဆုံစည်းရင်ဆိုင်မိကြသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဟာ … ဒါဖြင့် မင်းက မင်းကိုယ်မင်း ဒေါက်တာသံလွင် ပါလို့ ဝန်ခံလိုက်သလို ဖြစ်သွားပြီပေါ့ကွ"

ရဲဝံ့က အလန့်တကြား အော်ကြီးဟစ်ကျယ်ထကာ မှတ်ချက်ချလိုက်ပါသည်။ ရေချမ်းက မျက်နှာခပ်လွဲလွဲနှင့် …

"ငါ ဝန်တော့ မခံလိုက်ပါဘူးကွာ"

"ဟကောင်ရ … ပါးစပ်က ဒီလိုကြီး ဖွင့်မပြောပေမယ့် သူ့ကို ဘာမှပြန်မငြင်းလိုက်တာ၊ အမှန်ကို ရှင်းမပြတာဟာ၊ ဝန်ခံထားတာနဲ့တူတူပဲ၊ သံလွင် မဟုတ်ဘဲ သူက သံလွင်လို့ထင်နေတာကို မဖြေရှင်းတာဟာ လိမ်ညာတာပဲကွ"

ကိုကိုကြီးက ပခုံးကိုတို့ကာ တွန်းကာဆိုသည်။ သံလွင်ကတော့ တဟက်ဟက် ရယ်မဆုံးပေ။ မိုးထက်ကတော့ …

"ဒီအချိန်မှာ ကျွန်တော်က ရေချမ်းပါလို့ ဒီကောင်ဖွင့်ပြောလိုက်ရင်လည်း ပွဲက အဲဒီနေရာလေးမှာပဲ The end ဖြစ်သွားပြီကွ"





"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ မင်း ဒီကောင်မလေးကို အတည်အတံ့ ရည်ရွယ်တာဆိုရင်တော့ ဒီကိစ္စက ဒီလို အလိုက်အထိုက်လေး မျှောနေလို့ရတဲ့ကိစ္စမှ မဟုတ်တာ"

"ရဲဝံ့ပြောတာ ဟုတ်တယ်လေ ရေချမ်း"

ရေချမ်းက သူ ဆုရထားတဲ့ အထိမ်းအမှတ်အဖြစ်နှင့် အားလုံးကို ဆစ်ဂနေချာဆိုင်လေးမှာ လိုက်ကျွေးနေတာ ဖြစ်ပါသည်။ ယောကျ်ားလေးချည်း ငါးယောက်မို့ အသောက်က လေးလည်းပါသည်။ ပထမတော့ ဘီယာပင်။ နောက်တော့ ကိုကိုကြီးက အပြင်းပါ ချမည်ဆိုကာ ဂျက်ခ်ဒဲန်နီယယ်လ်တစ်ပုလင်း မှာလိုက်ကြသည်ဖြစ်ရာ တဖြည်းဖြည်းချင်း နည်းနည်းပါ နည်းနည်းပါနှင့်ပင် များများလာရတော့တာပင်။

"ငါ အိမ့်ဦးအောင်ကို အရမ်းချစ်နေပြီကွ၊ တအားကို ချစ်နေပြီ၊ ဒီတော့ ငါ့ကိုယ်ငါ သူ အရမ်းမုန်းတဲ့ ရေချမ်း အဖြစ် အသိမခံရဲဘဲ ဖြစ်သွားတာပေါ့ကွာ၊ အဲဒါ ငါမှားလား ပြော၊ ကျွန်တော်မှားလား အစ်ကိုကြီး … ဟင်"

"ဟော့ကောင် ရေချမ်း၊ မငိုနဲ့ကွာ၊ မင်းငိုတော့ ငါပါဝမ်းနည်းလာပြီ"

"အစ်ကိုကြီး"

"အေး"

"ကျွန်တော် မငိုဘူး အစ်ကိုကြီး"

"ဟော … မင်း မငိုဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မငိုဘူး ကျွန်တော်၊ ငိုနေတာက အစ်ကိုကြီး"

"ဟော့ ... ဟုတ်ရဲ့လားကွာ၊ မင်း ငါ့ကိုလာဖောမနေနဲ့၊ ရေချမ်း၊ မင်း ဖောတိုင်းယုံမယ် ထင်နေလား"

"အစ်ကိုကြီး ငိုနေတာ၊ မယုံရင် ကိုယ့်မျက်လုံး ကိုယ်စမ်းကြည့်"

ကိုကိုကြီးက သူ့မျက်လုံးကို သူ စမ်းသပ်ကြည့်ရင်း ...

"မင်း ... မှန်တယ် ညီလေး ဟုတ်တယ်၊ ငါ ငိုနေတယ်"

"အစ်ကိုကြီးက ဘာကိစ္စ ငိုနေရတာလဲ"

"ငါ့ညီလေးခံစားနေရတာကို ငါလည်းရင်ထဲမှာ နင့်နေတယ်ကွာ"

"ဟုတ်လို့လား အစ်ကိုကြီး၊ ခင်ဗျား အိမ့်ဦးအောင်ကို တစ်ဖက်သတ် ကျိတ်ပိုးနေတာ၊ အခု ရေချမ်းနဲ့အဆင်ပြေတော့မှာမို့လို့ ငိုနေတာ မဟုတ်ဘူးလား"

"ဟော့ကောင် ... သံလွင်"

"ဘာတုံးဗျ"

"မင်းဟာလေ ညီတော်ပြီး ငါ့အပေါ် မကောင်းဆုံးကောင်ပဲ၊ ငါ့ကို နှိပ်ကွပ်လိုက်ရင်လည်း အတုံးလိုက် အတစ်လိုက်မင်းချည်းပဲ"

"ကျွန်တော် ပြောတာကော မဟုတ်လို့လား"

"ဟော့ကောင် သံလွင်၊ ငါ အိမ့်ဦးအောင်ကို ကိုယ့်ညီမလေးလို ချစ်စရာကောင်းတဲ့ ကလေးလေး တစ်ယောက်ကို ချစ်သလို ချစ်စနိုးလေး ချစ်တာကွ"





"ဘယ်လိုပဲချစ်ချစ်လေ၊ အခု ရပ်ပစ်တော့ပေါ့"

"ဘာကွ"

"ရေချမ်းနဲ့က ကြည့်တော့မှာ၊ လူကြီးက လူကြီးလိုနေဗျာ"

"ငါက လူကြီးလိုမနေလို့ ဘယ်လိုနေနေလို့လဲ၊ ရေချမ်းနဲ့ အိမ့်ဦးအောင်ကို ငါလည်းသဘောတူတယ်ကွ၊ မင်းနားလည်လား၊ ရေချမ်းက မင်းတို့အားလုံးထဲမှာ အလိမ္မာဆုံး၊ စိတ်ကောင်းအရှိဆုံး၊ ဒါကြောင့် ရေချမ်းကိုလည်း ငါချစ်တယ်"

"အစ်ကိုကြီး မူးနေပြီနော်"

"တော့ကောင် ... ဘာလို့မူးရမှာလဲ"

"ငိုလည်းငိုသေးရဲ့ ရှက်လည်းမရှက်ဘူး၊ ခုလည်း ရေချမ်းကိုချစ်တယ် ပြောပြန်ပြီ"

"ဟော့ကောင် ... ငါ ထ,ကန်လိုက်ရ၊ ငါ့ညီလေးအရင်းလို ချစ်တာ၊ မင်းထက်ချစ်တယ်၊ မင်းကိုတော့ ညီအစ်ကိုသာ တော်တယ်၊ ခပ်ချဉ်ချဉ်ပဲ ဟော့ကောင်၊ မင်းက ဘဝင်မြင့်နေတာပေါ့လေ"

"ဘာလို့ ဘဝင်မြင့်ရမှာလဲ၊ နေရင်း ထိုင်ရင်း"

"အိမ့်ဦးအောင်က ဒေါက်တာသံလွင်ကို ကြွေတာဆိုပြီးတော့လေ၊ အဲဒါ မင်းမဟုတ်ဘူးနော် ဟော့ကောင်၊ အထင်တွေမှားမနေနဲ့၊ မင်းနဲ့ပတ်သက်တာက နာမည်လေးပဲ၊ တကယ့် လူအကောင်လိုက်ကတော့ ရေချမ်းကို သူကြိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ကျုပ်က မသိလို့လား ဟုတ်လား၊ အစ်ကိုကြီး ရှင်းပြမှပဲ သိတော့တယ်"

"မင်း ဘဝင်မြင့်နေမှာစိုးလို့"

"မမြင့်ဘူး"

"မမြင့်ရင် ပြီးရော ... ရတယ်"

ရဲဝံ့နှင့် မိုးထက်ကတော့ နည်းနည်းထွေလျှင် ဟိုလူ့လက်ညှိုးထိုး၊ ဒီလူ့လက်ညှိုးထိုးပြီး ရယ်နေစတတ်ကြတဲ့အကျင့်ရှိသူတွေမို့ ခုလည်း ကိုကိုကြီး သံလွင်နှင့် ရေချမ်းကို လက်ညှိုးထိုးကာ ထိုးကာ အူလှိုက်သည်းလှိုက် ရယ်နေကြပါသည်။

"ဟော့ကောင် ... ရေချမ်း၊ မင်း တော်တော့၊ မင်း မူးအောင်မသောက်နဲ့"

"ဘာဖြစ်လို့လဲ"

"မင်း ကားမောင်းရမယ် အပြန်ကျ"

"ငါက ဘာလို့မောင်းရမှာလဲ၊ ရဲဝံ့ပဲ မောင်းမှာပေါ့"

"ရဲဝံ့ကိုလည်းကြည့်ဦး၊ အလကားနေ ရယ်နေပြီ"

"ဟော့ကောင် ရဲဝံ့၊ ကားမောင်းရဦးမှာ တော်တော့"

"ဟား ဟား ဟား ဟား ... အေးပါကွာ၊ ပြောပါ ... ဟား ဟား"

"ဟော့ကောင်၊ မင်းကို ထပ်မသောက်နဲ့တော့ ပြောနေတာ"

"ဟား ဟား ဟား ... ငါက ဘာနဲ့ ဘာနဲ့ကိုထပ်ပြီး သောက်နေလို့လဲ"





"ဟာ ... ဒီကောင်တော့ ပြဿနာပဲ"

"ဟား ဟား ဟား ... မင်းတော့ ပြဿနာပဲ"

"ကျွတ်"

"ရေချမ်း ... မင်းပဲတော်လိုက် ညီလေး၊ ဟိုကောင်တွေက လကမ္ဘာကကြွက်တွင်း"

"ကျွန်တော်က ခံစားနေရတဲ့သူလေဗျာ၊ ဘာလို့တော်ရမှာလဲ"

"မူးသွားရင် ခံစားလို့လည်း မကောင်းပါဘူးကွာ၊ တော်တော့ ... တော်တော့၊ အိမ့်ဦးအောင်ကလည်း မင်း မူးပြီလဲကွဲနေရင် ကြိုက်မှာမဟုတ်ဘူး ငါ့ညီလေး၊ ရေချမ်းက လူရှုပ်အထင်ခံနေရတဲ့ကြားထဲ ရေချမ်းက ငမူးထပ်မဖြစ်စေနဲ့"

အားလုံးဟာ ဒီလိုပဲ ပါးစပ်ထဲက ထွက်ရာ ပေါက်တတ်ကရ ရောက်တတ်ရာရာ လျှောက်ပြောနေကြတာပါပင်။ သို့ပေမယ့် အစ်ကိုကြီးရဲ့ ဒီစကားက ရေချမ်းရင်ကို ထိမှန်ပါသည်။ သူ မဟုတ်ရပါဘဲနှင့် သူ့ကို မိန်းမရှုပ်တဲ့ကောင်လိုလို ထင်နေတဲ့ အိမ့်ဦးလေး။ သူ့ကို မူးပြီးရွဲပြဲနေတတ်တဲ့ကောင် အဖြစ်နဲ့ပါ ထပ်မသိစေလိုပါ။

သိစရာအကြောင်း ရှိရှိ မရှိရှိ အိမ့်ဦးအတွက် အကောင်းဆုံး နေပေးတဲ့ လူတစ်ယောက်အဖြစ်သာ သူကရပ်တည်ချင်ပါသည်။ နဂိုကမှ မုန်းနေရတဲ့ကြားထဲ ပိုပြီးရွံရှာအထင်သေး

www.burmeseclassic.com



ချင်စရာတွေ မဖြစ်စေလိုပါ။ ရေချမ်းက သောက်နေတာကို ချက်ချင်းပဲ ရပ်ပစ်လိုက်ပါသည်။

ကျန်တဲ့ကောင်တွေတော့ သောက်ချင်သလောက်သောက်ကြပါစေတော့။ ကားကိုတော့ သူပဲ မောင်းလိုက်ပါတော့မည်။ သူ ထပ်မသောက်တော့ပါ။ အစားအစာတွေကိုသာ တို့တိတို့တိစားနေရင်း ငြိမ်နေတဲ့ ရေချမ်းကို မိုးထက်က ...

"ဟေ့ကောင် ... သောက်လေကွာ၊ အစ်ကိုကြီး စကားနားထောင်မနေနဲ့၊ မင်း စိတ်ရှုပ်နေတာ မဟုတ်လား၊ သောက်ချင်နေတာ မဟုတ်လား သောက်ပေါ့"

"တော်ပါပြီကွာ"

"ဟေ့ကောင်၊ ဘယ်သူမှ ကားမမောင်းနိုင်ရင် ကားရပ်ထားခဲ့ပြီး ကားငှားပြန်မယ် ဟေ့ကောင်၊ နက်ဖြန်မှ ကားလာပြန်ယူမယ်၊ ရတယ်၊ ချသာချသူငယ်ချင်း၊ အစ်ကိုကြီးကဗျာ၊ ဒီကောင် ဒါစားနေပါတယ်ဆိုမှ"

မိုးထက်က နားထင်ကို လက်ညှိုးထောက်ပြရင်းပြောပါသည်။

"အစ်ကိုကြီးကျတော့ လကမ္ဘာက အဝီစိတွင်း ဖြစ်နေပြီးတော့၊ သူများကို ကြွက်တွင်းလေး ဘာလေးနဲ့ ဒီညက ရေချမ်းကျွေးတာလည်းဖြစ်သေး၊ ရေချမ်းမှာ မရှုနိုင်မကယ်နိုင် ပြဿနာကြီးကလည်း ရှိနေသေး၊ သောက်ချင်သောက်ပါစေ အစ်ကိုကြီးကလည်း၊ မရက်စက်ပါနဲ့ဗျာ"





"ငါ မသောက်တော့ပါဘူး မိုးထက်ရာ၊ အရမ်းလည်းမမူးချင်ဘူး၊ ကားကိုလည်း ထားခဲ့ရတာ မကောင်းပါဘူး၊ ငါပဲ မောင်းပြန်ပါမယ်၊ မင်းတို့သောက်၊ ကြိုက်သလောက်သောက် ငါမောင်းမှာမို့လို့ ဘာမှမပူနဲ့"

သူတို့ သိပ်ညဉ့်နက်အထိ မနေပါ။ ဆယ်နာရီလောက်မှာ ပြန်ခဲ့ကြသည်။ အိမ်ရောက်တော့ ဆယ်နာရီနှစ်ဆယ်လောက် ရှိပါပြီ။ လမ်းမှာ အစ်ကိုကြီးနှင့် မိုးထက်က သီချင်းတကြော်ကြော် ဆိုလာကြသည်။ တိုက်ရှေ့က ကိုယ့်အတွက်ရတဲ့ ပါကင်မှာ ကားရပ်ပြီး ငါးယောက်သား သူကကိုယ့်တွဲ ကိုယ်က သူ့တွဲ ခယိုးခယိုင်နှင့် တဟီးဟီး တဟားဟား ရယ်ကာမောကာ ကားထဲကဆင်း တိုက်ပေါ်ကိုတက်။ ခင်းထဲမှာ လူရှင်းနေပြီဖြစ်သော်လည်း အခန်းတွေထဲမှာတော့ လူတွေ မအိပ်ကြသေးပါ။

ရေချမ်းက မီးလင်းနေသေးတဲ့ အိမ့်ဦးတို့အခန်းဘက်ဆီ လှမ်းမျှော်ကြည့်မိပါသည်။ ဒီလိုသီချင်းတကြော်ကြော် အပြုံပြုံ အယိုင်ယိုင် ပုံစံကို တွေ့ရတော့ အိမ့်ဦးက ပိုပြီးအထင်သေးရှုတ်ချတော့မှာပဲ။ သူကကော အိမ့်ဦး ဘာထင်မှာကို ဘာကြောင့် ဒီလောက်ထိ ကြောက်လန့်နေရတာလဲ။

အိမ်ပေါ်ရောက်လျှင် မအိပ်ချင်ကြသေးတဲ့ သူတို့တစ်စုဟာ ရယ်ကာမောကာ နောက်ကာပြောင်ကာ ဆူညံနေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်တွေ၊ ဒီကောင့် ကောင်မလေးကို ဖုန်းခေါ်ရအောင်"

"အိမ့်ဦးကိုလား၊ အေး ... ကောင်းတယ်၊ ကောင်းတယ်"

"ဟာ ... ဟော့ကောင်တွေ၊ မလုပ်ကြပါနဲ့ကွာ၊ မင်းတို့ကလည်း"

"ဘာလို့ မလုပ်ရမှာလဲ၊ လုပ်တော့ ဘာဖြစ်လဲ"

"ဟ ... မူးပြီး ဖုန်းဆက်တယ်ဆိုရင် သူ တင်းသွားမှာပေါ့ကွ"

"တင်းတင်းကွာ၊ ဆက်မှာပဲ"

ရဲဝံ့က ဖုန်းကို အတင်းကောက်ကိုင်သည်။

"ဟော့ကောင် ... မင်း ဘာပြောမှာလဲ"

"ဟာ ... မင်းကိုမမုန်းဖို့ပေါ့ကွ၊ တနည်းအားဖြင့် ရေချမ်းကို မမုန်းဖို့၊ အထင်မလွဲဖို့၊ ဒါတွေ ငါတို့က ဖြေရှင်းပေးရမှာပေါ့၊ မင်း အထင်လွဲခံရတာက ငါတို့အားလုံးရဲ့ဇာတ်လမ်းတွေ မင်းခေါင်းပေါ် စုပုံပြီး အထင်လွဲခံရတာလေကွာ"

"မဆက်ပါနဲ့ကွာ၊ ပိုစိတ်ဆိုးသွားပါဦးမယ်"

"ဟ ... ဆက်ရမယ်ကွ၊ ဆက်ရမယ်၊ မင်းကို သူ မုန်းနေဖို့ဆိုတာကြီးက လုံးဝဖြစ်လို့မရတဲ့ ကိစ္စကြီးလေကွာ၊ ငါတို့ထဲက ဘယ်သူ့ကို သူမုန်းမုန်း အရေးမကြီးဘူး၊ မင်းကိုတော့ မုန်းလို့မဖြစ်ဘူးလေ"





ပြောပြောဆိုဆို ရဲဝံ့က ဖုန်းကိုကောက်မ,ကိုင်လိုက်ပါသည်။ လိုင်းခွဲတွေမှာ ရှေ့ဆုံးကခံနှိပ်ရတဲ့ ဂဏန်းတစ်လုံးပဲ နှိပ်ရသေးချိန်မှာ တစ်ဖက်ကဖုန်းကို ဝင်သွားကာ ...

"ဟယ်လို"

"........."

"ဟယ်လို ... ဟယ်လို"

"ဟယ်လို ... ကဲ ... ညကြီးမင်းကြီးလည်း လိုင်းကပူးနေရပြန်ပြီ၊ ဘယ်လိုဖြစ်နေတာလဲ၊ ရှင် ဖုန်းချမလား မချဘူးလား"

"ခင်ဗျာ၊ ခင်ဗျား ချလိုက်လေ"

"ဘာဖြစ်လို့ ချရမှာလဲ၊ ရှင်တို့က ညကြီးမင်းလည်းဖုန်းဆက်စရာရှိနေတာ့ပဲလား"

"ခင်ဗျားလည်း ညကြီးမင်းကြီး ဖုန်းဆက်စရာရှိနေတာပဲလေ"

တကယ်တော့ အိမ့်ဦးသည် ဖုန်းကို တမင့်တကာကို ကောက်ကိုင်ကြည့်တာပါ။ အပြင်ဘက်က ဟီးဟီးဟဲဟဲရယ်မောသံ ကားရပ်သံတွေကြောင့် ကိုယ့်အိပ်ခန်းထဲက ပြတင်းပေါက်ကနေ ချောင်းကြည့်မိပါသည်။ ချောင်းကြည့်ရတာကလည်း ညဦးပိုင်းက သူတို့အုပ်စုကြီး အားလုံး ကားနဲ့ထွက်သွားကြတာကို အိမ့်ဦး မြင်လိုက်တာမို့ သူတို့ ပြန်လာကြတဲ့အသံလို့ပဲ ထင်လိုက်တာကြောင့်ပင်။



www.burmeseclassic.com

www.burmeseclassic.com



ထင်တဲ့အတိုင်း သူတို့အုပ်စုပြန်လာကြတာ ဖြစ်နေသည်။ ကြည့်လိုက်တာနှင့် အားလုံး ရှိတွေနေကြတယ်ဆိုတာ သိသာပါသည်။ အဲဒီအခါ အိမ့်ဦးရဲ့စိတ်တွေ ရှစ်ရှစ်ထိုးတော့တာပင်။ အစ်ကိုလည်း မူးလာတော့မှာပေါ့။ အစ်ကို့ပုံစံက အရက်သိပ်သောက်တတ်မယ့်ပုံ မရပါ။ သူ့သူငယ်ချင်း ဟိုလူရှုပ်တွေ မြှောက်ပေးတာပဲဖြစ်မည်။

ကိုယ် မေတ္တာသက်ရောက်တဲ့သူကို အကောင်းဖက်ဖော်တွေးပြီး မေတ္တာတုံးတဲ့သူတွေကို နစ်နစ်နာနာ ဖိတွေးလိုက်တာပါ။ သို့သော် သူတို့ဟာသူတို့ ယောကျ်ားလေးတစ်စု အရက်ပဲသောက်သောက် မူးမူး မမူးမူး ကိုယ်နဲ့ ဘာများဆိုင်လို့ပါလဲ။ မဆိုင်ပါသော်လည်း အိမ့်ဦးသည် အစ်ကိုဒေါက်တာသံလွင် တစ်ယောက် သိပ်များမူးလာသလား သိချင်ပြန်ကာ ဟိုလူရှုပ်သက်သက်ဖြစ်တဲ့ ရေချမ်း ဆိုသူကတော့ အတော်ကို မူးရူးလာမှာပဲလို့လည်း အတည်ပြုချင်ပြန်ကာ အခန်းပြင်ထွက်လာပြီး ဖုန်းကိုခြေဆော့လက်ဆော့ ကောက်ကိုင်လိုက်တာပါ။

ကိုင်လိုက်တာနှင့် တစ်ဖက်က လိုင်းကြီးဝင်နေကာ ဟိုဘက်က "ဟယ်လို"ဆိုတော့ လန့်သွားရကာ ဟန်ကိုယ့်ဖို့ အမြန်ဣန္ဒြေဆယ်ပြီး ဖမ်းဟောက်ပစ်လိုက်တာပါ။

"ဟဲ့ ... ဒီကောင်မလေး ညကြီးမင်းကြီး ဘယ်ကိုဖုန်းဆက်စရာပေါ်လို့ ရန်ဖြစ်ခံပြီး ဖုန်းခေါ်နေရပြန်တာတုန်း"





မမသန့်က သူ့အခန်းထဲက ထွက်လာကာ ရေဘူးလာယူရင်း အိမ့်ဦးကို လှမ်းပြောလေလျှင် အိမ့်ဦးက ဖုန်းခွက်ကိုပိတ်ရင်း ...

"ဟို ... ဟိုလေ ... မေမေ့ဆီပါ"

"နင့်အမေဆီ ညကြီးမင်းကြီး ဘာပြောမလို့လဲ"

"ဟိုဟာလေ၊ ငွေလွှဲခိုင်းမလို့ပါ"

"ဘာလုပ်ဖို့ ငွေလိုနေလို့လဲ"

"ဟိုဟာပါ"

"ဘယ်ဟာလဲ"

"ဟို ... ဟဲန်းဒ်ဖုန်း"

ပါးစပ်ထဲပေါ်ရာ ၂ှီးလိုက်ရလျှင် ...

"ကောက်ကာင်ကာတော်၊ မလိုချင်တုန်းကလည်းသူ၊ လိုချင်တော့လည်း မနက်မိုးလင်းတောင် မစောင့်ဘဲ ညတွင်းချင်းကို ဆက်တော့တာပါလား"

အဲဒီအချိန်မှာ တစ်ဖက်တွင်လည်း ...

"ဟော့ကောင် ... အဲဒါ အိမ့်ဦးလေ၊ ရန်သွားမဖြစ်နဲ့လေ"

"ဖုန်းလိုင်းပူးနေတာကွ"

"ဖုန်းလိုင်းပူးနေတာ အိမ့်ဦးပေါ့ကွ"

"ဟော"

"ကျွတ် ... ပြဿနာပဲကွာ၊ မင်းကလည်း မူးမူးရူးရူးနဲ့ကွာ၊ ပြဿနာဖြစ်နေပါတယ်ဆိုမှ မီးလောင်ရာလေပင့်နေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ အိမ့်ဦးအောင်ပေါ့"

"ကျွတ်"

"ဟာ ... ဆောရီးကွာ"

အိမ့်ဦးသည် မမသန့် အခန်းထဲပြန်ဝင်သွားသည်နှင့် ဖုန်းစကားပြောခွက်ကို အုပ်ထားတဲ့လက်ကိုဖယ်ကာ ...

"ဟယ်လို"

ခင်မာမာ ပြန်ခေါ်လိုက်သည်။

"ဟယ်လို"

ဟိုဘက်က အသံက ချက်ချင်း ညောင်နာနာဖြစ်သွားရကာ ...

"မအိမ့်ဦးအောင်လား ခင်ဗျာ"

"ဟုတ်တယ်၊ ရှင့်ဖုန်းကိုချပေး"

"မချပါရစေနဲ့ မအိမ့်"

"ဘာ"

"သြော် ... ဟိုဟာပါ၊ တောင်းပန်စရာလေးရှိသေးလို့ ဖုန်းမချသေးဘဲနဲ့ ခဏလောက်တောင်းပန်ခွင့်ပြုပါလို့"

"ဘာမှပြောမနေနဲ့၊ ရှင်သာ ဖုန်းချလိုက်၊ အခုပြောနေတာ ရေချမ်း မဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျာ"

"ဘာလို့ မဟုတ်ရမှာလဲ၊ ရှင့်အသံကြီး ကြွက်ချီသွားလည်း မှတ်မိတယ်"





"ဟာ ... ဒါဆို အခုဟာက ကြောင်ချီသွားလို့ထင်တယ်၊ ခင်ဗျား မမှတ်မိဘူး"

"ရှင် အပိုတွေ ပြောမနေနဲ့"

"ဒီလိုပါဗျာ၊ ခဏလေး သည်းခံပါ၊ ဟိုလေ ... မအိမ့်ဦးအောင်က ရေချမ်းကို တော်တော်လေးကို မုန်းတီးအမြင်ကတ်နေတယ်လို့ ကျွန်တော်တို့ သိရပါတယ်၊ ကျွန်တော်က ရေချမ်းကို အထင်မမှားဖို့ အမြင်မကတ်ဖို့ တောင်းပန်ချင်တာပါ"

"ရေချမ်းကို အထင်မမှားဖို့ အမြင်မကတ်ဖို့ တောင်းပန်တယ်ဆိုကတည်းက ရှင်ဟာ ရေချမ်းပဲပေါ့၊ ဘယ်သူက သူ့ကိုယ်စား ဝင်တောင်းပန်နေမှာလဲ"

"ဟာ ... ကျွန်တော်တို့ သူငယ်ချင်းတွေက သွေးသောက်တွေမို့ပါ၊ အောလ်ဖော်ဝမ်း ဝမ်းဖော်အောလ်ပါ၊ ဒါကြောင့်ပါ၊ ခင်ဗျား အထင်မှားနေတာလေး"

"ဘာမှ အထင်မှားတာ မဟုတ်ဘူး၊ ဖုန်းကိုင်လိုက်ရင် ရှင်နဲ့ချည်း တိုးနေတာပဲဟာ"

"ကျွန်တော်နဲ့ မဟုတ်ပါဘူး၊ ရေချမ်းနဲ့ပါ"

"ရှင်က ရေချမ်းပဲ မဟုတ်လို့လား"

"ဟာ ... မဟုတ်ပါဘူးဆိုဗျာ"

"ဟုတ်ပါတယ်၊ ကျွန်မ သိတယ်"

"ရော ... ခက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ရှင် ဖုန်းချလိုက်"

"ကျွန်တော် ပြောစရာလေး ..."

"တော်ပြီ၊ မပြောပါနဲ့တော့၊ ကဲ ... ဒါဖြင့်လည်း ဒေါက်တာသံလွင်ကို ခဏခေါ်ပေးပါ"

"ဪ ... ရတယ် ... ရတယ်"

ရဲ့က ဖုန်းခွက်ကိုပိတ်ကာ သံလွင့်ဘက် လှည့်ကြည့်ရင်း ...

"ဟောကောင် သံလွင်၊ မင်းနဲ့ပြောမယ်တဲ့ ... လာ"

"ဟာ ... ဟေ့ကောင်၊ ငါနဲ့ဆိုတာ ရေချမ်းနဲ့လေ"

"ရေချမ်းနဲ့ မဟုတ်ပါဘူးဆို၊ ဒေါက်တာသံလွင်ပါတဲ့"

"သူသိတဲ့ ဒေါက်တာသံလွင်က ရေချမ်းပဲလေ၊ မင်းက ဝေးနေပြီကွာ"

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ"

"ကဲ ... ကဲ ... သွားပါ ရေချမ်းရာ၊ ပြောလိုက်စမ်း၊ မင်းကောင်မလေးက အင်မတန် ခေါင်းမာပြီး ဇွဲခတ်ပုံရတယ်၊ မင်းပြောမှ ပြီးမှာ"

ရေချမ်းသည် စိတ်ထဲရှုပ်ထွေးခြင်းနှင့်အတူ ဝမ်းပါနည်းလာကာ ဖုန်းအနားကို ရောက်လာခဲ့ရပါသည်။

"ကိုင်ထား ... ကိုင်ထား၊ ရေချမ်း လာနေပြီ"

"ရှင် နောက်မနေနဲ့၊ ကျွန်မက ကိုသံလွင်နဲ့ပြောမှာ၊ ရေချမ်းက ရှင်ပဲဟာ"





"အင်း ... ခက်လိုက်တာနော်၊ ခက်လိုက်တာ"

ရဲ့က ဖုန်းကို ရေချမ်းလက်ထဲ လှမ်းထည့်ပေးလိုက်ပါသည်။ ဖုန်းထည့်ပေးရင်းလည်း နှုတ်မှ "ရော ... မင်းကိုပြောတဲ့"။ ရေချမ်းသည် စိတ်ခေတ်ကျကျအသံနှင့် ...

"ဗျာ ... ဦး"

တစ်ဖက်က ထွေးလိုက်သံကလေးကို အိမ့်ဦးသည် ...းဝင်ပီတိစိမ့်ကာ ရင်ထဲနွေးအိသွားပါသည်။ ဘယ်လိုပုံလေး ...းလိုက်တယ် မသိတဲ့ အစ်ကိုဒေါက်တာသံလွင့်ကို အိမ့်ဦး ချစ်...ပါသည်။

"အစ်ကို"

"ဟုတ်"

"အစ်ကိုကလည်း ဟုတ်လို့ ပြောစရာလား၊ ဦးက အငယ်ပဲဟာ၊ အစ်ကို့အသံက အားမရှိဘူး၊ မှန်မှန်ပြော အစ်ကိုတို့ အရက်တွေ မူးလာကြတာ မဟုတ်လား"

"ကျွန်တော် မမူးပါဘူး ဦးရဲ့"

"အစ်ကိုကသာ သိပ်မမူးတယ်၊ အစ်ကို့သူငယ်ချင်းတွေတော့ အရမ်းမူးနေကြတယ် မဟုတ်လား၊ ခုနဖုန်းပြောတဲ့သူဆိုရင် မူးနေတာ သိသာတယ် အရမ်းပဲ၊ အဲဒါ ရေချမ်း မဟုတ်လား၊ သူက မဟုတ်ဘူးတဲ့ ငြင်းနေတယ်"

"အဲဒါ ရေချမ်း မဟုတ်ပါဘူး ဦးရယ်"

"ဟုတ်လို့လား"

www.burmeseclassic.com



"တကယ်ပါ၊ အဲဒါ ရဲဝံ့အောင်ပါ"

"ဪ ... အသံက ရေချမ်းဆိုတဲ့ လူကြီးနဲ့ တူသလိုလိုပဲ"

တူလို့လည်း သူတို့အစား ဝင်ဝင်ပြသနာရှင်း အယောင်ဆောင်ရတတ်တာပေါ့။ ရေချမ်းအသံက ရဲဝံ့အောင်နှင့် ဆင်တူရိုးမှား လုပ်လို့ရသလို၊ သံလွင့်အသံနှင့်လည်း ဆင်တူရိုးမှားလုပ်လို့ရသည်။ ရေချမ်းက ရယ်ချင်သလိုလိုတောင် ဖြစ်မိသည်။ အိမ့်ဦး ပြောပုံက ရေချမ်းဆိုတဲ့ လူကြီးတဲ့။

"အဲဒီ ရေချမ်းတို့ ရဲဝံ့အောင်တို့ပဲ အစ်ကို့ကို အရက်အတင်း တိုက်တာ မဟုတ်လား"

ရော ...။ ခက်ပြီကော။ ဒီ ရေချမ်းကို အတော်ကို အတေးအမှတ်ကြီးပြီး မျက်မုန်းကျိုးနေတာ။ ကိုယ့်ဟာကိုယ် သောက်တာတောင် မဟုတ်ရဘဲ သူ မကျေနပ်တဲ့သူတွေက တိုက်တာသာ ဖြစ်ရမည်လို့ ယူဆထားပါလား။

"အဟင်း ဟင်း ဟင်း"

"ဘာရယ်တာလဲ အစ်ကို"

"ဦးက ချစ်ဖို့ ကောင်းလို့ပါ"

"အွန်း"

မတော်တဆ အမှတ်တမဲ့နှင့် "ချစ်"ဆိုတဲ့ စကားလုံးကို သုံးလိုက်မိတာပါ။ အိမ့်ဦး "အွန်း"ခနဲ ရှက်လန့်တကြားသံ ထွက်လာတဲ့အခါ ရေချမ်းသည် ယစ်ရွှေရည်လေး ခပ်ထွေထွေ အရှိန်ကလည်း နောက်ပြန်မဆုတ်ဖို့ တွန်းထုတ်နေသလိုရှိကာ





ရင်တွေပန်းတွေလည်း ဝမ်းပန်းတနည်း ကတုန်ကယင် တုန်ယင်လှုပ်ရှားလာရပြီးလျှင် ...

"ဦး ... ကျွန်တော် အမှတ်တမဲ့ သတိလက်လွှတ်ပြောတာ မဟုတ်ပါဘူး"

"........."

"ကျွန်တော် ဘယ်မိန်းကလေးကိုမှလဲ ဒီစကားမျိုး မသုံးနှုန်း မပြောဆိုဖူးသေးပါဘူး၊ စိတ်ဝင်တစားလည်း မရှိဖူးပါဘူး"

"အမယ်၊ ဆေးကျောင်းတက်တုန်းကကော"

ရေချမ်း သက်ပြင်းတစ်ချက် ချမိရင်း ...

"ကျောင်းတုန်းကလည်း မိန်းကလေးသူငယ်ချင်းတွေ အများကြီးရှိပေမယ့် ရည်းစားတစ်ယောက်မှ မရှိခဲ့ဖူးဘူး၊ ဦး ယုံချင်လည်းယုံ မယုံချင်လည်းနေ၊ ဦးကို ကျွန်တော် ... ကျွန်တော်စားမယ့် ဟမ်ဘာဂါကို တိုက်မချခင်ကတည်းက စွဲလမ်းခဲ့တာ"

"ဟင် ... ဘယ်တုန်းကတည်းက သိလို့လဲ"

"ဦးကို ... ဒီကွန်ဒိုတိုက်တွေက ကောင်မလေးပါလားဆိုတာ ကျွန်တော် သိတယ်လေ၊ တိုက်မချမီခင် အချိန်လေးတုန်းက အဝေးက လျှောက်လာနေတဲ့ ဦးပုံစံလေးကို လှမ်းမြင်နေရကတည်းက စွဲလမ်းတာ။ အဲဒီ လှမ်းမြင်လိုက်တဲ့အချိန်ကတည်းက ချစ်စရာလေးလို့ တွေးပြီး စိတ်ထဲ လှုပ်ရှားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



"မူးမူးနဲ့ လျှောက်ပြောနေတာများလား အစ်ကို"

"ကျွန်တော် မမူးဘူး ဦး၊ ကားမောင်းမှာမို့ အများကြီး မသောက်ပါဘူး"

"နည်းနည်းတော့ သောက်တာပေါ့"

"ဒါကတော့ ..."

"ဘာဖြစ်လို့ အရက်သောက်ကြတာလဲ"

" '.........' ကုမ္ပဏီက ဒီဇိုင်းပြိုင်ပွဲမှာ ..."

"ဪ ... ဦး သိပြီ၊ အဲဒီမှာ အစ်ကိုသူငယ်ချင်း ရေချမ်း ပထမရတယ်လေ၊ ဆုငွေဆယ်သိန်းတောင် ရတယ်၊ ဪ သူက အဲဒီအတွက် တိုက်တယ်ပေါ့၊ တွေ့လား ... ဦးထင် တဲ့အတိုင်းပဲ၊ အစ်ကို့ကို အရက်တိုက်တာ သူပဲပေါ့၊ အဲဒီ လူက ကောင်းကိုမကောင်းဘူး"

"ဦးက ကျွန်တော့်ကိုတော့ ကောင်းတယ်လို့ သတ်မှတ် ထားတာလား"

"အစ်ကိုက ဆရာဝန်တစ်ယောက်ပဲလေ"

"ဆရာဝန်ဆိုတာလည်း လူထဲကလူပဲ ဦးရယ်၊ တခြားလူ တွေ ကောင်းသလောက် ကောင်းနိုင်။ တခြားလူတွေ ဆိုး သလောက်လည်း ဆိုးနိုင်တာပဲလေ၊ ဆရာဝန်ဆိုတာနဲ့ သူတော်စင်ဖြစ်တာမှ မဟုတ်တာ၊ ဆရာဝန်မို့ လူကောင်း ဖြစ်တယ်၊ ဒီဇိုင်းသမားမို့ လူဆိုးဖြစ်တယ်လို့တော့ ဦး တရားသေ မသတ်မှတ်စေချင်ဘူး"





"ဦးလည်း ဒီဇိုင်းဆွဲတာပဲဟာ၊ ဒီဇိုင်းသမားတွေကို လူဆိုး လို့ မသတ်မှတ်ပါဘူးနော်၊ သူ့ကိုက လူဆိုးဖြစ်နေတာပဲ ဟာ၊ မိန်းမတွေနဲ့လည်း ရှုပ်တယ်"

"မရှုပ်ပါဘူး ဦးရဲ့"

"အိုး ... တစ်ချိန်လုံး မိန်းမတွေနဲ့ချည်းပဲ ဖုန်းပြောနေတာ ပဲဟာ၊ သူ့ပဲ အား,အားနိုင်လွန်းတယ်၊ ဦးဖြင့် တစ်နေ့ တစ်နေ့ လက်ပ်တော့ပ်ရှေ့က မထအားပါဘူး၊ သူကျတော့ အားအားလျားလျား ဖုန်းပြောရင်း ဆုငွေဆယ်သိန်းပိုက် သွားတယ်၊ ဟွန့် ... မတရားလိုက်တာ"

ရေချမ်းက ရယ်ချင်သွားကာ ...

"ဦးက ဘယ်မှာလုပ်တာလဲ"

"ဦးက ဖရီးလင့်စ်ပါပဲ၊ အလုပ်ရှာရတာပေါ့ အစ်ကိုရာ၊ ဟိုပြိုင်ပွဲမှာ ဦးလည်းပြိုင်တယ်လေ၊ ဆုရချင်တာ သူရသွား တယ်၊ ဟွန်း ... လုံးဝမကျေနပ်ဘူး"

ဖုန်းလိုင်းပူးပြီး မကြည်လင်ရတဲ့ကြားထဲ သူလည်း မျှော်လင့်ထားတဲ့ ဆုကိုပါ ဆွတ်ခူးသွားတော့ အတော်အောင့်သက် ရင်နာနေပုံ ရပါသည်။

"အစ်ကိုလည်း သူ မြှောက်ပေးတာတွေ လုပ်နေရင် လူဆိုးကြီး ဖြစ်လာဦးမယ်၊ အစ်ကိုက ဆရာဝန်တစ်ယောက် ဆိုတာ မမေ့နဲ့ဦး၊ သူ့လိုလိုက်ဆိုးမနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဦး ... တစ်ချိန်လုံး ဆရာဝန် ဆရာဝန်ဆိုတာ ပါးစပ်ဖျားကမချဘဲ အထူးပြုပြီး ပြောနေတာ ကြားနေရတယ်၊ ဦးက ဆရာဝန် ဆိုတာကို အရမ်းအထင်ကြီးတာပဲလား၊ ဟင်"

"အင်းပေါ့ အစ်ကိုရဲ့"

မဆိုင်းမတွ ဖြေလိုက်တဲ့ အိမ့်ဦးကြောင့် ရေချမ်း ရင်ထဲ အောင့်သက်ရပါသည်။

"ဆရာဝန်ဆိုတာ တစ် ... လူတော်"

"လူတော်ဆိုတာ ဘာလဲ ဦး၊ စာတော်တာကို ပြောတာလား"

"အင်းပေါ့၊ မြန်မာပြည်မှာတော့ စာအတော်ဆုံး အမှတ်အမြင့်ဆုံးတွေ ဆရာဝန်ဖြစ်ကြတာပဲဟာ"

"တခြားပညာရပ်တစ်ခုခု တော်ရင်ကော လူတော်မဟုတ်ဘူးလား၊ ဥပမာဗျာ ... လူအယောက်နှစ်ရာကျော်ပြိုင်တဲ့ အဲဒီ ဘောလ်ဘုတ်ဒီဇိုင်းပြိုင်ပွဲမှာ ကျွန်တော် ... အဲ ... ကျွန်တော့်သူငယ်ချင်း ရေချမ်း ဆုရတာကိုရော လူတော်လို့ မသတ်မှတ်ဘူးလား"

"အို ... သူ့ကိုတော့ ဘာပဲဖြစ်ဖြစ် ဘာမှမသတ်မှတ်ဘူး၊ လူဆိုးပဲ"

ဇွတ်ပါလား မိန်းကလေးရယ်။ ရေချမ်းသည် စိတ်ဓာတ်တော်တော်ကျကာ သက်ပြင်းကြီးတစ်ချက် မှုတ်ထုတ်မိတော့သည်။





"နှစ် ... ဆရာဝန်ဆိုတာ ကြင်နာတတ်တယ်"

"မကြင်နာတတ်တဲ့ ဆရာဝန်မျိုးရော ဦး မမြင်ဖူးဘူးလား"

"အို ... အစ်ကိုတလည်း၊ ဆရာဝန်ဘက်ကတော့ ရပ်မပြောဘဲ Against လုပ်နေတယ်"

"ကျွန်တော့်အဖေလည်း ဆရာဝန်တစ်ယောက်ပါပဲ ဦး၊ ဆရာဝန်တွေကို လေးစားပါတယ်၊ ဒါပေမဲ့ ဆရာဝန်တစ်ယောက်ဖြစ်ပြီ ဆိုတာနဲ့ အားလုံးထက် တော်ကောင်းထက်မြက်ပြီး မြင့်မြတ်နေတယ်ဖို့တော့ ဦးကို တစ်သမတ်ယူဆမထားစေချင်ဘူး"

"သိဘူး၊ ဘာပဲဖြစ်ဖြစ် ဦးက ငယ်ငယ်တည်းက ဆရာဝန်ဆိုရင် သဘောကျတယ်"

"ဘာဖြစ်လို့လဲ"

"ဆရာဝန်ဆိုတာ သူများအသက်ကယ်လို့ပေါ့"

ရေချမ်းက ဘာမှကို ဆက်မပြောသာတော့ပါ။ သူ့အစွဲအလမ်းနဲ့သူ ဆရာဝန်ကို သဘောကျတဲ့ဇာတ်ခံရှိရာ သူခင်မင်နှစ်လိုတဲ့သူဟာ ဆရာဝန်တစ်ယောက်ပါလားဆိုတဲ့အသိအပေါ် အိမ့်ဦး ကျေနပ်နှစ်သိမ့်နေတယ်ဆိုတာ ရေချမ်း နားလည်ပါသည်။

"အစ်ကိုလည်း သဘောကောင်းတယ်၊ စိတ်ကောင်းရှိတယ်ပဲလေ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဆေးခန်းလာပြတဲ့ ဘကြီးကို ဆေးဖိုးခြောက်ရာပဲ ယူတယ်လေ၊ စမ်းသပ်ခတို့ ဘာတို့ မယူဘူး၊ သွေးပေါင်ချိန်တို့ ဘာတို့"

ယူလို့မှ မဖြစ်ဘဲ ကောင်မလေးရယ်၊ ကိုယ်က ဆရာဝန်မှ မဟုတ်တာ။ လက်စလူနာကွေကို သံလွင် မှာထားတဲ့ အတိုင်း ကိုယ်စားမှာကြားပေးရရုံပဲဟာ။ စမ်းသပ်တာမှ မဟုတ်တာ။ သွေးပေါင်ချိန်တာကလည်း ကြုံကြိုက်လို့။ ကိုယ်လည်း ကျွမ်းကျင်နေလို့။ ဦးလှမောင်ကြီးနဲ့လည်း သူ့ဆိုက်ကားစီးဖူးပြီး ရင်းနှီးနေလို့။ မျက်နှာလည်း အမ်းနေတော့ သူ့သွေးပေါင်သူသိကာ ဂရုစိုက်နိုင်စေချင်လို့ တတ်သည့်ပညာ မနေသာ ချိန်ပေးလိုက်ရတာပဲလေ။

ဆရာဝန်လည်း မဟုတ်ဘဲ ပိုက်ဆံသွားယူနေလို့ ဘယ်ဖြစ်ပါ့မလဲ။

"ဦး"

"ရှင်"

"ကျွန်တော် အဲဒါတွေ မပြောချင်တော့ဘူး၊ ဦးနောက်ခြောက်တယ်၊ ကျွန်တော် အခု ပြောချင်နေတာ ဦးကိုချစ်တဲ့ အကြောင်းတစ်ခုပဲရှိတယ် ဦး၊ ကျွန်တော့်ကို ဦး လက်ခံနိုင်တယ်၊ လက်မခံနိုင်ဘူးဆိုတာ အဖြေပေးပါ ဦး"

"ချက်ချင်း ဖြေရမယ်လို့ ပြောနေတာလား အစ်ကို"

"အဲလိုတော့ မဟုတ်ပါဘူး ဦးရယ်"





အိမ့်ဦးက ခဏတာဖြုတ်မျှ ရက်နိုး ငြိမ်သက်နေပြီးမှ အသံတုန်တုန်တိုးတိုးနှင့် ...

"ဦး စဉ်းစားလိုက်ဦးမယ်လေ"

"ဦး စဉ်းစားတဲ့အခါ ကျွန်တော်ဟာ ဆရာဝန်တစ်ယောက်ဆိုတဲ့ အချက်ကို ထည့်မစဉ်းစားပါနဲ့၊ ကျွန်တော့်အသက်မွေးဝမ်းကြောင်းကို မေ့ထားပြီး စဉ်းစားပေးပါ"

ဘာဖြစ်လို့လဲ အစ်ကိုရယ် ... လို့သာ အိမ့်ဦးက တိတ်တခိုး တွေးကြည့်နေမိပါသည်။

* ○ *



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အိမ့်ဦးနှင့် ရေချမ်းတို့ရဲ့ ချစ်ခရီးလမ်းလေးက ချောမွေ့လှပတယ်လို့ပဲ ယေဘုယျပြောရမှာပင်။ ရေချမ်းတစ်ယောက်သည် ပီပီရိရိနှင့် အိမ့်ဦးရဲ့အချစ်ကို မမျှော်လင့်ဘဲ ရခဲ့ပါသည်။ ပီပီရိရိဆိုရာမှာလည်း တကယ်တမ်းတော့ လိမ်ဖို့ညာဖို့လှည့်စားဖို့ သူ့မှာ ရည်ရွယ်ရင်းမရှိခဲ့ပါ။ အိမ့်ဦးက တစ်ဖက်သတ်လွဲမှားသတ်မှတ်ထားတာကို မဖြေမရှင်းဘဲ နင်းလျှောက်လိုက်ပါနေတာ။ ဒါဟာလည်း အပြစ်မကင်းဘူးပဲမဟုတ်လား။

များသောအားဖြင့်တော့ သူတို့ရဲ့ ဆက်သွယ်မှုတွေဟာ တယ်လီဖုန်းမှတစ်ဆင့်သာ ဖြစ်ခဲ့သည်။

"အစ်ကို"

"ဗျာ"

"ဦး သွားကိုက်နေတယ်သိလား"

"ဟုတ်လား"





"အစ်ကိုကလည်း ဘာဟုတ်လားလဲလို့"

"ဘာဖြစ်လို့လဲ ဦးရဲ့"

"ဆရာဝန်ကို ရည်းစားတော်ထားပြီး သွားကိုက်နေပါတယ်ပြောတာကိုတောင် ဟုတ်လားတဲ့ တကယ့်ပဲ"

"ဪ ... ဒါကတော့ ကျွန်တော်က သွားဆရာဝန်မှမဟုတ်တာ ဦးရဲ့"

"သွားဆရာဝန်မဟုတ်လည်းပဲ ရိုးရိုးသာမန်လူထက်တော့ ပိုနားလည်မှာပေါ့လို့၊ အခု ရေခဲရေသောက်လို့ မရဘူး၊ သောက်ရင်ကျင်နေတယ်"

"ရေခဲရေ မသောက်နဲ့ပေါ့ ဦးရဲ့"

"ဟား ... အစ်ကိုနော်"

"ဦးကလဲကွာ၊ သွားကိုတော့ ကျွန်တော် ဘာမှ မလုပ်တတ်ဘူးဗျ"

"ဘာဆေးသောက်ရမလဲတော့ ပြောပေါ့"

"ကိုက်ခဲနာကျင်နေတယ်ဆိုတော့ အကိုက်အခဲပျောက်ဆေးပဲ သောက်နိုင်းရမှာပေါ့၊ အနယ်လ်ဂျက်ဆစ်က်ပါတာတစ်ခုခု သောက်ရမှာပေါ့၊ ဦးတို့အိမ်မှာဆိုရင် ဘိုင်အိုဂျက်ဆစ် ဆောင်လေ့ရှိတယ်မဟုတ်လား၊ အဲဒါလည်း သောက်လို့ရတာပဲလေ၊ ဒါလည်း အကိုက်ခဲပျောက်တာပဲ"

"ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com

"အနာသက်သာဆေးသောက်ထားပြီးရင်တော့ သွားဆရာဝန်နဲ့ပဲ သွားပြပေါ့ ဦးရဲ့"

"ဟွန့်"

"ပြမှတော့ ဖြစ်မယ်လေ၊ သွားကပေါက်နေလား၊ ပိုးစားနေလား၊ ကြွေလွှာကွာနေလား ကိုယ်ဖြစ်နေတာကို သွားဆရာဝန်မှ အမှန်ပြောနိုင်မှာ"

ဒီလောက်လေးတွေကတော့ အမေဆရာဝန်ကမွေးတဲ့ ရေချမ်းအဖို့ ငယ်ကတည်းက ကြားဖူးနားဝရှိနေတဲ့ ဗဟုသုတကြောင့် အလွယ်တကူ ပြောနိုင်စွမ်းရှိပါသည်။

"အစ်ကို"

"အင်း"

"မမမွန်ကလေ ဗိုက်ခေါက်မှူလို့သိလား၊ အဆီတွေ တက်လွန်းလို့တဲ့"

"မမမွန်က အသက်ဘယ်လောက်လဲ"

"သုံးဆယ့်ရှစ်"

"သြော် ... ဒီတော့ ဒါလောက်တော့ ရှိမှာပေါ့"

"ရှိတာကို ဒီတိုင်းပစ်ထားလိုက်လို့ ဘယ်ရမလဲ အစ်ကိုရဲ့၊ မမမွန်က ပိန်ဆေး ဗိုက်ချပ်ဆေးတွေကျတော့လည်း အစာအိမ်ထိမှာ အသည်းထိမှာကြောက်လို့ မသောက်ရဲဘူးတဲ့"

"အင်း"

"အဲဒါ အခု ကြော်ငြာတဲ့ Lobeseဆိုတာသောက်ရင်ရလား"





"သောက်ရင်ရတာပေါ့"

"ဘယ်လိုရတာလဲ"

"သောက်တာပဲဟာ၊ ဘယ်သူသောက်သောက် ဘယ်လိုသောက်သောက် သောက်လို့ရတာပေါ့"

"အစ်ကိုနော်"

"ဘာလဲ ဦးရဲ့"

"အစ်ကိုက အရမ်းအလွယ်ပြောတာပဲ"

"ဘယ်လိုပြောရမှာဦးမှာလဲ ဦးရယ်"

"Lobese အကြောင်း ရှင်းပြမေ့"

"ဟာ ... ကျွန်တော်က ဆေးထုတ်တဲ့ Pharmacist မှ မဟုတ်တာ ဦးရဲ့"

"ဘာပဲဖြစ်ဖြစ်တော့ လူပြိန်းထက်တော့ သိတာပေါ့ အစ်ကိုရဲ့"

"ကျွန်တော် သိသလောက်တော့ Lobeseဆိုတာက ကာဗိုဟိုက်ဒရိတ်ဘာလော့ကာတဲ့၊ ကာဗိုဟိုက်ဒရိတ်တွေကို သွေးထဲရောက်ပြီး အဆီမတက်အောင် ဘလော့လုပ်ထားလိုက်တာပေါ့ ဦးရာ၊ စားသမျှ အဆီမတက်တော့ဘဲ ထိန်းသွားတာပေါ့၊ ပြီးတော့ သူက ဓာတုဗေဒဝတ္ထုတွေကနေ ထုတ်လုပ်ထားတာမဟုတ်ဘဲ White Kidney beansဆိုတဲ့ ပဲတစ်မျိုးက ထုတ်လုပ်ထားတော့ ဘေးထွက်ဆိုးကျိုးလည်း မရှိဘူးပေါ့"

"သြော်"



www.burmeseclassic.com

www.burmeseclassic.com



"တခြားပိန်ဆေး အဆီကျဆေးတွေလို အစာမစားချင်တာတို့ ဝမ်းတွေအရမ်းသွားတာတို့ ဘာမှ မဖြစ်ဘူးဆိုတော့ အစာအိမ်တွေ ဘာတွေလဲ မထိခိုက်နိုင်ပါဘူး"

"ဪ ... အင်း ... အင်း"

ဒီလောက်ကတော့ စာတွေ အဖတ်များတဲ့ ရေချမ်းအတွက် ဗဟုသုတရှိထားပြီးဖြစ်၍ အလွယ်လေးပြန်ပြောတတ်သည်။ 'ဪ' 'ဪ'နှင့် သူ ရှင်းပြတာကို အထင်တကြီးလေးနားစိုက်ထောင်ရှာတဲ့ အိမ့်ဦးကိုသာ သူ ကရုဏာသက်နေမိပါသည်။ သူ့ကို အထင်ကြီးရှာတဲ့ ချစ်သူလေး၊ တကယ်တော့ သူဟာ သူမ အထင်သေးတဲ့လူတစ်ယောက် ဖြစ်နေတာ သူမ မသိရှာပါလားလို့ တွေးရင်း အားနာစိတ်မကောင်းပါ။

အလိမ်အညာဖြစ်နေရတဲ့ ကိုယ့်ဘဝအတွက်လည်း မလုံခြုံသော ကျဉ်းကျပ်မှုတစ်မျိုးနှင့် မပျော်ရွှင်မလွတ်လပ်သလို ခံစားနေရပါသည်။

"အစ်ကိုက အဲလိုပြောတယ်လို့ မမမွန်ကို ပြန်ပြောပြလိုက်မယ်"

သူတို့နှစ်ယောက်ဟာ များသောအားဖြင့်တော့ ဖုန်းပေါ်မှာပဲ ဆုံစည်းကြတာများတာပါ။ ရေချမ်းက သူ့ရဲ့ ဟဲန်းဒ်ဖုန်းနံပါတ်ကို အိမ့်ဦးကိုပေးထားပေမယ့် အိမ့်ဦးသည် တစ်ခါတစ်ရံ ဟဲန်းဒ်ဖုန်းကိုဆက်၍ တစ်ခါတစ်ရံ အိမ်ဖုန်းကိုဆက်တတ်သည်။ အိမ်ဖုန်းကိုတော့ ညနေစောင်းပြီဆိုမှ ဆက်လေ့ရှိတာပါ။





သို့ပေမဲ့ အမှားအယွင်းတစ်ခုခုနဲ့ တိုးသွားမှာစိုးပြီး ရေချမ်းက ဟဲန်းဒ်ဖုန်းကိုပဲ ဆက်ဖို့ပြောရပါသည်။

"နောက်ဆို ကျွန်တော့်ကို ဒီဟဲန်းဒ်ဖုန်းပဲခေါ်တော့လေ ဦးရဲ့၊ အိမ်ဖုန်းကို မခေါ်နဲ့တော့"

"ဘာလို့လဲ၊ အိမ်ဖုန်းက ဟို ... ရေချမ်းဆက်ဖို့ မအားမှာစိုးလို့လား"

"မဟုတ်ပါဘူး ဦးရယ်၊ ဦးလည်း ဒီရေချမ်းကိုပဲ တစ်ချိန်လုံး ခလုတ်တိုက်နေတော့တာပဲနော်၊ သံသယဇဥ်တော်တော်ကြီးတယ်နော်"

ပြောပြီးမှ အိမ့်ဦး စိတ်ဆိုးသွားမလား စိုးရိမ်သွားသော်လည်း အိမ့်ဦးက စိတ်မဆိုးပါ။ ဟက်ဟက်ပက်ပက်လေး ရယ်မောရင်း ...

"ဟုတ်တယ်၊ အမုန်းနဲ့တည်ဆောက်သော သံသယဇဥ်ပေါ့"

"ခုလည်း မုန်းတုန်းပဲလား"

"အင်း"

"အခု သူနဲ့လည်း လိုင်းသိပ်မပူးတော့ဘဲနဲ့"

"အစ်ကို ဘယ်လိုလုပ်သိလဲ"

"သူ့ဆီကသိတာပေါ့"

"အမယ် ... သူက ရာရာစစ ဦးအကြောင်း အစ်ကို့ကို ပြောစရာလား"

"ဦးက သူ့ကို မုန်းပေမယ့် သူက ဦးကို မမုန်းပါဘူး ဦးရယ်"



www.burmeseclassic.com

"အမယ်လေးနော် ... လွမ်းလိုက်တာ"

အရင်က ရေချမ်းဆိုတဲ့ အသံကြားသည်နှင့် ထောင်းခနဲ ရှူးခနဲ စိတ်တိုတတ်တဲ့ အိမ့်ဦးသည် အခုတော့ စိတ်မတို။ နှုတ်ကပြောင်ချောင်ချော်လေး ပြောလိုက်ပေမယ့် စိတ်ထဲက တကယ်ပင် လွမ်းသလိုလိုတောင် ဖြစ်မိပါသည်။ ဖုန်းမ,လိုက်ရင် သူ စကားပြောနေတာနဲ့ လိုင်းပူးပြီးမဆုံတာ ကြာပဲကြာနေပြီလေ။

"သူက အခု ဖုန်းခဏခဏမပြောတော့ဘူးလား အစ်ကို"

"မပြောတော့ဘူး"

"ဘာလို့တဲ့လဲတင်"

"ဦးက ဆင်ခြင်ခိုင်းတယ်လေ"

"အာ ... အစ်ကိုကလဲ၊ ဦးက စိတ်တိုပြီးပြောတာ၊ သူတစ်ပါးရဲ့ နဂိုနေပုံစံတစ်ခုကို လိုက်ပြီး ကန့်သတ်ချုပ်ချယ်ရအောင် ဦးက သူ့အမေလည်းမဟုတ်ဘူးလေ၊ ဦး မကြိုက်တာတော့ဖြစ်ပေမယ့် သူ ဆင်ခြင်ပေးဖို့ မလိုပါဘူးလေ"

"ဆင်ခြင်လိုက်တော့လည်း မိုကောင်းတယ်မဟုတ်လား ဦးရဲ့"

"ဒါပေမဲ့ ဒီလိုကျတော့လည်း ဦး သူ့ကို အားနာသလိုပဲ အစ်ကိုရဲ့"

"ဘာဖြစ်လို့လဲ အားမနာပါနဲ့"

"ဦး ဖုန်းကောက်ကိုင်လိုက်ရင် သူ ဖုန်းပြောနေတာနဲ့ မဆုံရတော့သလောက်ပဲ"





"ကောင်းတာပေါ့"

"သူ့ကောင်မလေးတွေရော"

"သူ့ကောင်မလေးတွေကို မရှိတာ"

"ရှိပါတယ်"

"သူက အိမ်မှာရှိတဲ့သူဆိုတော့ တခြားကျန်တဲ့လူတွေရဲ့ ဖုန်းတွေကိုလည်း လက်ခံနားထောင်ရတာပေါ့၊ အဲလို လက်ခံပြောပေးရင်းက သူနဲ့ ဆော်ဒါတွေဖြစ်၊ သူ့ဆီကို လည်း ပြောင်းဆက်တဲ့သူကဆက်နဲ့ ရှုပ်နေတာ၊ ကျန်တော် အဲ ... သူ့ရဲ့ အားနည်းချက်က အားနာတတ်တယ် ဦးရဲ့၊ ရေချမ်းက မရှုပ်ပါဘူး ဦးရယ်"

ရေချမ်းသည် ခုနောက်ပိုင်း မနက်ခင်း နေ့ခင်းပိုင်းတွေ ဖုန်းလာရင် သတိထားကိုင်ရပါသည်။ အိမ့်ဦး ဖြစ်နေမှာစိုးလို့ပင်။ ပုံမှန်ဆို သူ မရှိနိုင်တဲ့ (မရှိနိုင်ဘူးလို့ အိမ့်ဦး ယူဆနေမယ့်ဆေးရုံသွားချိန်၊ ရုံးချိန်းတွေ) အချိန်တွေမှာ အိမ့်ဦးက အိမ်ဖုန်းကို ဖုန်းခေါ်စရာမရှိပါ။

သူ့ကို စကားပြောချင်ရင်တောင် ဟဲန်းဒ်ဖုန်းကိုသာ ခေါ်ရမှာ။ ဒါပေမဲ့ အိမ့်ဦးကတော့ စိတ်မထင်ရင် မထင်သလို အိမ်ဖုန်းကိုခေါ်သည်။ တစ်နေ့ကလည်း မနက်ကိုးနာရီခွဲ ဆယ်နာရီ ဖုန်းမြည်လာ၍ ထုံးစံအတိုင်း ရေချမ်းက ကောက်ကိုင်ထူးလိုက်တဲ့အခါ ...

"အစ်ကိုလား ..." တဲ့။

www.burmeseclassic.com



ရေချမ်းက လန့်ဖျပ်သွားပြီး အသံကို စိတ်မရှည်သံ လို ခပ်ရင့်ရင့်လုပ်ကာ "ဘယ်ကအစ်ကိုလဲ" ဘာလဲညာလဲ လုပ် လိုက်တော့ အိမ့်ဦးက စိတ်တိုပြီး ဖုန်းချသွားပါသည်။

"အစ်ကို ဆေးရုံကို ထွက်သွားတာမှမတွေ့တာ၊ အဲဒါနဲ့ ဒီနေ့ အောဖ်လား နေမကောင်းလို့များ ဆေးရုံမသွားတာ လား မေးမလို့လှမ်းဆက်တာ၊ ဦးရေချမ်းကြီးနဲ့မှ သွားတိုး နေတယ် ... ဟွန်း"

ခုတလော သူ့မှာ ကိုသန့်ဇင့်ဆီကို ပုံမှန်နီးပါး သွားနေရ၍ အိမ့်ဦးက သူ အိမ်ကထွက်တာကို စောင့်ကြည့်လှမ်း မြင်နေတာပင်။ ကိုသန့်ဇင်က နေ့စဉ် အလုပ်တွေလာယူဖို့ပြော ထား၍ သုံးရက်မှာ နှစ်ရက်လောက်တော့ မနက်ပုံမှန် မြို့ထဲထွက် သည်။ ကိုသန့်ဇင်ထံက ဒေတာတွေယူကာ အိမ်မှာပြန်လုပ်၊ နောက်နေ့သွားပြန်ပို့ အသစ်ယူ။

ဒါကို အိမ့်ဦးက ဆေးရုံသွားနေသည် ယူဆထားတာ ပါ။ သူ ထွက်သွားတာမတွေ့တဲ့နေ့ဆို ဖုန်းဆက်ပြီ။ အဲဒီအခါ တစ်ခါတစ်ရံလည်း ဟဲန်းဒ်ဖုန်းကိုဆက်ပြီး တစ်ခါတစ်ရံလည်း အိမ်ဖုန်းကို ဆက်လိုက်တတ်၍ သူ့မှာ သတိထားနေရပါသည်။

"အစ်ကိုတို့ သူငယ်ချင်းတွေကလည်း အားလုံး အသံတွေ က ဆင်တင်တင်တွေချည်းပဲ၊ ဟို ... ရဲဝံ့အောင်ဆိုလည်း ရေချမ်းနဲ့ အသံတူတယ်၊ အစ်ကိုလည်း တစ်ချက်တစ်ချက် အဲဒီ ရေချမ်းအသံနဲ့တူတယ် ထင်ရတယ်၊ အရမ်းဆင်တာ ပဲ၊ Mood လေးပဲ နည်းနည်းကွဲတယ်"





"ဘယ်လိုကွဲတာလဲ"

"အစ်ကိုက သိမ်မွေ့နူးညံ့တယ်၊ ယဉ်ကျေးတယ်လေ၊ သူက အဲလိုမှ မဟုတ်တာ"

"သူက ဘယ်လိုဖြစ်နေလို့လဲ"

"တစ်မျိုးပဲ၊ မုန်းတယ်"

"ဦးလည်း သူ့ကို တော်တော်မုန်းနိုင်တာပဲနော်"

"ဘာလို့လဲမသိဘူး၊ သူ့ကို မုန်းကို မုန်းနေမိတယ်"

အဲဒီအမုန်းတွေကိုသာ အချစ်တွေအဖြစ် လိုတရဆေး ကြိမ်လုံးနဲ့ ပြောင်းလဲဖန်ဆင်းလို့ရရင် ဘယ်လောက်ကောင်းမလဲ။

ခုတော့ သူ အပြင်သွားတာ မတွေ့လို့ အိမ့်ဦး ဖုန်း လှမ်းဆက်တာကို ရေချမ်းကကိုင်မိလျှင် အသံခပ်မာမာနှင့် ...

"သံလွင် ဆေးရုံသွားပြီ၊ ဟဲန်းဒ်ဖုန်း ဆက်လိုက်"

အဲသလို လွှဲလိုက်ရသည်။ ဟဲန်းဒ်ဖုန်းက ထပ်မြည် လာရင် အိမ်ကနေပဲ ကောက်ကိုင်ကာ ဆေးရုံက ထူးသယောင် ဟန်ဆောင်ရသည်။ လူတစ်ကိုယ်လုံးလည်း ဟန်ဆောင်မှုတွေဖုံး လွှမ်းကာ မုသာဝါဒ အစိုင်အခဲကြီး ဖြစ်နေသလို ခံစားရပါသည်။ အိမ့်ဦးရဲ့ စူးစမ်းမေးခွန်းများကြားမှာလည်း အလွဲလွဲ အချော်ချော် မဖြစ်အောင် သတိထားရပါသေးသည်။

"အစ်ကိုတို့က ငါးယောက်၊ ကိုကိုကြီးကတော့ မှားစရာ အကြောင်းမရှိဘူး၊ အသက်ကြီးကြီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ဟို ... မျက်မှန်လေးနဲ့က ..."

"သီချင်းရေးတဲ့သူ ဆိုတာလေ၊ ဂစ်တာတီးတယ်"

"ရွှေဟင်္သာဒီချိန်းနဲ့ အသားနည်းနည်းညိုတာက ရဲဝံ့အောင်၊ ဟုတ်လား"

"အင်း ... ဟင်း ဟင်း၊ အပေါ်ထပ်ကနေ ကျွန်တော်တို့ အုပ်စုကို တစ်ချိန်လုံး ရှုံးနေတာကိုး ဦးက"

"ဒါပေါ့၊ ဦး သီချင်လို့ ကြည့်ကြည့်နေတာ၊ ဒါဖြင့် ဟို ဖြူဖြူသွယ်သွယ်နဲ့ မနက်ဆို အိတ်ဆွဲဆွဲပြီး ထွက်သွားတာ က ရေချမ်းလား"

"အင်းပေါ့"

ဒီလိုပဲ ပြောရတော့မှာပင်။ ရေချမ်းက သံလွင်ဖြစ်နေမှတော့ သံလွင်က ရေချမ်းပေါ့။

"သူက အိမ်မှာနေတဲ့သူဆို၊ ဘယ်ကို ပုံမှန်သွားနေတာလဲ"

"အဲ ... သူက မြို့ထဲက ဒီဇိုင်းလုပ်ငန်းတစ်ခုကနေ အလုပ်ခွဲယူနေလို့ အဲဒီကို သွားသွားနေတာ၊ ဒီအလုပ်က ခုတလောမှ သူ ပုံမှန်သွားတာလေ"

"သြော် ... ဒါကြောင့် တစ်ခါတလေ အစ်ကိုနဲ့ တူတူသွားတာ တွေ့တယ်"

"အင်း"





"ဒါပေမဲ့ ဟိုနေ့က သူထွက်သွားပေမယ့် ခဏနေတော့ ဦး ဖုန်းဆက်လိုက်တော့ သူ ကိုင်နေပါလား၊ ဦးက အစ်ကို သွားတာ မတွေ့လို့ လှမ်းဆက်လိုက်တာလေ"

"သူက တချို့နေ့တွေ ခဏပဲသွားတာ၊ အလုပ်တွေယူပြီး ချက်ချင်းပြန်လာတယ်"

"သြော်"

"ကဲ ... ဦး"

"ဘာလဲ အစ်ကို"

"ဦးရဲ့ချစ်သူက ဘယ်သူတုန်း၊ ကျွန်တော်လား ရေချမ်းလား"

"အွန်း ... အစ်ကိုနော်"

"ရေချမ်းအကြောင်းပဲ မေးနေလို့လေ"

"သီချင်နေလို့ပေါ့လို့၊ ရေချမ်းဆိုတာ သူဆိုရင် ပုံစံက အေးအေးလေးမဲ၊ အစ်ကို့လိုလေးပဲ၊ ယဉ်ကျေးတဲ့ရုပ်လေးပဲ၊ သဘောကောင်း စိတ်ရှည်တဲ့ပုံလေးပဲ ထင်တောင်မထင်ရဘူး၊ ရေချမ်း ဆိုတာ အဲသလိုရုပ်မျိုး ဖြစ်မယ်ကိုမထင်တာ"

"ဘယ်လိုများ ထင်ထားလို့လဲ ဦးရယ်"

"ဟိုလေ ... ဆံရှည် ညှင်းသိုးသိုးနဲ့ပေါ့၊ ရုပ်က မိန်းမကို ညုတုတု ရှိဝေဝေ လုပ်တတ်တဲ့ ရုပ်မျိုးနဲ့ပေါ့၊ ပဲများများနဲ့ အဲလို ထင်ထားမှာလေ"



www.burmeseclassic.com

www.burmeseclassic.com



“ဦးရယ် ... ဟား ဟား ဟား”

သူ့မှာ ကလေးဆန်တဲ့ ပွင့်လင်းတဲ့ ပြောချင်သလို ဟန်မဆောင်စတမ်း ရိုးရှင်းဖြောင့်စင်းတဲ့အိမ့်ဦးကို ချစ်စနိုးရယ်မောရမဆုံးပါ။

“သူက ရေချမ်း ဆိုတာ ယုံတောင်မယုံနိုင်သလို ဖြစ်နေတယ်”

ရေချမ်းကို ဘယ်လောက် အမြင်ကတ်တယ်ဆိုတာ ရေချမ်းနှင့်ပတ်သက်ပြီး အကောင်းတစ်ကွက်မှ တွေးမထားတဲ့ အထိပင်။ အဲသလို ဖြစ်လောက်အောင်လည်း အဲဒီတစ်လောကတော့ သူနှင့် အိမ့်ဦးကြားမှာ ပဋိပက္ခတွေ ဖြစ်ခဲ့သေးတာပဲ။ ဖုန်းထဲမှာ တစ်ဖက်နှင့်တစ်ဖက် နစ်နစ်နာနာ သဲသဲမဲမဲ ပြောဆိုရန်လိုခဲ့ကြတာလေ။

အဲဒီတုန်းက သူ့ရဲ့စကားတွေထဲမှာလည်း လွန်လွန်ကဲကဲတွေ ပါသင့်သလောက်တော့ ပါခဲ့ပါသည်။ တစ်နေ့ တစ်နေ့ အိမ်မှာ အားအားလျားလျား ပျင်းနေသလား ဆိုတာမျိုး။ ပျင်းတိုင်း ဖုန်းနံပါတ်နှိုးနှားထောင်ပြီး ဖုန်းပြောစရာအဖော် သူ့မှာရှိတယ် ငါမှာ မရှိဘူးဆိုပြီး မနာလိုတိုရှည် စိတ္တဇဖြစ်နေလား စသဖြင့် ...။

တမင်တကာ အခံရခက် အထိနာအောင် ပြောခဲ့တာမို့ သူကလေးလည်း အထိနာခဲ့ပေမည်။ ဒါကြောင့်လည်း မုန်းတီး အမြင်ကတ်ပေတာပေါ့။





ဘယ်လိုပင်ဖြစ်စေ အိမ့်ဦးကို ရေချမ်းက အသက်လောက်ချစ်သလို အိမ့်ဦးကလည်း (ဒေါက်တာသဲလွင်လို့ သူထင်နေတဲ့)ရေချမ်းကို အရူးအမူး ချစ်တာပါပင်။ နှစ်ယောက်အကြားမှာ ပြဿနာရယ်လို့မရှိ။ နေ့စဉ် မပျက်မကွက် ဖုန်းပြောမည်။ တစ်ပတ်တစ်ခါလောက် အိမ့်ဦး သွားစရာ လာစရာ ကိစ္စဝိစ္စရှိလျှင် လိုက်ပို့ပေးမည်။ အဲဒီအခါတွေမှာတော့ ရေချမ်းက သူ့ကိုယ်သူ ဂျူတီအောဖ်လို့ ပြောလိုက်ရုံပင်။

အိမ့်ဦးမှာလည်း ရေချမ်းလိုပင် သူ့ထံ တစ်ဆင့် ဒီဇိုင်းတွေ လှမ်းအပ်တတ်တဲ့ ဆိုင်နှစ်ခု သုံးခုလောက် အသိရှိပေမယ့် ရေချမ်းရဲ့ ကိုသန့်ဇင် တစ်ဆိုင်တည်းစာလောက်ပင် အလုပ်မရပါ။ အိမ့်ဦးက သတင်းစာမှာ ကွန်ပျူတာဂရပ်ဖစ်ဒီဇိုင်းအပ်လက်ခံတဲ့အကြောင်း ကြော်ငြာလေးလည်း ထည့်တတ်၍ တိုက်ရိုက်လှမ်းအပ်တဲ့ အလုပ်လေးတွေလည်း ကြိုကြား ကြိုကြားရတတ်သည်။

အတူတူလမ်းသွားတိုင်း သူက အိမ့်ဦးလက်ဖျားလေးကိုတွဲ၊ အိမ့်ဦးက ဖြုတ်ကာ သူ့လက်မောင်းကို ခိုတွဲ။ သူကလက်ကိုပြန်ယူဆုပ်ကိုင်၊ အိမ့်ဦးက ပြန်ဖြုတ်ကာ လက်မောင်းကိုပဲဖက်လိုက်။

“ဦးကလည်းကွာ၊ ကျွန်တော်လည်း ဦးရဲ့လက်လေးကို ကိုင်ထားချင်တာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"ဦးကလည်း အစ်ကို့လက်မောင်းကို ဖက်ထားချင်တာ၊ လက်မောင်းကို ဖက်ထားလည်းပဲ အသားချင်းထိနေတာပါပဲ တော် ... ဘာဖြစ်လဲ"

"ဟာ ... အသားချင်းထိချင်တာ မဟုတ်ဘူးကွ၊ မင်းရဲ့ လက်လေးကို ကိုယ့်ရဲ့လက်ထဲမှာ ပိုင်ပိုင်နိုင်နိုင် ခိုင်ခိုင် မြဲမြဲ ကိုင်ထား တွဲထားချင်တာ"

"အဟား ဟား"

"ရယ်မနေနဲ့၊ တကယ်ပြောတာ၊ ဦး ကျွန်တော့်ဘဝထဲက နေ ပြေးပြီးပြန်ထွက်သွားမှာစိုးလို့ ခွဲသွားလို့မရအောင် ကျွန်တော်က ကိုင်ထားချင်တာ၊ ဦးက ကိုင်ထားရင် ဦးလက်ကို ဦး ဖြုတ်ထွက်သွားတဲ့အခါ ကျွန်တော် ကျန်ခဲ့မှာပေါ့"

"ဘာတွေ ပြောနေတာလဲ အစ်ကိုရယ်၊ ဦးက ဘာကြောင့် အစ်ကို့ကို ထားရစ်ခဲ့ရမှာလဲ၊ စဉ်းတောင် မစဉ်းစားဘူး၊ အစ်ကို့ကို ဦး အရမ်းချစ်တာ၊ တကယ်ဆိုရင် ဦးကတောင် အစ်ကို့ကို အဝေးကကြည့်ပြီး တစ်ဖက်သတ် အရင်စ,ချစ် နေခဲ့မိလားလို့ ပြန်တွေးမိလာတယ်"

"ဦး ... လောကကြီးမှာ ကြိုတွေးထားလို့ မရနိုင်တာတွေ အများကြီးရှိတယ်၊ ဒီအချိန်မှာ ဦးက ကျွန်တော့်ကိုသိပ်ချစ် နေပေမယ့် တစ်ချိန်မှာ မုန်းစရာ ဖြစ်မလာဘူးလို့လည်း ပြောလို့မရဘူး"





ရေချမ်းက ဤသို့ပြောလျှင်တော့ အိမ့်ဦးသည် ဝမ်းနည်းရိပ်သမ်းသော မျက်ဝန်းကြီးများနှင့် ရေချမ်းကို ဇဝေဇဝါ ငေးမောကြည့်နေတတ်ပါသည်။

✱ ○ ✱



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

ထိုတစ်နေ့ကတော့ အေးအေးမွန်နှင့် လွင်လွင်သန့် တို့နှစ်ယောက်က လူနာသတင်းမေးဖို့ ဆေးရုံကြီးကို ရောက်လာတာပါ။ သူတို့နှစ်ယောက်လုံးနှင့်ခင်တဲ့ သူငယ်ချင်းတစ်ယောက်ရဲ့အမေ နယ်ကတက်လာပြီး ဆေးရုံလာတက်ရလို့ပင်။

အိမ့်ဦးနှင့်ကတော့ မခင်တဲ့အတွက် အိမ့်ဦး ပါမလာပါ။ ဒါ့အပြင် အိမ်မှာ အမိနာလာရက်၊ သူလာမယ့်အချိန်မို့ အိမ့်ဦးက နေရစ်ခဲ့ပါသည်။ တနင်္ဂနွေမို့ အေးအေးမွန်တို့ နှစ်ယောက်စလုံးရဲ့ပိတ်ရက်လည်းဖြစ်ရာ သူငယ်ချင်းတည်းတဲ့ အမျိုးအိမ်ကိုဖုန်းဆက်၊ Word သေချာမေးပြီး ဆေးရုံကြီးကိုရောက်လာကြပါသည်။

သူငယ်ချင်းအမေက ခွဲစိတ်ကုသဆောင်မှာ တက်နေရသည်။ ခွဲစိတ်ရမည်ဖြစ်ကာ သွေးနည်းနည်းတိုးနေ၍ ရက်အနည်းငယ် စောင့်ဆိုင်းနေရပါသည်။ ဆေးရုံပေါ် မတက်ခင် ဆေးရုံဝင်းထဲ အဌားကားဝင်ရပ်ပြီး သူတို့ဆင်းကာနီး ...



"ဟဲ့ ... ဟိုမှာ သံလွင် မဟုတ်လား"

အေးအေးမွန်ကပြ၍ သန့်က လှမ်းကြည့်ရင်း ...

"အင်း ... ဟုတ်ပါရဲ့၊ သံလွင်ပဲ"

အေးအေးမွန်ကလည်း သံလွင်နှင့် ဆေးခန်းပြခဲ့ဖူးတာမို့ နောင်သွားရင်းလာရင်း လမ်းမှာတွေ့လျှင် ကွန်ဒိုတစ်ဝင်းတည်း အိမ်နီးနားချင်းဆိုတဲ့ သဘောနှင့်ပါ၊ ပြုံးရယ်နှုတ်ဆက်ဖြစ်ပါသည်။ လွင်လွင်သန့်ကလည်း သံလွင့်ကို မြင်ဖူးချင်၍ တမင်တကာပင် အေးအေးမွန် ညွှန်တဲ့ သံလွင့်ဆေးခန်းကို သူ့ဟာနှင့်သူ သီးသန့်သွားကာ ဆေးသွားဝယ်သယောင်နှင့် အကဲခတ်ပြီးပါပြီ။

"မမမွန် ... သူ့ဘေးက"

နှစ်ယောက်သား တက္ကစီပေါ်က မဆင်းမိသေးဘဲ သံလွင် လျှောက်သွားရာဘက် ငေးကြည့်နေမိကြပါသည်။ သံလွင့်နံဘေးမှာ ဖြူဖြူသန့်သန့်လေးနှင့် မြင်ရုံနဲ့ ဆရာဝန်မလေးတစ်ယောက်ပဲဆိုတာ သေချာနေသော မိန်းကလေးက မော့မော့လေးလှည့်ကာ ပြုံးရယ်စကားပြောကာ လျှောက်လာပါသည်။ တစ်ချက်တစ်ချက်မှာ ကောင်မလေးက သံလွင့် လက်မောင်းကို မသိမသာလေး ချိတ်လိုက်တာ ပြီးမှ ဆေးရုံဝင်းထဲမို့ လက်ကိုပြန်ဖြုတ်ချလိုက်တာမျိုးတို့၊ သံလွင်က ကောင်မလေးကို ပခုံးတစ်ချက်ညှစ်ဖက်ပြီး ပြန်လွှတ်လိုက်တာမျိုးတို့။

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်သွားနေတာပေမယ့် သူတို့နှစ်ဦးပုံစံဟာ ကြည့်လိုက်သည်နှင့် ချစ်သူစုံတွဲလေး ဘာသိသာပေါ်လွင်ထင်ရှားနေသည်။ သာမန်စုံတွဲ ခပ်ပေါ့ပေါ့တောင် မဟုတ်ဘဲ မျက်နှာအသီးသီးပေါ်မှာ ချစ်ရည်ရွှန်းလဲ့နေပါသည်။

"ဘယ်လိုတုန်း သန့်"

"သမီးရည်းစားတွေပေါ့ မမမွန်ကလည်း"

"အဲဒီတော့ ..."

မမမွန် မျက်နှာမှာ ခုချက်ချင်း သူပဲ သစ္စာဖောက်ခံလိုက်ရသလို နီမြန်းလာပါသည်။ သန့်ကတော့ ခပ်မှိုင်မှိုင်ဖြစ်သွားကာ ငေးမျှော်လိုက်ကြည့်လို့ မဆုံးပေ။ သံလွင်တို့စုံတွဲက အဆောင်တစ်ခုက တစ်ခုကို ကူးလေသလား၊ ထမင်းစားဖို့ပဲထွက်လေသလားမသိ၊ ဆေးရုံဝင်းထဲမှာ ဒီဘက်ကနေ ဟိုဘက်ကို လျှောက်သွားနေကြတာဖြစ်သည်။

"အစ်မတို့ နှစ်ထောင်ကျပါတယ်"

ကားပေါ်ကမဆင်းဘဲ ငိုင်နေတဲ့ အမျိုးသမီးနှစ်ယောက်ကို ကားဆရာပင် စိတ်မရှည်ဘူး ထင်ပါသည်။ သူပြောလိုက်မှ မမမွန်က ထောင်တန်နှစ်ရွက် ထုတ်ပေးရင်း ကားပေါ်က ဆင်းလိုက်ပါသည်။ သန့်ကလည်း နောက်ကလိုက်ဆင်းရင်း ...

"ဘယ်လိုလုပ်မလဲဟင် မမမွန်"

"နင်က ဘာလုပ်နိုင်တာမို့လို့လဲ"





မမမွန် ပုံစံက သူ့ရည်းစား သူ့ယောကျ်ားကို နောက်တစ်ယောက်နှင့် ကိုယ်တိုင် လက်ပူးလက်ကြပ်မိလိုက်တဲ့ ဒေါသမျိုး ပေါက်ကွဲနေပါသည်။

"မမမွန်ကလည်း စိတ်တိုလိုက်တာ"

"တိုတာပေါ့ဟဲ့၊ မတိုလို့ရလား"

"သန့်တော့ စိတ်မကောင်းဖြစ်တယ်၊ သံလွင်ကလည်း ထင်တောင် မထင်ရဘူး မမမွန်ရယ်၊ သူ့ရုပ်လေးကြည့်တော့ မိကောင်းဖခင်သားသမီးပုံလေး၊ သစ္စာကျတော့မဲ့လိုက်တာ"

"ဟဲ့ ... လူ့ရုပ်ဆိုတာ သူ့စိတ်နဲ့ ထပ်တူညီပါ့မယ်လို့ နင့်ကို ဘယ်သူကပြောလဲ သန့်၊ ရုပ်နဲ့အကျင့်ဆိုတာ တခြားစီပဲ"

"အခု ဘယ်လိုလုပ်ကြမလဲ ... ဟင်"

"ဒါပဲ မေးနေပြန်ပါပြီ၊ ဘာလုပ်လို့ ရမှာမို့လို့လဲ၊ သစ္စာမရှိလို့ ဟိုတစ်ယောက် ဒီတစ်ယောက် တွဲနေပါပြီဆိုနေမှ နင် ဘာတတ်နိုင်မှာလဲ သန့်၊ အိမ်ဦးကို သနားလို့ ငါတို့က ဖင်ဘူးတောင်းထောင်ပြီး သေအောင်တောင်းပန်ပစေဦး၊ သူ့စိတ်က ဆန္ဒရှိရာပဲ သူလုပ်မှာ"

"မတောင်းပန်ပါဘူးနော်၊ တောင်းပန်လို့ အိမ်ဦးဆီပြန်လာလည်းပဲ သစ္စာမဲ့တဲ့သူက ဒီအကျင့်စရိုက်က ပျောက်သွားမှာမှ မဟုတ်တာ၊ နောင်ကိုလည်း ထပ်သစ္စာဖောက်ဖို့ ရာခိုင်နှုန်း များတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ် သန့်၊ ဖျက်ပစ်မှဖြစ်မှာ"

"အိမ်ဦးကို ကောင်းကောင်း နှ ဂျရမယ်"

"နှင် တရားသေတွေတော့ စဉ်းစားမထားနဲ့ သန့်ရေ၊ အိမ့်ဦးက အရမ်းကို အရူးအမူး ချစ်နေတာ ငါသိတယ်၊ သိပ်သိသာတာပဲ၊ ငါတို့က ဘယ်လိုပဲ ပြောပြော ဖျက်ဖျက် ဟိုကနေ မဟုတ်ရပါဘူး အသိပါ မိတ်ဆွေပါ မမမွန်တို့ အထင်မှားတာပါဆိုပြီး အပျော့ဆွဲနဲ့ လိမ့်လိုက်ရင်လည်း ငါတို့ထက် ဟိုဘက်ကိုပဲ နားယောင်ဖို့ များတယ်ဟ"

"ဒါဖြင့် မဖျက်ရဘူးလား မမမွန်ရဲ့၊ ဒီလိုလူနဲ့ သဘောမတူပါဘူး"

"အရိပ်အမြွက်လောက်တော့ အသိပေးကြည့်မယ်၊ အိမ့်ဦး ဘာလုပ်လဲ စောင့်ကြည့်ရမှာပေါ့၊ သူ့ကိုကြည့်ပြီးမှ ဆက်စဉ်းစားရမှာပဲ"

"အိမ့်ဦး မဖြတ်နိုင်လောက်ပါဘူး မမမွန်ရာ၊ ခလုတ်တိုက်တောင်တာမှ 'အစ်ကို'လို့ တ,ချင်နေတာ၊ သိပ်ကိုချစ်သိပ်ကိုသည်းနေတာ၊ ဗုဒ္ဓဟူးနေ့ဆို သူ့ရည်းစားအတွက် အထူးပြုပြီး ဘုရားမှာ ပန်းသီးသန့်ကပ်ပေးရတာ သစ်သီးသီးသန့်ကပ်ပေးရတာနဲ့ ရှုပ်နေတာပဲ၊ ရှုးသွပ်နေတာ၊ ကိုယ့်ဖို့တောင် ကိုယ်မလုပ်ဘဲနဲ့၊ မမြင်ဖူး မူးမြစ်ထင်နေတာ"

"သံလွင်က ဘယ့်နှယ် ဗုဒ္ဓဟူး ဖြစ်ရတာလဲ"





"ဗုဒ္ဓဟူးသားတဲ့၊ နောက်က အလုံးကိုပဲ အညွှန့်ယူထားတာ ဖြစ်မှာပေါ့"

"ဪ ... အေး၊ လွင်က ဗုဒ္ဓဟူးပဲဟာ"

"တကယ်တော့ အဲဒီ သံလွင့်ကို သဘောတော့တူပေမယ့် သိပ်ဘဝင်ကျတာ မဟုတ်ဘူး"

"ဘာလို့လဲ"

"သူက ဦးနဲ့သာ ကြိုက်နေတယ်၊ သန့်တို့ မမမွန်တို့နဲ့ဆုံရင် သန့်တို့က နှုတ်ဆက်မှ ပဲလေးနဲ့ ပြုံးရုံပြုံးသွားတာ"

"အေး ... ဟုတ်တယ်"

"အိမ့်ဦးက သန့်တို့ကို နာမည်တွေပါ ပြောပြထားတာ၊ သူ့လည်း ကိုယ့်ချစ်သူနဲ့ တူတူနေတဲ့ အစ်မတွေကို မသိဘဲ မနေပါဘူး"

"ဒါပေါ့ဟဲ့"

"ဒါပေမဲ့ သိပ်မရောချင်ပါဘူး၊ မှန်မှန်ပဲဆိုတဲ့ပုံနဲ့ ခပ်တည်တည်ပဲ၊ သူက စနှုတ်ဆက်တာ တစ်ခါတောင်မရှိဘူး၊ သန့်တို့ကစ,ရယ်ပြ ပြုံးပြမှသာ သူက တုံ့ပြန်တာ"

"ဟုတ်တယ်ဟဲ့၊ ငါလည်း အဲဒါကို ကသိကအောက်ဖြစ်ဖြစ်နေတာ၊ ငါတို့က မိန်းကလေးရှင် အစ်မတွေနေရာကနေ စတယ်နဲ့ မနေရဘဲ သူက စတယ်လုပ်လုပ်နေတာ"

"သူ့ထက်စာရင် နောက်ထပ် ဖြူဖြူမြင့်မြင့် ရှင်းသန့်သန့်လေး တစ်ယောက်လေ၊ သူ့ကိုလည်း တချို့မနက်တွေမှာ



www.burmeseclassic.com

www.burmeseclassic.com



အိတ်လေးဆွဲပြီး ထွက်လာတာ မြင်ရတယ်၊ သူတို့ငါး ယောက်ထဲက တစ်ယောက်ပဲလေ၊ သူကမှ ဟက်ဟက်ပက် ပက် ပျာပျာသလဲ လိုက်လိုက်နှုတ်ဆက်တယ်"

"ဟုတ်ပ၊ ငါလည်း သတိပြုမိတယ်၊ အဲဒီကောင်လေးက ငါတို့အပေါ် အရေးတယူ ရိုရိုကျိုးကျိုးလေး"

နှစ်ယောက်သား မချင့်မရဲ တဖျစ်တောက်တောက်နှင့် ဆေးရုံပေါ်တက်ကာ သူငယ်ချင်းရဲ့မိခင်ကို သတင်းမေးကြသည်။ သူတို့ဆေးရုံထဲ နေနေတာ နာရီဝက်ကျော် ကြာချိန်ကျမှ ပြန်ကြတော့ဖို့ နှုတ်ဆက်စဉ် တိုက်တိုက်ဆိုင်ဆိုင်ပင် ဝါ့ဒ်ထဲကို ခုနက သံလွင်တို့စုံတွဲ ဝင်လာတာ မြင်လိုက်ရလျှင် ...

"ဟင် ... ဟိုမှာ မမမွန်"

"အင်း ... သူက ဒီဝါ့ဒ်တကိုး"

"သန့် သွားနှုတ်ဆက်ပစ်လိုက်မယ်"

"ကောင်းပါ့မလား သန့်"

"အို ... ဘာလို့ မကောင်းရမှာလဲ၊ သူ့ကို ရန်တွေ့မှာမှ မဟုတ်တာ၊ ကောင်းကောင်းမွန်မွန် နှုတ်ဆက်မှာပဲဟာ"

"အေး ... ဟုတ်တယ်၊ နှုတ်ဆက်လိုက်တာ ကောင်းပါတယ်၊ ဒါမှ သူ့အရိပ်အကဲလည်း အကဲခတ်ရမယ်၊ ငါတို့ကို သူ တွေ့သွားပြီး ငါတို့က သူ့ကို နှုတ်မဆက်ဘူးဆိုရင် သူ မဟုတ်တာလုပ်တာကို ငါတို့ကပဲ ရင်မဆိုင်ရဲဘဲ မျက်နှာလွှဲနေရာကျတယ်"





နှစ်ယောက်သားက လူနာရဲ့ခုတင်ခြေရင်းဘက်ရပ်ကာ အတူတွဲလျှောက် ဝင်လာတဲ့ သံလွင်တို့စုံတွဲကို ရှေ့မှပိတ်ရပ်ဆီးကြိုနှုတ်ဆက်လိုက်ကြပါသည်။

"ဒေါက်တာ ... ဒီဝါ့ဒ်မှာလား"

"ဩော် ... ဟုတ်ကဲ့၊ ကျွန်တော် ဒီဝါ့ဒ်ကပါ၊ ဘယ်သူဘာဖြစ်လို့လဲ"

"သူငယ်ချင်း အမေလေ၊ အဲဒါ သတင်းလာမေးတာပါ၊ သန်ဘက်ခါလောက် ခွဲရမယ်လို့ ပြောပါတယ်"

သံလွင်က လူနာဘက် လှမ်းကြည့်ရင်း ...

"ဩော် ... ဟုတ်ကဲ့ သိတယ်၊ သန်ဘက်ခါ အော်ပရေးရှင်းခန်းဝင်ရင် ဆရာကြီးနဲ့တူတူ ကျွန်တော်တောင်ပါမှာပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ကြည့်ပေးပါဦးနော် ဒေါက်တာ၊ ကျွန်မတို့ အိမ့်ဦးတို့နဲ့ တစ်မြို့တည်းသားချင်းတွေပါပဲ"

"ဩော်"

အိမ့်ဦး နာမည်ကြားမှ ဘယ်သူဘယ်ဝါမှန်း သေချာမသိဘဲ မြင်ဖူးရုံလောက်နှင့် ပြန်စကားပြောနေတာဖြစ်သော သံလွင်က မျက်လုံးပြူးသွားပါသည်။

"ဩော် ... ကျွန်တော်တို့ ကွန်ဒိုက ..."

ခုမှ မှတ်မိသွားပုံ သိသိသာသာမို့ မမမွန်တို့ သန့်တို့ စိတ်ထဲကကျိတ်ကာ အောင့်သီးအောင့်သက်နှင့်ပင် ...

"ဟုတ်ပါတယ်၊ ကျွန်မတို့ အိမ့်ဦးအောင်နဲ့ အတူတူနေတဲ့ အစ်မတွေပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အိမ့်ဦး၊ သြော် ... ဟို ... ဟုတ်ကဲ့ သိပြီ၊ သိပြီ"

"အိမ့်ဦးကလည်း ဆရာ ဒီဝါဒ်ကမှန်း မသိဘူး ထင်ပါရဲ့၊ ကျွန်မတို့ကို ဒီဝါဒ်မှာ ဆရာရှိတယ်လို့ မမှာလိုက်ဘူး"

သံလွင်သည် တစ်စုံတစ်ခုတော့ ရှုပ်ထွေးသွားခဲ့ချေပြီဆိုတာ ကောင်းကောင်း ရိပ်မိလျက် မျက်နှာပျက်သွားပါသည်။ ဘယ်သူ ဘာထင်ထင် နောက်ဆက်တွဲ ဘာဖြစ်ဖြစ် သံလွင့်အတွက် ဘာကိစ္စမှမရှိ။

ရေချမ်း အတွက်သာ ကိစ္စရှိသည်။ ဒုက္ခပါပဲ။

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ သူ မသိလို့ ထင်ပါရဲ့"

"သြော် ... အိမ့်ဦးက ဒေါက်တာ ဘယ်ဝါဒ်ကလည်းတောင် မသိဘူးလား"

"ဟို ... ဟိုဒင်းပေါ့၊ စကားလည်းမစပ် ဖြစ်ကြတော့ သေချာမပြောဖြစ်တာပါ၊ ဒီသဘောပါ"

သံလွင်သည် အိမ့်ဦးအိမ်က အစ်မကြီးတွေဟု ချက်ချင်း သိလိုက်ရသည့်တိုင် သူ့ကိုယ်သူတော့ သံလွင် အဖြစ်နေရမလား အိမ်ဦး ရည်းစားလို သရုပ်ဆောင်ရမှာလား တစ်ထိုင်တည်း ဘာလုပ်ရမည် ဝေခွဲမရ။ ရေချမ်းကို အိမ့်ဦးအောင်က ဒေါက်တာသံလွင်ဟု သိရှိသတ်မှတ်ထားသည် ဆိုတာကိုသာ သိပြီး ဒီထက်ပို၍ တခြား ဘာမှ သိမထားလေရာ သူ ဘယ်လို အနေအထားနှင့်နေလျှင် အခြေအနေ အရပ်ရပ် အဆင်တပြေဖြစ်မယ်ဆိုတာ ရုတ်တရက်အတွင်း မဆုံးဖြတ်နိုင်ပဲ ရှိခဲ့ရပါသည်။



မမမွန်နှင့် သန့်တို့ နှစ်ဦးလုံးကလည်း သံလွင့်နံဘေးမှာ ရှိနေတဲ့ ဆရာဝန်မလေးကို အကဲတခတ်ခတ် ပြုနေမိကြပြီ။ ဒါကိုလည်း သံလွင်က ရိပ်မိကာ အခြေအနေကို မဖြေရှင်းတတ်တော့တဲ့အတူတူ ...

"ကျွန်တော့်ကို ခွင့်ပြုပါဦး"

တိုတိုတုတ်တုတ် နှုတ်ဆက်ပြီး ဆရာဝန်ခန်းဘက် ဆက်ထွက်သွားတော့တဲ့ သံလွင်ကြောင့် မမမွန်ရော သန့်ပါ မကျေမချမ်းပင် ကျန်ရစ်ခဲ့ရပါသည်။

"အိမ်ကျရင် အိမ့်ဦးကို ပြောမှာလား မပြောဘူးလား မမမွန်"

"ပြောတော့ ပြောရမှာပေါ့ဟဲ့၊ သူ့ဘက်က ဘယ်လိုစဉ်းစားဆုံးဖြတ်တယ်ဆိုတာကို ကြည့်ပြီးမှ ငါတို့ ဘာလုပ်ပေးသင့်လဲ ဆက်စဉ်းစားမယ်"

အိမ်ပြန်ရောက်တော့ မမမွန်နှင့် သန့်သည် သီချင်းလေးတညည်းညည်းနှင့် ပဲန်ဖလက်ဒီဇိုင်းတစ်ခုကို စိတ်အေးလက်အေး ဆွဲနေသော အိမ့်ဦးကို ဒီကိစ္စ ပြန်ပြောဖို့ပင် ဝန်လေးနေကြရပါသည်။ ဒါပေမဲ့ သူ့ချစ်သူ သစ္စာမဲ့ကြောင်း သိထားပါလျက်နှင့် ဖုံးကွယ်မျိုသိပ်ပြီး အားနာပါးနာ မြိုထားရမယ့် ပဟသက်မှုမျိုးမှ မဟုတ်ပေပဲ။

"အိမ့်ဦး ... ညီမလေး"

"ရှင် ... မမမွန်"

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ပြောစရာရှိတယ်"

"ဘာလဲဟင် မမမွန်"

အိမ့်ဦးက မောက်စ်လေးချကာ ဒီဘက်ကိုလှည့်ထိုင်လိုက်ရင်း ...

"မမမွန် ဘာပြောမလို့လဲ၊ ပြောလေ"

မမမွန်သည် ပြောရခက်ခက်နှင့် သိုင်းဝိုင်းမနေတော့ဘဲ တုံးတိတိပင် ...

"ငါတို့ ဆေးရုံသွားရင်း သံလွင့်ကို တွေ့ခဲ့တယ်၊ သူက ဆရာဝန်မလေး တစ်ယောက်နဲ့ တွဲနေတယ်ဟဲ့"

အိမ့်ဦးသည် ခပ်တိုတို စကားကြောင့် ခဏကြောင်တောင်တောင်လေး ဖြစ်နေပြီးမှ ...

"ဘာလဲ ... မမမွန်ရဲ့၊ အစ်ကိုက ဆေးရုံမှာ ဆရာဝန်တွေ ဆရာဝန်မတွေနဲ့ပဲ တွဲနေရမှာပေါ့၊ အဲဒါက ဘာထူးဆန်းလို့လဲ"

"ဟဲ့ ... ဒုံးဝေးမနေစမ်းနဲ့၊ မထူစမ်းနဲ့၊ ဒီလို အလုပ်တွဲလုပ်နေတာကို ငါတို့က တခုတ်တရ စကားလုပ်ပြောနေစရာလား"

"ဒါဖြင့် ဘယ်လိုတွဲနေတာမို့လို့လဲ"

"ရည်းစားလို တွဲနေတာပေါ့ဟဲ့"

"ရည်းစားလို တွဲနေတယ်ဆိုတာ ဘာလဲ၊ ဆေးရုံမှာရည်းစားလို ဘယ်လိုတွဲနေတာလဲ"





သန့်က သူတို့မြင်တာတွေကို သိုင်းသိုင်းဝိုင်းဝိုင်း ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် အိမ့်ဦး မျက်စိထဲ မြင်သာအောင် အသေးစိတ် စိတ်ရှည်လက်ရှည် ပြောပြလိုက်ရင်း ...

"အဲဒါပဲ အိမ့်ဦး၊ သံလွင်ဟာ အဲဒီဆရာဝန်မလေးနဲ့ ချစ်သူတွေပဲ သေချာတယ်၊ ငါတို့နဲ့ စကားလုပ်ပြောတော့လည်း ဒီဆရာဝန်မလေးက ထွက်မသွားဘဲ သံလွင့်နားကပ်ပြီး တွတ်တူတွဲရပ် နားထောင်နေတယ်"

အိမ့်ဦးက မျက်လုံးဝိုင်းလေးနှင့် မမမွန်နှင့် မမသန့်တို့ကို တစ်လှည့်စီကြည့်ကာ ငြိမ်နေပါသည်။

"သံလွင်က မထိမ ငါတို့ကို မြင်ဖူးတယ်ဆိုတာလောက်ပဲ ရှိပြီး သေချာတောင် မမှတ်မိဘူး၊ နင့်နာမည် ပြောလိုက်မှ ဩော် ... ကွန်ဒိုကပဲပေါ့ဆိုပြီး အံ့အားသင့်သွားတယ်၊ အဲဒီကျတော့ မျက်နှာပျက်ပြီး ချက်ချင်းလစ်သွားတော့တာပဲဟာယ်၊ ညီညိုအမကြီးရဲ့ ခုတင်ခြေရင်းမှာတောင် ရပ်နေပြီဟာ၊ တစ်ချက်တောင် ကြည့်မသွားဘူး ...

ကြည့်မပေးလို့ စိတ်မဆိုးပါဘူး၊ နင့်ရည်းစားပဲဟာယ်၊ နင်နဲ့ပတ်သက်ရာ ပတ်သက်ကြောင်းတွေကို ဂရုစိုက်ပြရမယ် မဟုတ်လား၊ ရင်ထဲ အသည်းထဲက မပါတောင်မှ ဟန်ဆောင် ပန်ဆောင်လေးတော့ အရေးတယူ ဂရုတစိုက် နည်းနည်းပါးပါး ရှိသင့်တယ်၊ သူကတော့ သူ့ဘေးမှာ နင့်နောက်ကွယ်က ရည်းစားပါနေလို့ နေမှာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အိမ့်ဦး အစ်မတွေဆိုတာ သိတာနဲ့တစ်ပြိုင်နက် မျက်စိပျက် မျက်နှာပျက်နဲ့ လစ်တော့တာပဲ၊ အဲဒါကြောင့်ကို ပိုသေချာသေးတယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သံလွင်ဟာ နင့်အပြင် နောက်ထပ် တခြားမှာ ရည်းစားရှိနေတယ်၊ ဒါကို ပြောချင်တာ"

အိမ့်ဦးသည် မျက်လုံးလေး ပေကလတ်နှင့်, ...

"ဦး ဘာလုပ်ရမလဲဟင် မမမွန် ... မမသန့်"

"နင် သူ့ကိုဖွင့်ပြီး ရှင်းရှင်းမေးရမှာပေါ့၊ အားနာနေလို့ မရဘူး၊ မျိုသိပ်ထားစရာလည်း မလိုဘူး၊ ဖွင့်ပြောပြီး ရှင်းရမယ်"

"ဟုတ်ကဲ့ ... ဦး အစ်ကို့ကို ဖွင့်မေးကြည့်ပါမယ်"

အိမ့်ဦး ပုံစံက ပူဆွေးဝမ်းနည်းသွားတာမျိုး၊ ပူလောင်ပျာယာခတ်သွားတာမျိုး လုံးဝမရှိတဲ့အတွက် မမမွန်နှင့် မမသန့်က စိတ်အေးရမလို မချင့်မရဲ ဖြစ်ရမလိုနှင့် ...

"နင် ဘာမှ မခံစားရဘူးလား အိမ့်ဦး၊ နင်က သွေးအေးသားပဲ"

"ဦး ဘာမှမခံစားရတာ ဘာဖြစ်လို့လဲ မသိဘူး မမမွန်၊ ဦး စိတ်ထဲမှာ ဒီကိစ္စဟာ လုံးဝမဖြစ်နိုင်ဘူးပဲ ထင်နေတယ်၊ မမမွန်နဲ့ မမသန့် ကိုယ်တိုင်မြင်ခဲ့တာမို့လို့သာ သူ့ကိုဖွင့်မေးမှာ၊ အစ်ကိုက ဒီလိုလုပ်မယ့်သူ မဟုတ်လောက်ဘူးလို့ပဲ အလိုလို ယုံနေတယ်၊ ယုံနေတယ်ဆိုတာထက် သိနေသလိုပဲ"





"ဟဲ့ ... ယုံနေလို့ သိနေလို့ မရဘူး၊ ယုံမနေနဲ့ သိမနေနဲ့၊ အဲဒါ သူ့ရည်းစား သေချာတယ်ဟဲ့၊ မြင်တာနဲ့သိတယ်"

"အစ်ကို ဘာပြောမလဲ နားထောင်လိုက်ဦးမယ် မမမွန်ရယ်"

"အိမ့်ဦး ညီမလေး၊ နင် တွေးထားရမှာက သူက မဟုတ်ပါဘူးလို့ ဘူးခံငြင်းရင် ငြင်းမှာပဲ၊ ငြင်းရင်လည်း အဲဒါ လိမ်တာ ညာတာပဲဟာ၊ သဘောပေါက်လား"

အိမ့်ဦး မျက်နှာလေးက စိတ်မကောင်းသလိုတော့ ညှိုးသွားပါသည်။ တကယ်တမ်း ဝန်ခံရရင် အိမ့်ဦးသည် ဤအဖြစ်အပျက်ကို လုံးဝမယုံပါပေ။ မမမွန်နှင့် မမသန့်က ကိုယ့်အပေါ် လိမ်ညာပြောစရာ အကြောင်းမှမရှိတာကြောင့်သာ ခေါင်းထဲထည့် စဉ်းစားရတာဖြစ်သည်။ အိမ့်ဦး အရေးမထားတဲ့ လူတစ်ယောက်ကသာ ပြောတာဆိုရင် ခေါင်းထဲတောင် ထည့်မှာမဟုတ်။

အစ်ကိုက အိမ့်ဦးကို မြတ်မြတ်နိုးနိုး သစ္စာရှိရှိ သိပ်ချစ်တယ်ဆိုတာကို အိမ့်ဦး ရင်ထဲ အသည်းထဲက အနိုင်အမာ ယုံကြည်နေပါသည်။ ဤယုံကြည်ချက်ကို ဘယ်လိုမှ ဖျက်ဆီးမရနိုင်ဘဲ ဖြစ်နေတာပါ။ မမမွန်တို့က အမှန်တိုင်း မြင်လာတဲ့အတိုင်း ပြောတာဖြစ်သည့်တိုင် ဒီအဖြစ်အပျက်ထဲမှာ အလွဲတစ်ခုခု ရှိနေမှာပါလို့ အိမ့်ဦးက ထင်နေမိပါသည်။

တစ်ခုခုတော့ မှားယွင်းနေပါလိမ့်မည်လို့ပဲ ယုံကြည်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ့်ဦးနဲ့ ဖုန်းလိုင်းပူးပူးနေတဲ့ သူတို့ထဲက တစ်ယောက်ကလည်းပဲ အိမ့်ဦး ပြောတော့ မိန်းကလေးတွေနဲ့ ရှုပ်ရှုပ်ပဲဆိုတာလေ၊ ကြည့်ရတာ သူတို့အုပ်စုက မိန်းမရှုပ်ရှုပ်ခပ်ပွေပွေတွေချည်းပဲ များလားမသိဘူး မမမွန်၊ ဟိုတလောက မမမွန်ကို အဝင်ဂိတ်မှာ ကားနဲ့တိုးမိမလိုဖြစ်တဲ့ သူတို့ထဲကပဲ ရွှေဟင်္သာချိန်းနဲ့ကောင်ဆိုလည်း ရုပ်ကလည်းမွတ်ပြီး ပြိတ်ပြိတ် ညုတုတုနဲ့ပဲ မဟုတ်လား"

"အေးလေ"

"အစ်ကိုကပြောတော့ အဲဒီ ရေချမ်း ဆိုတာလည်း မိန်းမရှုပ်ရှုပ်ပွေပွေထဲက မဟုတ်ဘူးတဲ့၊ ကောင်မလေးတွေကိုက ဒီအိမ် ယောက်ျားတွေချည်းပဲဆိုပြီး ဖုန်းဆက်ကြ ပူကြလုပ်ကြတာကို သူက အားနာပြီး ရိုရိုသေသေ ပြန်ပြန်ပြောနေတာနဲ့ပဲ သူနဲ့ အရစ်ဆက်ရှည်နေကြတာတဲ့၊ ရွှေဟင်္သာချိန်းနဲ့လူကတော့ ရည်းစားနည်းနည်းများတယ် ...

သူကလည်း ရည်းစားဖြတ်ချင်ရင် ရှောင်လိုက်ပြီး မရှိဘူး ဘာဘူး ခရီးသွားတယ်ဆိုတာမျိုးတွေ ရေချမ်းနဲ့တစ်ဆင့်ပြောတာတဲ့၊ ဒါကြောင့် အိမ်မှာအမြဲရှိပြီး ဖုန်းကိုင်ရတဲ့ ရေချမ်းက ရှိသမျှ အညစ်အကြေး ပုစွန်ဆိတ်ခေါင်းစုဆိုသလို ဖြစ်နေတာတဲ့"

အိမ့်ဦးက အစ်ကို့ဆီက သိထားရသလို ပြန်ပြောမိလျှင် ...





"ဟဲ့ ... ဒီလိုပဲ ပြောကြတော့မှာပေါ့ အိမ့်ဦးရဲ့၊ ကျွန်တော်တို့အားလုံး ငပွေတွေပါလို့တော့ ဘယ်သူက ပြောမှာလဲ၊ အခု ဒီလိုပြောတဲ့သူ ကိုယ်တိုင်တောင် နင့်ကွယ်ရာမှာ တခြားတစ်ယောက်နဲ့ တွေ့ခဲ့ရပါပြီဆိုတာ၊ ယောက်ျားလေးတွေ ပြောစကားကို နင် တစ်လုံးမကျန် အဟုတ်မှတ်မနေနဲ့ အိမ့်ဦးရေ"

"နင့်ကိုလည်း အံ့ဩပါတယ် အိမ့်ဦးရယ်၊ ဟိုဖုန်းလိုင်းပူးတဲ့ကောင်ကို မုန်းတုန်းကလည်း နင်ပဲ၊ မုန်းလိုက်တာ ... မုန်းလိုက်တာ၊ အမယ်လေး ... ဖြေသိမ့်မရအောင်ပဲ၊ ခုတော့လည်း နင့်ရည်းစား သံလွင်က တစ်ခွန်း နှစ်ခွန်း ကာကွယ်ပြောလိုက်တာနဲ့ နင်က ချစ်သွားပြီလား ... ဟင်"

"မချစ်ပါဘူး မမသန့်ကလည်း၊ အရင်လောက် မမုန်းတော့တာပါ"

"ရည်းစားစကား အတော်အောင်တာပဲ အိမ့်ဦးရယ်"

"ရည်းစားစကား အောင်တာချည်းပဲ မဟုတ်ပါဘူး မမသန့်ရဲ့၊ တကယ်ဆို အိမ့်ဦးက သူနဲ့ ဘာမှလဲ မဆိုင်ဘဲနဲ့ အဲဒီ ရေချမ်းက အခု ဖုန်းသိပ်မပြောတော့ဘဲ ဆင်ခြင်လိုက်တယ်၊ အခု ဖုန်းကောက်ကိုင်ရင် သူနဲ့ ပူးချင်လို့တောင် မပူးဘူး၊ သူ ပြောနေတာ ချောင်းနားထောင်ချင်ရင်တောင် မရတော့ဘူး၊ ပြောကို မပြောတော့သလောက်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ယတိပြတ်ကြီး ဆင်ခြင်နေပေးလိုက်တော့လည်း ဦးက နည်းနည်းအားနာတာပေါ့၊ ဦးနဲ့ သူနဲ့ဆို ဘာမှလဲ မဆိုင်ဘဲနဲ့ ဦးအတွက် ဘာမှ ဆင်ခြင်ပေးလိုက်ဖို့ မလိုဘူးမို့လား"

"သူ့ဟာသူ ဆင်ခြင်တော့လည်း ပြီးတာပဲပေါ့၊ တစ်သက်လုံး မှန်းအချိန်ပြည့် ပြောနေပါတယ်ဆိုတဲ့ လူကလည်း ဆင်ခြင်လို့ နင့်ရည်းစားကလည်း နင့်အပေါ် ချစ်လွန်းလို့ ဆိုတာတွေက အယုံသွင်းတာတွေ ဖြစ်နေဦးမယ် အိမ့်ဦး"

"ဦးကို အယုံသွင်းတော့ သူတို့ ဘာအကျိုးရှိမှာမို့လဲ မမမွန်ရယ်"

"ဟဲ့ ... နင် ယုံပြီဆိုရင် နင် သူ့လက်ခုပ်ထဲကရေပဲပေါ့၊ မပြောလိုက်ချင်ဘူး၊ အခုပဲ နင့်သံလွင် နင့်ကိုသစ္စာဖောက်နေတာ မဟုတ်လား"

အိမ့်ဦးသည် ထပ်ခါ ထပ်ခါ နားထောင်နေရတော့ ဝမ်းနည်းသလိုလို ဖြစ်လာပါလေပြီ။

✻ ◯ ✻

"ဦး ... ကျွန်တော်နဲ့ ပတ်သက်လို့ ဘာတွေပဲကြားကြား ဘာတွေပဲ ရင်ဆိုင်ရ ရင်ဆိုင်ရ အမြဲတမ်း စွဲစွဲမြဲမြဲယုံကြည်ထားဖို့ကတော့ ဦးကို ကျွန်တော် သိပ်ချစ်တယ်ဆိုတာပဲ၊





ဦးကို ဘယ်တော့မှသစ္စာမဖောက်ဘူးဆိုတာပဲ၊ ဦးက ကျွန်တော့်ကို မုန်းသွားပါပြီ၊ ပစ်သွားပါပြီဆိုမှပဲ ဦးနဲ့ ကျွန်တော်ကွဲမယ်၊ ကျွန်တော့်ကြောင့် ဘယ်တော့မှမခွဲရစေရဘူး ...

ဦးကို အရမ်းချစ်တာ၊ ကျွန်တော့်အပေါ် တစ်နေ့နေ့ တစ်ချိန်ချိန် အထင်လွဲစရာ တစ်ခုခု၊ စိတ်ကွက်စရာ တစ်ခုခုရှိလာခဲ့ရင်လည်း ဦး ခွင့်လွှတ်ပေးပါနော်"

စားပွဲပေါ်မှာပင် ဦးရဲ့လက်နှစ်ဖက်ကို သူ့လက်နှစ်ဖက်နှင့် အုပ်မိုးဆုပ်ညှစ်ကိုင်ထားပြီး တစ်လုံးချင်း လေးလေးနက်နက် ခိုင်ခိုင်ကြည်ကြည် ပြောနေတဲ့ အစ်ကိုရဲ့စကားတွေကို အိမ့်ဦး ဘယ်လိုယုံမှန်းမသိ ယုံကြည်မိသည်။ အစ်ကို့မျက်နှာကို နစ်နစ်မျောမျော စိုက်ကြည့်ရင်း နှုတ်ခမ်းလေး စေ့ပြုံးလျက် ရင်တွေနွေးဖိုနေခဲ့သည်။

စကားအခွန်းတိုင်းကို ခေါင်းတညိတ်ညိတ် လုပ်မိတာလည်း ဇက်တောင်ညောင်းတဲ့အထိပင်။ အပြန်မှာ အစ်ကိုက မမမွန်နှင့် မမသန့်ဖို့ပါ၊ ဒိန်ချဉ်မလိုင်ပါဆယ်နှစ်ထုပ် ဝယ်ထည့်ပေးလိုက်၍ အိမ့်ဦးသည် ကြွပ်ကြွပ်အိတ်ထုပ်လေး နှစ်ထုပ်ဆွဲကာ သီချင်းလေး တညည်းညည်းနှင့် ပြန်လာသည်။

ဘဲလ်တီးလိုက်သည်နှင့် စိတ်ပူနေသလို ချက်ချင်းထဖွင့်သော မမသန့်က ...

"မမမွန် ညီမကတော့ သီချင်းတောင် ဆိုညည်းလာတယ် ဘာမှမပူနဲ့"



www.burmeseclassic.com

www.burmeseclassic.com



မမမွန်ထံ လှည့်ပြောလိုက်ပါသည်။

"အဟီး"

"နင် စိတ်တွေကို မခံမရပ်နိုင်တွေဖြစ်ပြီး ငိုကြီးချက်မ ပြန်လာမလားလို့ မမမွန်က စိတ်ပူပြီး မျှော်နေတာ"

"အစ်ကိုက မဟုတ်ဘူးတဲ့"

"ဘာ ... ဘာမဟုတ်တာလဲ"

"ဘာကိုမဟုတ်တာလဲ"

မေးလိုက်သံက နှစ်ခွန်းကြီးများတောင် ဆင့်ကာ တစ်ထပ်တည်း ဖြစ်သွားရသည်။

"မမမွန်တို့နဲ့ တွေ့တာတော့ ဟုတ်တယ်လေ၊ ဒါပေမဲ့ အဲဒီဆရာဝန်မလေးက သူ့ရည်းစား လုံးဝမဟုတ်ရပါဘူး တဲ့၊ ဝါ့ဒ်တူတဲ့ လုပ်ဖော်ကိုင်ဖက်ပါတဲ့"

"အဲဒီတော့ နင်က အင်းလို့ လက်ခံပြီး ပြန်လာတာပေါ့"

"ဟုတ်ကဲ့"

"သွားပြီ ... အိမ့်ဦးတော့ သွားပြီ"

"ဘာလို့လဲဟင်"

"အဲဒါ လိမ်တာ အိမ့်ဦး၊ သူ့ရည်းစား မဟုတ်ပါဘူးဆိုတာ ဟုတ်ကိုမဟုတ်ဘူး၊ လိမ်တာ"

အိမ့်ဦးက သက်ပြင်းလေးတစ်ချက်ချရင်း ...

"မမမွန်တို့ အစိုးရိမ်လွန်ပြီး အကဲခတ်မှားတာမျိုးလည်း ..."

"တော်တော့ အိမ့်ဦး၊ တော်တော့ဟေ့"





မမမွန်က စိတ်ပျက်သွားသလို ပြောလိုက်၍ သုံးယောက်အကြား အတန်ကြာ တိတ်ဆိတ်သွားပါသည်။ အိမ့်ဦးသူတို့စကားကို မယုံတာကို အေးအေးမွန်နှင့် လွင်လွင်သန့် စိတ်အပျက်ကြီးပျက်မိသလို အစ်ကိုရှင်းပြတာ အိမ်ဦး တစ်ဆင့်ပြောပြတာတွေကို လုံးဝမယုံဘူးဆို၍ အိမ့်ဦးလည်း စိတ်တွေရှုပ်ပါသည်။

"ဟို ... ဟိုလေ ... အစ်ကိုက မမမွန်နဲ့ မမသန့်ဖို့ ဒိန်ချဉ် မလိုင် ဝယ်ပေးလိုက်တယ်၊ ဦး ထည့်လိုက်မယ်နော်"

"မထည့်နဲ့၊ မသောက်ချင်ဘူး"

"မမမွန်ကလည်း"

"ဟုတ်တယ်လေ၊ ငါတို့ကို ဗျားရည်နဲ့ဝမ်းချု မဟုတ်ဘဲ ဒိန်ချဉ်နဲ့ဝမ်းချု ဖြစ်နေပြီ"

"ဘာပဲဖြစ်ဖြစ် သောက်ပါ၊ မမမွန်နဲ့ မမသန့်ရယ်၊ အစ်ကိုက မမမွန်တို့ကို ဦးလိုပဲ လိုက်ပြီးရိုသေလေးစားပါတယ်"

"ဘာရိုသေလေးစားတာလဲဟယ်၊ အပိုတွေပါဟယ်၊ နင့်ရှေ့မှာသာ အဲလိုနေပြတာ၊ ငါတို့ချည်းပဲ လမ်းမှာတွေ့ရင် ငါတို့က စပြုံးပြတာတောင် သိဝိဂရုတစိုက် ဟက်ဟက်ပက်ပက် မလုပ်ချင်ဘူး၊ ခပ်တည်တည် ခပ်တန်းတန်းပဲ၊ တော်ပါတော့ အိမ့်ဦးရယ်၊ နင် ထပ်ပြောလေလေ သူဟာ ဆောင်ကောင်းတာတွေ ပေါ်လာလေလေ ဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုက မမမွန်တို့ ပြောနေသလို မဟုတ်ပါဘူး မမမွန်ရယ်"

"အိမ့်ဦး ... အခု သူက အဲဒီဆရာဝန်မဟာ လုပ်ဖော်ကိုင်ဖက်ပဲ၊ သူနဲ့ဘာမှ မပတ်သက်ဘူးဆိုတာ နင် ယုံတယ်ပေါ့"

"............"

"ပြောလေ"

"ဟုတ်ကဲ့၊ ဦး ယုံပါတယ်"

"သေလိုက်ပါတော့ အိမ့်ဦးရယ်၊ ငါ စိတ်ညစ်တယ် တကယ်ပဲ၊ နင်လို ဟောဟောဒိုင်းဒိုင်း ထက်ထက်မြက်မြက်က ဘယ်လိုလုပ်ပြီး သူပြောသမျှ ထိုင်ခေါင်းညိတ်ပြီး ယုံနေတဲ့ ပုံစံမျိုး ဖြစ်သွားပါလိမ့်မယ်"

"အစ်ကိုက လူကောင်းပါ၊ အိမ့်ဦးကို အရမ်းချစ်တာပါ"

အေးအေးမွန်နှင့် လွင်လွင်သန့် တစ်ယောက်မျက်နှာကို တစ်ယောက် စိတ်ပျက်လက်ပျက် ကြည့်ရင်း သက်ပြင်းကိုယ်စီချမိကြပါသည်။

* ○ *





၁၅

ဘဲလ်တီးသံကြောင့် အိမ့်ဦးက အိမ်တံခါး ထ,ဖွင့်ကြည့်လိုက်လျှင် အခန်းပြင်မှာ ရပ်နေသူက မေမေဖြစ်နေရာ အိမ့်ဦးက ပထမ အံ့သြသွားပြီး ချက်ချင်းပဲ ဒေါသတွေပွလာမိကာ တံခါးဖွင့်ရင်း ...

"မေမေ့ကို မမမွန်တို့ မှာလိုက်တာ မဟုတ်လား"

မေမေက အိတ်ကြီးဆွဲကာ ဝင်လာရင်း ...

"မဟုတ်ပါဘူး၊ အေးမွန်တို့က ငါ့ကို ဘာဖြစ်လို့ မှာကြရမှာလဲ"

"ဟုတ်ပါတယ်နော်၊ မေမေလား အလကားနေရင်း ရန်ကုန်ဆင်းလာမှာ၊ ဖေဖေနားက ခွာနိုင်တာ မဟုတ်ဘဲနဲ့"

"သည်အဖေနားက ဘာဖြစ်လို့ မခွာနိုင်ရမှာလဲ၊ ကျုပ်ဟာကျုပ် ဟိုမှာအလုပ်တွေက ဖြတ်ထားလို့ မရလို့ မလာရတာပါ၊ ငွေပေးငွေယူတွေ ဘာတွေ ညည်းအဖေက ခိုတ်



www.burmeseclassic.com

www.burmeseclassic.com



ချရတာ မဟုတ်ဘူး၊ အမေ့မေ့ အလျော့လျော့နဲ့ စာရင်းပျောက်ရတာနဲ့၊ သနားလို့ အစွန်းထွက် လျှော့လိုက်တယ်ဆိုတာနဲ့၊ ဒါတွေကြောင့် ငါလာလို့မဖြစ်လို့ မလာရတာပါ အိမ့်ဦးရယ်"

"အခု အဲဒီကြားထဲကတောင် လာခဲ့တာဆိုတော့ မမမွန်တို့ မမသန့်တို့ မေမေ့ကို လှမ်းအတို့အထောင်လုပ်လို့ပဲ"

"ဟဲ့ ... ညည်းကို အစ်မရင်းတွေလို စောင့်ရှောက်နေတဲ့သူတွေကို ညည်း ဒီလိုမပြောပါနဲ့ အိမ့်ဦးရဲ့၊ သူတို့သာမရှိရင် ညည်းကိုတောင် ရန်ကုန်မှာ နေခွင့်မပြုဘူး၊ သူတို့ကြောင့် စိတ်ချတာ"

"ဒါပါ ... အခု သူတို့ မေမေ့ကို လှမ်းတိုင်တယ်မဟုတ်လား"

"မတိုင်ပါဘူး ဘာကိုလဲ၊ ကျူပ်ဟာကျူပ် လာလည်တာပါ"

အိမ့်ဦးက မယုံပါ။ မယုံတစ်ဝက်နှင့်ပင် မေမေ့အိတ်ကိုဆွဲ အခန်းထဲ သိမ်းရင်း မေမေ့ကို အကဲခတ်နေမိပါသည်။

"နေပါဦး၊ အေးမွန်တို့ သန့်တို့ တိုင်တယ် အတို့အထောင်လုပ်တယ်လို့ ညည်း ပြောနေပုံထောက်တော့ ညည်း ဘာအပြစ်လုပ်ထားလဲပြော၊ မဟုတ်တာ တစ်ခုခုရှိလို့သာ ဒီလိုထင်တာပေါ့၊ ကဲ ... ပြောစမ်း"

"ဦး ဘာမှ မဟုတ်တာ မလုပ်ဘူး၊ ဟုတ်တာတွေပဲလုပ်တာ"





"ကဲ ... ဒါဖြင့် အဲဒီ ဟုတ်တာကိုပဲ ပြောစမ်းပါ"

အိမ့်ဦးက မွေ့ရာစွန်းမှာ ပေကတ်ကတ် မျက်နှာနှင့်ထိုင်နေပါသည်။ ထို့နောက်တော့ ရှောင်မရနိုင်တာ ကောင်းစွာနားလည်လျက် ...

"ဦးမှာ ရည်းစား ... အဲ ... ချစ်သူရှိနေပြီ မေမေ"

ရည်းစားလို့ပြောလျှင် မေမေက အပျော်သဘောထင်မည်စိုးကာ စကားလုံးကိုပင် ရွေးပြီးပြင်လိုက်ပါသေးသည်။ တွေ့လား။ ထင်တဲ့အတိုင်း မေမေက "ဟင် ... ဟုတ်လား" ဘာညာနှင့် အံ့ဩမသွား။ အိမ့်ဦးကို စိုက်ကြည့်ကာ အိမ့်ဦးစကားအဆက်ကိုသာ စောင့်နေသည်။

"မမမွန်တို့ မမသန့်တို့လည်း အစက သူ့ကိုသဘောကျကြပါတယ်၊ ဒါပေမဲ့ အခု သူတို့က အစ်ကိုမှာ ဟို ... သူ့မှာ ဦးအပြင် ဦးရဲ့ကွယ်ရာမှာ တခြားရည်းစားရှိသေးတယ်လို့ ယုံကြည်နေကြတယ်၊ ဒါပေမဲ့ အဲဒါ မဟုတ်ပါဘူး မေမေ၊ မှားနေတာပါ၊ သူ့မှာ တခြားတစ်ယောက် မရှိပါဘူး၊ ဦး မေးပြီးပါပြီ"

"မေးပြီးပြီ ဟုတ်လား၊ ညည်းကမေးတော့ ဟိုကမရှိပါဘူး မဟုတ်ပါဘူးလို့ ငြင်းတယ်ပေါ့၊ အဲဒါကို ညည်းကယုံတယ်ပေါ့၊ အေးမွန်တို့ ပြောတာကိုတော့ မယုံဘူးပေါ့"

"အထင်လွဲတာ ဖြစ်တတ်တာပဲ မေမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အထင်လွဲတာလည်း ငါးဆယ်ရာခိုင်နှုန်း ဖြစ်နိုင်သလို ညည်းကောင် တကယ်နောက်တစ်ယောက်ရှိတာလည်း ငါးဆယ်ရာခိုင်နှုန်း ဖြစ်နိုင်တာပဲ မဟုတ်လား"

"အစ်ကိုက လူရိုးလူကောင်း တစ်ယောက်ပါ မေမေရယ်၊ လူရှုပ်မဟုတ်ပါဘူး၊ မိကောင်းဖခင်သားပါ၊ ပြီးတော့ ဆရာဝန်ပါ မေမေရဲ့"

"ဆရာဝန်ဖြစ်တော့ ငါက ဘာလုပ်ရမှာလဲ၊ ဆရာဝန်သမက်ရရင် ကိုယ့်ကျန်းမာရေးကိစ္စ သူက စောင့်ရှောက်ပြုစုလို့ ရတယ်ဆိုပေမယ့် ဆရာဝန်သမက်မရှိလည်း ကိုယ့်ပိုက်ဆံနဲ့ကိုယ် အပြင်မှာ ဆရာဝန်ပြ ဆေးကုလို့ရတာပဲ၊ ဆရာဝန်ဖြစ်တာ တစ်ချက်နဲ့ သူ့မှာရှိတဲ့ တခြားအားနည်းချက်တွေကို မေ့ပစ်ရမှာလား"

မေမေက ခတ်ပြတ်ပြတ် မေးလေလျှင် အိမ့်ဦးသည် ခေါင်းလေးငုံ့ချပြီး စိတ်ညစ်လက်ညစ် ငိုင်မှိုင်နေမိပါသည်။

"ဒီမှာသမီးလေး၊ ငါ့သမီးလေးက အသက်နှစ်ဆယ်နှစ်နှစ် ကျော်လို့ နှစ်ဆယ့်သုံးထဲ ဝင်နေပေမယ့် တစ်ခါမှလည်း ချစ်သူတွေ ဘာတွေ မရှာခဲ့ဘူး၊ ကိုယ်ဝါသနာပါတာပဲ ကိုယ်စိတ်ပါလက်ပါလုပ်ပြီး ကလေးလို နေလာတာ၊ ပြီးတော့ သမီးစိတ်လေးက သိပ်ဖြူစင်တယ်၊ ကိုယ်က မကောင်းတာ မလုပ်သလို ကိုယ်က မလိမ်ညာတတ်သလို ကိုယ်က သစ္စာရှိသလို သူတစ်ပါးကိုလည်း ဒီတိုင်းပဲထင်တယ်၊ ယုံကြည်တယ်ပေါ့ ...





အဲဒီ အားနည်းချက်က သမီးကို သူများအလွယ် တကူ လှည့်စားလို့ ရနိုင်တာမျိုး ဖြစ်တတ်တယ်၊ စီးပွားရေးမှာ လူလိမ်ခံရ၊ သစ္စာဖောက်ခံရရင် ငွေပဲပါသွားမှာ၊ ခုလို အချစ်ရေးကိစ္စမှာ လူလိမ်ခံရ သစ္စာဖောက်ခံရရင် လူပါသွားမှာ သမီး၊ အယုံစားလွန်မိရင် နောက်ဆုံး ဘဝ တောင်ပျက်တဲ့အထိလည်း ဖြစ်နိုင်တယ်၊ မေမေ အဲဒါကို သိပ်စိုးရိမ်တယ် ...

မေမေတို့လည်း မဆင်းရဲဘူး၊ အထိုက်အလျောက် ပြည့်စုံတယ်၊ ငါ့သမီးလေးက နှစ်သက်မြတ်နိုးတယ်ဆိုရင် သူဌေးကြီးဖြစ်ဖို့၊ ဆရာဝန်ကြီးဖြစ်ဖို့ မလိုပါဘူး သမီး၊ ရိုးသားပြီး ငါ့သမီးလေးအပေါ်မှာ သစ္စာရှိရှိ မြတ်နိုးတဲ့သူသာဖြစ်ပါစေ သဘောတူပေးစားမှာပါ၊ ငါ့သမီးကို ရည်းစား ဘဝကတည်းကတောင် သစ္စာမဲ့နေတဲ့သူ ဆိုရင်တော့ သိကြားမင်းဖြစ်ပစေ၊ မပေးစားနိုင်ဘူး သဘောမတူနိုင်ဘူး သမီး ...

သူက ဟိုဘက်မှာ အပျော်သဘောလုပ်တာပါဆိုတဲ့ ဆင်ခြေမျိုးလည်း လက်မခံနိုင်ဘူး၊ ငါ့သမီးကို နောင်ကျမှ ဒူးနဲ့မျက်ရည်သုတ်နေရစေမယ့် သူမျိုးဆိုရင် ခုကတည်းက ရအောင်ဖျက်ရမှာပဲ၊ ဖျက်လို့မှမရရင် ရန်ကုန်မှာမထားဘူး၊ နွတ် ပြန်ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com

အိမ့်ဦးသည် ခုမှ တာကယ်စိတ်ညစ်လက်ညစ် မျက်ရည်ရစ်ဝဲလာသည်။ အရမ်းကို ငိုချင်စိတ်ပေါက်လာပါသည်။ အစ်ကို့ကို အိမ့်ဦး မခွဲနိုင်ပါ။ အစ်ကို့ကို အရမ်းချစ်ပါသည်။ အစ်ကိုလည်း အိမ့်ဦးကို အရမ်းချစ်တာ အိမ့်ဦး အသိဆုံး။ အစ်ကိုဟာ ရိုးသားသူပါ။

ချစ်သက်တမ်းလေး နှစ်လလောက်အတွင်း လူချင်းတွေ့ဖြစ်တာက ဆယ်ကြိမ်မှ မပြည့်တာ။ တွေ့တိုင်းအစ်ကိုရဲ့ ဆက်ဆံပုံ ဆက်ဆံနည်းဟာ ရိုးသားဖြူစင်လှလို့ကို အထင်တကြီးနဲ့ မြတ်နိုးရတာပါ။

တစ်ကြိမ်တည်းသော ရုပ်ရှင်သွားကြည့်ဖူးခြင်းမှာ ရုံထဲမှာ လက်ဖျားလေးဆုပ်ကိုင်ထားတဲ့ အစ်ကိုဟာ တစ်ချက်မှာတော့ အိမ့်ဦးဘက် ခေါင်းငိုက်ယိုင်တိုးလာခဲ့ပြီး အိမ့်ဦးကိုယ်တိုင်ရင်တွေပန်းတွေတုန် ရှက်မှုန်သည်းထန်မိချိန်မှာ သူ့စိတ်ကိုသူ ထိန်းချုပ်လိုက်နိုင်တဲ့ အစ်ကိုက အိမ့်ဦးကို နမူးချင်းသာ တစ်ချက်တိုက်လိုက်ပြီး ချက်ချင်းပြန်နောက်ဆုတ်သွားခဲ့တာပါ။

"ဒါပေမဲ့ မေမေက မသေချာပဲနဲ့တော့ သမီးကို ဘာမှ အမိန့်မပေးပါဘူး၊ မေမေလည်း စုံစမ်းကြည့်ဦးမယ်၊ ဒီကြားထဲ သမီး ဒီကောင်လေးနဲ့ မတွေ့နဲ့ ဒါပဲ"

မေမေ မတွေ့နဲ့လို့ ပြောလိုက်ကာမှ ရုတ်တရက်ကောက်ကာငင်ကာ သည်းလှိုက်အူလှိုက် တွေ့ချင်လာလိုက်တာများ။ အရင်ကလည်း တစ်ပတ်မှ တစ်ကြိမ်လောက် သေချာတွေ့တာ။ ဈေးထဲ အမှတ်မထင်ဆုံတာ ဒီနှားတစ်ဝိုက် ဟိုဆိုင်ဒီဆိုင်လေးတွေမှာ တည့်တည့်တိုး ကြုံကြိုက်နေတာကလွဲလျှင် သေချာမတွေ့ဖြစ်လည်းပဲ ဖုန်းလေးပြော၍ပဲ အလွမ်းဖြေကာကြည်နူးနေနိုင်ကြတာပါ။



မေမေက စကားဖြတ်ကာ အဝတ်အစားချွတ် မျက်နှာသုတ်ပဝါယူရင်း ...

"ကဲ ... မေမေ ရေချိုးဦးမယ် သမီး"

မေမေ ရေချိုးခန်းထဲ ဝင်သွားသည်နှင့် အိမ့်ဦးသည် တယ်လီဖုန်းဆီ ကျုံးထပြေးတော့ကာ အစ်ကို့ရဲ့ဟန်းဒ်ဖုန်းနံပါတ်ကိုနှိပ်သည်။ မကြာမကြာ ဖြစ်တတ်မြဲ ထုံးစံအတိုင်း ဇရိယာပြင်ပကို ရောက်ရှိနေပါသတဲ့။ ခါတိုင်းတော့ ဇရိယာပြင်ပ ရောက်တယ်ဆိုလည်း စိတ်ရှည်လက်ရှည် ထိုင်နှိပ်ခေါ်နေလိုက်တာပင်။

ဒီနေ့တော့ အလျှင်စလိုပါတယ်ဆိုနေမှ ...။

နှစ်ခါတိတိ ဇရိယာပြင်ပရောက်နေလျှင် အိမ့်ဦးက ရှေ့ကဂဏန်း(၉)ကိုခံ ကွန်ဒိုရဲ့ဖုန်းနံပါတ်ကိုနှိပ်၊ တစ်ဖက်ကကွန်ဒိုက ထူးနေကြောင်း စက်ရဲ့ဖြေဆိုသံ ထွက်လာလျှင် အစ်ကိုတို့အခန်းရဲ့ လိုင်းခွဲနံပါတ်ကို နှိပ်လိုက်ပါသည်။ နှစ်ကြိမ်မျှခေါ်နေသံ တူတူနှင့်ကြားရပြီးလျှင် ...

"ဟယ်လို"

"အော် ... ကိုရေချမ်းလား"

"ဗျာ ...၊ ဟင် ... ဦး"

www.burmeseclassic.com



ဟင် သူကလည်း အစ်ကို့လိုပင်။ စကားပြောရင် "ဗျာ"ဆိုတာလေးနဲ့။ ပြီးတော့ အိမ့်ဦးကို "ဦး"လို့ တရင်းတနှီး ခေါ်လိုက်၍ အိမ့်ဦးက တစ်ခဏ နှုတ်ဆွံ့ကြောင်သွားပါသည်။ ခဏနေမှ ...

"ခုပြောနေတာ ကိုရေချမ်းလား"

"ဩော် ... အင်း၊ ခုပြောနေတာ ဘယ်သူပါလဲ"

"အိမ့်ဦးအောင်ပါ"

"ရှင် သိရက်သားနဲ့"ဆိုတဲ့ စကားကိုတော့ မျိုချလိုက်ရပါသည်။

"ဩော် ... ဟိုဒင်း ... သံလွင် မရှိဘူးလေ၊ ဒီအချိန် ဆေးရုံမှာပေါ့"

"ဟုတ်ကဲ့ ... ဦး ဟဲန်းဒ်ဖုန်း ခေါ်မရတာနဲ့ အိမ်ကိုဆက်ကြည့်လိုက်တာပါ၊ ဒါပဲနော်"

အိမ့်ဦးက ဖုန်းချလိုက်ပါသည်။ ပထမတော့ ဦးလို့ တရင်းတနှီး လွှတ်ခနဲ ထွက်ပြီးမှ ဟုတ်ပါတယ်ဆိုမှ လေသံက ပြောင်းသွားချေသေးသည်။ အိမ့်ဦးက မျက်မှောင်လေးကုတ်ပြီး တစ်မျိုးလေးဖြစ်ကာ အစ်ကို့ထံတောင် ချက်ချင်းပြန်မခေါ်ဖြစ်ပဲ ရှိဆဲ ...

"တူ ... တူ"

ဖုန်းမြည်လာ၍ အိမ့်ဦးက ကောက်ကိုင်လိုက်ပါသည်။





"ဟယ်လို"

"ဦး ... ကျွန်တော်ပါ၊ ဘာလဲ ဦး"

"ဟင် ... မြန်လိုက်တာ အစ်ကိုရယ်"

"ဟိုလေ ... ဟို ... ဟိုကောင် ရေချမ်း လှမ်းပြောလို့"

"အဲဒါကြောင့် မြန်လိုက်တာလို့၊ ဦးခေါ်နေတော့ ဇရိယာ ပြင်ပရောက်နေတာ၊ သူခေါ်တာကျတော့ ရွှတ်ခနဲ၊ ပြောတဲ့အချိန်တောင် ရှိရဲ့လားလို့ မြန်လွန်းလို့"

"အင်း ... ဘာဖြစ်လို့လဲ ဦး၊ ပြောပါဦး"

"ဟင် ... ဘာဖြစ်လို့ အစ်ကိုက စိတ်ပူသလို ဖြစ်နေတာလဲ"

"ဦးအမေ လာတာလား"

"ဟင့်"

အိမ့်ဦးသည် အံ့ဩပြီးရင်း အံ့ဩရင်း ဖြစ်နေကာ ဘာမှတောင် မပြောနိုင်။ ဦး အံ့ဩနေတာကို တစ်ဖက်က အစ်ကို ရိပ်မိသွားပုံရကာ ...

"ဩော် ... ဩော် ... ကျွန်တော် စိတ်စောနေတာ ဦးရယ်၊ ဦး အံ့ဩနေပြီ၊ ဟား ဟား ဟား၊ ဟိုလေ ... ရေချမ်းက ပြောတာ ဦးရဲ့"

"ဘာပြောတာလဲ အစ်ကို"

"ဦးအမေလား မသိဘူး ရောက်လာတယ်တဲ့"

"ဟင် ... သူ ဘယ်လိုလုပ်သိလဲ"



www.burmeseclassic.com

www.burmeseclassic.com

"သူက အောက်ခဏဆင်းပြီး ပြန်တက်ခါနီး အဲဒီအန်တီရဲ့တက္ကစီက ဆိုက်လာတာ၊ သူ့ကိုမဲ တိုက် A က ဘယ်ဟာလဲမေးတာတဲ့၊ ဦးနဲ့ရုပ်ချင်းအရမ်းတူတယ်တဲ့၊ သူက ဦးအမေလို့ ထင်လိုက်တာတဲ့၊ ဟိုတစ်နေ့က မမမွန်တို့ မမသန့်တို့တွေ့တဲ့ကိစ္စကိုလည်း မမမွန်တို့က ဦးအမေဆီ လှမ်းပြောမယ်လို့ ထင်ထားတာလေ"

"ရေချမ်းကရော ထင်ထားတာလား"

"သူ အားလုံး သိတာပဲဟာ၊ ကျွန်တော် ပြောတာတွေရော ပေါ့"

"ဒါတွေ အကုန်လုံး ရေချမ်းက ဖုန်းထဲကနေ တစ်မိနစ်အတွင်း အားလုံး ပြောတာလား"

"ဟား ဟား ဟား၊ ဦးကလည်း ဦးအမေလာတယ်ထင်တယ်ဆိုတာက ချက်ချင်း လှမ်းဆက်တာ ခုနကတည်းက"

"သြော် ... ဒီလိုကိုး၊ ဦးက ဒီလောက်အချိန်လေးအတွင်းမှာ ဒါတွေ ဘယ်လိုမှ မပြောနိုင်ပါဘူးလို့ တွေးနေတာ၊ သူက ကြိုပြောပြီးသားကိုး"

"ပြောပါဦး ဦးရယ်၊ စိတ်ပူလှပြီ"

"စိတ်မပူပါနဲ့ အစ်ကိုရယ်"

"ဦးအမေက ဘာတဲ့လဲ၊ မမမွန်တို့အကြောင်းကြားလို့ လာတာလား"



"ဟုတ်ပါလိမ့်မယ်၊ မေမေကတော့ မမမွန်တို့ကို ဦးမကြည်မှာစိုးလို့ သူ့ဟာသူ လာတာလို့ပဲ ပြောနေတာပေါ့"

"မမွန်တို့ကို မကြည်စရာ အကြောင်းမရှိပါဘူး၊ သူတို့ဒီလိုလုပ်တာဟာ ဦးကိုချစ်လို့ ဂရုစိုက်လို့ဆိုတာ သိသာတာပေါ့၊ ဦးလည်း စိတ်မဆိုးနဲ့"

"ဦး နားလည်ပါတယ် အစ်ကိုရယ်၊ အစ်ကိုက အရမ်းစိတ်ကောင်းရှိတာပဲ၊ ဒါနဲ့များတောင် မမမွန်တို့က အထင်လွဲရက်တယ်"

"ဦးအမေက ဘာပြောလဲဟင်"

"မေမေ စုံစမ်းကြည့်လို့ တကယ်ပဲ ရုပ်တီးရုပ်ယုက်နဲ့ ရည်းစားများတယ် သစ္စာမရှိဘူး ဆိုရင်တော့ ဖြတ်ရမယ်တဲ့"

"အခု ဦးမေမေရော"

"ရေချိုးနေတုန်း ခိုးဆက်လိုက်တာ အစ်ကို"

"ဦး သနားပါတယ်၊ အဆူခံနေရပါဦးမယ် ဦးရယ်"

"အစ်ကို ... အစ်ကိုက ဦးကို သစ္စာရှိတယ် မဟုတ်လား၊ မေမေ စုံစမ်းလည်း ဘာမှမကျေနပ်စရာတွေ့မှာ မဟုတ်ဘူးဆိုရင် ဦးတို့ ခွဲစရာလည်း မလိုပါဘူးနော်၊ တကယ်လို့များ မမမွန်တို့ ပြောတဲ့အတိုင်း ဖြစ်နေရင်တော့ ဦးကို ရန်ကုန်မှာတောင် မထားတော့ဘူးတဲ့၊ ပြန်ခေါ်သွားမယ်တဲ့"

"ဆူသေးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com

"ဟင့်အင်း … ကောင်းကောင်းပဲ ပြောတာပါ၊ အစ်ကိုကို တစ်ခွန်း ထပ်မေးမယ်"

"မေး"

"အစ်ကို ဦးအပေါ် သစ္စာဖောက်မထားဘူး မဟုတ်လား ဟင်"

"လုံးဝသစ္စာမဖောက်ဘူး၊ ဦးကလွဲရင် ဘယ်မိန်းကလေးကိုမှ ချစ်ဖို့ တွဲဖို့ နေနေသာသာ ကြည့်ဖို့တောင် စိတ်မဝင်စားဘူး၊ ဂရုလည်းမစိုက်ဘူး၊ ဦးတစ်ယောက်တည်းကိုပဲ ကျွန်တော် သိပ်ချစ်တာပါ၊ စ,ချစ်တုန်းကထက် မိနစ်တိုင်း စက္ကန့်တိုင်း အချစ်က တိုးတိုးနေတော့ အခုဆိုရင် ရင်နဲ့တောင် မဆန့်အောင်များနေပြီ ဦး၊ ဦးကို ကျွန်တော်ဘယ်နည်းနဲ့မှလဲ လက်တွဲဖြုတ်ပြီး ခွဲထုတ်လိုက်မှာမဟုတ်ဘူး …

ဘာတွေ ဘယ်လိုဖြစ်ဖြစ်၊ နောက်ဆုံး ဦးက ကျွန်တော့ကို မုန်းပါတယ် ဆိုရင်တောင် ကျွန်တော်ကတော့ ဦးကို တစ်ဘဝလုံး အသက်နဲ့ထပ်တူ ချစ်သွားမှာ"

နားထောင်လို့ ကောင်းလိုက်တာ အစ်ကိုရယ်။ ကြည်နူးဖို့လည်း ကောင်းလိုက်တာ။ အိမ့်ဦးက ပီတိပြုံးလေးနှင့် တစိမ့်စိမ့် ကြည်နူးနေရသလို ရေချမ်းကလည်း ရှေ့တိုက်ကိုမြင်နေရတဲ့ ပြတင်းပေါက်ရဲ့ အခန်းဆီးနောက်မှာရပ်ရင်း ဦးတို့ အခန်းဆီ မျှော်ရင်း ရင်တွေဆွေးနင့်လာပါသည်။





ကျွန်တော် ဝန်ခံမှ ဖြစ်တော့မှာပေါ့ ဦးရေ။

ဒီအတိုင်းနေရင် သူက ကွယ်ရာမှာ မိန်းကလေးတစ်ယောက်နဲ့တွဲတဲ့ ပြစ်မှုရှိနေမှာဖြစ်သလို ကိုယ့်ဇာတိမှန်ကို ဝန်ခံလိုက်ရင်တော့ ဦးကို ဒေါက်တာသံလွင် အယောင်ဆောင်လိမ်ညာခဲ့တဲ့ပြစ်မှု ရှိနေပြန်ပါရော။ ကိုယ်တိုင်က လုပ်ကြံလီဆည်ခဲ့တာ မဟုတ်ပေမယ့် အလွဲထင်နေတဲ့ အိမ့်ဦးကို "ကျွန်တော် သံလွင် မဟုတ်ပါဘူး ရေချမ်းပါ"လို့ တစ်ခွန်းတည်း ပြောလိုက်ရင် ရပါလျက် ချော်လဲရောထိုင် မျှောလိုက်ပြီး လှည့်စားနေခဲ့တဲ့ အပြစ်။

"ဦးလည်း အစ်ကိုကို သိပ်ချစ်တယ်"

"ဘာအကြောင်းပေါ်လာပေါ်လာ ကျွန်တော့်ကို ခွဲမသွားပါနဲ့ ဦးရယ်၊ ဘယ်အရာက ဘယ်လိုဖြစ်နေပါစေ ဦးကို ကျွန်တော် အချစ်စစ် အချစ်မှန်နဲ့ မြတ်မြတ်နိုးနိုး ချစ်ခဲ့တာကို ယုံကြည်ပါ"

"ဦး ယုံပါတယ် အစ်ကို"

"အိမ့်ဦးအောင်"

နောက်က မေမေ့ခေါ်သံကြောင့် အိမ့်ဦးက တုန်ခနဲလေး လန့်ဖျပ်ကာ …

"ဖုန်းချလိုက်ပြီ အစ်ကို၊ ချစ်တယ် သိလား"


www.burmeseclassic.com

www.burmeseclassic.com



ရေချမ်းသည် ခန်းဆီးနောက်ကွယ်မှာ ခေါင်းငိုက်စိုက်နှင့် အတန်ကြာ ငြိမ်သက်ရပ်နေမိကာ ရင်ဆိုင်ရန် ခွန်အားသတ္တိကို မွေးမြူနေရပါသည်။ သူဟာ ရေချမ်းလို့ သိလိုက်တာနဲ့ မှန်းတီးအော်ဂလီဆန်သွားမည့် ဦး မျက်ဝန်းတို့ကို ရင်မဆိုင်ဝံ့ပါတကား။

* ○ *



## ၁၆

သူငယ်ချင်း အားလုံးကလည်း သူ့ကို အားပေးတိုက်တွန်းကြပြီ။ သူလည်း ကျဉ်းထဲကျပ်ထဲ အယောင်ဆောင်ဘဝကြီး ဆက်မနေချင်တာ အမှန်။ ပြီးတော့ တစ်သက်လုံးအတွက် ရည်ရွယ်ထားတာဖြစ်တဲ့ အိမ့်ဦးကို သူ့ရဲ့အမှန်အကန် ရုပ်လုံးကို ပြကိုပြဖို့ လိုအပ်တယ် မဟုတ်လား။

လိုနေ့နံနက်ခင်းတတော့ ရေချမ်းက အိမ့်ဦးတို့အခန်းကို ဖုန်းလှမ်းခေါ်လိုက်ပါသည်။

"ဟယ်လို"

"ဟယ်လို ... ဪ ... အစ်မ ... အိမ့်ဦး ရှိပါသလား ခင်ဗျာ"

"အန်တီက အိမ့်ဦး အမေပါ၊ ခုပြောတာ ဘယ်သူလဲကွယ့်"

"ဗျာ ... ဟို ... ကျွန်တော်"

"သံလွင်လား"

www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျာ ... ဟုတ် ... ဟုတ် ... အန်တီ”

“ဒီမှာ မောင်သလွင်၊ အိမ့်ဦးကို မဆက်သွယ်ပါနဲ့တော့ ကွယ်၊ အန်တီ မေတ္တာရပ်ခံတာပါ၊ မင်းမှာလည်း ချစ်သူရှိတာ အန်တီ ဒီရက်အတွင်း ကိုယ်တိုင် မျက်စိတပ်အပ်တွေ့အောင် စုံစမ်းပြီးပါပြီ၊ အိမ့်ဦးကိုလည်း ပြောပြပြီးပါပြီ။ အိမ့်ဦးက အရိုးခံပါ။ အတွေ့အကြုံလည်း မရှိပါဘူး ကွယ်၊ ဒီလောက်နဲ့ပဲ ရပ်တန်းက ရပ်လိုက်ပါ၊ ဒုက္ခထပ်မပေးပါနဲ့၊ ဒါပဲနော်”

နင်ပဲငဆ မရှိပါ။ လေသံအေးအေးနှင့်ပင် လူယဉ်ကျေးဆန်ဆန် လိုရင်းကိုပဲပြော၍ ဖုန်းချသွားပါသည်။ ရေချမ်းသည် ဖုန်းနားမှာ မှိုင်ပြီးထိုင်နေမိပါသည်။

“မင်း အိမ့်ဦးကို ချက်ချင်းပြောတော့ ရေချမ်း၊ အချိန်ဆွဲလို့ မရတော့ဘူး”

“ခုတော့ ပြောဖို့တောင် ခက်နေပြီထင်တယ်ကွာ၊ အိမ့်ဦးကိုလည်း စောင့်ကြည့်နေတော့မယ်ထင်တယ်၊ ဒီရက်ပိုင်း အပြင်ထွက်တာလည်း မတွေ့ဘူး”

“ရအောင်ချိန်းပြီးပြောတော့ ရေချမ်း၊ ကြာလေ ခက်လေ ပိုဆိုးလေပဲ”

ရေချမ်းနှင့် မိုးထက် အိမ့်ဦးတို့အခန်းကို မသိမသာ မျှော်ချောင်းနေကြပါသည်။ အိမ့်ဦး ခမျာလည်း ဝရန်တာဘက် ရစ်သီ ရစ်သီနှင့် သူတို့အခန်းဘက် မသိမသာ ဝေ့ဝဲအကဲခတ်





သွားတာ တွေ့ရသည်။ အကြံမထွက်ဘဲ သူငယ်ချင်းနှစ်ယောက်သားလည်း ငြိမ်ထိုင်ငိုင်မှိုင်နေကြစဉ် ကံကောင်းထောက်မစွာ အမီနာ ရောက်လာပါသည်။

ဒီနေ့ဟာ အမီနာ အဝတ်လာလျှော်ရက်ပေပဲ။ ရေချမ်းသည် ဝမ်းသာအားရဖြစ်ကာ အမီနာ့ကို ပြေးတောင်ဖက်မိမတတ်ပင်။

“အတော်ပဲ ... အတော်ပဲ၊ အစ်မလာတာ အတော်ပဲ”

“ဘာလဲ အစ်ကို၊ အဝတ်တွေ ပုံနေပြီမို့လို့လား”

“ဟာ ... အဝတ်က အရေးမကြီးဘူး၊ မအမီနာ အခုဒီမှာ အဝတ်လျှော်မနေနဲ့တော့၊ အိမ့်ဦးတို့အိမ်ကို အရင်သွား၊ အိမ့်ဦးကို ပြောပေးပါ၊ ညနေကျ တွေ့ဖြစ်အောင် တွေ့မယ်လို့၊ အမီနာနဲ့ ဘယ်မှာတွေ့နိုင်တယ်ဆိုတာ မှာလိုက်ပါလို့၊ အရေးကြီးတာ ပြောစရာရှိတယ်လို့”

“အိမ့်ဦးကို”

“အင်း”

“သြော် ... ဒီလိုလား၊ နားလည်ပြီ အစ်ကို၊ ညနေကျ ဘယ်အချိန် ဘယ်နေရာ ကျွန်မနဲ့မှာလိုက်ပါ၊ တွေ့ဖြစ်အောင်တွေ့မယ်၊ အရေးကြီးတာ ပြောစရာရှိတယ်”

“အား ... ဟုတ်တယ်၊ အစ်မက အရမ်းတော်တယ်”

“ဒါဖြင့် ကျွန်မ သူ့ဆီအရင်သွားလျှော်လိုက်မယ်”

“ဟုတ်ကဲ့ ... အစ်မရေ ခုပဲသွားတော့”



www.burmeseclassic.com

www.burmeseclassic.com

"သြော် ... အစ်ကိုနဲ့ အိမ့်ဦးက ဒီလိုကိုး၊ ကျွန်မတောင် မသိခဲ့ရဘူး၊ အကူအညီ လိုအပ်မှပဲ သိရတော့တယ်"

"အင်းပါ အမိန္ဒာရယ်၊ ကျေးဇူးတင်ပါတယ်၊ သွားပြောပေးပါတော့နော်"

အမိန္ဒာက အိမ့်ဦးတို့အိမ်ဆီ အရင်ထွက်သွားပါသည်။ အဝတ်တွေ ယူပေးနေသော အိမ့်ဦးကို လက်ကုတ်ကာ ရေချိုးခန်းထဲ ခေါ်လာခဲ့ပြီး အဝတ်လျှော်ဇလုံထဲ ရေတွေဖွင့်ချ၍ အသံတွေ ဆူညံစေရင်းကျမှ အိမ့်ဦးကို သတင်းစကား ပါးရလေသည်။

"ကျွန်မ ဟိုအိမ်မှာ လျှော်တောင်မလျှော်ခဲ့ဘူး၊ ဒီကပြန်မှ သွားပြန်လျှော်ရမှာ။ အိမ့်ဦး ကျွန်မကို မှာလိုက်"

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ဈေးဘက်ထိပ်က Cool ဆိုတဲ့ သစ်သီးဖျော်ရည်ဆိုင်လေးမှာစောင့်လို့၊ အိမ့်ဦးထွက်လို့ရတဲ့အချိန် ထွက်ခဲ့မယ်၊ အချိန်တော့ အတိအကျပြောလို့ မရဘူး အစ်မ"

"Cool မှာနော်၊ ဟုတ်ပြီ ... ဟုတ်ပြီ၊ ကျွန်မ ပြောလိုက်မယ်"

"အစ်မနဲ့ အစ်ကိုက ဘယ်မှာတွေ့တာလဲ"

"သူတို့အိမ်မှာလေ ညီမရဲ့၊ ခုပဲ မှာလိုက်တာ"

"သူက အိမ်မှာရှိနေတာလား"

"ဟုတ်တယ်လေ"





"ဆေးရုံမသွားဘူးလား"

"ဘယ်သူလဲ—ကိုရေချမ်းလား၊ သူက ဘာဖြစ်လို့ ဆေးရုံသွားရမှာလဲ"

အိမ့်ဦးက ကြောင်အအလေးနှင့် အမိန္ဒာကို တွေကြည့်နေမိရင်း ...

"အခု မှာလိုက်တာ ဘယ်သူလဲ"

"ကိုရေချမ်းလေ ညီမလေး"

"ကိုရေချမ်း"

"ဟုတ်တယ်လေ"

"ကိုသံလွင် မဟုတ်ဘူးလား"

"ကိုသံလွင်က ဆေးရုံသွားပြီလေ၊ ဒီအချိန်ဆို အိမ်မှာဘယ်ရှိတော့မလဲ"

"အင်းပေါ့နော်၊ သူက ဆေးရုံသွားပြီဆိုတော့ ..."

အိမ့်ဦးက စကားကိုမဆက်ဘဲ ကိုယ့်ဟာကိုယ် အင်တင်တင်လေး ခေါင်းညိတ်နေမိသည်။ အစ်ကိုက သူ မနက်က ဖုန်းမဆက်နိုင်ခဲ့လို့ ကိုရေချမ်းကို အချိန်းအချက်လုပ်ထားဖို့ မှာခဲ့တယ်နဲ့ တူပါရဲ့။ ဒါကြောင့် ကိုရေချမ်းက ချိန်းပေးတာနေမှာပင်။

အမိန္ဒာ့လမ်းကြောင်းက မထင်မှတ်တဲ့ လမ်းကြောင်း၊ မေမေ ကြိုမတွေးထားတဲ့ လမ်းကြောင်းမို့ မေမေ လုံးဝမသိလိုက်ပဲ ပိပိရိရိလေး ကျော်ဖြတ်သွားပါသည်။ အိမ့်ဦးအမေဟာ အိမ့်ဦးကို မျက်စိဒေါက်ထောက်မတတ် ကြည့်နေတာပင်။ တစ်နေ့လုံး


www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိတဲ့ ဒီဇိုင်းပုံတွေကို အပေါ်ယံကြည့်ရင် အေးစက်တည်ငြိမ်ပြီး အတွင်းမှာ တုန်လှုပ်ပျာယာခတ်နေတဲ့ အနေအထားနှင့် ပိပိရိရိလေး ထိုင်ဆွဲနေရသည်။

မေမေကြည့်ရင် အလုပ်တွေများ အလုပ်တွေမအားတဲ့ပုံ။ တယ်လီဖုန်းနားလည်း ယောင်လို့တောင်မသွား။ အရေးကြီးတာ ပြောစရာရှိတယ်တဲ့ ဆိုတဲ့ အမိန့်စကားကိုပဲ ကြားယောင်နေသည်။ အစ်ကို ဘာပြောမလို့ပါလိမ့်။ ဘာမှန်းမသိ စိတ်တွေနလုံးတွေ တုန်လှုပ်ပြီး စိတ်ထင့်နေမိပြီ အစ်ကိုရေ။

✱ ○ ✱

ညနေ မမမွန် ရုံးက ပြန်ရောက်လာတဲ့ ခြောက်နာရီထိုးခါနီးအချိန်အထိ လုံးဝ အခြေအနေက မလစ်ပါ။ မမမွန် ရောက်လာလျှင် အိမ့်ဦး အမေက မမမွန်နား ကပ်သွားကာနှစ်ဦးချင်း စကားပြောဆိုနေပါသည်။

"ဆေးခန်းဖွင့်ထားပြီ အန်တီ"

"ဟုတ်လား ... သူ ရှိနေလား"

"ဟုတ်ကဲ့ ... ရှိနေတယ်၊ အမွန် တွေ့ခဲ့တယ်"

"ဒါဖြင့် ခဏနေ ဆင်းလျှောက်သွားလိုက်ကြမယ်"

ဒီစကားတွေကို အိမ့်ဦး မကြားပါ။ အိမ့်ဦးကလည်း ကိုယ့်ဓာနှင့်ကိုယ်။ ခဏအကြာတွင် ...





"သမီး ... တံခါးလာပိတ်စမ်း၊ မေမေနဲ့ အမွန် ဒီထိပ်စတိုးဆိုင် ခဏသွားမလို့"

အိမ့်ဦး မျက်နှာက ဝင်းလက်သွားရပါသည်။

"ညည်း လျှောက်မသွားနဲ့ဦး၊ သန့်လာရင် သော့ဖွင့်ပေးရမှာနော်၊ ငါတို့လစ်တာနဲ့ ညည်းလည်း လစ်မယ်မကြံနဲ့"

တကယ်လို့ လစ်လည်းပဲ သူတို့က ဒေါက်တာသံလွင်ဆေးခန်းကို ရောက်နေကြမှာမို့ အိမ့်ဦးနှင့် သံလွင် သူတို့ချင်းတွေ့ဆုံဖို့တော့ မဖြစ်နိုင်တာကြောင့် အိမ့်ဦးရဲ့အမေက သိပ်စိတ်မပူတာပါ။ အိမ့်ဦးအမေနှင့် မမမွန်လည်း တိုက်အောက်ရောက်ကာ မျက်စိတဆုံး ကွယ်သွားလျှင် အိမ့်ဦးကလည်း ကမန်းကတန်းအိမ်ကထွက်တော့သည်ပင်။ မမသန့်လာလည်း အခန်းရှေ့ကရပ်သာစောင့်ပေတော့ပင်။ Cool အအေးဆိုင်လေးကို အိမ့်ဦး တက်သုတ်ပြေး ရောက်သွားချိန်တွင် ဆိုင်၌အစ်ကိုက မရောက်သေးပါ။

အိမ့်ဦးက ကမ္ဘာလာရည်တစ်ခွက်မှာရင်း တစ်စက်တောင်မှ မသောက်နိုင်ဘဲ လည်ပင်းလေးရှည်အောင် တမျှော်မျှော်လုပ်နေမိပါသည်။ ရင်တုန်စိတ်ပူလှပြီ။ မေမေတို့ စတိုးဆိုင်က ပြန်ရောက်ရင်တော့ ဒုက္ခပဲ။ ဒီလိုဆိုရင်လည်း ရိုက်နှက်လိမ်ဆွဲခေါင်းခေါက်၊ လုပ်ချင်ရာသာလုပ်ပါတော့၊ နှုတ်ပိတ်ပြီး ခံလိုက်တော့ရုံပါပင်။

ထိုအချိန်မှာ လူရှင်းနေတဲ့ ဆေးခန်းထဲ ဒေါက်တာသံလွင်ဟာလည်း အမျိုးသမီးနှစ်ဦးရှေ့ ကြက်ကြီးလည်လိမ်ထား



www.burmeseclassic.com

www.burmeseclassic.com



သလို ပေါင်စင်းစင်းနှင့် ဘာစကားမှ ပြန်မပြောဘဲ ငုံ့ပေ၍သာ နားထောင်နေပါသည်။ နောက်ဆုံးအချိန်အထိ ရေချမ်းက သူ့ကို ဘာမှမညွှန်ကြား၍ သူ တစ်စုံတစ်ခု ပြောဆိုလိုက်တာက ရေချမ်း ဖြစ်စေချင်တာနှင့် လွဲမှားသွားမှာစိုးပြီး စကားနည်းရန်စဲ နှုတ်ပိတ် ခေါင်းငုံ့သာ ခံနေတော့တာ။

"ဒေါက်တာတို့ ဝါဒ်ကပဲ ဒေါက်တာမေမဒီ ဆိုတာ ဒေါက်တာ့ချစ်သူ ဆိုတာလည်း ကျွန်မတို့ သေချာစုံစမ်းသိထားပြီးပြီဆိုတော့ အိမ့်ဦးကို တစ်သက်စာ မရည်ရွယ်တဲ့ တူတူ စောစောပဲ အဆက်အသွယ် ရပ်ပေးပါလို့ ပြောချင်တာပါ"

"ဟုတ်ကဲ့ပါ"

"ဟုတ်ကဲ့ ဆိုတာ ဒေါက်တာ ဖြတ်ပါမယ်လို့ ကတိပေးတာလား"

"ဟုတ်ကဲ့ ...၊ ကျွန်တော်လည်း ဘယ်လိုပြောရမလဲတောင် မသိတော့ဘူးဗျာ၊ အစ်မတို့ ပြောတာကို လက်ခံပါတယ်၊ နားလည်ပါတယ်၊ ကျွန်တော်တို့လည်း ဘယ်လိုမှ မရှင်းပြတတ်သေးဘူး ဖြစ်နေတယ်ဗျာ၊ အစ်မတို့ စောင့်ကြည့်လိုက်ရင် မကြာခင်တော့ အဖြေထွက်သွားမှာပါ"

"ဒေါက်တာ ပြောတာ နားမလည်ဘူး၊ အိမ့်ဦးအမေ လိုချင်တာက အရိုး ခံ အတွေ့အကြုံမရှိတဲ့ အိမ့်ဦးကို လုံးဝ ဆက်ဒုက္ခမပေးဖို့ ပါ"





"ဟုတ်ကဲ့ပါ၊ ဒုက္ခမပေးပါဘူး"

"အိမ့်ဦးနဲ့ မပတ်သက်ပဲ နေပေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော် အိမ့်ဦးနဲ့ လုံးဝမပတ်သက်စေရပါဘူး"

အိမ့်ဦးအမေနှင့် မမမွန်တို့ ဆေးခန်းကနေ ပြန်ထွက်လာကြချိန်မှာတော့ ရောက်မလာသေးတဲ့ အစ်ကို့ကိုမျှော်နေရတဲ့ အိမ့်ဦးရဲ့မျက်လုံးလေးများ ရွှန်းတောက်လာပါသည်။ အစ်ကို လာပြီ။ မသောက်ဖြစ်တဲ့ အအေးဖိုး ငါးရာကို စားပွဲပေါ်ချပြီး ဆိုင်ပြင်ရှေ့လေးထိ အစ်ကို့ကို ထွက်ကြိုလိုက်ပါသည်။ အချိန်လည်း မရတော့ဘူးလေ။

"အစ်ကို"

"ဦး"

ရေချမ်း မျက်နှာက အကြီးအကျယ် ပျက်ထွက်နေပါသည်။ နောက်ဆုံး သူ ဝန်ခံရတော့မယ့် အချိန်ကို ရောက်ပြီ။ ဘယ်လိုထားရမှန်းမသိတဲ့ ဒီမျက်နှာကြီးကို တစ်နေရာမှာဖွက်ပြီးမှ ပြောလို့ရရင် ကောင်းမှာပဲ။

"အစ်ကို ... ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ ဒီလောက်တောင် မျက်နှာပျက်နေရတာလဲဟင်၊ အစ်ကို ဘာဖြစ်နေလဲ၊ မေမေ ဘာလာပြောလဲဟင်"

"ဘာမှ မပြောပါဘူး ဦးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်"

"ဦး"

ရေချမ်းက မှောင်ရီဝိုးတဝါးထဲမှာ အိမ့်ဦးရဲ့လက်ဖျားလေးကို ဆုပ်ညှစ်လှမ်းကိုင်လိုက်ပါသည်။ အိမ့်ဦးရဲ့လက်တွေကလည်း ရေချမ်းရဲ့လက်တွေကို တင်းကျပ်မွတ်သိပ်စွာ ပြန်လည်ဆုပ်ညှစ်ကိုင်ထားလိုက်ပါသည်။ တင်းတင်းကျပ်ကျပ် ဆုပ်တွဲထားတဲ့ လက်တို့က စိုးရိမ်ပူပန်သောကကြောင့် တုန်ယင်အေးစက်နေသည်။

"ကျွန်တော် ... ကျွန်တော်ကလေ ..."

"အစ်ကိုက !! "

"ကျွန်တော် ဆရာဝန်တစ်ယောက် မဟုတ်ပါဘူး"

"ဟင် ... အစ်ကိုက ဆရာဝန်မဟုတ်ဘူး၊ ဒါ ... ဒါဖြင့် ဘာလဲ"

"ပြီးတော့ ... ကျွန်တော်က သံလွင်လည်း မဟုတ်ပါဘူး"

အိမ့်ဦးသည် အစ်ကို့စကားကို သဲသဲကွဲကွဲလည်း မကြား။ နားလည်းမလည်။

"အစ်ကို ... အစ်ကို ဘာတွေပြောနေတာလဲ"

"ကျွန်တော် ဦးကိုတော့ သိပ်ချစ်တဲ့သူပါ ဦးရယ်"

"........."

"အိမ့်ဦး ... ဟဲ့ ... အိမ့်ဦး"





ရုတ်တရက် နာမည်ခေါ်ကာ အနားရောက်လာသူမှာ မေမေနှင့် မမမွန်ပင်။ မေမေနှင့် မမမွန်က အိမ့်ဦးနှင့် ရေချမ်းကို အံ့အားတသင့်နှင့် မျက်နှာတွေကိုတစ်လှည့် ဆုပ်တွဲထားတဲ့လက်တွေဆီတစ်လှည့် ကြည့်ကာ ...

"အိမ့်ဦး ... ဒါက ဘယ်သူလဲ"

"ဒါ ... ဦးပြောတဲ့ ဦးရဲ့ချစ်သူပါ မေမေ"

အိမ့်ဦးသည် လက်ကို အစ်ကို့လက်တွေနှင့် ဆုပ်တွဲထားရာမှ လုံးဝမလွှတ်ဘဲ မေမေ့ဘက်သို့ ကြောက်ကြောက်နှင့်ပင် ရင်ဆိုင်လိုက်ပါသည်။

"ဟင် ... နင့်ချစ်သူက ဒေါက်တာသံလွင်ဆို"

"အေးလေ၊ ငါတို့ ခုပဲ ဒေါက်တာနဲ့ သွားတွေ့စကားပြောလာတာ အိမ့်ဦး"

"ဘယ်သူနဲ့ !! "

"ဒေါက်တာသံလွင်နဲ့လေ"

အိမ်ဦးက အစ်ကို့ဘက် ဖျတ်ခနဲ မော့်ကြည့်လိုက်ပါသည်။

"ဒါက ဘယ်သူလဲ၊ မိအိမ့်ဦး ... ညည်း ဟိုတစ်ယောက် ဒီတစ်ယောက် ဘာတွေရှုပ်နေတာလဲဟင်၊ တောက် ... ငါ ဒေါသဖြစ်လိုက်တာနော်၊ လာစမ်း ... အခု မိအိမ့်ဦး၊ ရန်ကုန်လာပြီး အတော်ကဲနေတာပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မေမေက စိတ်တွေ အတော်တိုလာပုံရကာ တွဲထားတဲ့ အိမ့်ဦးလက်တစ်ဖက်ကို အတင်းဆောင့်ဆွဲဖြုတ်သည်။ သို့သော် အိမ့်ဦးက လွှတ်မပေးလိုက်တဲ့အတွက် လက်တွဲကမပြုတ်။

"အန်တီ ... စိတ်လျှော့ပါ ခင်ဗျာ၊ အိမ့်ဦးလည်း နာသွားပါ့မယ်"

"မင်းက ဘယ်သူလဲ"

"........."

"ဟင် ... ပြောလေ၊ မင်းက ဘယ်သူတုန်း"

"ကျွန်တော် အိမ့်ဦးချစ်သူပါခင်ဗျာ၊ အိမ့်ဦးချစ်သူအစစ်ပါ၊ ဒါပေမဲ့ ကျွန်တော့်နာမည်က ရေချမ်းပါ"

"ဟင်"

အံ့ဩနာကျင်သွားတဲ့ အိမ့်ဦး မျက်ဝန်းလေးက မီးရောင်မှာ စိမ်းတောက်သွားပြီးလျှင် အိမ့်ဦးရဲ့ လက်လေးဟာ ရေချမ်းလက်ကို တွဲထားရာမှ အရုပ်ကြိုးပြတ် ပြေလျော့ပြုတ်ကျသွားပါသည်။

✻ ○ ✻





၁၇

ရေချမ်းနှင့်တစ်ကွ သူ့သူငယ်ချင်းငါးယောက် အပါအဝင် ...

အိမ့်ဦးကို ဝပ်တွားခဲ့ယ ရှင်းပြ အသနားခံ အနူးအညွတ် တောင်းပန် ဖြောင်းဆန် နေကြသော ရက်သတ္တပတ်ပေါင်းများစွာ။

✻ ○ ✻

အိမ့်ဦးတစ်ယောက် မမမွန် မမသန့်တို့ပါ ဝိုင်းနားချ ဖျောင်းဖျပြီး ...

ရေချမ်းဘက်မှ သာသာထိုးထိုး တိုက်တိုက်တွန်းတွန်း ကူပြောပေးနေတဲ့ကြားက ...



www.burmeseclassic.com

www.burmeseclassic.com



မကျေနိုင် မချမ်းနိုင် နာကြည်းဒေါသတွက် လျော့ရခက် ...။

တဖြည်း တဖြည်း စိတ်ကလေးလျော့ကာ ပြေလာသည့်တိုင်အောင် ...

ဟန်ဆောင် ပန်ဆောင် စိတ်ကောက် ပိတ်ဟောက်နေတတ်သေးတာ ...

ရက်သတ္တပတ်ပေါင်းများစွာ။

*○*



BURMESE CLASSIC .com



"မမသန့်"

"ဟော"

"ခုတလော ကြာပြီ၊ ဖုန်းကောက်ကိုင်လိုက်ရင် ဟိုဘက်ခန်းက ဖုန်းစကားပြောနေတာနဲ့ မကြုံရတော့တာ၊ တစ်ခါတစ်ရံမှ လိုင်းပူးတော့တာမျိုး မဟုတ်ဘူးနော်။ လုံးဝကို ဘာမှမကြားရတော့တာ၊ အဲဒါ လိုင်းမပူးတော့တာလား ဟိုဘက်အိမ်က ဖုန်းမသုံးကြတော့တာလား၊ ဘာဖြစ်တာလဲ ဟင်"

"ဪ ... လက်စသတ်တော့ ဒီကောင်မလေး ဖုန်းမ,မ,ပြီး ချောင်းနားထောင်နေတာကိုး၊ ဘာမှမကြားရ လိုင်းပူးနေတာ မကြုံရတော့ ကလိကလိဖြစ်နေတယ်မို့လား"

"အွန်း ... မဟုတ်ပါဘူးနော်"

"လိုင်းမပူးတော့တာ ကြာပြီပဲ၊ နင် ရေချမ်းကို စ,စိတ်ဆိုးကတည်းကပဲ၊ ရေချမ်းက ဒီလိုင်းပူးတဲ့ပြဿနာကြောင့် သူ့ကို နင် မုန်းတာဆိုပြီး ငါတို့တိုက်တွေကို လိုင်းခွဲဆင်ပေးတဲ့ ကုမ္ပဏီဆီမှာ မရမက သွားပြင်ခိုင်းတာ၊ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုကြီးသူငယ်ချင်း အင်ဂျင်နီယာတစ်ယောက်ကလည်း ရှိနေတာ ဆိုလားပဲ၊ သေချာအားလုံးကို ပြုပြင်တပ်ဆင်လိုက်တာ သူတို့လည်း နေရင်း ထိုင်ရင်း နည်းနည်းပါးပါး ကုန်ကျသွားသေးတယ် ...

လိုင်းက လုံးဝကောင်းလို့ ဖြူးလို့။ ပြန်ကိုမပူးတော့ဘူး"

အိမ့်ဦးက အမောဆို့သွားသလို ဆိုဖာမှာ ပစ်ထိုင်ချလိုက်မိပါသည်။ ဒီကတော့ ဘယ်တော့များ လိုင်းပူးကာနေ သူ ဖုန်းပြောနေတဲ့အသံကို မတော်တဆ ကြုံကြိုက် ကြားရဦးမလဲလို့ တိတ်တခိုး မျှော်လင့်နေခဲ့တာလေ။ တကယ်တော့ သူနဲ့လိုင်းသွားသွားပူးနေစဉ်ကတည်းက အမြင်ကတ်ကတ် မုန်းမုန်းနဲ့ပဲ ကိုယ်တိုင်မသိတဲ့ သံယောဇဉ်ကြိုးကလေး ပျိုးခဲ့တာ မဟုတ်လား။

"ဘာဖြစ်တာလဲ ကောင်မလေး"

မျက်ရည်တွေ ရစ်လည်လာတဲ့ အိမ့်ဦးသည် မမသန့်က ပခုံးကို လာတို့မေးလိုက်တော့ ပါးပေါ်တပေါက်ပေါက်ကျလာပါသည်။

"ဟဲ့"

"မရဘူး၊ ဖုန်းလိုင်း ပြန်ပူးချင်တယ် မမသန့်"

"ကောင်မလေး ပေါက်ကရတွေ လာပြောမနေနဲ့"

"ဟုတ်တယ်၊ ပြန်လုပ်ပေး၊ လိုင်းပူးအောင် ပြန်လုပ်ပေး၊ အခုလုပ်ပေး"





ကလေးဆိုးကြီးနှယ် ရှေ့ရှေ့က ဒေါသတွေရော လွမ်းတာတွေ ဝမ်းနည်းတာတွေရော ကြိတ်မှိတ်ထားသမျှ သွန်အောကျကာ တအီးအီးနှင့် အသံထွက် ရှိုက်ငိုနေတော့လျှင် ...

"ဟဲ့ ... ငါ စိတ်ညစ်တယ်နော်၊ အသည်းကွဲရူးမနဲ့တော့ ပြဿနာပါပဲနော်"

* ○ *


www.burmeseclassic.com

www.burmeseclassic.com



သို့သော် …။

ရေချမ်းနှင့် အိမ့်ဦးတို့ ပြေလည်မှု ပြန်ရသွားကြအပြီး အချစ်နလန် အသည်းအသန် ထ,လို့မဆုံးရှိတုန်း အချိန်တစ်ရက် နှစ်ရက်အတွင်းမှာပင် သူတို့ အခန်းနှစ်ခန်းရဲ့ ဖုန်းလိုင်းက အလိုအလျောက် ပြန်ပူးသွားပြန်ပါလေတော့သည်။

✻ ○ ✻

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com